# ကန္တာရဝတီကယားပြည်တွင်

# တရားဟော၍ထွက်ခဲ့စဉ်

## (အရှင်ဇနက)

ညောင်ကန် အရှင်ကဏ္ဍက

၏

# ကန္တာရဝတီ ကယားပြည်တခွ တရားဟော ထွက်ခဲ့စဉ်က

## ခရီးသွားမှတ်တမ်း နှင့် တရားတော်များ

[ဤခရီးသွား မှတ်တမ်းသည် မဟာစည် ရွှေလမင်း၏ ငွေကြယ် တပည့်တသင်းတို့၏ ဒေသနာခရီးစဉ် အမှတ် ၃-ဖြစ်ပါသည်။]

၁၉၇၇-ခု၊ နိုဝင်ဘာလ

ပထမအကြိမ်၊ အုပ်ရေ-၃၀၀၀၊ ဓမ္မဒါန

မျက်နှာဖုံးရိုက်-မျိုးညွန့်၊ ပန်းချီ-မောင်ဇော်ဝင်း၊ ဘလောက်-သောင်းဖုံ့

ဘာသာရေးဆိုင်ရာ စာပေ ခွင့်ပြုချက် အမှတ်—၁၀၂၄၂

ထုတ်ဝေသူ။ ။ဦးအာစာရ၊ ကင်းလွတ်ခွင့် အမှတ် (၀၄၀၈၅)
ပြွန်တန်ဆာကျောင်း၊ အလယ်တောရကျောင်း
တိုက်၊ ဗဟန်း၊ ရန်ကုန်မြို့။

ပုံနှိပ်သူ။ ။ဒေါ်တီ (၀၁၂၆၁-မြ) မျိုးညွန့်ပုံနှိပ်တိုက်၊
အမှတ် ၃၈၊ ၈၇-လမ်း၊ ကန်တော်ကလေး၊
ရန်ကုန်မြို့။

၁၄၇၁၁

# မာတိကာ


၁။ ပန်ကြားလွှာ .... ၅
၂။ ကန္တာရဝတီ-ငွေတောင်ပြည်သို့ .... ၉
မိုးပြဲရေကာတာ .... ၁၁
လုပ်သားပြည်သူများအတွက်ဖြစ်ထွန်းမည့်အကျိုးကျေးဇူးများ ၁၂
အရေးပါသော ဝိသေသများ .... ၁၂
မြို့လှိုင်ကော်နှင့် ဝိမုတ္တိသုခ သာသနာ့ရိပ်သာ .... ၁၃
မြို့လှိုင်ကော်နှင့် တရား ၅-ည .... ၁၅
မြို့လှိုင်ကော်နှင့် ကျောက်ပြားစက် .... ၁၇
မင်္ဂလာသီရိတောင်နှင့် မြို့လှိုင်ကော် .... ၁၉
လောပိတမှအပြန် ကိုရင်ပဏ္ဍိတ ကြွလာခြင်း .... ၂၁
ပြည်လုံးချမ်းသာ စက်ရုံမဟာသို့ .... ၂၁
ကျောက်တောင်ခွဲဖျက် ကြေးနန်းကြိုးစက် .... ၂၂
လောပိတအနီးက ရေလှောင်ကန်ကြီးများ .... ၂၂
မိုးထိမြင့်မည်-ရေလျှံထိန်းစည် .... ၂၃
ဘီလူးချောင်း ဓာတ်အားပေးစက်ရုံသို့ အဆင်း .... ၂၄
ပေ ၆၀၀-ခန့်ကျဆင်းသော လောပိတ ရေတံခွန်ကြီး .... ၂၅
အပြန်ခရီးမှာ ကိုရင်ပဏ္ဍိတလဲပါ .... ၂၇
ငွေတောင်ဆည်မှ အပြန် ငွေတောင်ပြည်သို့ .... ၃၃
ကယားပြည်နယ် မြို့တော် လွိုင်ကော် .... ၄၁
ကန္တာရဝတီ .... ၄၂
ကယားပြည်နယ် .... ၄၃
မြေမျက်နှာပြင် .... ၄၄
ကျွတ်ဂူ .... ၄၄

ဒွေးမယ်နှော် သစ္စာကန် .... ၄၅
သယ်ဇာတာပစ္စည်း .... ၄၆
သစ်တောထွက် ပစ္စည်းနှင့် ဘာသာဆေး .... ၄၆
တွင်းထွက်ပစ္စည်း .... ၄၇
အလုပ်အကိုင် .... ၄၇
ယဉ်ကျေးမှုနှင့် ရိုးရာဓလေ့ .... ၄၈
ယနေ့ ကယားပြည်နယ်စာရင်း .... ၄၉

၃။ **အောင်ကြောသန် အမှန်မြင် အလင်းဝင်တရားတော်** .... ၅၃

သုဘာထင်မှား အညင်းပွားကြတယ် .... ၅၆
ငါသူမဟုတ် စက်ဆုပ်ဖွယ်ရာ ကြကိုယ်ပါ .... ၅၈
ခေတ်ပြောင်းရှိန်နဲ့ အလှပျက်တယ် .... ၆၀
လှတယ်ထင်လို့ မွေးညင်း ပြုပြင်ပုံ .... ၆၁
လှတယ်ထင်လို့ ခြေသည်းလက်သည်း ပြုပြင်ကြပုံ .... ၆၂
လှတယ်ထင်လို့ သွားပြုပြင်ကြတယ် .... ~~၆၂~~
လှတယ်ထင်လို့ အရေအဆင်း ပြုပြင်ကြတယ် .... ၆၃
ရဟန်း ရှင်လူ ကျား-မ ချင်းပင် ခွဲမရတဲ့ခေတ်အလှ-တဲ့ .... ၆၃
လှချင်လွန်းတော့ဟုန်းကြီးနှင့်မိန်းမခွဲမရလို့ပြဿနာဖြစ် .... ၆၄
လှတယ်ထင်ပေမဲ့ ဆေးဖော်မစားနိုင်ဘူး .... ၆၅
မသာအရိပ်ရှိပေမဲ့ တဏှာအဆိပ်မိလို့ .... ၆၆
ဒေါက်တာ ရမ်းကူ၊ ဉုံ့ဖွ-ကုတွေနဲ့ မမြင်နိုင် .... ၆၇
ရှိတာထွက်တယ် ရှိစဖွယ် — ၆၉
ခန္ဓာယင်မောင်း မြင်မကောင်း .... ၇၄
အိုအောင်မင်းအောင်မှ မပေါင်းသိုက်ရပါလား .... ၇၅
ယိုအိမ်သာ ကိုယ်ခန္ဓာ .... ၇၆
ပိုးအိမ်သာ ကိုယ်ခန္ဓာ .... ၇၇
ပိုးမသာအိမ်၊ ပိုးသင်းချိုင်းကုန်း .... ၇၇
ပြောင်းပြန်လှန်ကြည့်ပါ ရွံဖွယ်ရာ .... ၇၈
အပုပ်ကြိုက်တွေကို ဒုတ်ရိုက်စောင့်ရမယ် .... ၈၀
သိသာရုံမျှ အနိစ္စလက္ခဏာ .... ၈၁

ချမ်းသာတယ်ထင်လို့ ဘုရားကို ညင်းတယ် .... ၈၃
အတ္တထင်မှားလို့ ဘုရားကို ညင်းတယ် .... ၈၅
ဝိပလ္လာသများကို သတိပဋ္ဌာန် ၄-ပါးနဲ့ ပယ်ရှားနိုင်ကြောင်း
သာဓက .... ၉၄
မင်္ဂလာဖျန်းကာ ချမ်းသာပါစေ .... ၉၇

၄။ ဥပါသကာကျင့်စဉ် နိဗ္ဗာန်ဝင်တရားတော် .... ၉၉

တရားပွဲ နိဒါန်း .... ၉၉
ဗုဒ္ဓပဏာမ .... ၁၀၀
မဟာနာမသုတ် နိဒါန်း .... ၁၀၁
မဟာနာမ်မင်းသိလိုတဲ့ ဥပါသကာ ပြဿနာ .... ၁၀၂
မြတ်စွာဘုရားဖြေကြားတဲ့ ဥပါသကာဂုဏ်ရည် .... ၁၀၂
ဥပါသကာ ပုဂ္ဂိုလ်ရဲ့ ရနိုင်တဲ့ အကျိုး .... ၁၀၃
ဥပါသကာ ဆောင်ပုဒ် .... ၁၀၅
မဟာနာမ်မင်းသိလိုပြန်တဲ့ ဥပါသကာ ကျင့်သီလ .... ၁၀၅
သီလဝန္တဥပါသကာရဲ့ ရနိုင်တဲ့ အကျိုး .... ၁၀၇
သီလဝန္တဥပါသကာ ဆောင်ပုဒ် .... ၁၁၂
မဟာနာမ်မင်း သိလိုပြန်တဲ့ ဥပါသကာ သဒ္ဓါ .... ၁၁၃
မြတ်စွာဘုရားဖြေကြားတဲ့ ဥပါသကာ သဒ္ဓါ .... ၁၁၃
ဗုဒ္ဓဝင်အကျဉ်းချုပ် .... ၁၁၄
ဗုဒ္ဓါနုဿတိ .... ၁၁၈
မဟာနာမ်မင်းသိလိုပြန်တဲ့ ဥပါသကာ စာဂ .... ၁၁၉
စာဂသမ္ပန္နဥပါသကာ ဆောင်ပုဒ် .... ၁၂၁
မဟာနာမ်မင်းသိလိုပြန်တဲ့ ဥပါသကာမှာ ပြည့်စုံရမည့်ပညာ ၁၂၁
ဝိပဿနာဆိုတာ .... ၁၂၂
ဝိပဿနာရှုပုံ .... ၁၂၅
ဝိပဿနာဉာဏ်တွေ ပြည့်စုံသာနိုင်ပုံ .... ၁၂၇
ဖြစ်ပျက်မြင်ရ ကျိုးကြီးလှ ဗုဒ္ဓမိန့်ခွန်းဆောင်ပုဒ်ညွှန်း၊ .... ၁၂၉
ဥပါသကာတို့ ပြည့်စုံရမည့် ပညာ ဆောင်ပုဒ် လင်္ကာ .... ၁၃၀
တရားနိဂုံး ဆုတောင်းမေတ္တာအပြီး .... ၁၃၁

၅။ သံယောဇဉ်ပြတ်လျှင် နိဗ္ဗာန်ဝင် မဟာသတိပဋ္ဌာန်
ဝိပဿနာတရားတော် .... ၁၃၂
ဤတရားဟောကြားရခြင်းအကြောင်း .... ၁၃၂
ဒီပရိသတ်နှင့် ဘုရားလက်ထက်တော်က ပရိသတ် .... ၁၃၄
သံယောဇဉ်ကြိုး ဖြတ်ချိုးမလွယ် ဂါထာသွယ် .... ၁၃၉
သံသရာနှင့် နွားခြံဥပမာ .... ၁၄၁
၃၁-ဘုံနှင့် နွားခြံဥပမာ ဆောင်ပုဒ်ကဗျာ .... ၁၄၂
သံယောဇဉ်ဆိုတာ ဘာလဲ .... ၁၄၃
သံယောဇဉ်ဖြစ်ရာဌာန .... ၁၄၉
သံယောဇဉ်ဖြစ်ကြောင်း .... ၁၅၂
သံယောဇဉ်ဖြစ်လျှင် တန္ဒယ်ငင် တစဉ်ပါပုံ .... ၁၅၆
မရှုမှတ်ဘဲနှင့် ကျွဲနှင့်မ-မြင်ကြတဲ့အခါ .... ၁၆၁
ယောဘုယျဖြစ်စဉ် သံယောဇဉ်(၁၀)ပါး .... ၁၆၃
သံယောဇဉ် ၁၀-ပါးနှင့် သံသရာလည်ပုံ .... ၁၆၄
သံယောဇဉ်ပယ်ပုံ .... ၁၆၇
မြင်ရာမှာ ယောဂီတို့ သိမြင်ပုံ .... ၁၆၈
ယောဂီရဲ့ အမြင်မှန်ဆောင်ပုဒ် .... ၁၆၉
သိလောက်အောင် ရှုမှတ်မှလဲ သိနိုင်တယ် .... ၁၇၀
ဒါလောက်အားထုတ်လျှင် သိမြင်နိုင်ပါတယ် .... ၁၇၁
မဟာစည်ဝိပဿနာရှုနည်း .... ၁၇၁
တရားသိမ်းနိဂုံး။ ။ .... ၁၇၄
၆။ ဇယမင်္ဂလ နိဂုံးဆုတောင်း .... ၁၇၆
၇။ ဓမ္မဒါနရှင်များ စာရင်း .... ၁၇၇

နမော တဿ ဘဂဝတော အရဟတော သမ္မာသမ္ဗုဒ္ဓဿ။

# ပန်းကြားလွှာ

ဤ "ကန္တာရဝတီ ကယားပြည်တခွင် တရားဟော ထွက်ခဲ့စဉ်က ခရီးသွားမှတ်တမ်းနှင့်....

၁။ အောဝ့ကြောလန် အမှန်မြင် အလင်းဝင်တရားတော်၊

၂။ ဥပါသက ကျင့်စဉ် နိဗ္ဗာန်ဝင် တရားတော်၊

၃။ သံယောဇဉ်ပြတ်လျှင် နိဗ္ဗာန်ဝင် တရားတော်များ" သည် "စရထ ဘိက္ခဝေ စာရိကံ ဒေသစာရီ-ငါ၏ ချစ်သား ရဟန်းများတို့-သင်တို့သည် တရားဟော ဒေသစာရီ ခရီး လှည့်လည်ကြကုန်လော့" ဟူသော ဗုဒ္ဓမြတ်စွာဘုရားရှင် ကိုယ်တော်တိုင် ပဌမ-ဝါကျွတ်စ,က မိန့်ကြားတော်မူခဲ့သည့် သာသနာပြု မိန့်ခွန်းတော် နှင့်အညီ မဟာစည် ဓမ္မကထိကအဖွဲ့ တရားဟောကြခဲ့သည်ကို အကြောင်းပြု၍ ပေါ်ပေါက်လာရသော သမိုင်းမှတ်တိုင် ဖြစ်ပါသည်။

ထို့ပြင် စာရေးသူ ကြေးကြော်ခဲ့သော "မဟာစည် ရွှေလမင်း၏ ငွေကြယ် တပည့်တသင်းတို့၏ ဒေသနာခရီး အမှတ်စဉ် (၃)" လည်း ဖြစ်ပါသည်။

"မဟာစည် ရွှေလမင်း၏ ငွေကြယ် တပည့်တသင်းတို့ ဒေသနာခရီး" အမှတ်စဉ်(၁)အနေနှင့်မူ "အညာတခွင် တရားဟော ထွက်ခဲ့စဉ်က" ကို ထုတ်ဝေဖြန့်ချိခဲ့ပြီးပါပြီ၊ ယင်း၏ အမှတ်စဉ်(၂)အနေနှင့်မူ "တောင်ပိုင်း မောတခွင် တရားဟောထွက်ခဲ့စဉ်က" ကို ဗမာ့ရှေ့ဆောင် စာပေက ထုတ်ဝေရန် စီစဉ်ထားပါသည်။ မကြာမီထွက်လာပါမည်။

ဤ"ကန္တာရဝတီ-ကယားပြည်တခွင် တရားဟောထွက်ခဲ့စဉ်က" ခရီးတွင် ပါဝင်ဟောပြော လှည့်လည်တော်မူခဲ့ကြသော မဟာစည် ကမ္မဋ္ဌာနာစရိယ-ဓမ္မကထိက အရှင်မြတ်များမှာ....

၁။ ဆရာတော် ဦးပညာဒီပ(သာသနဓဇ-သိရီပဝရ ဓမ္မာစရိယ ကမ္မဋ္ဌာနာစရိယ) မဟာစည် သာသနာ့ရိပ်သာ၊ ဝက်ပုတ်ရွာ၊ ပေါင်းတည်စာတိုက်၊ ပဲခူးတိုင်း။

၂။ ဆရာတော် ဦးထေရဝံသ (ကမ္မဋ္ဌာနာစရိယ-မဟာစည် ဓမ္မကထိက)မဟာစည် သာသနာ့ရိပ်သာ၊ မင်းကန်ကြီးကျောင်းတိုက်၊ ဘတသင်ကွင်းရပ်၊ မြန်အောင်မြို့၊ ဧရာဝတီတိုင်း။

၃။ ညောင်ကန်-အရှင်ဣန္ဒက (နယ်လှည့် ကမ္မဋ္ဌာနာစရိယ-မဟာစည်ဓမ္မကထိက) ၁၆-သာသနာ့ရိပ်သာ၊ ရွှေဂုံတိုင်စာတိုက်၊ ရန်ကုန်မြို့တို့ ဖြစ်ကြပါသည်။

ကပ္ပိယ ဒါယကာများမှာ မဟာစည် ယောဂီ—**ဦးစီလုံး** (ပျဉ်းမနား) နှင့် **မောင်ညွန့်ရွှေ** (မြန်အောင်)တို့ ဖြစ်ကြပါသည်။

ဤမဟာစည် ဓမ္မကထိကအဖွဲ့သည် ရှမ်းပြည် တောင်ပိုင်း ပင်လောင်းမြို့မှသည် ကန္တာရဝတီ ကယားပြည်ဆီသို့ ဦးတည်ထွက်ခဲ့ကြယင်း ခရီးလမ်း တောတောင်ရေမြေ အတွေ့အကြုံများနှင့် မိုးပြဲရေကာတာတို့ကိုလည်း တွေ့မြင်ခဲ့ကြသည်။ ထို့နောက် ကယားပြည် လွိုင်ကော်မြို့သို့ ရောက်ကြသည်၊ တရားဟောကြားကြသည်၊ ကျောက်ပြားစက်နှင့် လောပိတ ဘီလူးချောင်းဓာတ်အားပေးစက်၊ ငွေတောင်ဆည် စသည်တို့ကိုလည်း ရောက်ကြသည်၊ ကယားပြည်တခွင်၏ ဘုရားတန်ဆောင်း ကျောင်းကန်များကိုလည်း လှည့်လည်ဖူးမြော်ခဲ့ကြသည်၊ ဤသို့ တရားဟောကြားနိုင်အောင် လေ့လာနိုင်အောင် ဘုရားဖူးနိုင်အောင် အစစအရာရာများကို တည်းခိုရာ လွိုင်ကော်မြို့ ဝိမုတ္တိသုခ သာသနာ့ရိပ်သာ ဆရာတော်ဘုရားနှင့် တပည့် ဒကာ ဒကာမများက ချီးမြှောက် စောင့်ရှောက်ကြသည်၊ အားပေးကူညီကြသည်၊ ပြုစုကျွေးမွေး ပို့ဆောင်ပေးကြပါသည်။

ဤအတွေ့အကြုံများကို စာရေးသူကိုယ်တိုင် တွေ့မြင်ခံစားရသည့်အတိုင်း ဤစာအုပ်တွင်မှတ်တမ်းတင်ထားပါသည်။ ကယားတို့အကြောင်းကို ရေးရာ၌မူ....

၁။ မြန်မာ့ဆိုရှယ်လစ် လမ်းစဉ်ပါတီ၊ ပါတီစည်းရုံးရေး ဗဟို ကော်မီတီဌာနချုပ်က ထုတ်ဝေသော ပြည်ထောင်စုမြန်မာနိုင်ငံ တိုင်းရင်းသားယဉ်ကျေးမှု ရိုးရာဓလေ့ထုံးစံများ (ကယား)။

၂။ ကယားပြည်နယ် ဦးစီးအဖွဲ့ ပြန်ကြားရေးဌာနက ထုတ်ဝေသော သမိုင်းဝင် စာတမ်းများနှင့် ကယားပြည်နယ် ဒုတိယတွဲ ဟူသော....

ဤ စာ ၂-အုပ်ကို ကြည့်ရှုလျက် မိမိ၏ အကြားအမြင်အတွေ့ အကြုံများကို ပေါင်းစပ်ကာ လိုရင်းချုပ်လျက် သွက်သွက်ကလေး ရေးထားပါသည်။

ဟောကြားခဲ့သော တရား ၃-ပုဒ်တို့ကို ဤစာအုပ်နောက်ပိုင်း၌ ထည့်ထားပါသည်။ စာရေးသူဟောကြားသော "သံယောဇဉ်ဖြတ်လျှင် နိဗ္ဗာန်ဝင်တရားတော်"သည် ရန်ကုန်မြို့ သာသနာ့ရိပ်သာ ဩဝါဒခံ ပူဇော်ပွဲတွင် ဟောကြားခဲ့စဉ်က အသံဖမ်းယူထားသည့် အသံသွင်း ကြိုးခွေမှ ထုတ်နုတ်ပြီး အနည်းငယ်ပြုပြင် ရေးသားထားသော (ပဌမ) ပိုင်း တရားတော်ဖြစ်ပါသည်။ ဆရာတော် ဦးပညာဒီပ ဟောကြားတော်မူသော "ဥပါသကကျင့်စဉ်-နိဗ္ဗာန်ဝင် တရားတော်"သည်လည်း ဟဲဟိုးမြို့တွင် ဟောစဉ်က အသံသွင်းယူထားသည့် အသံသွင်းကြိုးခွေမှ ထုတ်နုတ်ပြီး အနည်းငယ်ပြုပြင်ရေးသားထားသော တရားတော်ဖြစ်ပါသည်။ မြန်အောင်ဆရာတော် ဦးတေဇဝံသ၏ "အော့ကြောလန် အမှန်မြင် အလင်းဝင်တရားတော်"ကား နောက်ဆုံးမှစာမူရောက်လာသောကြောင့် ဘယ်မှာဟောစဉ်က အသံသွင်းထားသော မူ-ဟူ၍ မေးမြန်းချိန်မရသဖြင့် မသိရပါ။ မည်သို့ပင်ဖြစ်စေ၊ ဤတရားတော် ၃—ပုဒ်လုံးသည် လွိုင်ကော်မြို့တွင် ဟောကြားခဲ့ဘူးသော တရားတော်ချည်းပင် ဖြစ်ပါသည်။

ဤတရားတော် ၃-ပုဒ်လုံးကို စာရေးသူက တည်းဖြတ်ထားပါသည်၊ မူရင်း ကျမ်းကိုးကျမ်းကားများကိုလည်း အတတ်နိုင်ဆုံးရှာဖွေ ဖော်ပြထားပါသည်။ အချို့ ဓမ္မကထိကတို့ မှတ်စုမှတ်တမ်းစာအုပ်များမှ ကောက်သင်းကောက်ကောက်ထားသော ဂါထာနိဿယအနည်းငယ်ကို မူ ဘယ်သူရေးသည်၊ ဘယ်ကရသည်—ဟု ရှာဖွေချိန်မရပါ၊ သဘာဝ လည်းကျ ကျမ်းဂန်နှင့်လည်း ညီသော ကောင်းနိုးရာရာ ဂါထာပါဠိ အနက်များဆိုလျှင် ပုဂ္ဂိုလ်စွဲ ဂိုဏ်းစွဲကင်းစွာဖြင့် ဟောကြား ရေးသား လိုက်ပေသည်။

ဤခရီးသွား မှတ်တမ်းနှင့် တရားတော် ၃–ပုဒ်သည် ဗုဒ္ဓနည်းကျ မဟာစည်သာသနာပြု မှတ်တိုင် တတိုင်အဖြစ်နှင့် ကယား–မြန်မာ ထာဝရချစ်ကြည်ရေး၊ ဗုဒ္ဓမြတ်စွာ သာသနာတော် တည်တံ့ထွန်းကားရေးအတွက် နိဗ္ဗာန်ဆော်အချက်ပြ ကြယ်တပွင့်ဖြစ်ပါစေ–ဟု ဆန္ဒပြုယင်း ဤပန်ကြားလွှာကို နိဂုံးချုပ်လိုက်ပါသည်။

ဤစာအုပ် ထွက်ပေါ်ရေးအတွက် အဖက်ဖက်မှ စောင့်ရှောက်ချီးမြှောက် ကူညီအားပေးကြသော ဆရာသမားများ၊ အပေါင်းအသင်းရောင်းရင်းများ၊ တပည့်ဒကာ ဒကာမများနှင့် သီရိရတနာစပေတိုက်တို့အား ကျေးဇူးတင်ပါသည်။

## ဆန္ဒမွန်

၁။ ဗုဒ္ဓမြတ်စွာ၊ သာသနာ၊ ရှည်ကြာတည်၍ လင်းစေသော်။
၂။ မဟာစည်လမင်း၊ ကြယ်ခပင်း၊ အလင်းကမ္ဘာပြန့်စေသော်။
၃။ အလင်းရောင်ကို၊လက်ခံကြို၊ကြည်ညိုလေးမြတ် ကြစေသော်။
၄။ ကမ္ဘာငြိမ်းချမ်း၊ နိဗ္ဗာန်နန်း၊ စံမြန်းနိုင်ကြပါစေသော်။

ညောင်ကန် အရှင်ဣန္ဒက

သာသနာတော်နှစ်၊ ၂၅၂၁–ခုနှစ်။
ကောဇာသက္ကရာဇ်၊ ၁၃၃၉–ခုနှစ်၊ ပဌမ ဝါဆိုလဆန်း(၇)ရက်။

# ကန္တာရဝတီ ငွေတောင်ပြည်သို့

* ဒို့တောင်ပေါ်မှာ၊
ဥနီဖော်—အာဒိနီသားတွေနဲ့၊
ပျော်ကြတယ်လေး....။

နှင်းရည်ဆမ်းသော တောင်တန်းပြာ၏ ကတ္တရာလမ်းပြာပေါ်ပယ် ဒတ်ဆန်း မော်တော်ကားတစီးသည် ပြေးသွားနေ၏၊ "နောက်တဖန် ပြန်လည် တွေ့ဆုံကြပါဦးစို့"ဟု နှုတ်ခွန်းဆက်ခဲ့ရသော ရှမ်းပအိုဝ်းသားချင်းတို့ ပျော်မွေ့ရာ သနပ်ဖက်နှင့် လက်ဖက်ခြောက်ကောင်းသည်ဟု နာမည်ကြီးသော မြို့ပင်လောင်းသည် နောက်၌ ကျန်ရစ်ခဲ့ပါသည်။ ဓမ္မသံယောဇဉ် အမျှင်မပြတ်သေးသည်မို့ လိုက်ပို့ကြသော နိဗ္ဗာန်ဆော် ဦးမြင့်ဝေ၊ ကိုအောင်ကြည်၊ အိုက်ကော်နှင့် ဒေါ်ထွေး၊ ဒေါ်ယုန် စသည့် ပင်လောင်းဒကာဒကာမတို့သာလျှင် မဟာစည် ဓမ္မကထိကအဖွဲ့နှင့်အတူ ကားပေါ်၌ ပါလာကြ၏။

ကားပေါ်၌ ပါလာသူတို့သည် "လှိုက်လှဲစွာကြိုဆိုပါ၏- လွိုင်ကော်မြို့"ဟူသော ဆိုင်းဘုတ်ကြီးကို တွေ့မြင်ရန် ရည်သန်လျက် လိုက်ပါလာကြပါသည်။ အချိန်မှာ နံနက် ၈-နာရီ ဆွမ်းခံချိန်။ နေ့ကား....ကဆုန်လဆန်း ၉-ရက်(၁၈-၅-၇၅) တနင်္ဂနွေနေ့။

စာရေးသူသည် ငယ်စဉ်က တပိုင်းတစ ရခဲ့ဘူးသော ဖော်ပြပါ ကဗျာလေးကို ပြေး၍ သတိရမိပါသည်။ သားချင်းဆွေမျိုး တောင်ပေါ်

သားတို့ စားသုံးသော ကန်ဇွန်းဥနှင့် ကွမ်းစားသော ပါးစပ်အပြင် နေထိုင်ရာ ဌာနကိုပါ ကွင်းကွင်းကွက်ကွက် မြင်ရအောင် ဖွဲ့ဆိုထားသော ရှုပကအလင်္ကာမြောက်သည့် ကဗျာကလေးပင်ဟု ဆင်ခြင်မိပါသည်။ သတိရ ဆင်ခြင်မိစရာ အကြောင်းကလည်း ရှိပါသည်။ ပေပေါင်း ၄၇၀၀-ရှိသော တောင်ပေါ်မြို့-ရွာလမ်းပေါ်၌ ကားစီးနေရသည်မဟုတ်ပါလား။

"ဒါက ကိုးခေါင်ရွာခေါ်တယ်၊ အဲဒါက ဂျင်မိရွာပဲ၊ ဒီဆင်နဲ့တူတဲ့ တောင်ကြီးကို အစွဲပြုပြီး ဒါကို ဆင်တောင်ရွာလို့ ခေါ်ကြတယ်ဘုရား။ ဒီရွာကတော့ ရှားတိမ်ရွာတဲ့၊ ဟောဒီဝါလီရွာကို လွန်ယင်တော့ တဖြေးဖြေး တောင်ဆင်းလမ်းတွေသာ များပြီ ဘုရား...."

ဤသို့လျှင် ကားဆရာက ပြောပြပါသည်။ ခြင်းတောင်းကို ကျောပိုး၊ ကလေးကို ဘေးမှာလွယ်၊ လက်မှာ ပေါက်တူးဆွဲလျက် သွားလာနေကြသော ပအိုဝ်းတောင်သူ ရှမ်းပျိုဖြူများကိုလည်း တွေ့ရ၏။ သူတို့တာတောပြန် တောသွား အလုပ်များလျက်ပင်။

တွေ့မြင်နေရသောမြင်ကွင်းများက အစဉ်ထူးခြားနေသလို၊ ကြားသိရသော ရွာနာမည်များကလည်း အမြဲ ဆန်းသစ်နေကြ၏။ ပန်ကာလ၊ ပင်ခွန်၊ ဆောင်းခါး၊ နန်းထာ၊ ရဂိုတ်နှင့် ဈေးရှိသော ဆောင်းပြောင်းနှင့် နောင်ရိုးတို့ကိုလည်း တွေ့သိရ၏။

"နောင်ရိုးတောင်ဆင်းတံခါးဝကို အရမ်းမောင်းဆင်းယင် စားမှောက်တတ်တယ်ဘုရား"ဟု ကားဆရာ အိုက်ကော်က ပြောပြ၏။ ဟုတ်ပေမည်။ အဆင်းမှာ ဇောက်ထိုးဖြစ်၍ အကွေ့လည်းရှိ၏။ တောင်ခါးပြတ်ကြီးထဲသို့ ထိုးဆင်းသလို ထင်ရ၏။ တောင်ကြီးနှစ်လုံးက ကားလမ်းဘေး ဝဲယာ၌ နီးကပ်စွာ မြင့်မြင့်ကြီး တည်နေကြ၏။ ထို့ကြောင့် တံခါးပေါက်ကြီးနှင့်လည်း တူနေ၏။

ယင်းတောင်တံခါးဝကို လွန်လျှင် မိုးပြဲရေကာတာနှင့် ဆက်နေသည်ဆိုသော ရေပြင်ဖွေးဖွေးကိုလည်း လှမ်းမြင်နေရ၏။ အချို့ရွာနှင့်တောင်မို့မို့ကိုမူ ရေပတ်လည် ဝိုင်းနေ၏။

ယင်းတံခါးဝကိုလွန်လျှင် လေမိုးမိ၍ အေးစက်နေရာမှ ပြုံးကနဲပူလိုက်သဖြင့် စပ်ဖျဉ်းဖျဉ်း ပူအိုက်သလို ဖြစ်လာ၏။ ထို့ကြောင့် ခြုံထည်သက်န်းကိုလည်း ခွာရတော့၏။ မန်ကျည်းပင်နှင့် ညောင်ပင်များကိုလည်း မြင်လာရတော့၏။

"ခုမြင်နေရတဲ့ မို့မို့တောင်နှင့်ရွာဟာ မြန်မာလို နွားလပို့တောင်ရွာ၊ ရှမ်းလို နောင်ဝိုးခေါ်တယ်ဘုရာ့"ဟု ကားဆရာက ပြောပြပါသည်။

နောင်ဝိုးကားဂိတ်၌ အစစ်ဆေးခံပြီးနောက် ဆက်ထွက်ခဲ့ကြ၏။ တောင်ကမူနှင့် ဘုရားရှိသော လီခံရွာ၊ နန်းဖာမူ၊ ရွာသစ်၊ မိုင်းပြတ်ပြတ်၊ ကူချဲ၊ ကုန်းဆုံတို့ကိုလည်း လွန်ခဲ့ပါပြီ။

ထို့နောက် လက်ဝါးကပ်တိုင်နှင့် ခရစ်ယန်များရှိသော ဗယ်ခုံမြို့နှင့် ပဒေါင်တို့၏ ခေါင်မိုင်းရွာကိုလွန်လျှင် နံနက် ၉-နာရီ ၅၀-မိနစ်၌ မိုးပြဲရေကာတာသို့ ရောက်ကြ၏။

တောင်တန်းကြီးနှစ်ခုကြား၌ စီးဆင်းလျက်ရှိသော ရေကြောင်းကို တားဆည်းထားသော ရေကာတာကြီး ဖြစ်သည်။ ရေတံခါးလေးပေါက်ကိုလည်း မြင်ရ၏။ ရေဂိတ်နှင့် မျှောစင်ကြီးလည်း ရှိသည်။ ရေကာတာလုပ်သားတို့၏အလုပ်သမားတန်းလျားများမှာ ရွာလေးတရွာလို ဖြစ်နေတော့၏။ လေတိုက်ခတ်သံတာ တဟူးဟူးးရေစီးဆင်းသံက တဝေါဝေါ မြည်ဟီးနေ၏။ ဝန်းကျင်ရှုခင်းလည်း သာယာစိုပြေပါသည်။ ရေကာတာနံရံတံတိုင်း၌ ရေးထားသော ရေကာတာနှင့် ပတ်သက်၍ မှတ်သားဘွယ်စာများကိုလည်း ဝက်ပုတ်ဆရာတော် ဦးပညာဒီပ၊ မောင်ညွန့်ရွှေတို့နှင့် အတူ ကူးယူကြသည်။

## မိုးပြဲရေကာတာ

တော်လှန်ရေးကောင်စီဥက္ကဋ္ဌ ဗိုလ်ချုပ်ကြီးနေဝင်း ခေါင်းဆောင်သော ပြည်ထောင်စုမြန်မာနိုင်ငံ တော်လှန်ရေးအစိုးရ လက်ထက်တွင် ဝန်ကြီး ဗိုလ်မှူးကြီးမောင်ရွှေ ဦးဆောင်သည့် စက်မှုလက်မှုဝန်ကြီးဌာန၏ စီမံကိန်းတခုဖြစ်သော မိုးပြဲရေကာတာကြီးကို လုပ်သားပြည်သူများ၏ အကျိုးအတွက်—

ဥက္ကဋ္ဌ ဦးဖေသန်း ကြီးမှူးသည့် လျှပ်စစ် ဓာတ်အားပေးရေးအဖွဲ့က မြန်မာသက္ကရာဇ် ၁၃၂၉-ခု ပြာသိုလ၊ ၁၉၆၈-ခု ဇန်နဝါရီလတွင် ကာယဉာဏ လုပ်သားကြီးများ၏ လုပ်အားဖြင့် စတင် အကောင်အထည်ဖော်ခဲ့ရာ....

မြန်မာသက္ကရာဇ် ၁၃၃၃-ခုနှစ်၊သီတင်းကျွတ်လဆန်း ၁၁-ရက်၊ ခရစ် ၁၉၇၁-ခု၊ စက်တင်ဘာလ ၃၀-ရက်နေ့တွင် အောင်မြင်စွာ တည်ဆောက်ပြီးစီးသည်။

၂၁၁၂၄

**လုပ်သားပြည်သူများအတွက် ဖြစ်ထွန်းမည့် အကျိုးကျေးဇူးများ**

၁။ လောပိတခေတ်အားစက်ရုံတွင် (၂၈)မဂ္ဂဝပ်ရှိသော စက် ၅-လုံးကို တနှစ်ပတ်လုံး လည်စေနိုင်ခြင်း၊

၂။ ရေကာတာအောက်တွင် ဧက ၂၀၀၀၀ (နှစ်သောင်း) ခန့် အား တနှစ်ပတ်လုံး စိုက်ပျိုးစေနိုင်ခြင်း၊

၃။ လွိုင်ကော်မှအင်းလေးအထိ ရေစူး ၄-ပေရှိ ရေယာဉ်များ သွားလာစေနိုင်ခြင်း၊

၄။ မိုးဗြဲနှင့် လွိုင်ကော်ကြား ဘီလူးချောင်း တဖက်တချက်ရှိ လယ်မြေများတွင် နှစ်စဉ်ကြုံတွေ့လျက်ရှိသော ရေမြုပ်ခြင်းဘေးမှ ကင်း ဝေးစေနိုင်ခြင်း၊

၅။ ရေလှောင်ကန်အတွင်း ငါးမွေးမြူနိုင်စေခြင်း။

**အရေးပါသော ဝိသေသများ**

* ရေလှောင်ကန် အမြင့်ဆုံး ရေမျက်နှာပြင် အကျယ်အဝန်း ၇၆-စတုရမ်းမိုင်၊
* အလျား ၃၄-မိုင်ခန့်၊
* အမြင့်ဆုံးရေမျက်နှာပြင် ပင်လယ်ရေ မျက် နှာ ပြင် ထက် ၂၈၉၇-ပေ၊
* အနိမ့်ဆုံး ရေမျက်နှာပြင် ၂၈၈၈-ပေ၊
* ဒီဇိုင်း၏ ရေလျှံနှုန်း ၃၂၅၀၀–၊ ကုဗပေ စက္ကန့်၊
* ၂၈၉၇-ပေတွင် အသားတင်ရေလှောင်နိုင်ခြင်း၊
* မြေကြီးတာရိုးအလျား ၈၀၀၀-ပေ။

စာရေးသူတို့ကားကလေးသည် မိုးဗြဲရေကာတာမှ ဆက်၍ထွက်ခဲ့ ကြပါသည်။ မိုးဗြဲမြို့ကိုလွန်လျှင် ကုန်းသာတံတားဆိုသည်ကို ရောက်ကြ ပါသည်။ ယင်းတံတားမှာ ရှမ်းပြည်နယ်နှင့် ကယားပြည်နယ်စပ်ဟု သိရ ၏။ လမ်းညွှန်မိုင်တိုင်၌ "အောင်ပန်းမှ ၆၇-မိုင်၊ ၉၀-မိုင် တောင်ကြီး လမ်းခွဲ" ဟု တွေ့ရပါသည်။

စာရေးသူတို့သည် နံနက် ၁၁-နာရီ၌ လွိုင်ကော်မြို့ ဝိမုတ္တိသုခ သာသနာ့ရိပ်သာ ဆရာတော်ဦးအဂ္ဂဓမ္မ၏ ခြေတော်ရင်း၌ ခိုလှုံ မိကြပါ

သည်။ ဆရာတော်နှင့် ရိပ်သာဒကာဒကာမများကလည်း ရောက်နှင့် နေသော ဒကာကြီး ဦးစိုးလုံး၏ ပြောကြားချက်အရ ဝမ်းမြောက်ဝမ်းသာဖြင့် ဆွမ်းပွဲအသင့်ပြင်လျက် စောင့်ကြိုနေကြပါသည်။

စာရေးသူတို့ မဟာစည်ဓမ္မကထိကအဖွဲ့ ရောက်ရောက်ချင်းပင် လူရောရှင်ပါ အားလုံးဓမ္မာရုံပေါ်မှာ စုရုံးကြပါသည်။ ဒကာဒကာမများက ကြည်ညိုသဖြင့် ကန်တော့ကြပါသည်။ ရိပ်သာ ဆရာတော်နှင့် မဟာစည်ဓမ္မကထိက သံဃာတော်များက "သဗ္ဗီတိယော ဝိဝဇ္ဇန္တု" အစချီသောဂါထာဖြင့် ပြိုင်တူဆုပေးကြပါသည်။ ဤထုံးစံမှာ ရှမ်းပြည်ထုံးစံနှင့် အတူတူပင်ဖြစ်ပါသည်။ အကန်တော့ခံ ဆုပေးပြီးသော် အချိန်နီးကပ်နေသဖြင့် နှုတ်ဆက်စကားကို အနည်းငယ်မျှသာပြော၍ ဆွမ်းဘုဉ်းပေးကြပါ၏။

## မြို့လွိုင်ကော်နှင့် ဝိမုတ္တိသုခ သာသနာ့ရိပ်သာ

ဤရိပ်သာကား အလယ်၌ ဓမ္မာရုံကြီးကို ကမ္မဋ္ဌာန်းကျောင်းတို့က ဝန်းရံလျက် သရက် မာလကာ ဂန့်ဂေါ်ပန်းပင်တို့ဖြင့် သာယာ စိုပြေသော ရိပ်သာဖြစ်၏။ ရိပ်သာဝန်းကျင် မလှမ်းမကမ်း၌သာ လူနေအိမ်ခြေများ ရှိလေသည်။ ရိပ်သာနှင့်ကပ်လျက်၌မူ မင်းကျောင်းတိုက်သာရှိ၏။ ကျောင်းတိုက်နှင့် ရိပ်သာသည် သီးခြားအုပ်စုကလေးလို ဖြစ်နေ၏။ ထို့ကြောင့် တိတ်ဆိတ်ငြိမ်သက်၏။ လေကောင်းလေသန့်လည်းရ၏။ ရေမီးလည်းပြည့်စုံ၏။ ဆွမ်းစားကျောင်းမှာ ရိပ်သာအဝင်ဝ၌ ရှိ၍ သိမ်တိုက်မှာ ရိပ်သာ၏ အရှေ့ဖက်အစွန်၌ ရှိလေ၏။

ဤရိပ်သာဖြစ်ပေါ်လာပုံနှင့် သိမ်သမုတ်ပွဲဖြစ်ခဲ့ပုံကို ဗုဒ္ဓဓမ္မလောကစာစောင် အယ်ဒီတာ မင်္ဂလာဦးအောင်မြင့်ရေးသော ကယားပြည်နယ်လွိုင်ကော်မြို့ ဝိမုတ္တိသုခ သာသနာ့ရိပ်သာ သာသနဝိလာသိနီ သိမ်အောင်စာတန်း၌ အပြည့်အစုံတွေ့ရ၏။ ယင်းစာတန်း၌ ကျေးဇူးရှင် အဂ္ဂမဟာပဏ္ဍိတ မဟာစည်ဆရာတော်ဘုရားကြီးသည် ၁၃၁၀ ခုနှစ်မှစ၍ ရန်ကုန်မြို့ သာသနာ့ရိပ်သာ၌ မဟာသတိပဋ္ဌာန် ဝိပဿနာ တရားတော်တို့ကို ဟောပြောပြသတော်မူခဲ့ပါသည်။

၁၃၁၂-ခုနှစ်သို့ အရောက်ဝယ် မြန်မာနိုင်ငံအရပ်ရပ်မှ မြို့နယ်တနယ်လျှင် ကိုယ်စားလှယ်တော် ၂-ဦးကျစီ ဝိပဿနာတရား အားထုတ်လိုကြသည့် ရဟန်းရှင်လူတို့အား ရန်ကုန်မြို့ ဗုဒ္ဓသာသနာ့နုဂ္ဂဟအဖွဲ့က

စားစရိတ်အလာအပြန်စရိတ်နှင့်တကွ အကုန်အကျခံ၍ ဖိတ်ကြားသော အခါ အနယ်နယ်အရပ်အရပ်မှ တရားအားထုတ်လိုကြသည့် ရဟန်းရှင်လူတို့ လာရောက်ကြသည့်အနက် ကယားပြည်နယ် လွိုင်ကော်မြို့မှလည်း ရဟန်းတော်ကိုယ်စားလှယ် ၂-ပါးကြွ၍ ကျေးဇူးရှင် မဟာစည်ဆရာတော်ဘုရားကြီး၏ ခြေတော်ရင်း၌ နည်းနာကျကျ လက်ကိုင်ရသည်အထိ ဝိပဿနာတရားကို အားထုတ်ခဲ့ပါသည်။

ကမ္မဋ္ဌာန်းပြနည်း နိဿယည်းကျန လက်ကိုင်ရသော ကိုယ်စားလှယ် အရှင်ပညာပံသသည် လွိုင်ကော်မြို့သို့ ပြန်ကြွပြီး ဤမည်သော ဝိမုတ္တိသုခ သာသနာ့ရိပ်သာကို ၁၃၁၅-ခုနှစ်၌ တည်ထောင်ပြီး လျှင် ကယားပြည်နယ်သူနယ်သား ရဟန်းရှင်လူ အများတို့အား မဂ်ဖိုလ်နိဗ္ဗာန် ရကြောင်း ကောင်းသောပဋိပတ်ကျင့်စဉ်တရားတို့ကို သွန်သင်ဆုံးမ နည်းညွှန်ပြသနေစဉ် ၁၃၁၆ ခုနှစ်၌ ဒေဝနတ်ဘုံ မြန်းကြွ စံတော်မူခဲ့ရရှာလေသည်။

ထိုသည့်နောက်၌ ဤမည်သောဝိမုတ္တိသုခ သာသနာ့ ရိပ်သာဂယ် ကမ္မဋ္ဌာန်းဆရာအဆက်ပြတ်ခဲ့သောကြောင့် ခြောက်ကပ်ဆိတ်သုဉ်း ရဟန်းရှင်လူအများတို့ ကြိမ်မီးအုံးမျှ စိတ်နှလုံး မကြည်မသာ ရှိခဲ့သောအခါ ပထမမင်းကျောင်းဆရာတော် အရှင်တိလောကာဟာထေရ်အမှူးပြုသော သံဃာသာမဂ္ဂီအဖွဲ့ကြီးက မြို့နယ်သူနယ်သား တရားအားထုတ်လိုသူရှင်လူ အများအား ငဲ့ညှာသနားကရုဏာပွား၍ ကမ္မဋ္ဌာန်းဆရာတပါး ရရှိရေး အတွက် ၁၃၁၈-ခုနှစ် ပြာသိုလပြည့်နေ့၌ စံကားဆရာတော်ဘုရားကြီး အား သံဃကိုယ်စားပြုစေကာ ရန်ကုန်မြို့သာသနာ့ရိပ်သာ ကျေးဇူးရှင် မဟာစည် ဆရာတော့်ဘုရားကြီး ထံတော်သို့ ကြွရောက် တောင်းစေခဲ့ ပါသည်။

မဟာစည် ဆရာတော် ဘုရားကြီး ကလည်း အရှင်အဂ္ဂဓမ္မအား ကမ္မဋ္ဌာနာစရိယအဖြစ် ခန့်အပ်၍ ပဋိပတ္တိသာသနာပြုရန် စံကားဆရာတော်ဘုရားကြီးနှင့်အတူထည့်လိုက်သည်သာမက ဆရာတော်ဘုရားကြီး၏ သဒ္ဓိဝိဟာရိက တပည့်ကြီးဖြစ်တော်မူသော ရန်ကုန်မြို့ သာသနာ့ရိပ်သာ ကမ္မဋ္ဌာနာစရိယ အရှင်သုဇာတမထေရ်ကိုပါ ခေတ္တမျှလိုက်ပါချီးမြှောက် စောင့်ရှောက်ရန် အမိန့်ရှိလေသည်။

အရှင်သုဇာတလည်း အမိန့်တော်မြတ်အတိုင်း မဆိုင်းမတွ လွိုင် ကော်မြို့သို့လိုက်ပါကြွ၍ အရှင်အဂ္ဂဓမ္မအား လွိုင်ကော်မြို့ရှိမင်းကျောင်း

ဆရာတော်အမှူးပြုသော သံဃာသာမဂ္ဂီဝင်ဆရာတော်အရှင်မြတ်တို့နှင့်ရင်း ဝိမုတ္တိသုခသာသနာ့ရိပ်သာ၏ ဒါယိကာမကြီးဖြစ်သော စပ်စောမြအမှူး ပြုသော ဒါယကာဒါယိကာမတို့နှင့်ရင်း ဝမ်းမြောက်ဝမ်းသာဆရာဒကာ ပြေပြစ်ညီညွတ်လာသည်အထိ ၁၅-ရက်ခန့်မျှ စောင့်ရှောက် ချီးမြှောက် ပြီးနောက် ရန်ကုန်မြို့သို့ ပြန်ကြွတော်မူလေသည် ဟူ၍ ရိပ်သာ သမိုင်း ကြောင်းကို ဖော်ပြထားလေသည်။

ထို့နောက် ဤမည်သောဝိမုတ္တိသုခ သာသနာ့ရိပ်သာသို့ ကယား ပြည်နယ်အတွင်းရှိ ကယား, ရှမ်း, ပအိုဝ်း, ပဒေါင်, အင်း, ယွန်း, မြန်မာ စသော လူမျိုးပေါင်းစုံတို့ လာရောက်တရားအားထုတ်ကြလေရာ ယနေ့ ၁၃၂၇-ခုနှစ် နတ်တော်လဆန်း ၈ ရက်နေ့အထိ ရဟန်းရှင်လူ ယောဂီ အပေါင်း ၂၅၃၉-ဦး ရှိပြီဖြစ်ကြောင်း ကောင်းစွာသိရပါသည်— ဟူ၍ လည်း ရိပ်သာ၏တိုးတက်အောင်မြင်မှုကို ဖော်ပြထားလေသည်။

ထို့နောက် ဤမည်သော ဝိမုတ္တိသုခ သာသနာ့ရိပ်သာ၌ ဇရပ် တန်ဆောင်း စံကျောင်းပိမာန် ကမ္မဋ္ဌာန်းစံအိမ်တို့နှင့်တကွ ရေမီးအစုံတို့ ပြည့်စုံတင့်တယ်လှပြီ—ဟုဆိုရသော်လည်း ရဟန်းသံဃာတို့ ဥပုသ်ပဝါရ ဏာစသော ကံကြီးကံငယ်ကို အလွယ်တကူ ဆောင်ရွက်နိုင်ရန် အလို့ငှာ သိမ်တလုံးလိုအပ်ကြောင်း ရဟန်းရှင်လူအပေါင်းတို့ ကောင်းစွာ သိကြ သည်မှာ ကာလကြာညောင်းခဲ့လေပြီ— ဟူ၍လည်း သိမ် သမုတ် ရန် လို ကြောင်း ဖော်ပြပြီးလျှင် လွိုင်ကော်မြို့နယ် သံဃာတော်များနှင့် ကျေး ဇူးရှင်အဂ္ဂမဟာပဏ္ဍိတ မဟာစည်ဆရာတော်ဘုရားကြီးကိုယ်တော်တိုင် ပါ ဝင် ကြီးမှူး သမုတ်သောကြောင့် ၁၃၂၇-ခုနှစ် နတ်တော်လဆန်း ၈-ရက်၊ ဗုဒ္ဓဟူးနေ့ နံနက် ၈-နာရီ ၂၀-မိနစ်အချိန်၌ အောင်မြင်ပြီးစီး ကြောင်းပါ ဖော်ပြထားပါသည်။ ယင်းစာတန်း၌ သိမ်သမုတ်ပုံ အပြည့် အစုံလည်းပါလေသည်။ ဤရိပ်သာနှင့် ဤသိမ်ကိုအကြောင်းပြု၍ ကျေး ဇူးရှင် မဟာစည် ဆရာတော် ဘုရား ကြီး ကြွရောက်တော်မူရာ မင်္ဂလာ ဦးအောင်မြင့်လည်း ဓာတ်ပုံယာဉ်ရကအဖြစ်နှင့် လိုက်ပါခွင့် ရကြောင်း၊ အတွေ့အကြုံများကို ရန်ကုန်သတင်းစာနှင့် ဗုဒ္ဓမလောက စာစောင်၌ လည်း ရေးသားခဲ့ကြောင်းများလည်း နိဒါန်း၌ပါလေသည်။

## မြို့လွိုင်ကော်နှင့် တရား ၅-ည

စာရေးသူတို့ မဟာစည်ဓမ္မဏထိဏအဖွဲ့သည်ဏား ၁၃၃၇ ခုနှစ်၊ ဏဆုန်လဆန်း ၉ ရက် တနင်္ဂနွေနေ့မှစ၍ ဤဝိမုတ္တိသုခ သာသနာ့ရိပ်

သာ၌ ဘည်းခိုကြသည်။ ရိပ်သာဆရာတော် ဦးအဂ္ဂဓမ္မ၏ စီစဉ်ပေးချက်အရ မြို့လယ်ဓမ္မာရုံ၌ ၅ ညပတ်လုံး မဟာသတိပဋ္ဌာန် တရားမြတ်ကို ဟောကြား ပြသကြရပါသည်။ ပရိသတ်မှာ ညစဉ် ၁၀၀ မှ ၂၀၀ အတွင်း၌ နာကြားကြပါသည်။ ဤမြို့၌ သာသနာ့ရိပ်သာ တည်ရှိနေပြီမို့ နေ့တရားအားထုတ်ပွဲကိုမူ မကျင်းပခဲ့ကြပါ။ အားထုတ်လိုလျှင် ရိပ်သာ၌ လာရောက်အားထုတ်ကြရန်သာ တိုက်တွန်းခဲ့ပါသည်။

ဓမ္မစွမ်းရည်

"အရှင်ဘုရားတို့ရဲ့ တရားစွမ်းရည် တွေကတော့ ထက်မြက်ပါတယ်။ တရားနာတွေလဲ အတော် သဘောကျကြပါတယ်။ ဝက်ပုတ်ဆရာတော် ဦးပညာဒီပရဲ့ မဟာနာမသုတ်၊ သာရိပုတ္တာသုတ်၊ ဥတ္တိယသုတ်များကို နာကြားကြရတော့ ရတနာသုံးပါး အခြေခံမှုစပြီး နားလည်ကြတယ်။ သတိပဋ္ဌာန် ၄ ပါးကိုလဲ ခွဲခွဲခြားခြား သိလာကြတယ်။ သောတာပန် အင်္ဂါ ၄ ပါးကိုလဲ မှတ်သားမိကြပြီလို့ နာကြားကြရသူများက လျှောက်ထားကြတယ်။ မြန်အောင် ဦးထေရဝံသရဲ့ သတိပဋ္ဌာန်ပဋိကူလမနသိကာရပိုင်းနှင့် ဥတ္တရသာမဏေဝတ္ထုတွင် ဝိပဿနာသွင်း၍ ဟောတာကို နာကြားရတော့လဲ အလွမ်းအသားပေး ဟောတာမဟုတ်ပဲ မျက်ရည်ကျသူကျ ခြေးသည်းလက်သည်း အရှည်တွေကို ဖြတ်ပစ်သူပစ်ကြသတဲ့။ ညောင်ကန် ဦးဣန္ဒကရဲ့ သံယောဇဉ်တရားကို နာကြားကြရပြန်တော့လဲ ဒို့ဖြစ်နေပုံနှင့် တရားနဲ့ကတော့ တထပ်ထဲပဲ၊ သံယောဇဉ်ပြတ်အောင် တရားအားထုတ်မှ ဖြစ်မယ် လို့ ပြောကြတယ်....''

ဤသို့လျှင် ဆရာတော် ဦးအဂ္ဂဓမ္မက ဝမ်းသာအားရ မိန့်တော်မူပါသည်။

ဆရာတော်ကား ရိုးသားဖြူစင်သည်။ သဒ္ဓါတရားကောင်းသည်၊ ပွင့်လင်းသည်။ ကျေးဇူးရှင်မဟာစည် ဆရာတော်ဘုရားကြီး ပြုစုသော တရားကျမ်းစာအုပ် တအုပ် ထွက်တိုင်း ထွက်တိုင်းလည်း သူ့ရိပ်သာ တပည့်ယောဂီများအား တဆင့် ဟောကြားလေ့ရှိသည်။ ဆရာနည်းအတိုင်း မှန်ကန်အောင်ဆိုကာ စာအုပ်ကိုကိုင်၍ ဖတ်ပြဟောကြားတော်မူသည်။ ဤမျှရိုးသား၏။ ဤအချက်ဖြင့်ပင် ပလွှားကြွားဝါခြင်း မရှိကြောင်းမှာ ထင်ရှားလှပေ၏။

ယခုလည်း စာရေးသူတို့ တရားစွမ်းရည် အကြောင်းကို မထိန်မဝှက်ပဲ ကြားရသည့် မူရင်းအတိုင်း ဖောက်သည်ချ မိန့်ကြားတော်မူ

သည်။ ကုလမစ္ဆရိယကင်းစွာဖြင့် တပည့် ဒကာဒကာမများနှင့် ဓမ္မကထိကများအား မိတ်ဆက်၍ လိုအပ်သလို ဆုံးပရန်နှင့် ခိုင်းစေရန်ဟုဆိုကာ အပ်နှံထားပေးသေးသည်။ စာရေးသူ၏ သံယောဇဉ်တရားကို ဆရာတော်ကိုယ်တော်တိုင် သဘောကျလှသည် ဆိုကာ အသံဖမ်းစက်ဖြင့် ဖမ်းယူကာ အချိန်မစောင့်နိုင်ပဲ ညစဉ် တရားနာပြန်တိုင်း တဖန် ဖွင့်၍ နားထောင်တော်မူရာ ည နာရီပြန်တချက်ကျော်မှ ကျိန်းစက်တော်မူရ၏။ ဤမျှ ရိုးသားဖြူစင်တော်မူ၏။ စေသနာသဒ္ဓါတရား ကောင်းလှ၏။

"ယနေ့အထိ ဒီရိပ်သာမှာ တရားအားထုတ်ပြီး ယောဂီပေါင်း ၂၇၅၀ ယောက်ရှိသွားပါပြီ။ ဒီစာရင်းထဲမှာ ဉာဏ်စဉ်တရားနာပြီး ယောဂီ ၂၀၂ ယောက်လဲ ပါသေးတယ်။ ယခုလက်ရှိ ရိပ်သာမှာ သီတင်းသုံးတဲ့သံဃာတော်တွေကတော့ ရဟန်းတော် ၅ ပါး၊ သာမဏေ ၅ ပါး ရှိပါတယ်"ဟုလည်း ဆရာတော် ဦးအဂ္ဂဝံသက အမိန့်ရှိတော်မူပါသည်။

တရားပွဲရက်အတွင်း၌ စားသောက် နေထိုင်ရေးများကိုလည်း လိုလေသေးမရှိအောင် ပြုစု စောင့်ရှောက်တော်မူပါသည်။ ဒေသန္တရဗဟုသုတအတွက် ရောက်သင့်ရောက်ထိုက်သော လောပိတာဒေါ် ဘီလူးချောင်း ရေအားလျှပ်စစ်စက်ရုံ၊ ငွေတောင်ဆည်၊ ကျောက်ပြားစက်နှင့် မြို့ပေါ်ရှိ ဘုရားများကိုလည်း ရောက်အောင် ပို့စေတော်မူပါသည်။ ခရီးညွှန်အဖြစ် လက်ထောက် အရှင်ဝိစိတ္တအား ထည့်ပေးတော်မူပါသည်။

## မြို့လွိုင်ကော်နှင့် ကျောက်ပြားစက်

"လွိုင်ကော်မြို့ရောက်တဲ့အခါ ကျောက်ပြားစက်ကိုလဲ ရောက်သင့်တယ်"ဟု ရိပ်သာဆရာတော် ဦးအဂ္ဂဓမ္မအရှင်မြတ်က မိန့်တော်မူသည်။ ပြီးတော့ ဂျစ်ကားတစင်းစီစဉ်၍ လက်ထောက် ဦးဝိစိတ္တအား လိုက်ပြရန် လမ်းညွှန် ထည့်တော်မူလိုက်၏။ ထို့ကြောင့် မဟာစည်ဓမ္မကထိကအဖွဲ့သည် ကျောက်ပြားစက်ကိုလည်း ရောက်ခဲ့ကြ၏။

ကားပေါ်မှဆင်းလျှင် စက်ရုံနှစ်ရုံနှင့် ပြတိုက်၊ အပြင်ရုံးနှင့်အရောင်းဌာနများဖြင့် အချိုးတကျ တည်ဆောက်ထားသော ကျောက်ပြားစက်ရုံတွင်းသို့ဝင်ခဲ့ကြပါသည်။ သက်ဆိုင်ရာဌာန အသီးသီး၌ လုပ်သားများက လှုပ်ရှားလုပ်ကိုင်နေကြသလို စက်ကြီးများကလည်း လည်ပတ် လှုပ်ရှားနေကြပါသည်။

ပြတိုက်အတွင်း၌ ကျောက်ပြားစက်ရုံ ကုန်ထုတ်လုပ်ပုံ အဆင့်ဆင့်ကို ပုံများဆွဲ၍ ပြသထားပါသည်။ မြန်မာပြည်မြေပုံတွင် ကျောက်ထွက်ရာနယ်မြေပုံများကို ငုတ်စိုက်၍ကျိုးသွယ်ကာ ညွှန်ပြထားပါသည်။

ယင်းတို့တွင် ဤစက်ရုံ၌ အသုံးချသော ကျောက်များမှာ ရခိုင်ပြည်နယ် ဝေါင်ကုတ်မှထွက်သော ကျောက်များ၊ မတ္တရာစကျင်ကျောက်ဖြူ၊ ကျောက်ဆည်တောင်ထွက်ကျောက်၊ ဤကယားပြည်နယ် လောပိတမှထွက်သော ကျောက်အနက်နှင့် အပြာများ၊ ငွေတောင်၊ ဒီမောဆိုးနယ်နှင့် ကံခုနှစ်ဆင့်နယ်များမှ ထွက်သော ကျောက်နီကြားများ ဖြစ်ကြောင်းကို ဌာနတာဝန်ခံများက ရှင်းပြကြပါသည်။

ကျောက်ပြား ထုတ်လုပ်ပုံမှာ ၁။ ကျောက်တုံးထုတ်စက်။ ၂။ ဝန်ချီစက်။ ၃။ ဝန်လေးယာဉ်။ ၄။ လွှစက်။ ၅။ ချောစက်။ ၆။ ဖြတ်စက်။ ၇။ ကုန်ချောများ ဟူ၍ ဖြစ်ပါသည်။

ဤစက်ရုံ၌ အသုံးချနေသော လွှစက်နှစ်လုံးမှာ တလုံးလျှင် မြင်း ၁၅ ကောင်အား ရှိကြောင်းလည်း သိရသည်။ ကျောက်ခွဲနေပုံကို ကြည့်ရသည်မှာ စိတ်ဝင်စားဖွယ်ကောင်းပါသည်။ ကျောက်တုံးကို ဖြတ်ရာ၌ သဲ-ရေ-သံ သုံးမျိုးကို အသုံးချထားပါသည်။ သဲနှင့် ရေများကို ဖျော်၍ စက်အားဖြင့်အပေါ်မှ ကြွက်မြီးတန်းအောင် သွန်းဖြန်းပေးထားပါသည်။ ယင်းအောက်၌ ၄ ပေခန့်ရှည်သော သံပြားလွှ ၁၀ ချောင်းခန့်ကို လိုသလို အစိတ်အကျဲ အနေအထားဖြင့် တပ်ဆင်၍ ကျောက်တုံးများကို စက်အားဖြင့်ပင် ခွဲစိတ်နေပါသည်။ ဤစက်ရုံ၌ အသုံးချနေသော သဲများမှာ မိုးဗြဲနယ် နန့်ဖဲချောင်းများမှ သဲများ ဖြစ်ကြောင်းလည်း သိရပါသည်။

ထိုလွှစက်ကြီးနှစ်လုံးဖြင့် ခွဲစိတ်ပြီးသား ၈-ပေ၊ ၄-ပေရှိကျောက်များကို အချောကိုင်စက်ဖြင့် စား၍ချောနေပုံ၊ ဆေးရည်နှင့် သကလပ်စကိုအသုံးပြု၍ ကျောက်ပြားများကို စက်ဖြင့်ပင် အရောင်တင်နေပုံ၊ စိန်သွားလွှစက်ဖြင့် အကြီးအသေး လိုသလို ခွဲစိတ်နေပုံများကိုလည်း တွေ့ခဲ့ရပါသည်။

ပြတိုက်တွင်း၌ နမူနာပြထားသောကျောက်ပြား၊ ကျောက်စားပွဲ၊ ကျောက်စာတိုင်၊ ကျောက်ပြားဆေးလိပ်ခွက်အမျိုးမျိုး၊ ကျောက်ပြားပန်းအိုးအမျိုးမျိုး၊ အဖုံးအပိတ်ပါသော စီးကရက်ထည့်စရာ ကျောက်

ဆေးလိပ်ဗူးများကိုလည်း မြင်ခဲ့ရပါသည်။ ဩော် - မြို့လှိုင်ကော်မှာ ကျောက်ကိုသစ်သားလို ယွန်းလိုပင် နိုင်နင်းနေကြလေပြီတကား။

## မင်္ဂလာသိရိတောင်ဟော်နှင့် မြို့လှိုင်ကော်

ဂျစ်ကားလေးသည် ကျောက်ပြားစက်မှထွက်ခဲ့၍ မြို့ကိုပတ်လျက် မောင်းထွက်ခဲ့ပါသည်။ လမ်းကြီးလမ်းငယ် အသွယ်သွယ်တို့၏ ဝဲယာတို့၌ အိမ်ခြေတိုက်တာ အဖြာဖြာတို့ကို ကြည့်နူးဖွယ်ရာ တွေ့မြင်ရပါသည်။တိုက်တိုက်တာအိမ်ခြေတို့အကြား၌ မကြီးမငယ် ခပ်ရှယ်ရှယ်သစ်ပင်တို့ကို တွေ့မြင်ရပါသည်။ အိမ်ခြေတိုက်တာများသည် ခြံကျယ်ဝိုင်းကျယ်တို့ အလယ်ချောင်ချောင်လယ်လယ် တည်ရှိကြပါသည်။ မြို့ရန်ကုန်လို ပြွတ်သိပ်မနေကြပါ။

မြို့အဝင်ဖက်၌ ကယားပြည်နယ်၏ မြတ်မွန်ရတနာ ဘားစည်တို့ ဝန်းရံနေသော လွတ်လပ်ရေးကျောက်တိုင်သည်လည်း ဝင့်ကြွားလျက်ရှိပါသည်။ ဆောက်လုပ်ဆဲအဆောက်အဦသစ်ဖြင့် ကျယ်ဝန်းသော လေယာဉ်ကွင်းနှင့် မြို့အပြင် ကျယ်ဝန်းသော ခြံဝိုင်းကြီးအလယ်၌ ခန့်ထယ်သော ပြည်သူ့ဆေးရုံကြီးများကလည်း ကျက်သရေရှိလှပါကုန်၏။ တို့ပြင် ရုံးအဆောက်အဦများ၊ အထက်တန်းကျောင်းနှင့် ဈေးဟောင်း ဈေးသစ်များ၊ ကျောင်းကန်ဘုရားများကလည်း မြို့လှိုင်ကော်ကို တန်ဆာဆင်ထားကြပါသည်။

တချိန်က ဩဇာကြီးသူစော်ဘွားကြီးများ၊ မြို့စားကြီးများ နေထိုင်ခဲ့ရာ ဟော်နန်းတော်မဟာကား တိတ်ဆိတ်ငြိမ်ချက်သား ကောင်းလှပါသည်။ ဂျစ်ကားကလေးသည် မြို့တွင်းကို ဖြတ်စီးနေသော ဘီလူးချောင်းပေါ်ရှိ တံတားအသွယ်သွယ်ပေါ်ဖြတ်၍လည်း ခေါက်တုံ့ခေါက်ပြန် မောင်းနှင်ခဲ့ပါသည်။ မြို့မြောက်ပိုင်း၌ သမိုင်းဝင် အမှတ်အသား "ကန္တာရဝတီ" ဟူသော မော်ကွန်းတိုင်စာတန်းကိုလည်း ဖတ်ခဲ့ရပါသည်။

"ကယား၊ ကယမ်၊ ယင်းဘော်၊ ယင်းတလဲ၊ ဂယ်ဂို၊ဂယ်ဘား၊ မနုမနော၊ ဇယိမ်၊ ဗရဲ- စသည်ဖြင့် လူမျိုးတွေကတော့ စုံပါရော၊ ဒီမြို့မှာ ရောက်နေသူတွေကတော့ အရှင်ဘုရားတို့ မြင်တော်မူကြရတဲ့ အတိုင်း ရိုးရာအဝတ်အစားများကို ဆင်ယင်သူများလဲရှိကြသလို မြန်မာလို ဝတ်ဆင်နေကြသူတွေလဲ ရှိကြပါတယ်၊ ပဒေါင်ခေါ် ကယမ်တွေလဲ အရင်က

လို လည်ပင်းမှာ ကြိမ်ခွေစွပ်ခြင်းမပြုတော့ပါဘူး၊ အလွန်ခေါင်တဲ့နေရာများမှာ နေကြသူအချို့တို့သာ လည်ပင်း ကြိမ်ခွေစွပ်ကြပါတော့တယ်” ဟု အရှင်ဝိစိတ္တက ပြောပြပါသည်။

စာရေးသူတို့ကားကလေးသည် စေတီတော်များကို ဦးထိပ်ရွက်ပန်ဆင်ထားသော မြို့လယ်က မင်္ဂလာသိရိတောင်တော် ခြေရင်း၌ ထိုးဆိုက်လိုက်ပါတော့သည်။ စာရေးသူတို့သည် ခွေပတ်နေသော တောင်တက်လှေကားအတိုင်း တောင်ပေါ်သို့တက်ခဲ့ကြ၍ဘုရားဖူးကြပါသည်။ တောင်ပေါ်ရောက်လျှင် တောင်မှာ တလုံးတည်းမဟုတ်ဘဲ အစိတ်စိတ်ကွဲနေပါသည်။ ထိုအစိတ်စိတ် ကွဲနေသော တောင်ကလာပ် တောင်ပြာသာဒ်ပေါ်၌ တည်ထားသောဘုရားစေတီတော်များကို တံတားငယ်ဖြင့် ဟိုတောင်သည်တောင်ကူး၍ ဖူးမျှော်ရသည်မှာ ပျော်စရာပင်ကောင်းသေးတော့သည်။ စေတီတော်များကို ရေတွက်ကြည့်ရာ ခုနစ်ဆူ တွေ့ရပါသည်။

“မင်္ဂလာသိရိတောင်တော်ဘုရား”ဟု ဘွဲ့တော်ခေါ်သော်လည်း မြို့လူထုကမူ မျက်မြင်အတိုင်း “တောင်ကွဲဘုရား” ဟု ခေါ်ကြသည်။

ထိုတောင်ပေါ်က ရပ်၍ မြို့ကိုကြည့်ရသည်မှာလည်း ကြည်နူးဖွယ်ကောင်းလှ၏။ “ဒီတောင်ကွဲဘုရားစေတီများကိုတော့ မြို့သူမြို့သားများက စုပေါင်းတည်ထားကိုးကွယ်ကြပါတယ်၊ လွိုင်ကော်မြို့မှာ ယခုမြင်နေရတဲ့တံတားကြီး ၃-ခုရှိတယ်၊ အဲဒီသုံးခုတို့တွင် မြောက်ဖက်ဆုံးတံတားကို ကန္တာရဝတီစော်ဘွားကြီးက တည်ဆောက်ခဲ့တယ်။ အလယ်တံတားကို ကျောင်းဒကာကြော့ဆိုသူက တည်ဆောက်ခဲ့ပါတယ်။ တောင်ဖက်ဆုံးက တံတားကိုတော့ ငွေတောင်စော်ဘွားက တည်ဆောက်ခဲ့ပါတယ်” ဤသို့လည်း ဦးဝိစိတ္တက ရှင်းပြတော်မူပါသည်။

မြို့ဝန်းကျင်အဝေးဆီ၌ကား တောင်များက အထပ်ထပ် ဝန်းရံနေကုန်၏။ မြို့လွိုင်ကော်နှင့် မင်္ဂလာသိရိတောင်တော်ရှုခင်းသည် ဆွတ်ပျံ့ရှုမောဖွယ်သာတည်း။ စာရေးသူတို့ ကားကလေးသည် ထိုမှတဖန် ဝိမုတ္တိသုခသာသနာ့ရိပ်သာသို့ ပြန်လည်မောင်းနှင်ခဲ့လေသတည်း။

## လောပိတမှအပြန်-ကိုရင်ပဏ္ဍိတ ကြွလာခြင်း

### ပြည်လုံးချမ်းသာ စက်ရုံမဟာသို့

ဂျစ်ကားကလေး တစင်းသည် လှိုင်ကော်မြို့မှ လောပိတ ရေတံခွန်နှင့် ဘီလူးချောင်း ဓာတ်အားပေးစက်ရုံကြီးသို့ သွားရာလမ်းပေါ်၌ ပြေးသွားလျက်ရှိ၏။ အချိန်မှာ နေ့ဆွမ်းစားပြီးချိန်။

မိုးလုံးပတ်သည် ကက်ရပ်ဆီက နေမင်းသည် ထွန်းလင်းနေ၏။ ထို့ကြောင့် မိုးအောက်မြေပြင် တခွင်လုံးသည်လည်း အပူရှိန်လင်းရောင်ခြည်ကို ရရှိနေတော့၏။ ကဆုန်နယုန် ဆော့ဆော့ခုန် ဟူသော စာအဆိုသည် မြန်မာပြည်မ၌ ကာဝရမှန်ကန်နေပေမည်။ သို့သော် ကယားပြည်နယ်အတွင်း လောပိတသွားလမ်း၌မူ ရာနှုန်းပြည့် မှန်ကန်သည်ဟု မဆိုနိုင်ပေ။ အဘယ့်ကြောင့်နည်း။ တောင်ပေါ် မြေမျက်နှာပြင်မို့ ကောင်းကင်လေ ရနေသောကြောင့်ရင်း၊ ပတ်ဝန်းကျင် တောတောင်ရေမြေက စိမ်းလန်း စိုပြေနေသောကြောင့်ရင်း၊ ဤအကြောင်းများကြောင့် ဤကယားပြည်နယ် လောပိတသွားလမ်းပေါ်၌ အေးအေးမြမြနေကောင်းထိုင်သာ ရှိနေပါသည်။ ထို့ကြောင့် ကဆုန် နယုန်ဆော့ဆော့ခုန် ဟူသော အဆိုသည် ဤကယားပြည်နယ် ဤလမ်းဝယ် ရာနှုန်းပြည့် မမှန်ကန်နိုင်ဟု ဆိုရပေသည်။

ယနေ့ကား ကဆုန်လဆန်း ၁၁ ရက်နေ့တည်း။ ထိုကားပေါ်၌ မဟာစည် ဓမ္မကထိကအဖွဲ့သည် ပြည်လုံးချမ်းသာ စက်ရုံမဟာကို တွေ့လိုသောဖြင့် လိုက်ပါလာကြပါသည်။

၁၄/၁၁

ဤလမ်းမှာ ခပ်ပြေပြေဆင်းခဲ့သော ကတ္တရာလမ်းဖြစ်၏။ လမ်းဘေးဝဲယာ၌ စိမ်းလန်းစိုပြေလျက်ရှိကုန်သော သစ်ပင်တို့တွင် ကျွန်းသစ်ရတနာနှင့် အပင်များလည်း ပါဝင်နေကုန်တော့၏။ ထိုထိုသစ်ပင်တို့၏ ကြိုးကြားဝယ် ကယားတို့ ယာပြင်နှင့် ကယားတို့ရွာငယ်များကိုလည်း တွေ့ရ၏။

၁၈ မိုင်ဂိတ်ရောက်သော် ကားကို ခေတ္တရပ်၍ အစစ်ဆေးခံရ၏။ ဂိတ်စောင့်များက "ကင်မရာ ပါသလား" ဟုလည်း မေးမြန်းကြ၏။ မပါကြောင်းပြောပြကြ၏။ စစ်ဆေးခံပြီးသော် ကား ဆက်ထွက်ခဲ့ကြ၏။ ထိုသို့မေးမြန်းခြင်းမှာ လျှပ်စစ်ဓာတ်အားပေးစက်ရုံ စသည်ကို ဓာတ်ပုံမရိုက်ရန် တားမြစ်ထားသောကြောင့် ဟူ၏။

## ကျောက်တောင် ခွဲဖျက် ကြေးနန်းကြိုးစက်

၁၂ မိုင်ခရီးပေါက်သော် လောပိတ တပ်စခန်းရုံး၌ ကြည့်ရှုခွင့် လက်မှတ်ကို ပြသရသေး၏။ ထိုရုံးမှ အပြန်တွင် ကျောက်ပြားစက်ရုံ၌ သုံးရန် ကုန်ကြမ်းထွက်သော ကျောက်တောင်ကြီးကိုလည်း ဝင်ရောက်လေ့လာကြရသည်။ ကရိန်းစက်ရုံနှင့်ကြေးနန်းကြိုးတန်းများကို တွေ့ရ၏။

စက်ရုံအနီး ကျောက်တောင်ကြီးကို ဒိုင်းနမိုင်းဖြင့် ခွဲသင့်ကခွဲပြီးလျှင် တဲငယ်လောက် ပုတ်လောက်ရှိသော ကျောက်တုံးကြီးများကို ကရိန်းစက်အား ကြေးနန်းများဖြင့် လိုသလို လှာယူကြသည်။ သေးမျှင်သော ကြေးနန်းကြိုးကလေးများသည် ကြီးကျယ်သော ကျောက်တောင် ကျောက်တုံးကြီးများကို အစိတ်စိတ်ခွဲနိုင်၊ လှာနိုင်ကုန်၏။ ဤသည်မှာ လူတို့၏ ဉာဏ်နှင့်ဝီရိယကို နေရာတကျ အသုံးပြုနိုင်သော စွမ်းပကားဖြစ်ပေသည်။

ထို့နောက် ဘီလူးချောင်း လျှပ်စစ်ဓာတ်အားပေး ရေလှောင်ကန်များနှင့် စက်ရုံကြီးများရှိရာသို့ ကား ဆက်ထွက်ခဲ့ပါသည်။ ဘီလူးချောင်း၏ မြစ်ဖျားခံရာသည် ရှမ်းကုန်းမြင့်တောင်ပေါ် အင်းလေးကန်မှ စ,လေသည်။ အင်းလေးကန်မှသည် မိုးဗြဲရေကာတာသို့ စီးဆင်းခဲ့သည်။ ၎င်းမှသည် ကယားပြည်နယ်တွင်းသို့ စီးဆင်းခဲ့သည်။

## လောပိတအနီးက ရေလှောင်ကန်ကြီးများ

လောပိတအနီးရောက်သော် ဘီလူးချောင်းရေကို ရေလှောင်ကန် ရေတံခါးများဖြင့် လိုအပ်သလို စီမံသည်။ အမှတ် (၁) ရေလှောင်ကန်

သည် ဝှန်းကျင် မြစိမ်းရောင် သစ်ပင်များအကြားဝယ် တဝေါဝေါ မြည်လျက် ဆင်းသက်နေ၏။ ရေလှောင်ကန်ဝန်းကျင်က ရေကင်းစောင့် ဟဲမျှားဝယ် တာဝန်ရှိလုပ်သားတို့က စောင့်ရှောက်နေကြ၏။

ရေလှောင်ကန် ဘေး၌ ရေသွင်းမြောင်းပုံစံ ထုတ်လုပ်ခြင်းကို ၁၉၅၄ ခုနှစ်၌ စတင်၍ ၁၉၆၀ ခုနှစ်၌ ပြီးစီးကြောင်း စာတန်းကိုလည်း ဖတ်ရှုခဲ့ရ၏။ ထို့ပြင် ဆည်အမြင့် ၇၆ လက်မ ရှိ၍ ရေလွှဲတံခါး အကျယ် ၁၆၄ ပေ ရှိကြောင်းနှင့် ရေတံခါး ၆ ခု ရှိကြောင်း၊ ရေသွယ်မြောင်း အကျယ် ၁၅ ပေ၊ အမြင့် ၁၀ ပေ ၆ လက်မရှိ၍ အရှည် ၁၀၇၈၅ပေရှိကြောင်းများကိုလည်း မှတ်သားခဲ့ရ၏။

ထို့နောက် အမှတ် (၂) ရေလှောင်ကန်ဖြင့် ရေကိုစစ်၍ ပြွန်သို့ သွင်းထားပုံကိုလည်း တွေ့ခဲ့ရ၏။ ရေလှောင်ကန် အလျားပေ ၉၆၀ ပေ ရှိ၍ အနံ ၃၆၀ ပေရှိကြောင်းနှင့် အနက် ၁၀ ပေတွင် ရေထု သုံးသန်း ကုဗပေရှိလျက် ဂါလံပေါင်း တဆယ့်ရှစ်သန်း ခုနစ်သိန်း နှစ်သောင်း ရှိကြောင်းလည်း မှတ်သားခဲ့ရ၏။

ကွန်ကရစ် ပြွန်လုံးကြီးမှာ အချင်း ၁၄ ပေ၊ အထု ၁၅ လက်မမှ ဂ လက်မအထိရှိ၍ အရှည် ၂၅၉၀ ပေ ရှိကြောင်းလည်း သိရ၏။ ဤရေလှောင်ကန်၌လည်း အစောင့်အရှောက် လုပ်သားများနှင့် သူတို့၏ အလုပ်စခန်း အဆောက်အဦများလည်းရှိကြ၏။ ရေသံက တဝေါဝေါ မြည်ဟီးနေသလို ပတ်ဝန်းကျင် ရှုခင်းကလည်း ကြည်နူးဖွယ် ကောင်း နေ၏။

## မိုးထိမြင့်မည် ရေလျှံထိန်းစည်

ထို့နောက် ရေလျှံထိန်းစည်နှင့် သံမဏိပြွန်လုံးကြီးများရှိရာသို့ ရောက်ကြ၏။ ရေပြွန်တိုင်ကီ စည်ကြီးနှစ်လုံးမှာ ထောင်ထောင်ထိုးထိုး မိုးထိမြင့်မားလျက်ရှိ၏။ သူ၏အရောင်သည် နေရောင်နှင့်အပြိုင် ဝင်းလက် နေ၏။ ထိုစည်ကြီးနှစ်လုံးအောက်ခြေမှသည် တဆက်တည်းသော ပိုက် ပြွန်ကြီးနှစ်လုံးသည် အသူတရာမက နက်ရှိုင်းသည်ဟု ထင်ရသော အောက်ဆုံးရှိ လျှပ်စစ်ဓာတ်အားပေး စက်ရုံဆီသို့ သွယ်ဆင်းသွားကုန်၏။ ထိုကောင်တွင်းထဲမှ စက်ရုံကို ငုံ့ကြည့်ရာ မှုံမှုံသေးသေးမျှသာ မြင်ကြ ရပါ၏။

ထိုပိုက်လုံးကြီး နှစ်လုံးနှင့် ယှဉ်လျက် ဖောက်လုပ်ထားသော ရထားသံလမ်းသည်လည်း ဇောက်ထိုး မိုးမျှော်ကြီး ဖြစ်နေတော့၏။ အပေါ်ကသံလမ်းထိပ်ဝယ် ခိုင်မာသော သံမဏိကြိုးများဖြင့် ပြုလုပ်ထားသော စက်ကြိုးယန္တယားများရှိကုန်၏။ လုပ်သားများသည် လိုအပ်သော အခါ ထိုစက်ကြိုးယန္တယားအားဖြင့် ထိုသံလမ်းအတိုင်း လေးဘီးရထားကို စီး၍ တက်ကြဆင်းကြကြောင်း သိရ၏။ သူတို့လည်း တိုင်းပြည်တာဝန်ကို သက်စွန့်ကြိုးပမ်း ထမ်းဆောင်နေရပါတကား။

ထိုမိုးထိ ရေလျှံထိန်းစည်ကြီး၏အတွင်းဖက်အချင်းမှာ ၇ ပေနှင့် ၆ လက်မရှိ၏။ ရေစည် လုံးပတ် အချင်း ၂၅ ပေရှိ၏။ အမြင့်ပေ ၇၀ ရှိ၏။ မြေပြင်မှ တိုင်းတာလျှင်ကား ၎င်း၏ထိပ်ဖျားအထိ ၁၀၃ ပေရှိ၏။

ထိုမိုးထိ ရေလျှံစည်ကြီး၏ အောက်ရှိ ရေအဟုန်ဆင်း သံမဏိ ပြွန်လုံးကြီး၏ အရင်းဖက်အချင်းမှာ ၆ ပေရှိ၍ အဖျားဖက် အချင်းမှာ ၇ ပေနှင့် ၂ လက်မရှိ၏။ သူ၏အရှည်ကား ၃၁၇၆ ပေရှိ၏။ ထိုမိုးထိ ရေလျှံထိန်းစည်ကြီး၏အောက်ရှိ ရေအဟုန်ဆင်း သံမဏိ ပိုက်ပြွန်လုံးကြီးမှ ဆင်းသွားသောရေအားဖြင့် လောပိတ စက်ကြီးများ လည်ပတ်ရခြင်းဖြစ်၏။ ဤစခန်းကို ဝင်ရောက်ကြည့်ရှုရာ၌လည်း ဂိတ်ဝင်ဂိတ်ထွက် စစ်ဆေးသေး၏။ မြန်မာတပြည်လုံး၏ အလင်းရောင်နှင့် စက်ရုံအလုပ်ရုံ စသည့် အလုပ်များအတွက် ဤစက်ရုံကြီးသည် အဓိက အချက်အခြာ ဖြစ်သောကြောင့် ဤသို့ အလေးအနက် စောင့်ရှောက်စစ်ဆေး နေကြရခြင်းဖြစ်လေသည်။

## ဘီလူးချောင်း ဓာတ်အားပေး စက်ရုံသို့အဆင်း

ထိုမှတဖန် အပေါ်မှ ခပ်မှုံမှုံသာမြင်ကြရသော ဓာတ်အားပေး စက်ရုံကြီးရှိရာ တောင်တွင်းကြီးထဲသို့ ကားဖြင့်ပင်ဆင်းခဲ့ကြသည်။ လွန်းထိုး အကွေ့ ၉ ကွေ့ရှိ၍ ၆ မိုင်ခွဲ ရှည်သော ဇောက်ထိုး တောင်ဆင်း လမ်းကြီးပေတည်း။ လမ်းဘေးတနေရာ၌ဘုန်းတော်ကြီးကျောင်းနှင့် ဘုရားတန်ဆောင်းများကိုလည်း ဖူးမြင်ခဲ့ရသေး၏။ ဤခရီးကား ဝန်းကျင် အားလုံး စိမ်းစိုညိုမှိုင်း နက်ရှိုင်းလှပါ၏။ ကားစီးရသည်မှာလည်း ထမင်းလုံးတစ္ဆေချောက်သလို သဲထိတ်ရင်ဖို ရှိလှပါသည်။

ဤသို့ဖြင့် အောက်ဆုံးစခန်းသို့ရောက်ကြပါ၏။ ဂိတ်အဝင်၌ အစစ်အဆေးခံပြီးသော် "ဘီလူးချောင်း ဓာတ်အားပေးစက်ရုံ" ဟု စာတန်းရေးထားသော အဆောက်အဦကြီးပေါ်သို့ တက်ခဲ့ကြသည်။ ခမ်းနားသော တိုက်ကြီးအပေါ်ထပ်သို့ ရောက်သော် ရုံးခန်းနှင့် စက်ခန်းများကို အံ့မခန်းတွေ့ရပါ၏။ ဆိုင်ရာဆိုင်ရာ အလုပ်များကို လုပ်သားတို့က လုပ်ကိုင် ဆောင်ရွက်နေကြ၏။

ယခင်ကဆိုလျှင် ဓာတ်အားပေးစက်မှာ ၃-လုံးသာရှိခဲ့၏။ ယခုနောက်တိုးချဲ့၍ သုံးလုံး ထပ်မံ တည်ဆောက်ထားပြန်၏။ ထို့ကြောင့် စက်ပေါင်း ၆-လုံး ရှိပြီ။ နေ့အချိန်မှာ ၄-လုံး လည်ပတ်၍ ကျန်နှစ်လုံးကို ရပ်ထားနိုင်သည်။ ညအချိန်မှာ ၅-လုံး လည်ပတ်၍ ၁-လုံးကို ရပ်ထားနိုင်သည်။ ဤသို့ အလဲအလှယ်နှင့် မောင်းရသော ကျေးဇူးမှာ ဓာတ်အားမပြတ် လည်ပတ်နိုင်ခြင်းနှင့် ရပ်ထားသော အလုံးများကို ပြုပြင်လိုက ပြုပြင်နိုင်ခြင်းအကျိုးများ ရှိကုန်၏။

ဓာတ်အားပေးစက်ဒိုင်နမိုတလုံးလျှင် ဘိတချောင်းတချောင်း ရှိသည်။ ဤလို ဒိုင်နမိုစက်ပေါင်း ၆-လုံးရှိသည်။ ဒိုင်နမိုစက် ၆-လုံးမှာ ကီလိုဝပ်ပေါင်း ရှစ်သိန်းလေးသောင်းရှိသည်။

ဤဓာတ်အားပေးစက်ရုံနှင့် ပတ်သက်၍ တဆိုင်းလျှင် လုပ်သား ၁၁-ယောက်ရှိသောအဆိုင်း တနေ့လျှင် ၄-ဆိုင်းဆင်းသည်။ ဤလောပိတ စက်ရုံနှင့် ပတ်သက်၍ အထက်အောက် လုပ်သားပေါင်း ၈၀၀-ခန့်ရှိမည်။ ဤစက်ရုံကြီးနှင့်ပတ်သက်၍ ဤသို့ မေးမြန်း မှတ်သားခဲ့ရသည်။

ဤစက်ရုံကြီးမှ ဆင်းခဲ့ကြ၍ အပြင်ဖက်ရောက်သော် ဆင်းသက်ခဲ့ရာ ရေအဟုန်ဆင်း သံမဏိပိုက်လုံးနှင့် ရေလှောင်ကန်: စည်ကြီးများကို မော်ကြည့်ရာ အတော်ပင် မြင့်မားစွာ တွေ့မြင်ရ၏။

## ပေ ၆၀၀-ခန့်ကျဆင်းသော လောပိတ ရေတံခွန်ကြီး

စက်ရုံမှအထွက် ၂-ဖာလုံခန့် သွားမိသော် နာမည်ကြီးသော လောပိတရေတံခွန်စခန်းသို့ ရောက်ကြ၏။ ဝန်းကျင်ရှိ သစ်ပင်တောတောင်များမှာ စိမ်းစိုညိုမှိုင်းလျက် ရှုတိုင်း သာယာကုန်၏။ တောင်ကမ္ဘားယံ အဆင့်ဆင့်မှ ရေများသည် တဝေါဝေါမြည်ဟီးလျက် အပြေးဆင်းလာနေကြကုန်၏။ ရေတံခွန်ဝန်းကျင်ရှိ အေးမြစိမ်းညိုသော သစ်ပင်မြင့်ကြီးများအောက်၌ အပန်းဖြေ ခုံတန်းလျားများလည်း ရှိကုန်၏။ ထိုအနီးက

ဈေးဆိုင်ဝယ် ငှက်ပျောသီးနှင့် ရှောက်သီး သံပုရာသီးများကို ရနိုင်၏။ ဆေးလိပ်၊ ကွမ်းယာ၊ စီးကရက်နှင့် မုံ့လက်ဖက်ရည်များကိုလည်း ရနိုင်၏။

ခုံတန်းလျားများပေါ်၌ ထိုင်သူထိုင် အိပ်သူအိပ်လျက် စိတ်လက်ကြည်သာ နားနေသူတို့လည်းရှိကုန်၏။ သူတို့သည် ရေတံခွန်စိမ့်စမ်းများကို အငေးသား ကြည့်ကြယင်း လောကကြီးကို မေ့ထားကြဟန် တူကုန်၏။ ရေတံခွန်မှ စင်ထွက်လာကုန်သော ရေပေါက် ရေမွှားကလေးများသည် မိုးဖွဲကလေးများပမာ ရွှေပွဲလာ ပရိသတ်များအား ထိကပါး ယိကပါး ကျီစား နှုတ်ဆက်နေကြယောင်ပါတကား။

အကြမ်းအားဖြင့် ရေတံခွန်မှာ သုံးဆင့်တွေ့ရှိရ၏။ ထိုသုံးဆင့်လုံးကို ကမ်းပါးစောင်းအတိုင်းတက်၍ ကြည့်ရှုခဲ့ကြ၏။ ဤရေတံခွန်ကြီးသည် ပေ ၆၀၀-ခန့်ရှည်ကြောင်း သိရ၏။ ဤလောပိတရေတံခွန်၏ အထက်၌ မဝေးကူရေတံခွန်ရှိသေး ကြောင်းလည်း သိရ၏။

ဤရေတံခွန်မှ ရေများသည် ဤတောင်ချောက်ကမ်းပါးများ အဆင့်ဆင့်မှသည် ကွေ့ကာကော ကာဖြင့် ပွန်းချောင်းသို့ စီးဆင်းကြ၏။ ပြီးတော့ သံလွင်မြစ်ကို ပေါင်းကြ၏။ နောက်ဆုံးသော် ပင်လယ်သို့ ဝင်ကြလေကုန်သတည်း။

ဤရေတံခွန်သည် ဓာတ်အားပေးစက်ရုံနှင့် သီးခြားဖြစ်၏။ အမှန်မှာ ဤလောပိတရေတံခွန်ကို အသုံးပြု၍ ဓာတ်အားပေးနေခြင်းမဟုတ်ပါ။ ဘီလူးချောင်းရေကိုသာ ယူ၍ ဓာတ်အားပေးနေခြင်း ဖြစ်ပေသည်။

လောပိတဓာတ်အားပေးစက်ရုံဟု ခေါ်ဝေါ်နေခြင်းမှာ ဤရေတံခွန်အနီး၌ တည်ဆောက်ထားသောကြောင့် ဌာနျုပစာအားဖြင့် ခေါ်ဝေါ်နေကြခြင်း ဖြစ်ပေသည်။ အမှန် အမည်ရင်းမှာ စက်ရုံတွင် ရေးထားသော "ဘီလူးချောင်း ဓာတ်အားပေးစက်ရုံ" ပင် ဖြစ်လေသည်။

မည်သို့ပင် ခေါ်ဝေါ်သည်ဖြစ်စေ၊ ဤစက်ရုံကြီးသည် ဘီလူးချောင်း ရေများကို အသုံးပြုလျက် မြန်မာတပြည်လုံးကို လျှပ်စစ် ဓာတ်အားဖြင့် ပေးစွမ်းလျက် ကျေးဇူးပြုနေသော ကျေးဇူးရှင် စက်ရုံကြီးဖြစ်၏။ ရေလိုသူများက ရေကို သွယ်၍လည်း ဘီလူးချောင်း တလျှောက်ဝယ် လယ်ယာအတွက် အသုံးပြုကြသေး၏။

အမှန်မှာ ရေကို လူများက လိုသလို သွယ်ယူ၍ ဥာဏ်အား ဝီရိယအားဖြင့် မြန်မာတပြည်လုံးအတွက် အကျိုးများစွာ သက်ရောက်အောင်

အသုံးချပြထားခြင်းဖြစ်၏။ ဉာဏ်ရွှေဆောင်သော လုပ်အားကို အသုံးချတတ်လျှင် ရေသည် လောင်သောမီးကို ငြိမ်းသတ်နိုင်သလို လိုသောမီးကိုလည်း ထွန်းညှိပေးနိုင်၏။ လယ်ယာစိုက်ပျိုးခြင်း၊ သောက်သုံးခြင်း၊ တိုက်တာ အိမ်ဆောက်ခြင်း စသော ကောင်းကျိုးများစွာကိုလည်း ပေးစွမ်းနိုင်၏။ ထို့ကြောင့် ဤလောပိတ ရေတံခွန်အနီးက ဘီလူးချောင်း ဓာတ်အားပေးစက်ရုံကြီးကို "ပြည်လုံးချမ်းသာ စက်ရုံကြီး" ဟုပင် ခေါ်ဆိုသင့်ပါ၏။ လူတိုင်း သိနေသော ဤစက်ရုံကြီး၏ စွမ်းပကားသည် မြန်မာတပြည်လုံးကို အမှောင်ခွင်း၍ အလင်းဆောင်နေခြင်းပင် ဖြစ်ပါသတည်း။

## အပြန်ခရီးမှာ ကိုရင်ပဏ္ဍိတလဲပါ

ဂျစ်ကားကလေးသည် တိုင်းလျှပ်စစ် အရာရှိချုပ်နှင့် အရာထမ်း အမှုထမ်းများ၊ လုံခြုံရေးစစ်ရဲ အဆောက်အဦများ စသည်ဖြင့် စည်ကားသော လောပိတစခန်းမှသည် လွိုင်ကော်မြို့ဆီသို့ ဦးတည်၍ မောင်းနှင်လာခဲ့၏။

ကားပေါ်၌ မြန်အောင် ဦးထေရဝံသ၊ ဝက်ပုတ်ရိပ်သာ ဆရာတော် ဦးပညာဒီပ၊ လွိုင်ကော် ဦးဝိစိတ္တနှင့် ဒကာကြီး ဦးစိလုံး၊ မောင်ညွန့်ရွှေတို့သည် လောပိတနှင့် ဘီလူးချောင်း ဓာတ်အားပေးစက်ရုံ အတွေ့အကြုံများကို ပြောကြားယင်း လိုက်ပါလာကုန်၏။ မရောက်ဘူးသေးသော နေရာများသို့လည်း ရောက်ခဲ့ကြရ၍ မတွေ့ဘူးသေးသော အရာများကိုလည်း တွေ့ကြုံခဲ့ကြရသောကြောင့် သူတို့အားလုံး ရွှင်ပြုံးလန်းဖြာဝမ်းသာနေကြကုန်၏။ ဤခရီးသွားလာရေးအတွက် စီစဉ်ဆောင်ရွက်ပေးတော်မူသော ရိပ်သာဆရာတော် ဦးအဂ္ဂဓမ္မအားလည်း ကျေးဇူးတင်နေကြ၏။

စာရေးသူသည်လည်း ထိုနည်းရင်းပင် ကျေးဇူးကမ္ဘာ တင်နေမိ၏။ သို့သော် သူတို့နှင့်အတူကား စကားမဆိုမိခဲ့ပါ။ စာရေးသူ၏ စိတ်နှလုံးအိမ်ဝယ် လောပိတနှင့် ပတ်သက်သော ပဲ့တင်သံဂယက်တို့သာ ရိုက်ခတ်နေပါ၏။

"ဩော်...ယခုခေတ်၌ကား လောကီအရာ ဝိဇ္ဇာသိပ္ပံ အသိပညာအတတ်ပညာရှင်တို့ အလွန်ပင် ထွန်းကားနေကြကုန်၏။ ရေမှ မီးဖြစ်အောင်လုပ်၍ လောကအကျိုးကို အမျိုးမျိုးဆောင်နေကုန်၏။ ဘီလူးချောင်းရေကိုအသုံးချ၍ လယ်ယာသီးနှံကိုလည်း ဖွံ့ဖြိုးစေကုန်၏။ အမှောင်

ခွင်း၍ အလင်းကိုလည်း ဆောင်စေကုန်၏။ အင်းလေးနှင့် မိုးဗြဲမှာ ရေယာဉ်များလည်း သွားလာနိုင်စေ၏။ ထိုမှ ကွင်းဆက် ကောင်းကျိုးဆက်တွေကား မြောက်မြားလှချေကုန်စွတကား....”

“ချောင်းရေ မြောင်းရေကို အကြောင်းပြုပြီး လောကီ ကောင်းကျိုး အမျိုးမျိုးကိုသာ ရစေနိုင်သေးတာ မဟုတ်ဘူး၊ ဝိပဿနာဉာဏ်၊ မဂ်ဉာဏ်၊ ဖိုလ်ဉာဏ်များကိုပင် ရစေနိုင်ပေသေးတယ်၊ မယုံမရှိနဲ့၊ ကိုရင်ရဲ့ အကြောင်းကို ပြန်သုံးသပ်ကြည့်ပါဦး....”

ဤကား လောပိတ အနီးက ဘီလူးချောင်း ဓာတ်အားပေးစက်ရုံ အကြောင်းကို တွေးယင်းက နှစ်ပေါင်း ၂၅၀၀-ကျော် ကာလ မြတ်ဗုဒ္ဓ လက်ထက်တော်ဟုန်းဟဲ ခုနစ်နှစ်အရွယ် ရဟန္တာ သာမဏေငယ် ကိုရင်ပဏ္ဍိတသည် စာရေးသူ၏ နှလုံးအိမ် စံကျောင်းတော်သို့ ကြွရောက်တော်မူလာပြီး အရေးတကြီး မိန့်တော်မူလိုက်ပုံ ဖြစ်ပါသည်။

မိန့်မည်ဆိုကလည်း မိန့်တော်မူစရာပင်။ ကိုရင်ပဏ္ဍိတကား ချောင်းတွင်းမြောင်းတွင်းက ငါးကြင်းသား ပဲသုကူဟင်းနှင့် ချောင်းရေ မြောင်းရေကိုအကြောင်းပြု၍ ဝိပဿနာဉာဏ် မဂ်ဉာဏ် ဖိုလ်ဉာဏ်ကိုလည်း ရရှိတော်မူခဲ့ပါသည်။ နောင်အခါဝယ် ငါးကြင်းသားဟင်းကိုလည်း လိုတရခဲ့လေသည်။

အမှန်ကတော့ လောပိတဘီလူးချောင်းဓာတ်အားပေးစက်ရုံကြီးကို ဖန်တီးသူများဟာ ကိုရင်ပဏ္ဍိတအကြောင်းက ပို၍ပင် စိတ်ဝင်စားစရာကောင်းပါသေးသည်။ အားကျနည်းယူ အလေးမူထိုက်ပါပေသည်။ ထိုလောကီဝိဇ္ဇာသိပ္ပံများကို ပညာ–ဟု ခေါ်ကြသော်လည်း ‘လောကီအရာ လိမ္မာကျွမ်းကျင် သညာပင်တည်း’ ဟူသော ကျေးဇူးရှင် လယ်တီဆရာတော်ဘုရားကြီး၏ အဘိဓမ္မာသံခိပ်အရဆိုလျှင် သညာကောင်းသူများ၏ သညာသာ–ဟူသာ ဆိုရပေမည်။ သူတို့ပညာများသည် လောကီပညာများဖြစ်ကြသောကြောင့် လောကကောင်းကျိုးကိုတော့ ကောင်းစွာဆောင်နိုင်နေကြပေသည်။ သို့သော် လောကမှ ထွက်မြောက်ကြောင်း ဝိပဿနာပညာ မဂ်ပညာ ဖိုလ်ပညာများကိုကား မရရှိနိုင်ကြပေ။ မှန်မြတ်သော လောကုတ္တရာပညာများကို လိုလားပါမူကား ကိုရင်ပဏ္ဍိတရရှိသော လောကုတ္တရာပညာမျိုးကိုရအောင် ကြိုးပမ်းကြရပေမည်။ စာရေးသူတို့ကား လောကုတ္တရာပညာရရေး လုပ်အားပေးနေကြ သူ များ

ဖြစ်ကြသောကြောင့် ကိုရင်ပဏ္ဍိတအကြောင်းကို ပို၍စိတ်ဝင်စားသင့်ပေ၏။

ကိုရင်ပဏ္ဍိတကား ကဿပမြတ်စွာဘုရားရှင်လက်ထက်တော်တုန်းက သူဆင်းရဲ (မဟာဒုဂ်) ဖြစ်ခဲ့လေသည်။ ဘုရားအမှူးရှိသော သံဃာတော်များအား စာရေးတံမဲချ၍ လှူဒါန်းကြသော မြို့သူမြို့သားတို့တွင် သူလည်းပါဝင်ခဲ့ရာ သံဃာတပါးအတွက် တာဝန်ယူ၍ လက်လုပ်လက်စား လုပ်အားခဖြင့် ဆွမ်းချက်သည်။ ရှာဖွေရင်း အဆင်သင့်ရသော ပံ့သကူငါးကြင်းသားဟင်းဖြင့် ဆွမ်းကပ်ရန်ပြင်ဆင်၍ ဂေါပကအကျိုးဆောင်များထံ သူ့အတွက်ကျသော သံဃာတော်ပါးကို တောင်းခံရာ ဂေါပကများက မျက်နှာလိုက်၍စီမံမိကြသဖြင့် သူ့အတွက် သံဃာတပါးကို မရခဲ့ရှာပေ။

သို့သော် သူ၏စေတနာထက်သန်မှုကို သိမြင်တော်မူသောမြတ်စွာဘုရားက သူ့အား ကိုယ်တော်တိုင် သပိတ်တော်ကိုပေး၍ ချီးမြှောက်တော်မူသောကြောင့် သူသည် ကဿပမြတ်စွာဘုရားရှင်အား ငါးကြင်းသားဟင်းဖြင့် ဝမ်းသာအားရ ဆွမ်းကပ်ခဲ့ရလေသည်။ ထို့ကြောင့် သူသည် ထိုမဟာဒုဂ်ဘဝ တုန်းကပင် ဒိဋ္ဌဓမ္မဝေဒနီယကံ မျက်မှောက်ထင်ထင် လက်ငင်းအကျိုးအာနိသင်ကို ခံစားရသူ သူဌေး ဖြစ်ခဲ့ရသည်။

ထို့နောက် ထိုဘဝမှသေလွန်သော် ဒုဂ္ဂတိဘဝ သို့ မလားမရောက်ရပဲ သုဂတိဘဝများသို့သာ လားရောက်ရလျက် နတ်စည်းစိမ်ချမ်းသာများကို ခံစားခဲ့ရလေသည်။

ငါတို့ဂေါတမမြတ်စွာဘုရားရှင်၏ ရွှေလက်ထက်တော်သို့ ရောက်သောအခါ သာဝတ္ထိမြို့တော်၌ အရှင်သာရိပုတ္တရာကို ကိုးကွယ်သော အမျိုးသူဌေးအိမ်၌ ဖြစ်ရလေသည်။ သူ့မိခင်သည် သူ့ကို ကိုယ်ဝန်ဆောင်စဉ်ကပင် အရှင်သာရိပုတ္တရာနှင့်တကွသော သံဃာတော်များကို ပင့်ဆောင်၍ ငါးကြင်းသားဟင်းဖြင့် ဆွမ်းကပ်လျက် သူကိုယ်တိုင် ဖန်ရည်ဆိုးသောအဝတ်ကို ဝတ်ဆင်ကာ သံဃာ့ဆွမ်းကျန်ဟင်းကျန်များကို စားလိုသောအာသာ 'ချင်ခြင်း' ဖြစ်ခဲ့ရလေသည်။

မိမိ၏ချင်ခြင်းကို မိခင်ဖခင်များအား ပြောပြရာ မိဖများကလည်း သမီးအလိုအတိုင်းပင် ချင်ခြင်းပြေအောင် ဆောင်ရွက်ပေးကြသည်။ ယင်းသူဌေးသတို့သမီးမှာ ချင်ခြင်းပြေပြီး တအိမ်သားလုံး

အရာရာမှာ အလိုက်သိစွာသော ဉာဏ်ပညာများ ဖြစ်ပေါ်တိုးပွားလာကြ၍ ရက်လစေ့ သဖြင့်ဖွားမြင်လာသောအခါ ထိုသတို့သားကို'ပဏ္ဍိတ= အလိမ္မာဉာဏ်ရှိသူ'ဟု ကင်ပွန်းတပ်ကြလေသည်။

မောင်ပဏ္ဍိတသည် အိမ်သို့ဆွမ်းခံကြွတော်မူလာသော အရှင်သာရိပုတ္တရာနှင့်လည်း ရင်းနှီးကျွမ်းဝင်ခွင့်ရ၍ ကိုယ်ကျင့်သီလစသည်နှင့် ပြည့်စုံသော လူလိမ္မာပညာရှိဖြစ်ရ၏။ သူသည် သူ့နာမည်နှင့်အညီ ပညာတ်သွားရာခေါတ်သက်ပါသူ ပဏ္ဍိတ -ပင် ဖြစ်ရပေ၏။

သူ ခုနစ်နှစ်အရွယ်ရောက်သော် ရှင်သာမဏေ (ကိုရင်ဝတ်) ပြုလိုကြောင်း မိဖများအား ပြောကြားရာ မိဖများကလည်း သူ့အလိုအတိုင်းပင် ရှင်ပြုဖို့အရေး သူ့ကို အရှင်သာရိပုတ္တရာထံ အပ်နှံပေးကြလေသည်။

ထို့ကြောင့် အရှင်သာရိပုတ္တရာကလည်း လက်ခံ၍ မောင်ပဏ္ဍိတအား တစပဉ္စက ကမ္မဋ္ဌာန်းကိုသင်ကြားပေးကာ ခေါင်းရိတ်စဉ် နလုံးသွင်းခိုင်း၏။ မောင်ပဏ္ဍိတ၏ မိဖများသည်း မောင်ပဏ္ဍိတကို ရှင်ပြုချိန်မှစ၍ ကျောင်း၌ ခုနစ်ရက်ပတ်လုံးနေကြပြီး မြတ်စွာဘုရား အမှူးရှိသော သံဃာတော်များအား ငါးကြိမ်းသားဟင်းဖြင့်ပင် ဆွမ်းကပ်လှူကြ၏။

ရှင်သာမဏေပြုပြီးနောက် ခုနစ်ရက်မြောက်သော နေ့၌ ကိုရင်ပဏ္ဍိတသည် အရှင်သာရိပုတ္တရာ မထေရ်မြတ်နှင့်အတူ ဆွမ်းခံ လိုက်ရလေသည်။ လမ်းခရီး၌ ရေမြောင်းကိုမြင်ရာ ကိုရင်ပဏ္ဍိတက—

"အရှင်ဘုရား၊ ဒါကို ဘာခေါ်ပါသလဲဘုရား "ဟု မေးလျှောက်သော်.... အရှင်သာရိပုတ္တရာမထေရ်က....

"ကိုရင်၊ ဒါကို ရေမြောင်းလို့ ခေါ်တယ်"ဟု ဖြေကြားတော်မူ၏။

"ဒီရေမြောင်းက ဘယ်သူတွေ ဘာလုပ်တဲ့ ရေမြောင်းလဲဘုရား"

"လယ်သမားတွေက ဒီရေမြောင်းနဲ့ ရေကို သွယ်ယူပြီး လယ်ထဲသွင်းကာ လယ်လုပ်ကြတယ်"

"ဒီရေတွေဟာ လူတွေလို စိတ်ရှိပါသလားဘုရား"

"စိတ်မရှိပါဘူး ကိုရင်ရယ်"

"ဪ....ဒီလို စိတ်မရှိတဲ့ရေကိုတောင် ကိုယ်လိုချင်ရာကို ဆောင်ယူလို့ ရနိုင်ပါသေးသလား ဘုရား"

"အေး....ရနိုင်တယ်ကိုရင်"

ကိုရင်ပဏ္ဍိတသည် ဤသို့ မေးမြန်းလျှောက်ထား၍ အရှင်သာရိပုတ္တရာမထေရ်မြတ်၏ အဖြေစကားကို ကြားသိရသောအခါ "ဩော်.... စိတ်မရှိတဲ့ရေကိုတောင် လိုရာဆောင်လို့ ရနိုင်သေးသကိုး၊ အင်း....ဒီလိုဆိုယင် စိတ်ရှိတဲ့လူများဟာ ဘာကြောင့် ကိုယ့်စိတ် ကိုယ်ဆုံးမပြီး တရားအားမထုတ်နိုင်ရမလဲ"ဟု ကိုရင်ပဏ္ဍိတက ဆင်ခြင်စဉ်းစားမိ၏။

ထို့နောက် မြှားအကောက်ကို ဖြောင့်နေပုံကို မြင်ရ၍ မေးလျှောက်ပြန်သော် အဖြေစကားကို ကြားရသောအခါ "ဩော်....စိတ်မရှိတဲ့ မြှားအကောက်ကိုပင် ဖြောင့်လို့ရသေးလျှင် စိတ်ရှိတဲ့ လူများလဲ ဘာဇာကြောင့် စိတ်ကိုဖြောင့်အောင်ဆုံးမပြီး တရားအားမထုတ် နိုင်ရပါမည်နည်း"ဟုလည်း ဆင်ခြင်စဉ်းစားမိပြန်၏။

ထို့နောက် လှည်းဘီးလုပ်နေပုံကို မြင်ရပြန်သော် တပည့်နှင့်ဆရာနှစ်ဦးတို့ ရှေးနည်းအတူ မေးဖြေကြပြန်၏။ ကိုရင်ပဏ္ဍိတသည် ထိုအဖြေစကားကို ကြားရပြန်သောအခါ၌လည်း "စိတ်မရှိတဲ့သစ်သားများကိုပင် လိုသလို ပြုလုပ်လို့ရသေးလျှင် စိတ်ရှိတဲ့လူတွေကော ဘာဇာကြောင့်စိတ်ကို ဆုံးမပြီး တရားအားမထုတ်နိုင်ဘဲ ရှိရမလဲ"ဟု ဆင်ခြင်မိပြန်၏။

ကိုရင်ပဏ္ဍိတသည် ဤသို့ ရေမြောင်းကို တွေ့မြင်ရရာမှ အစပြု၍ သုံးကြိမ်သုံးခါ မေးမြန်းဆင်ခြင်ပြီးသောအခါ တရားဘာဝနာပွားများအားထုတ်လိုသောစိတ်များ တဖွားဖွား ဖြစ်နေတော့၏။ ထို့ကြောင့် ရှေ့သို့ဆက်၍ပင် ဆွမ်းခံမလိုက်ချင်တော့ဘဲ အလျင်အမြန် ကျောင်းသို့ ပြန်၍ တရားအားထုတ်လိုကြောင်း အရှင်သာရိပုတ္တရာမထေရ်မြတ်အား လျှောက်ထားခွင့်ပန်လျက် သူ ဘုဉ်းပေးလိုသော ငါးကြင်းသားဟင်းကိုလည်း ရအောင်ဆွမ်းခံတော်မူခဲ့ရန်လည်း လျှောက်ထား၏။ ထို့ကြောင့် အရှင်သာရိပုတ္တရာကလည်း သူ့အလိုအတိုင်းလိုက်လျောကာ ကျောင်းကို ပြန်လွှတ်လိုက်၏။

ကိုရင်ပဏ္ဍိတသည်လည်း ကျောင်းပြန်ရောက်သော် ကျောင်းတွင်းဝင်လျက် တံခါးပိတ်ကာ တရားအလုပ်ကို အားထုတ်ပါတော့သည်။ သူသည် ဒွါရနှင့်အာရုံ တွေ့ဆုံ၍ ဖြစ်ပေါ်ပျောက်ပျက်ကိုင်းသော ရုပ်နာမ်သင်္ခါရတို့၏ ကြောင်းကျိုးဖြစ်ပျက်တို့ကို မလွှတ်တမ်း ရှုမှတ်အားထုတ်နေ၏။

အရှင်သာရိပုတ္တရာ မထေရ်မြတ်လည်း ကိုရင်ပဏ္ဍိတ၏ရှေးကောင်းမှုကံကြောင့် ဦးဆုံးဆွမ်းရပ်သော အိမ်ရှင်များကပင် ငါးကြင်းသား

ဟင်းနှင့် ဆွမ်းများကို ဆက်ကပ်၍ ဘုဉ်းပေးတော်မူရသည့်အပြင် သပိတ်တွင်ထည့်၍လည်း လှူလိုက်သေးသောကြောင့် ခံယူလျက် ကျောင်းသို့ ပြန်ကြွတော်မူခဲ့လေသည်။

ထိုအခါ မြတ်စွာဘုရားရှင်သည် ကိုရင်ပဏ္ဍိတ တရားအားထုတ်၍ ရဟန္တာ မဖြစ်ခင် အရှင်သာရိပုတ္တရာ ဆွမ်းခံပြန်လာပြီး သူ့ကိုရင်အား ဆွမ်းဝင်၍ ကျွေးလျှင် အဆင်မပြေပဲ တရားမရမည်ကြောင့် အရှင်သာရိပုတ္တရာ ကျောင်းပေါက်သို့ ရောက်သော် ဘုရားရှင် ကိုယ်တော်တိုင် ကြွရောက်လျက် ဥပါယ်တမည်ဖြင့် ပုစ္ဆာများကို မေးမြန်းတော်မူ၏။ ကိုရင်ပဏ္ဍိတ ရဟန္တာဖြစ်သောအခါ မြတ်စွာဘုရားက အရှင်သာရိပုတ္တရာအား ပုစ္ဆာမေးခြင်းကို အဆုံးသတ်၍ လွှတ်တော်မူလိုက်၏။

အရှင်သာရိပုတ္တရာသည် တံခါးကိုခေါက်၍ ဖွင့်လိုက်ရာ ရဟန္တာဖြစ်သစ်စ ရှင်ပဏ္ဍိတအား ငါးကြင်းသားဟင်းနှင့် ဆွမ်းများကို ကျွေးမွေးပြုစုတော်မူ၏။

ဤကိုရင်ပဏ္ဍိတ တရားရခြင်းကို အကြောင်းပြု၍ မြတ်စွာဘုရားက ဤသို့ တရားဟောတော်မူသေး၏။

ရေကို ဆောင်ယူတတ်ကုန်သော သူတို့သည် ရေကို မိမိတို့လိုရာ အရပ်သို့ ဆောင်ကြကုန်၏။ လေးသမားတို့သည် မြှားကို ဖြောင့်အောင် ပြုလုပ်ကြကုန်၏။ တစည်းသမားတို့သည် သစ်ဘုံးကို မိမိတို့အလိုရှိတိုင်း အဖြောင့်အကောက် ပြုလုပ်ကြကုန်၏။ ပညာရှိတို့သည် မိမိကိုယ်ကို မဂ်ဖိုလ်ရအောင် ဆုံးမကြကုန်၏။

ဤကား စာရေးသူ၏ စိတ်နှလုံးစံကျောင်းတော်သို့ ကြွရောက်၍ မိန့်ကြားတော် မူခဲ့သော (ဓမ္မပဒ-ပဏ္ဍိတသာမဏေဝတ္ထု—လာ) ရဟန္တာကိုရင်ပဏ္ဍိတအကြောင်းပင်တည်း။

မဟာစည် ဓမ္မကထိကအဖွဲ့ စီးနင်းခဲ့သောဂျစ်ကားလေးသည် လွိုင်ကော်မြို့တွင်းသို့ ပြန်လည်ရောက်ရှိသော်လည်း ဝိမုတ္တိသုခ သာသနာ့ရိပ်သာသို့ မဝင်သေးပဲ ငွေတောင်ဆည်ရှိရာဖက်သို့ ဆက်လက်မောင်းနှင်ခဲ့ပြန်ပါသတည်း။

## ငွေတောင်ဆည်မှအပြန် ငွေတောင်ပြည့်သို့

ငွေတောင်ဆည်ကား ငွေတောင်ရွာ၏ အနီး၌ တည်ရှိလေသည်။ ငွေတောင်ရွာနှင့် ငွေတောင်ဆည်သည် လွိုင်ကော်မြို့နှင့် ၁၂ မိုင်ဝေး၏။ ငွေတောင်ရွာနှင့် ငွေတောင်ဆည်သို့ သွားသော ကတ္တရာလမ်းဘေး ဝဲယာ၌ ကယားနှင့် ပဒေါင်များနေကြသော ရွာများကို တွေ့ရသည်။ သူတို့သည် မွေးမြူရေးနှင့် လယ်ယာ ခြံဥယျာဉ်များကို လုပ်ကိုင်စားသောက်ကြ၏။ သူတို့၏ အိမ်များမှာ ခြေတံရှည်၍ ပြူတင်းပေါက်မရှိကြကုန်။

ငွေတောင်ဆည်၏ ရေပြင်သည် ဘော်ငွေစင်လို ဖြူလွင်၍ ကြည်လင်စွာ ငြိမ်သက်နေပါသည်။ ဆည်တဖက်ကမ်းဆီ၌ စိမ်းပြာပြာ တောင်မို့မို့ကလေးသည် ဆည်ကို အလှဆင်သည့်နှယ်တည်း။ သူကား ဤဆည်နှင့်ရွာကို နာမည်ပေးသော "ငွေတောင်" ဖြစ်လေသည်။ ဆည်၏ ဝန်းကျင်၌ မြောင်းကြီး မြောင်းငယ် အသွယ်သွယ်နှင့် မြရောင်လယ်ယာများနှင့် ညို့ညို့မှိုင်းမှိုင်း ရှုတိုင်းသာယာ တောကျေးရွာများကိုလည်း မြင်ရ၏။ဆည်အတွင်းက ရေကင်းအဆောက်အဦသည် ရေလယ်တွင် ယဉ်ယဉ်ကလေး ရပ်တည်နေလေ၏။

ယခုအခါ ငွေတောင်သူ ငွေတောင်သားတို့ကား ဆည်ရေများကို အားပါးတရ သောက်ချိုးနေကြကုန်၏။ စာရေးသူတို့လည်း ငွေတောင်ဆည်ကို ရောက်သည့်အခိုက်မို့ မြကမ္ဗလာ လယ်ယာတခွင်နှင့် ငွေတောင်

ဆည်ကန် မှန်သားပြင်ကို ရှပ်တိုက်ပြေးလွှားလာသော လေကောင်းလေ သန့်များကို အားပါးတရ ရှူရှိုက်ကြရ၏။

ဆည်မြောင်းအကျိုး သီးနှံတိုး

၎င်းခေါင်းစီး စာတန်းသည် ငွေတောင်ဆည်နှင့်ပတ်သက်၍ မှတ်သားစရာ ရေးသားထားသော ဆိုင်းဘုတ် စာတန်း ခေါင်းစီးဖြစ်၏။ ထိုဆိုင်းဘုတ်တွင် မှတ်ချင်သမျှကို ရွေးကောက် မှတ်ယူခဲ့၏။

၁။ တမံ အလျားပေ ၆၀၀၀ ခြောက်ထောင်။

၂။ အမြင့်ဆုံးအပိုင်းရှိ တမံအောက်ခြေအကျယ် ၂၀၉၅၀ ပေ။

၃။ တမံအမြင့် ၃၅ ပေ။

၄။ တမံထိပ် ပင်လယ်ပြင်မှ အထက်ပေအမြင့် ၂၉၂၀ ဒသမ ၈၅ ပေ။

၅။ ရေလျှောင်ကန် ရေအနက်ဆုံး ၃၀ ပေ။

၆။ အသုံးပြုနိုင်သော ရေပမာဏ ၇၂၂၀ ဧကပေ။

၇။ ကုန်ကျငွေ စုစုပေါင်း ၂၀ ဒသမ(၇)သိန်း။

၈။ စတင် ဆောက်လုပ်သည့်ကာလ ၁၉၆၃ ခု၊ ဇန်နဝါရီလ။

၉။ ပြီးစီးသည့် ကာလ ၁၉၆၅ ခု၊ မေလ။

၁၀။ အကျိုးသက်ရောက်မှု မိုးစိုက်သီးနှံ ၈၂၈၇ ဧက။

၁၁။ ဆောင်းစိုက် သီးနှံ ၄၂၁၃ ဧက။

၁၂။ စုစုပေါင်း စိုက်ပျိုးနိုင်သော ရေယာ ၁၂၅၀၀ ဧက။

စာရေးသူတို့သည် စာများကို လိုချင်သမျှ ကူးယူပြီးနောက် ဆည်၏ ကန်ဘောင်ရိုးအတိုင်း လမ်းလျှောက်ကြပါသေးသည်။ ရွှေးရွှေးက မှိုရိုးဟောင်း ဆိုသည်ကိုလည်း မြင်ခဲ့ရပါသည်။ ငွေတောင်ဆည်ကို ကြည့်ပြီးလျှင် စာရေးသူတို့ ဂျစ်ကားကလေးသည် ငွေတောင်ရွာတွင်းကို ဖြတ်လျက် လာလမ်းအတိုင်း ပြန်မောင်းခဲ့လေသည်။

(၁)

လူကသာ ငွေတောင်ဆည်မှ ပြန်ခဲ့သည်။ စိတ်ကတော့ ငွေတောင်ပြည်သို့ သွားနေ၏။ ငွေတောင်ပြည်ကို ယယ်စဉ်ကပင် သိနေခဲ့ပါသည်။

သည့်အကြောင်းကို ခေတ်စက်ခေတ်ပြား ဖွင့်သည်ကိုလည်း နားထောင်ဘူးပါသည်။ ရုပ်သေး က,သည်ကိုလည်း ကြည့်ဘူးပါသည်။ စာတစောင်ပေတဖွဲ့အဖြစ် မှတ်တမ်းတင်ထားသည်များကိုလည်း ဖတ်ဘူးပါသည်။ ခေတ်စက် ခေတ်ပြားသံနှင့် ရုပ်သေးကိုမူ ငယ်စဉ် ကျောင်းသား ဘဝကတည်းက ကြားဘူး ကြည့်ဘူးခဲ့ပါသည်။ စာတစောင် ပေတဖွဲ့ မှတ်တမ်းတင်ထားသည်များကိုမူ ရဟန်းဘဝ၌ပင် ဖတ်ရှုခဲ့ရပါသည်။ဒဏ္ဍာရီပင်ဖြစ်သော်လည်း စိတ်အာရုံ၌ စွဲထင်ခဲ့သည်။

ငွေတောင်ရွာနှင့် ငွေတောင်ဆည်ကို ကိုယ်တိုင်ရောက်ရသောအခါ ငယ်စဉ်ကပင် စွဲထင်ခဲ့သော ဒဏ္ဍာရီသည် အသစ်ပြန်ပေါ်၍ လာပြန်ပါသည်။ စာရေးသူ၏စိတ်သည် ငွေတောင်ပြည်သို့ရောက်၍ ငွေတောင်သူတို့၏ အကြောင်းကို တွေးနေမိတော့သည်။

တောမြိုင်လယ်မှာ ပဒုမ္မာကြာပန်းတို့ ပွင့်လန်းကုန်လျက် လှပဆန်းကြယ် ရှုချင်ဖွယ်ရာ မင်္ဂလာရေကန်သာအတွင်း၌ လူမမှီ နတ်တမျှကိန္နရီမယ်အလှတို့သည် ကခုန်ပျော်ပါး သီချင်းဆိုယင်း ရေကစားနေကြလေသည်။ သူတို့ကား ငွေတောင်ပြည်ခေါ် ဘုမ္မဒေဝတိုင်း မဟော်၏ရာဇာရင်နှစ် သမီးချစ်ခုနစ်ဖော်တို့ ပေတည်း။

"စိမ်းလဲ့ ကန်သာယာ၊ ကိန္နရီများ ပျော်ပါးလာတဲ့ အခါ၊ (ကုဏ္ဍလာ အတွင်းရယ်က....ဒုမ္မာသင်းပါလို့)၂၊ (ဖော် တသင်းနော် လာကြ၊ လာကြ။ ပျော်ခင်းနော် သာစွ သာစွ)၂၊ မင်္ဂလာ ကန်တော်တွင်းကို လေး၊ ဆင်းကြစို့လေး...."

ထိုအခါ ပဉ္စာလတိုင်းပြည်သား ပုဏ္ဏရိက မုဆိုးသည် သားကောင်ကိုလိုက်ယင်း မမြော်လင့်ပဲ ရင်သတ်ရှုမောလှပသော ကန္နရီများကိုမြင်ရသော် တယောက်ယောက်ကိုဖမ်း၍ သူ့သခင် ဘုရင်မင်း၏သားတော် သုဓနုအိမ်ရှေ့မင်းအား ဆက်သရလျှင် ဆုလာဘ်များစွာ ရမည်ဟု ကြံမိလေ၏။

ထို့ကြောင့် ရေကန်အနီး ကျောင်းသင်ခဏ်းကို သွားရောက်၍ ရသေ့သူမြတ်ထံ အကြံတောင်းခံလေသည်။

ထိုအခါ နဂါးပတ်ကျော့ကွင်းဖြင့် ဖမ်းနိုင်ရာသဖြင့်ရင်း၊လူသားမဟုတ် နတ်ကိန္နရီများဖြစ်သဖြင့်ရင်း မဖမ်းသင့်ကြောင်းကို ရသေ့မြတ်က မိန့်လိုက်လေ၏။

ထိုသော် မုဆိုးသည် အကြံကိုမလျှော့ပဲ ဇမ္ဗူစိတ္တ နဂါးမင်းထံ သွား၍ နဂါးပတ် ကျော့ကွင်းကို ငှားရမ်းရာ နဂါးမင်းကလည်း သူ့ အသက်ကိုကယ်တင်ဘူးသောကျေးဇူးကို ပေးဆပ်သောအားဖြင့် ငှားရမ်း လိုက်လေသည်။

ပုဏ္ဏရိကမုဆိုးသည် ထိုကျော့ကွင်းဖြင့် ဖမ်းယူရာ အငယ်ဆုံးဒွေး မယ်နော်ကို မိလေလျှင် သူနှင့်အတူ ခေါ်ယူခဲ့၍ သုဓနုမင်းသားအား ဆက်သလေ၏။ ထို့ကြောင့် မုဆိုးမှာ ဆုလာဘ်များစွာရလေ၏။

(၂)

သုဓနုမင်းသားလည်း ခမည်းတော်မယ်တော်များအား ခွင့်ပန်၍ ဒွေးမယ်နော်ကို လက်ထပ်ယူလေ၏။ သုဓနုကိုယ်တော်ကလေးသည် သူ နှင့်ရင်းနှီးသော ပုဏ္ဏားလေး-ကုသလအား 'ငါဘုရင်မင်းဖြစ်လျှင် မင့်ကို ပုရောဟိတ်ဆရာကြီးခန့်မည်'ဟု လက်ရှိပုဏ္ဏားတော် ပုရောဟိတ်ကြီး၏ ရှေ့၌ အမှတ်မထင် ပြောမိလေသည်။

ထို့ကြောင့် ယခင်ကပင် သူ့သမီးစန္ဒီကို ဆက်သသည်ကို မင်း သားက ပယ်မြစ်ခဲ့၍ မကြေနပ်သော ပုရောဟိတ်ကြီးသည် အကောက်ကြံ လေသည်။ အကောက်ကြံပုံမှာ သုဓနုမင်းသားအား စစ်ထွက်သွားရအောင် ကြံဆောင်၍ စစ်ထွက်နေစဉ် "ဝမ်းတွင်းမှအူများသည် ဇမ္ဗူဒိပ်ကိုသုံး ပတ်လှည့်ပြီးလျှင် ဝမ်းတွင်း၌ နေသားတကျ ပြန်တည်ကြောင်း" ကို အိပ်မက်မြင်မက်သော ဘုရင်မင်းက ပုရောဟိတ် ပုဏ္ဏားတော်ကြီးအား နိမိတ်ဖတ်ခိုင်းရာ ကောင်းသောအိပ်မက်ဖြစ်လျက် လိုရာဆွဲပြီး လွဲ၍ဖတ် ကာ ပုဏ္ဏားတော်ကြီးက တင်လျှောက်သည်မှာ "ဤအိပ်မက်အား သင် မင်းကြီးတို့ မင်းမိဖုရား သားတော်နှင့် တိုင်းပြည်များကို ပျက်စီးစေမည့် နိမိတ်ပါဘုရား"ဟူ၍ ဖြစ်လေသည်။

"မည်သို့ယတြာချေရမည်နည်း"ဟု ဘုရင်မင်းကမေးရာ "ချွေးမ တော် ကိန္နရီကို ယဇ်ပူဇော်ရမည်"ဟု ပုဏ္ဏား တော်ကလျှောက်တင် သည်။

(၃)

ဤသတင်းကို ဒွေးမယ်နော်ကြားလျှင် ငိုကြွေးလျက် မယ်တော် အား မှာကြားခွင့်ပန်၍ ငွေတောင်ပြည်သို့ ပြန်ခဲ့သည်။ လမ်းခရီးရသော့

ကျောင်းသို့ဝင်၍ ရသေ့မြတ်အား ကမ္ဗလာအဝတ်နှင့် စိန်လက်စွပ်ကို အပ်နှံလျက် သုစန္ဒမောင်တော် လိုက်လာပါလျှင် ပေးသနားပါရန်လည်း လျှောက်ထားခဲ့သည်။

ထို့ပြင် ဤမှရှေ့သို့လိုက်လာလျှင် လူသားများ သွားလာနိုင်သောလမ်းမဟုတ်၍ ဘေးဒုက္ခများစွာနှင့် ရင်ဆိုင်ရမည်မို့ မသွားရန် တားမြစ်တော်မူပါ၊ တားမရ၍ လိုက်မည်ဆိုလျှင် ဤမန္တာန်နှင့် သတ္တုစုံလိက ဆေးလုံးများကို ပေးသနားတော်မူလိုက်ပါရန်လည်း လျှောက်ထားခဲ့သည်။ ထို့ပြင် လမ်းခရီး၌ တွေ့ကြုံရမည့်အခက်အခဲများနှင့် တွေ့ကြုံသောအခါ ဖြေရှင်းနည်းများကိုပါ လျှောက်ထားမှာကြားခဲ့လျက် စာကိုပါ ရေးထားခဲ့ပြီးသော် ငွေတောင်ပြည် ဘုမ္မဒဝ နတ်နန်းသို့ အရောက်ပြန်လေသည်။

(၄)

သုစန္ဒမင်းသားသည် စစ်တိုက်ရာကပြန်ခဲ့သော်လည်း ဒွေးမယ်နော်ကိုမတွေ့ရလျှင် မယ်တော်တံမေးမြန်းရာ အကြောင်းစုံကိုသိရ၍ ငိုကြွေးလျက် ဒွေးမယ်နော်ဆီ ငွေတောင်ပြည်ကို လိုက်ခဲ့လေသည်။ လမ်းခရီးအကြား ရသေ့ကျောင်းဝင်၍ စုံစမ်းပြန်ရာ ရသေ့သူမြတ်ကလည်း အကြောင်းစုံပြောပြ၍ ဆက်လက်မလိုက်ရန် တားမြစ်၏။ တားမြစ်သော်လည်း လိုက်မည်ဆိုသဖြင့် ဒွေးမယ်နော် မှာခဲ့သည်များကို သင်ကြားပေး၍ ပေးခဲ့သည့်ပစ္စည်းများကိုလည်း မင်းသားအား ပေးအပ်လေသည်။

မင်းသားလည်း မန္တာန်ကိုသင်၍ မှာသမျှကိုလည်း မှတ်သားပြီး ပေးသောပစ္စည်းများကိုလည်း ယူခဲ့၏။ ပြီးသော် ဒွေးမယ်နော်နောက်သို့ ဆက်လက်လိုက်ခဲ့လေသည်။

"တောနှင့်တောင်စွယ်....ပြောကြမောင်မယ်၊ (ငှက်ကယ်လူလို သံချို့နှောသို့ ပြောကြပြန်သကို)၂× သိုက်မြုံမှာလေ....စာခွန့်ကျေးကျေးတယ်ကို.... တကိုယ်ရေပန်းမြိုင်တန်းဝေ....(ဖိုမမောင်နှံ....တောင်ပန်ချီကာတွဲ–ဝဲကာပျံ+)၂၊ တွန်ကျူးကျော်ညံ၊ ငှက်ပေါင်း ပျော်ကြပြန်....(မြိုင်စောင်းမှာ တူစုံမောင်နှံ)၃ ကိန္နရီဟန်တွဲ နွဲ့ကာပျံ....။

ကျူးကျော်ညံစာ–တိမ်ယံအာကာသဲ၊ မြင်လာဘဲ သည်မောင်ပူဆွေးကြုံရပြန်၊ နတ်ကယ်ဖန်...ဝေယံအာကာသထဲ.... မဲ့လို့မျှောင်၊ မင်ဦးရှိ

မှောင်၊ တိမ်တောင်ချယ်ဆင့်ဆိုင်း....ရှုတိုင်းရဲ့ညိုရောင်ပြာရီ)၂၊ ဘယ်ပန်းချီဟန် ရေးလို့ ဆေးမမှီ....''

သုဓနုမင်းသားသည် ဤသို့ဆိုငြီးရင်းလိုက်ခဲ့ရာ တယူဇနာလောက်စီရှိသော သမန်းမြက်တော၊ ပိန်းမြက်တော၊ ဝါးတောတို့ကိုလည်းကျော်လွှားခဲ့၏။

ထို့နောက် ယူဇနာသုံးဆယ်လောက်စီရှိသော နေဇာမြက်တော၊ မြက်မျိုးစုံတော၊ ရုံးရိုင်းတော၊ မြားမြက်တော၊ ဆူးရစ်တော၊ ကြိမ်တော၊ ပန်းမျိုးစုံနွယ်သောတော၊ လဟာပြင်တော၊ မြက်သင်ဒုန်းတော၊ ဖောက်ထွင်းနိုင်ခဲသောတော၊ သစ်ပြင်တော၊ ဘီလူးစောင့်သောတော၊ တောနက်ကြီး၊ တောင်အပြည့်ရှိသော တောကြီးများကိုလည်း ဒွေးမယ်နော်မှာခဲ့သည့်အတိုင်း ရသေ့မြတ် သင်ပေးသော နည်းများ ကို သုံး၍ ကျော်လွှားလွန်မြောက်နိုင်ခဲ့လေသည်။

တောတောင် ရေမြေများသည် ကြောက်မက်ဖွယ် ကောင်းသလို သာယာကြည်နူးဖွယ်လည်း ကောင်းလှပေ၏။ ဒွေးမယ်နော်နှင့်အတူသာဆိုလျှင် မည်၍မည်မျှ ပျော်မြူးကြမည်နည်း စသည်ဖြင့် သတိရ လွမ်းဆွတ်ယင်း တေးထပ်ဆို၍ ငိုမိလေတော့သည်။

> ''ဟေမဝန်....ခန်းသေလ....၊ စမ်းရေကဖြူဖြူ၊ ပန်းဖြေစရာ့မြိုင်ကမူမှာ၊ လှိုင်ရွှေဂူကျောက်စောင်း၊(နွယ်ယှက်လို့ ပွင့်ချင်းဖြာတယ်)၂ မြင်ခင်းဟာ ရှုဖို့လွန်ကောင်း....၊
> ရိုးမြောင်တန်း ဆန်းတကျယ်မှာ၊ လွမ်းစဖွယ်စိတ်ပြောင်း၊ ပန်းစပယ်ပိတ်ပေါ့င်းက၊ ရိပ်ညောင်းလို့သာယာ၊ ရေတံခွန်သွယ်ဖြာကျတာက၊ ဘယ်ညာက သွန်း၍ စီးဖြာ
> ဟိုပင်မြင့် ရှောက်သြဇာငယ်၊ နောက်ဂေါယာ နေကြည်ညို့းပြန်တော့၊
> ရွှေပြည်စိုး ငှက်သူငယ်၊ ကျူးကျော်ရင့်တယ်၊ ကြိုင်သင်းတဲ့မြိုင်တွင်းလယ်မှာ....၊
> ထိုင်ယင်းကွယ် ငိုလိုက်ချင်တော့လေး....။''

သုဓနုမင်းသားလေးသည် ငို၍ မပြီး ရှေ့ခရီးဆက်မှ ဖြစ်မည်ဟု စိတ်ကိုတင်း၍ ဆက်ခဲ့ပြန်လေရာ သွားရမည့် လမ်းခရီး ရှေ့ကဆီးလျက် ကျောက်ဆင်ပြောင်ကြီးနှစ်ကောင် အချင်းချင်း တိုးဝှေ့၍

နေသည်ကို တွေ့ရပြန်၏။ ထိုအခါ သင်ခဲ့သော မန္တာန်ကိုမှတ်၍ ပေးလိုက်သော ဆေးကိုစားကာ ဆင်ပြောင်ကြီးများ ခြေထောက်ကြားကို ဖြတ်ကူးအောင်မြင်လေ၏။

ထို့နောက် သွားရမည့်ခရီးရှေ့ကဆီးလျက် မြင့်မားသော တောင်ကြီးနှစ်လုံးအချင်းချင်း တိုက်ခတ်နေသည်ကို တွေ့ရပြန်သည်။ သင်ကြားမှတ်သားခဲ့သည့်အတိုင်းပင် မန္တာန်ကိုရွတ်၍ ဆေးလုံးကိုစားပြီး စောင့်နေစဉ် တောင်ကြီးနှစ်လုံးငြိမ်သက်သွားသဖြင့် တောင်နှစ်လုံးကြားကို ဖြတ်ကူး အောင်မြင်ခဲ့ပြန်လေသည်။

ထို့နောက် ခရီးဆက်၍ မကြာမီ သွားရမည့်ခရီး ရှေ့ကဆီးလျက် ထန်းခုနစ်ဆင့်ခန့်ကြီးမြင့်သော ဘီလူးကြီးရပ်နေသည်ကို တွေ့ရပြန်လျှင် မန္တာန်ရွတ်ပွားဆေးလုံးစားယင်း ချက်ချင်းမနေး ယူခဲ့သော တောင်ဝှေးကို ဆေးသုတ်ပြီး ဘီလူးကြီး၏ဗိုက်ကို တောင်ဝှေးဖြင့် ထိုးလိုက်ရာ ဘီလူးကြီးလဲကျသော် ဦးခေါင်းက နင်းကျော်လျက် ရှေ့သို့ ခရီးဆက်ခဲ့ပြန်၏။

သုဝန္နမင်းသားသည် ငိုယင်း အားတင်းလျက် အခက်အခဲမှန်သမျှကို ကျော်နင်းလွန်မြောက် ယူဇနာတရာ ခရီးပေါက်သော် ရှမျော်တိုင်း ကောင်းသော မြစ်ချောင်းရေစီး ကာဆီးနေသည်ကို တွေ့ရပြန်သည်။ ထို့ပြင် ထိုကိန္နရီချောင်းမြစ်၌ စပါးကြီးမြွေကြီးသည် ဟိုမှာဖက်ကမ်းမှ သည်မှာဖက်ကမ်းသို့ တံတားသဖွယ် ဖြန့်ခင်းနေပုံကလည်း အံ့သြဖွယ် ကြောက်မက်ဖွယ် ကောင်းနေပြန်သည်။

ထိုအခါ မင်းသားသည် မန္တာန်ကိုရွတ်၊ ဆေးကိုစားလည်းစား၊ ခြေဖဝါးကိုလည်း သုတ်လိမ်းပြီးလျှင် "ဤမြစ်ရေကို မထိမကိုင်ရ၊ အန္တရာယ်များလှသတဲ့၊ ဒါကြောင့် ရေကိုလည်း မထိမခိုက်ရအောင် စပါးကြီးမြွေကြီး ဖြတ်ခင်းထားသည်ကို တံတားအသွင် စိတ်မှာထင်ပြီး ငါလျှင် ကူးလေမှဘဲလေ...."ဟု ကြိမ်းမောင်းလျက် နေထွက်မှ နေဝင်အထိ ကူးလျှောက် အောင်မြင်ခဲ့ပြန်လေ၏။

ထို့နောက် ခရီးယူဇနာတရာလောက် ပေါက်ပြန်လျှင် ကြိမ်ပိုက်တောကြီးမျက်မဲကို ရှေ့က ကာဆီးလျက်တွေ့ရပြန်သည်။ ထို့ကြောင့် တောကို မကျော်နိုင်ပဲ ငိုညည်းနေရသည်။ ထိုအခါ အိမ်လုံးလောက်ကြီးသော ထီးလှိုင်ငှက်ကြီးများရောက်လာပြီး ဒွေးမယ်နှော် ငွေတောင်ပြည်ပြန်ရောက်၍ လူနံ့ပျောက်အောင် မြို့ပြင်မှာ အဆောင်သီးခြားဖြင့်

ထားရာက မင်္ဂလာရေစင် သွန်းဖြန်းပြီး နန်းတော်တွင်း သွင်းသော ဘိသိက်ပွဲသို့သွား၍ အစာစားရန် ပြောစကားများကို ကြားရလျှင် သုမန္ဒမင်းသားသည် ပါလာသော မြကမ္ဗလာအဝတ်ဖြင့် ငှက်တောင်ပန်ကိုချီလျက် ပုခက်အသွင်ထင်မှတ်ပြီး စီးနင်းလိုက်ခဲ့ရာ ငွေတောင်ပြည်ရေကန်နားရောက်လျှင် ခြုံတွင်းသို့ဆင်းနေလေသည်။ ထိုအခါ မင်းသားသည် ဒွေးမယ်နေဘ်အား ရေစင်သွန်းဖြန်းရန် ရေခပ်လာကြသူများတွင် ကိန္နရီတဦး၏ ရေအိုးတွင်းသို့ ဥပါယ်တမည်ဖြင့် လက်ဝတ်ရတနာကို ထည့်လိုက်ပြီး ဒွေးမယ်နေဘ်သိအောင်ပြု၏။ ဒွေးမယ်နေဘ်သိ၍ ခမည်းတော်အား အသိပေးရာ နန်းရင်ပြင်သို့ သုမန္ဒမင်းသားအား ခေါ်၍ ခမည်းတော်မင်းမြတ်က လေးစွမ်းပြခိုင်း၏။ နတ်မင်း ခမည်းတော်သည် မင်းသား၏စွမ်းအင်ကို သိမြင်၍ ချီးကျူးအားရသော် အသွင်တူ သမီးတော်ခုနစ်ဖော်တို့တွင် ဒွေးမယ်နေဘ်ကို အရွေးအချယ်ခိုင်းရာ သုမန္ဒမင်းသားက သိကြားမင်းအကူအညီဖြင့် ရွေးချယ်ပြသဖြင့် သမီးတော်နှင့် ထိမ်းမြားလက်ထပ်၍ ပြန်အပ်လိုက်လေသတည်း။

"ဦးဣန္ဒက .... ရိပ်သာရောက်ပြီလေ၊ ဘာတွေကို ငေးလိုက်လာတာလဲ....ဘုရား"

ဤသို့ မြန်အောင်ဆရာတော်က သတိပေးလိုက်ရာ "ဪ.... ရောက်ပြီကိုးဘုရား၊ ဟပည့်တော် တွေးတာကိုတော့ မှတ်တမ်း စာအုပ်ထွက်မှပဲ ဖတ်တော်မူပါဘုရား"ဟု ပဟေဠိသဘောဖြင့် ရယ်မောယင်း ပြော၍ ကားပေါ်မှ ဆင်းခဲ့ရလေသည်။

# ကယားပြည်နယ် မြို့တော်လွိုင်ကော်

## သီရိဒေါ-လွိုင်ခေါ်-ကန္တာရဝတီမှသည်

### သီရိဒေါ

ရှေးကရင်နီခေတ်က နယ်ကြီးငါးရပ်တို့တွင် ကန္တာရဝတီနယ်ဟု ခေါ်တွင်ခဲ့သော ယခုအခါ ကယားပြည်နယ် မြို့တော်လွိုင်ကော် ဖြစ်လာခဲ့သည့် ဤမြို့တော် လွိုင်ကော်သမိုင်းကိုလည်း ဤမှတ်တမ်း၌ ချန်ထားခဲ့၍မဖြစ်ပေ။ မပါလျှင် မပြည့်စုံသောကြောင့် လိုရင်းချုပ်၍ ဖော်ပြရပေဦးမည်။

မြန်မာသက္ကရာဇ် ၁၂၀၀ ပြည့်နှစ်၊ ကဆုန်လဆန်းတွင် ယခုလွိုင်ကော်မြို့ နေရာဝယ် မြို့တမြို့ကို တည်ခဲ့လေသည်။ မြို့တည်သူမှာ ဦးသီရိအမည်ရှိသော လူပုဂ္ဂိုလ်ကြီးဖြစ်လေသည်။ သူနှင့်အတူ လုံလမ်း၊ ကျောင်းပေါ့ဆွေ၊လုံခန်းအမည်ရှိ လူပုဂ္ဂိုလ်ကြီးများလည်း ထိုမြို့တည်ရာ၌ ခေါင်းဆောင်ပိုင်းက ပါဝင်ခဲ့ကြသည်။

မြို့တည်သူသည် သောကြာသား ဖြစ်သောကြောင့် မြို့ကိုလည်း သောကြာနေ့၌တည်လေသည်။ ရက်ကိုမူ အတိအကျ မသိရသောကြောင့် ချန်ထားခဲ့ရသည်။ မြို့တည်သူ ဦးသီရိကို အကြောင်းပြု၍ ထိုစဉ်က ကရင်နီအမျိုးသားများက မြို့အမည်ကိုလည်း "သီရိဒေါ"ဟု ခေါ်ခဲ့ကြလေသည်။ "သီရိ"ဟူသည် ဦးသီရိ၏ အမည်ဖြစ်၍ "ဒေါ"ဟူသည် မြို့

ရွာဟု အဓိပ္ပါယ်ရလေသည်။ ထို့ကြောင့် "သီရိဒေါ-သီရိမြို့"ဟု ရှေးကရင်နီအမျိုးသားများက ခေါ်ဝေါ်ခဲ့ကြလေသည်။

## လွိုင်ခေါ်

ရှမ်းအမျိုးသားများကမူ ယခု လွိုင်ကော်မြို့ ဘီလူးချောင်း၏ အနောက်ဖက်ကမ်းအနီး၌ သီးခြား တည်ရှိသော တောင်ကလေးကို အကြောင်းပြု၍ လွိုင်ကော်မြို့ကို "လွိုင်ခေါ်"ဟူ၍ ခေါ်ဝေါ်ကြသည်။ အဓိပ္ပါယ်မှာ "လွိုင်ခေါ်-တောင်သီးခြား"ဟူ၍ဖြစ်၏။ ထို လူပျိုကြီးအလား တသီးတခြား တည်ရှိသော တောင်အနီး၌ တည်ရှိသောမြို့ကိုလည်း "လွိုင်ခေါ်မြို့-တောင်သီးခြား"ဟူ၍ ရှမ်းလူမျိုးများက ခေါ်ကြလေသည်။

## လွိုင်ကော်

မြန်မာတို့ကမူ "လွိုင်ခေါ်မြို့"ကို"လွယ်ကော်မြို့"ဟု ခေါ်တတ်သလို လွယ်လွယ်ခေါ်ကြသည်။ ယခုအခါ၌မူ "ကယားပြည်နယ်၏ မြို့တော်-လွိုင်ကော်မြို့"ဟု ခေါ်ဝေါ်နေကြလေပြီ။ ထို့ပြင် ထိုစဉ်က သီးခြားတောင်-လွိုင်ခေါ်ကိုလည်း နောက်ခါ၌ "ရွှေတောင်"ဟု ခေါ်လာကြသည်။ ယင်းရွှေတောင်ပေါ်၌ စော်ဘွားကြီး ဦးစောလဝီလက်ထက်တွင် ဘုရားဒကာတစ်က စေတီတဆူကိုလည်း တည်ထားကိုးကွယ် ခဲ့လေသည်။ ထိုရွှေတောင်စေတီကို ယခုတိုင်ပင် ဖူးမျှော်နိုင်ကြပါသည်။

ထို ဦးသီရိတည်ထောင်ခဲ့သော "သီရိဒေါ-လွိုင်ခေါ်-လွိုင်ကော်မြို့"အား ကျုံးမြောင်းတံတား၊ ကျောင်းကန်ဘုရားများဖြင့် ထင်ထင်ရှားရှား စည်ကားခဲ့ပါသည်။မြို့တည်သူ ဦးသီရိအားလည်း မြို့နှင့်နယ်လူထုက စော်ဘွားဘဦးအလား လေးစားမြတ်နိုးခဲ့ကြပေသည်။

## ကန္တာရဝတီ

ဦးသီရိသည် မြို့တည်ပြီးသော် မြန်မာဘုရင် မင်းတုန်းမင်း တရားကြီးထံသို့ သွားရောက်၍ ကရင်နီနယ်အတွက် ဗုဒ္ဓသာသနာတော် ပြန့်ပွားရေးကို အားပေးချီးမြှင့်ပါရန် တောင်းခံလေသည်။

ထို့ကြောင့် မင်းတုန်းမင်းတရားကြီးက ရဟန်းသီလ ပြည့်ဝ၍ စာပေကျမ်းဂန်တတ်မြောက်တော်မူသည့် ရှမ်းဆရာတော်နှင့် ရွှေပိန်းချ ပိဋကတ်သုံးပုံ၊ ဖေါင်တော်ဦးဘုရား ငါးဆူတို့ကိုလည်း ချီးမြှောက်တော်

မှုလိုက်ပေသည်။ ထို့ကြောင့် လှိုင်ကော်မြို့ ရွှေကျောင်းတိုက်၌ ထိုရတနာသုံးပါးတို့ကို တည်ထားကိုးကွယ်ခဲ့ကြပေသည်။

ထို့နောက် မင်းတုန်းမင်းတရားကြီးက ကရင်နီနယ်ကို စိုးမိုးအုပ်ချုပ်ခနသော စတုတ္ထမြောက် စောလဘော် မင်းကြီးအား "ပဗ္ဗတသီဟရာဇာ စောလဘော်မင်းကြီး" ဟူသော ဘွဲ့တံဆိပ်ကိုလည်း ချီးမြှောက်ပေတော်မူလိုက်၏။ ထိုဘွဲ့တံဆိပ်ပုံမှာ အလယ်ခေါင်၌ ခြင်္သေ့ရုပ်ပုံပါရှိ၍ ဘေးပတ်လည်၌ စာတန်းများပါရှိလေသည်။ စာတန်း အပြည့်အစုံမှာ "ပဗ္ဗတသီဟရာဇာ စောလဘော် မင်းကြီးတံဆိပ်တော်၊ သက္ကရာဇ် ၁၂၄၅ ခုနှစ်" ဟူ၍ ဖြစ်သည်။

ထိုတံဆိပ်နှင့်အတူ ကရင်နီနယ် မြောက်ပိုင်းကိုလည်း "ကန္တာရဝတီမြို့" ဟု ကင်ပွန်းတပ်၍ ချီးမြှောက်တော် မူလိုက်သေး၏။ ထို့ကြောင့် ဦးသီရိက "ကန္တာရဝတီမြို့" ဟု ရွှေစာလုံးကြီးထွင်းလျက် လှိုင်ကော်မြို့ မြောက်ဖက်၌ ကျွန်းတိုင်ကြီးစိုက်၍ သမိုင်းမှတ်တိုင်ထူခဲ့ပေသည်။ ယခုအခါ လှိုင်ကော်မြို့မြောက်ပိုင်း၌ ထိုသမိုင်းမှတ်တိုင်ကြီးသည် ဆင်ထင်ရှားရှား တည်ရှိနေပါသေးသည်။ စာရေးသူတို့ပင် သွားရောက် ကြည့်ရှုခဲ့ကြပါသေးသည်။ သမိုင်းမှတ်တိုင်ကြီးက ကြွားကြွားဝင့်ဝင့် စည်တံ့နေသလို ရွှေစာလုံးများကလည်း တည်ငြိမ်လေးနက်၍ ကျက်သရေရှိလှပါပေသည်။

## ကယားပြည်နယ်

ပြည်ထောင်စုမြန်မာနိုင်ငံတွင်ပါဝင်သော ကယားပြည်နယ်သည် မြောက်ဖက်တွင် ရှမ်းပြည်နယ်၊ အနောက်ဖက်တွင် ရမည်းသင်းခရိုင်နှင့် ကော်သူးလေပြည်နယ်၏ သံတောင်မြို့နယ်၊ တောင်ဖက်တွင် ကော်သူးလေးပြည်နယ်၏ သံလွင်ခရိုင်၊ အရှေ့ဖက်တွင် ယိုးဒယားနိုင်ငံတို့ဖြင့်ဝန်းရံလျက်ရှိသည်။

ကယားပြည်နယ်၏ အကျယ်အဝန်းမှာ ၄၅၀၆-စတုရန်းမိုင် ဖြစ်သည်။ ကယားပြည်နယ် ရာသီဥတုသည် လတ္တီတွဒ်အားဖြင့် အပူပိုင်းအတွင်းတွင်ရှိသော်လည်း ကုန်းပြင်မြင့်ဖြစ်သဖြင့် ပူသင့်သလောက် မပူချေ။ ကယားပြည်နယ်၏မြို့တော်ဖြစ်သော လှိုင်ကော်မြို့၏ အပူချိန်မှာ ၇၁.၅° ဖါရင်ဟိုက်မျှသာရှိ၏။ ကယားပြည်နယ်သည် မိုးအသင့်အတင့်ကိုရရှိ၏။ မိုးရေချိန် ၄၀ မှ ၅၀ ခန့်မျှရှိ၏။ လှိုင်ကော်မြို့၏ တနှစ်အတွင်း မိုးရေချိန်မှာ ၄၉.၅၉ ဖြစ်၏။

## မြေမျက်နှာပြင်

ကယားပြည်နယ်၏ မြေမျက်နှာပြင်ကို အကြမ်းဖျဉ်း အားဖြင့် ကြည့်မူ တောင်ထူထပ်သည်ဟု ဆိုနိုင်၏။ မြေနိမ့်လွင်ပြင်များကိုမူ မြစ်ဝှမ်းများတလျှောက်တွင်သာ တွေ့နိုင်၏။ တောင်တန်းများမှာ ရှမ်းကုန်းပြင်မြင့်မှ ဆင်းသက်လာသောတောင်များ၏ အဆက်ဖြစ်ကြ၏။ ယေဘုယျအားဖြင့် ကယားပြည်နယ်၏ အနောက်ဖက်ခြမ်းသည် အရှေ့ ဖက် ပိုင်းထက် ပိုမြင့်သည်ကိုတွေ့ရ၏။

အနောက်ဖက်ပိုင်းတွင် တောင်တန်းများမှာ များသောအားဖြင့် ၄၀၀၀-ကျော် ၅၀၀၀-နီးပါးထိ မြင့်ကြ၏။

မြေပြန့်လွင်ပြင်ဟူ၍ကား သံလွင်မြစ်နှင့်နမ့်ပွန်မြစ်ဝှမ်းတလျှောက်တွင်သာ ထင်ထင်ရှားရှားတွေ့မြင်ရ၏။ ကျန်မြစ်ဝှမ်းငယ်များတွင်မူ ကွက်ကျားကွက်ကျားလောက်သာတွေ့ရ၏။

သံလွင်မြစ်သည် ကယားပြည်နယ်၏အရှေ့ဖက်ခြမ်းကို ဖြတ်လျက် မြောက်မှတောင်သို့ စီးဆင်းလျက်ရှိ၏။ ထိုမြစ်အတွင်းသို့ အရှေ့ပိုင်းမှ တွဲပွန်၊ တွဲလောင်း၊ နမ့်မယ်ပြဲ စသည့် မြစ်လက်တက်များ စီးဝင်လာကြပြီး နောက်ဖက်ပိုင်းမှ နမ့်ပွန်မြစ်သည် မြောက်မှတောင်သို့ စီးဆင်းလာပြီး သံလွင်မြစ်နှင့် ဖာဆောင်းအနီးတွင်ပေါင်းဆုံ၏။ နမ့်ပွန်မြစ်တွင်းသို့ ဘီလူးချောင်း၊ ထူးချောင်း စသည်တို့စီးဝင်ကြ၏။

## ကျတ်ဂူ

ကယားပြည်နယ်သည် စိတ်ဝင်စားဖွယ်ကောင်းသောနေရာများ၊ သစ်ဆန်းသောရှုမျှော်ခင်းများ၊ တသွင်သွင်စီးဆင်းနေသော ရေမြောင်းများ ရေတံခွန်များဖြင့် ပြည့်လျှမ်းနေသော ပြည်နယ်ဖြစ်လေသည်။

လွိုင်ကော်မြို့၏ အရှေ့စူးစူး ၁၂-မိုင်ခန့်ဝေးသော တောင်တန်းတွင်း၌ ထူးဆန်းအံ့သြဖွယ်ကောင်းသော သဘာဝလိုဏ်ဂူကြီးတခုလည်းရှိလေသည်။ ထိုလိုဏ်ခေါင်းကြီး၏ အလျားသည် အလွန်ရှည်လျားသဖြင့် မည်သည့်ဖက်တွင် ထွက်ပေါက်ရှိသည်ကို မည်သူမျှ တတ်အပ်မပြောနိုင်ကြပေ။

ထိုလိုဏ်တွင်းသို့ ဝင်ကြည့်လိုသူတို့သည် လိုဏ်တွင်းက အလွန်မဲမှောင်နေသောကြောင့် ကညင်ထုပ်များကို မီးရှို့ပြီး မီးတိုင်အဖြစ်

အသုံးပြု၍လည်းကောင်း၊ အောက်လင်းဓာတ်မီးထွန်း၍ လည်းကောင်း၊ ဓာတ်ခဲရှစ်တောင့်ထိုးလက်နှိပ်ဓာတ်မီးကို အသုံးပြု၍လည်းကောင်း ဝင်ရောက်ကြည့်ရှုကြရလေသည်။ သို့သော် အတွင်းထဲသို့ ရောက်နိုင်ရန်မှာ အလွန်ခက်ခဲသည်။ တဖာလုံခန့်သာ လွယ်ကူစွာ သွားလာနိုင်လေသည်။

ဝင်ကြည့်သူများသည် ကျောက်ကမူပေါ်တွင် သစ်ကတိုးဖြင့် ပြုလုပ်ထားသော အသုဘခေါင်းပုံသဏ္ဍာန်များကိုလည်း တွေ့နိုင်ကြလေသည်။ ထိုခေါင်းပုံသဏ္ဍာန်များ၏ အရှည်ဘိုးမှာ ၁၅-ပေခန့်ရှိ၍ အတိုဆုံးမှာ ၂-ပေခန့်ရှိလေသည်။

ယင်းလိုဏ်ဂူကို ကျတ်ဂူဖြစ်သည်ဟူ၍ ကယားအမျိုးသားတို့က ယူဆကြလေသည်။ ရှေးအခါက ကျတ်များနေထိုင်ပြီး အသုဘခေါင်းများကို ဝှက်ထားကြသည်ဟု ယုံကြည်ကြလေသည်။ လွန်ခဲ့သော နှစ်ပေါင်းသုံးဆယ်ကျော်ခန့်က လိုဏ်ဂူတွင်းရောက်ဘူးသူများသည် ထိုခေါင်းများထဲတွင် အရိုးများတွေ့ခဲ့သည်ဟု ပြောကြသော်လည်း ယခုအခါ၌မူ အရိုးများကို မတွေ့ရတော့ချေ။

## ဒွေးမယ်နော်သစ္စာကန်

ကယားပြည်နယ်၌ အခြားကြည့်ရှုဖွယ် ကောင်းသော ရေကန်များလည်း ရှိကုန်သေး၏။ ကယားပြည်နယ်၏ မြို့တော်လွိုင်ကော်မြို့၏ တောင်ဖက် ၁၄-မိုင်ခန့်ကွာသောနေရာ၌ စိမ်းလန်းစိုပြေသော သစ်တောများ၊ သွယ်လျ ရှည်လျားသော တောင်တန်းများနှင့်တကွ သဘာဝအလျောက် ထက်အောက်မနိမ့်မမြင့် အဆင့်ဆင့်ညီညာစွာ စီတန်းလျက်ရှိသော ရေကန်များရှိကုန်၏။

ထိုရေကန်များသည် ကယားအမျိုးသားတို့ ရိုးရာပုံပြင်ဖြစ်သော ဒွေးမယ်နော် ငွေတောင်ပြည်ပြန်ခန်းဇာတ်လမ်း၌ ပါဝင်သော ငွေတောင်ပြည်ဘုရင်၏ သမီးတော် ဒွေးမယ်နော်မင်းသမီး ညီအမခုနစ်ဖော်တို့ ရေကစားသော ရေကန်များဖြစ်သည်ဟု ကယားအမျိုးသားတို့က ယုံကြည်ကြသည်။ ဒွေးမယ်နော် ကိန္နရီမင်းသမီးကလေး၏ သစ္စာအဓိဋ္ဌာန်ပြုသည့် ရေကန်တခုလည်းရှိရာ ယခုတိုင်ပင် ဒွေးမယ်နော် သစ္စာကန်—ဟု အမည်တွင်လျက် ရှိလေသည်။ မတေးကူရေတံခွန်နှင့် လောပိတရေတံခွန်၊ ဘီလူးချောင်း ဓာတ်အားပေးစက် အကြောင်းကိုတော့ ရှေ့ပိုင်းက ရေးခဲ့ပြီးပါပြီ။

## သယံဇာတပစ္စည်း

### ကျွန်းသစ်နှင့် ဖါးစည်

သဘာဝ သီးနှံပင်များနှင့်ပတ်သက်၍ ကယားပြည်နယ်၏ ကျွန်းသစ်လုပ်ငန်းသည် စီးပွားရေး၏ သွေးချက်ဖြစ်၏။ ကယားပြည်နယ်၏ တောတောင်များ၌ ကျွန်းသစ်အပြင် အင်ကြင်း၊ ပိတောက်၊ ပျဉ်းကတိုး၊ သစ်ကတိုး၊ သစ်ရာ၊ ထင်းရှူး၊ ပျဉ်းမ၊ ရင်ခတ် အစရှိသော အဖိုးတန်သစ်များပေါများလှကုန်၏။

ကယားအမျိုးသားတို့သည် ရှေးအခါမှစ၍ ယခုထိပင် သစ်လုပ်ငန်းကို အဓိက အသက်မွေးဝမ်းကျောင်းအဖြစ် လုပ်ကိုင်ကြ၏။ ကျွန်းသစ်လုပ်ငန်းကို သစ်ဆွဲဆင် အမြောက်အမြားဖြင့် ရှေးအခါက လုပ်ကိုင်ခဲ့ကြ၏။

ကျွန်းသစ်မှာ သစ်ရိုင်းတောကြီးများမှာ အလွန် ကြီးကျယ်လှသောကြောင့် သံလွင်မြစ်အရှေ့ဖက်ကမ်းရှိ ကျွန်းတောကြီးမှာ နှစ်စဉ်နှစ်တိုင်း သစ်လုံးရေပေါင်း ပြောက်မြားစွာ ခုတ်ယူသော်သည်း သစ်တောသည် အနည်းငယ်မျှပင် ဆုတ်သုတ်နစ်နာနိုင်ဖွယ် မရှိဟု ကယားတို့က ဆိုကြ၏။

ဤကျွန်းသစ်လုပ်ငန်းနှင့် ကယားအမျိုးသားတို့၏ ဖါးစည်သည်လည်း ဆက်စပ်လျက်ရှိ၏။ ကယားအမျိုးသားများ လွန်စွာအရေးထားသော ဖါးစည်၏ မျက်နှာပြင်ပေါ်ဝယ် အလယ်ဘည့်ဘည့်မှ နေဝန်းထွက်ပေါ်နေပုံကို ဖားရုပ်၊ ခရုရုပ်၊ ကြယ်တံဆိပ်များက ဝန်းရံလျက်ဒေါင့်လေးဒေါင့်၌ ဖါးရုပ်တကောင်စီ၊ သို့မဟုတ် နှစ်ကောင်ထပ်၊ သုံးကောင်ထပ်စီ ထုလုပ်ထား၍ နံဘေး တဖက်တချက်တွင်လည်း ဆင်ရုပ်လုံးတကောင်၊နှစ်ကောင်၊ သုံးကောင် စသည်ဖြင့် တပ်ဆင်ထားကြပေသည်။

ဤအဓိပ္ပါယ်မှာ "ဖါးအော်မှ မိုးရွာ၊ မိုးရွာမှ ငါးမော့၊ ငါးမော့မှ ရေကြီး၊ ရေကြီးမှ ဆင်ဆွဲ၊ ဆင်ဆွဲမှ သစ်ချ၊ သစ်ချမှ ပြည်ဝ" ဟူသော အယူအဆကိုအစွဲပြု၍ သူတို့ ဖါးစည်ပေါ်တွင် သရုပ်ဖော်ထားကြခြင်းဖြစ်ပေသည်။

### သစ်တောထွက် ပစ္စည်းနှင့် ဘယဆေး

ကယားပြည်နယ်၏ သယံဇာတ ပစ္စည်းများတွင် သစ်တောထွက်ပစ္စည်းနှင့် ဘယဆေးလည်း ပါဝင်လေသည်။ သစ်တောထွက် ပစ္စည်း

များမှာ ချိပ်၊ လှင်းနို့ချေး၊ ပျားရည်၊ ပျားဖယောင်း၊ သစ်စေးနီ၊ သစ်စေးညိုကြီး၊ သစ်စေးနက်၊ အင်တွဲ၊ ပဲ့ညှက်၊ ရှား၊ ကင်ပွန်းသီး၊ သနပ်ခါးခေါက်၊ သစ်ခွ စသည်တို့ဖြစ်ကုန်၏။

ဘယဆေးမှာ ဇီးဖြူသီး၊ ခတ္တာဥ၊ ဘုမ္မရာဇာမြစ်၊ ကြက်ဆူစေ့၊ သစ်ကြံပိုးခေါက်၊ လက်ထုတ်ကြီးခေါက်၊ ကေရာဇ်မြစ်၊ ဣသရမူလီပင်၊ သရက်ကြီးခေါက်ရွက်၊ မုန်ညင်းစေ့၊ လင်းနေမြစ်၊ ဖျောက်ဆိပ်ခေါက်၊ မိတ်သလင်၊ ကန့်ချုပ်ဖြူမြစ်၊ ကန့်ချုပ်နီမြစ်၊ လက်ပံခါးခေါက်၊ ဖလယ်ဇင်းရွက်၊ ဖလယ်ဇင်းခေါက်၊ ဆေးပုလဲမြစ်၊ မဟာဂါလုံတံမြစ်၊ ပိတ်ချင်းပင်ရိုင်း၊ ဒန်းဒကူးနီအနှစ်၊ ဒန်းဒကူးဖြူ အနှစ်၊ မီစုတ်၊ ပန်းမပွင့်၊ ဥပသကာ၊ စိန်တပေါ၊ ပရန္နဝါမြစ်၊ တရုတ်စကားမြစ်၊ တရုတ်စကားအခေါက်၊ ကရဝေးရွက်၊ ဟုန်းနီ၊ ကဘောင်းစေ့၊ ဇပလင်၊ ရှားဇောင်းလက်ပတ်ပင်၊ ပင်စိမ်းပင်၊ စမြိတ်ပင်၊ စန္ဒကူးနီအနှစ်များဖြစ်ကုန်၏။

## တွင်းထွက်ပစ္စည်း

တွင်းထွက်ပစ္စည်းများနှင့် ပတ်သက်၍ အသုံးအဆောင် ပြုလုပ်နိုင်သော ကျောက်ပြားများကို ဤကယားပြည်နယ် အတွင်း၌ပင် ရရှိနိုင်၏။ ဤအကြောင်းကို ရှေ့ပိုင်းက တင်ပြခဲ့ပြီးပေပြီ။ မြန်မာနိုင်ငံ၌ ကျော်ကြားသော မော်ချီးသတ္တုတွင်းမှာ ဤကယားပြည်နယ်က ဖြစ်သည်။ ထိုသတ္တုတွင်းမှ ထွက်သော သတ္တုများကို နိုင်ငံခြားသို့ပင် တင်နိုင်ခဲ့လေသည်။ မော်ချီးသတ္တုတွင်းကို ယခုအခါ ဓာတ်သတ္တုရှာဖွေထုတ်လုပ်ရေးက ပြန်လည် ထူထောင်ရေးလုပ်လျက် ရှိလေသည်။ မော်ချီးရွာ၊ သံကဒိုရွာ၊ ဘူလောဘာနှင့် လိုခါးလိုရွာများ၌ ခဲမဖြူ၊ အဖြိုက်နက်နှင့် ရှိလိုက်သတ္တုများကို ရှေးဟောင်း သမရိုးကျ စနစ်ဖြင့် တူးဖော်နေကြသည်။

## အလုပ်အကိုင်

ကယားအမျိုးသားတို့၏ အလုပ်အကိုင် အကြောင်းကိုမူ အထူးရေးသားရန်ပင် မလိုတော့ပါ။ ဖော်ပြခဲ့ပြီး ပစ္စည်းများထွက်ပုံကိုထောက်၍ သူတို့ကည် ထိုပစ္စည်းများထွက်အောင် လုပ်ဆောင်နေကြသူများဖြစ်ကြောင်း ထင်ရှားပါသည်။ အထူးအားဖြင့် သူတို့သည် လှဲယ်ယာတောင်ယာနှင့် သစ်ခုတ်လုပ်ငန်းကို ယခု ပိုမို လုပ်ကိုင်ကြသည်။ အမဲလိုက်ခြင်းနှင့် မွေးမြူရေး လုပ်ငန်းများကိုလည်း လုပ်ကိုင်ကြ၏။ ဂျပ်ခုတ်ယက္ကန်း

လုပ်ငန်းနှင့် ချိပ်၊ သစ်၊ ကျောက်ပြား၊ ခဲပုတ်၊ သံ၊ သံရိုင်းတို့နှင့် ပတ်သက်၍လည်း သူတို့ လုပ်ကိုင်ကြသေးသည်။

သူတို့ ကိုင်ဆောင်လေ့ရှိသော ပစ္စည်းများမှာ ဒူးလေး၊ ရဲတင်း၊ ပုဆိန်၊ တူမီးသေနတ်၊ ဒိုင်း၊ ဒါးနှင့် လှံများ ဖြစ်ကုန်၏။ သူတို့သည် တောလိုက်ဝါသနာ ပါကြပြီး နပန်းပွဲနှင့် ကျင်ပွဲများကိုလည်း ကျင်းပလေ့ရှိကြလေသည်။

## ယဉ်ကျေးမှုနှင့် ရိုးရာဓလေ့

သူတို့သည် ဗုဒ္ဓဘာသာနှင့် ရိုးရာနတ်များ ကိုးကွယ်ကြလေသည်။ ထို့ပြင်ခရစ်ယန်ဘာသာနှင့် ဘုရင်ဂျီဘာသာယူသူများလည်း ရှိကြသည်။

နတ်ပူဇော်သောအခါ ကြက်၊ ဝက်၊ ကျွဲ၊ နွားများကို သတ်၍ ပူဇော် ပသလေ့ရှိခဲ့ကြသည်။ သူတို့၏ ရွာတိုင်း ရွာတိုင်းတွင် တံခွန်တိုင် နတ်ကွန်းသည် အဓိက ဖြစ်သည်။

ရိုးရာ ရာသီပွဲများကို တော်သလင်း၊ တန်ခူး၊ ကဆုန်လတို့၌ ကျင်းပလေ့ရှိကြသည်။ ကောက်သွင်းတုပ်ပွဲ၊ ကူးတိုးဘိုးခေါ် တံခွန်တိုင်ပွဲ၊ စပါးပုတ်ပွဲ၊ အိမ်တက်မင်္ဂလာပွဲနှင့် တောလိုက်ပွဲများ ရှိကြသည်။

ရိုးရာထုံးစံအရ သေသူကို အမွေခွဲပေးလေ့ရှိကြသည်။ ရှေးက သူတို့ဆီမှာ လူသတ်မှုကို ကျူးလွန်လျှင် ကျူးလွန်သူက လျော်ကြေးငွေ သုံးရာ ပေးရသည့်အပြင် သေသူအတွက် ဆွမ်းပွဲစရိတ်ကိုလည်း သတ်သူကပင် ခံရသေးသည်။ သေသူကို မီးရှို့ခြင်း၊ မြေမြှုပ်ခြင်းဖြင့် သင်္ဂြိုဟ်ကြသည်။

အမွေကိစ္စ၌ ညီအငယ်ဆုံးက အမွေအများဆုံးရ၍ တခြား အစ်ကိုအမများက အညီအမျှရကြသည်။ လင်သေလျှင် မယားက အမွေရသည်။ မယားသေလျှင်မူ ညီအစ်ကို ဆွေမျိုးများက အမွေခံစားခွင့် ရှိကြသည်။

ကျွဲ၊ နွား၊ ဝက်၊ ကြက်များကို ခိုးလျှင် တကောင်ခိုးသော် ငါးကောင်အလျော်ပေးရသည်။ မုဒိမ်းမှုကိုကျူးလွန်သူသည် လျော်ကြေးပေးရသည့်အပြင် နတ်များကိုလည်း ပူဇော်ပသရသည်။ စုန်းပြူးစားခြင်းရှိသည်-ဟူ၍ အယူအဆရှိကြပြီး တခါတရံ စုန်း-ဟု စွပ်စွဲကာ လူသတ်မှုများလည်း ဖြစ်ပွားတတ်လေသည်၊ ထို့ကြောင့် နိုင်ငံတော်အစိုးရက မွားယွင်းဆုံးရှုံးမှုများ မဖြစ်ပွားရအောင် ဥပဒေဖြင့် တားမြစ် ထားရသည်။

သူတို့ကျေးရွာတည်ရှိရာ၌ ကြက်ရိုးထိုး၍ မြေခံရွေးလေ့ရှိကြသည်။ နတ်ပေဒင်ဆရာ၏ ဟောပြောချက်အတိုင်း သာမူနာမှုများကို ပြုလုပ်လေ့ ရှိကြသည်။ ခရီးထွက်ခါနီး၌ နွားချေခဲ့သော်ငြင်း၊ အိုးခွက်ပန်းကန် ကွဲခဲ့သော်ငြင်း၊ နိမိတ်မကောင်းဟု ယူဆကြသည်။

အပျိုနှင့်လူပျို ဆက်ဆံရာ၌အပျိုရှိသော အပျိုဆောင်သို့ လူပျိုက သွားရောက်စကားပြောနိုင်သည်။လက်ထပ်စဉ်ကငင် နောင်ကွဲကွာခဲ့သော် လျော်ကြေးမည်မျှ ပေးရမည်—ဟု ကတိပြု၍ လက်ထပ်လေ့ရှိကြသည်။ လက်ထပ်ပွဲကျင်းပစဉ်၊ ကိုယ်ဝန်ဆောင်စဉ်တို့၌ လိုက်နာရှောင်ကြဉ်ရမည့် အချက်တွေ များစွာရှိကြသည်။

သူတို့၌ စာပေသီးခြားမရှိကြပေ။ ဗုံတို၊ ဗုံရှည်၊ မောင်း၊ လင်းကွင်း၊ ပြွေ၊ ဖါးစည်စသော တူရိယာများကို အသုံးချကြလျက် တံခွန်တိုင်အက၊ အိမ်တက်မင်္ဂလာအက၊ ဒီကူအက၊ ဝါးညှပ်အက၊ ဆွမ်းရင်းအကနှင့် ဒိုင်းအကများကို ကလေ့ရှိကြသည်။ သူတို့သည် မြေမြင့်တောင်စောင်းများ၌ ရွာတည်လေ့ရှိကြသည်။ အိမ်၌ အတွင်းခန်းနှင့် အပြင်ခန်း-ဟူ၍ နှစ်ခန်းခွဲထားလေ့ရှိကြသည်။ဖိတ်သဘောတူရာမိသားစုချင်း စုပေါင်းနေထိုင်လေ့ရှိကြသည်။ သူတို့အားလုံး ရိုးသားဖြောင့်မတ်ကြသည်။ ရောင့်ရဲတင်းတိမ်တတ်ကြသည်။ အေးချမ်းစွာ နေထိုင်လိုကြသည်။ အရှက်အကြောက်ကြီးကြသည်။ သတ္တိကောင်းကြသည်။

## ယနေ့ကယားပြည်နယ်စာရင်း

ကယားပြည်နယ်အတွင်းရှိ မြို့နယ်အမည်များမှာ ၁။ လွိုင်ကော်၊ ၂။ ရှားတော၊ ၃။ ဒီမောဆိုး၊ ၄။ ဖရူဆိုး၊ ၅။ ဘောလခဲ၊ ၆။ ဖါဆောင်း—ဟူ၍ ဖြစ်ကုန်၏။

ထို ၆-မြို့နယ်၏ ကျေးရွာအုပ်စုပေါင်း ၇၂-အုပ်စု၊ ကျေးရွာပေါင်း ၆၂၇-ရွာ၊ အိမ်ခြေပေါင်း ၂၂၁၄၅။ လူဦးရေပေါင်း.... ၁၂၆၄၉၂-ယောက်ရှိကုန်၏။

ကျန်းမာရေးဆေးရုံကြီး ၆-ခု၊ ကျေးလက် ကျန်းမာရေးဌာန ၁၄-ခု၊ ဌာနခွဲ ၁၂၊ မိခင်နှင့်ကလေး စောင့်ရှောက်ရေး ၅-ခု ရှိလေသည်။ ကျန်းမာရေးအတွက် နှစ်စဉ် ကျပ် ၁၂-သိန်းခန့် အသုံးပြုသည်။

ကျေးလက်ဖွံ့ဖြိုးရေးတံတား၊ လမ်း၊ ရေတွင်း၊ ရေကန်၊ ရေသွင်းမြောင်း၊ ရေနုတ်မြောင်း စသော လုပ်ငန်းပေါင်း ၃၇၇ - အတွက် ကျပ် ၂၂-သိန်းကျော် အကုန်အကျခံ၍ တည်ဆောက်ပေးထားသည်။

ပညာရေး အထက်တန်းကျောင်း ၄ ကျောင်း၊ အလယ်တန်းကျောင်း ၁၂ ကျောင်း၊ မူလတန်းကျောင်း ၇၆ ကျောင်းရှိ၍ ပညာရေးအတွက် နှစ်စဉ် ကျပ်ငွေ ဆယ်သိန်းခန့်သုံးသည်။

မော်ချီးသတ္တုတွင်း၊ ငွေတောင်ဆည်၊ မိုးဗြဲရေကာတာ၊သဘာဝကျောက်ပြားလုပ်ငန်း စသည်များကိုလည်း တည်ဆောက်ပေးထားလေပြီ။ လေဆိပ်ကိုမူ အသစ်ထပ်မံတည်ဆောက်ဆဲဖြစ်၏။

ယခုအခါ သွေးချင်းတိုင်းရင်းသားများ မကြိုက်နှစ်သက်သောအမည်ဟောင်း အမှားများကိုပယ်ဖျက်၍ အမှန်များကိုလည်း မှည့်ခေါ်ကြပေပြီ။ အသို့နည်း။ ကရင်နီကို ကယား၊ ပဒေါင်ကို ကယမ်၊ ယင်းဘော်ကို ကယား ကငမ်၊ ဘွဲ-ဘရဲ-ကို ကယော ဟူ၍ ဖြစ်ပါသတည်း။



ကန္တာရဝတီ တောင်ကွဲစေတီတော်ကိုလည်း
ဤသို့ ဖူးမြှော်ခဲ့ရ၏။



'ငွေတောင်ဘုရား' နှင့် 'ငွေတောင်ဆည်' တို့ကလည်း ကန္တာရဝတီ၏ ကျက်သရေကို ဆောင်နေကြပေသည်။





ငွေတောင်သူပျိုဖြူ
တဦး၏ ဝတ်စား
ဆင်ယင်ပုံ အသွင်
သဏ္ဌာန် တရပ်........။



လှိုင်ကော် ကျောက်ပြားစက်ရုံထွက် ကုန်ချောပစ္စည်းများ

မြန်အောင်မြို့ မင်းကန်ကြီးကျောင်း
မဟာစည် သာသနာ့ရိပ်သာ

## ဆရာတော် ဦးထေရဝံသ

(မဟာစည်နယ်လှည့်ဓမ္မကထိက - ကမ္မဋ္ဌာနာစရိယ)
ဟောကြားတော်မူသော

# အော့ကြောလန် အမှန်မြင် အလင်းဝင်တရားတော်

## ပဌမ

နမော တဿ ဘဂဝတော အရဟတော သမ္မာသမ္ဗုဒ္ဓဿ

မင်္ဂလာဖျန်းကာ ချမ်းသာပါစေ

ဒုက္ခပတ္တာ စ နိဒ္ဒုက္ခာ၊ ဘယပတ္တာ စ နိဗ္ဘယာ။
သောကပတ္တာ စ နိသ္သောကာ၊ ဟောန္တု သဗ္ဗေပိ ပါဏိနော။ ။

အနက်။ ။ဒုက္ခပတ္တာ စ၊ အတင်းကဲပြီး အညှဉ်းဆဲကြီး ညှဉ်းဆဲလို့ မဆုံးနိုင်ကြတဲ့ ဆင်းရဲကြီး ဆင်းရဲဝုံးသို့ဖြစ်၍ နေကြကုန်သော။ သဗ္ဗေပိ၊ သူငါမကြွင်း ခပင်းဥဿုံ အလုံးစုံလည်း ဖြစ်ကြကုန်သော။ သတ္တာ၊ သတ္တဝါမှန်သမျှ အနန္တတို့သည်။ သတ္တာ၊ သုံးဘုံတွင်း၌ မကင်းဘဝ သတ္တဝ

မှန်သမျှတို့သည်။ နိဒ္ဒုက္ခာစ၊ ဆင်းရဲမှုဟူ၍ မြူအငွေ့မျှ မတွေ့ရဘဲ လူ့ဓလေ့ဓမ္မတာ ချမ်းသာကြကုန်သည်လည်း။ ဟောန္တု၊ ဖြစ်ကြပါစေကုန်သတည်း။ ဟောန္တု၊ အလှူရှင်များ အများစုမှာ၊ တရားနာလာ များစွာသောင်းသောင်း ပရိသတ်အပေါင်းတွေမှာ အိုမှုတွေလဲ ကင်းကြပါစေ၊ နာမှုတွေလဲ ကင်းကြပါစေ၊ သေမှုတွေလဲ ကင်းကြပါစေ၊ ဒုက္ခတွေ အသွယ်သွယ် အပါယ်ဘေးမှ (ဩ....)ကွယ် အေးထွင်းဖောက် ကင်းပျောက် နိုင်ကြပါစေကုန်သတည်း။ (သာဓု--သာဓု—သာဓု)။

ဘယပတ္တာစ၊ ရေဘေး မီးဘေး သူခိုးဘေးနှင့် မင်းဘေး မုန်းဘေး နှလုံးမအေးရအောင် အရှုံးပေးရတဲ့ ဘေးအတန်တန်သို့ ပြေးခံ တိုးဝင်၍ နေကြကုန်သော။ သဗ္ဗေပိ၊ သူငါမကြွင်း ခပင်းဥဿုံ အလုံးစုံလည်း ဖြစ်ကြကုန်သော။ သတ္တာ၊ သတ္တဝါမှန်သမျှ အနန္တတို့သည်။ သတ္တာ၊ သုံးဘုံတွင်း၌ မကင်းဘဝ သတ္တဝါမှန်သမျှတို့သည်။ နိဗ္ဘယာစ၊ ဘေးရန်ဟူ၍ မြူအငွေ့မျှ မတွေ့ရဘဲ လူ့ဓလေ့ဓမ္မတာ ချမ်းသာကြကုန်သည်လည်း။ ဟောန္တု၊ ဖြစ်ကြပါစေကုန်သတည်း။ ဟောန္တု၊ အလှူရှင်များ အများစုတွေမှာ၊ တရားနာလာ များစွာသောင်းသောင်း ပရိသတ်အပေါင်းတွေမှာ ပရမတ်တရားကိုလည်း ထင်ပါစေ၊ ဓာတ်တရားကိုလည်း မြင်ပါစေ၊ မြတ်ဘုရားကိုလည်း ခင်ကာမင်ကာ ရှင်သဒ္ဒါပြာဝေ ဝိဋ္ဌာန်ချွေ နိဗ္ဗာန်ပြေ မဂ်သောင်ကမ်းသို့ (ဩ....)ဖောင်နန်းလှသူး ရှေ့ဦး ဆိုက်ကြပါစေကုန်သတည်း။ (သာဓု—သာဓု—သာဓု)

သောကပတ္တာစ၊ နှလုံးမငြိမ် စိုးရိမ်ပူဆာ ကူပါကယ်ပါ တစာစာနဲ့ အပြာပြာစိုးရိမ်ခြင်းသို့ ရောက်၍ နေကြကုန်သော။ သဗ္ဗေပိ၊ သူငါမကြွင်း ခပင်းဥဿုံ အလုံးစုံလည်း ဖြစ်ကြကုန်သော။ သတ္တာ၊ သတ္တဝါမှန်သမျှ အနန္တတို့သည်။ သတ္တာ၊ သုံးဘုံတွင်း၌ မကင်းဘဝ သတ္တဝါမှန်သမျှတို့သည်။ နိဿောကာစ၊ နှလုံးအိမ်ကို ဂမုန်းစိမ်ရေနဲ့ ဖျန်းသကဲ့သို့ အေတွေ့တွေ့လန်းကာ တန်ခိုးအရှိန်လင်းကြပြီး စိုးရိမ်ခြင်းကင်းကြကုန်သည်လည်း။ ဟောန္တု၊ ဖြစ်ကြပါစေကုန်သတည်း။ ဟောန္တု၊ အလှူရှင်များ အများစုတွေမှာ တရားနာလာ များစွာသောင်းသောင်း ပရိသတ်အပေါင်းတွေမှာ မင်္ဂလာဖျန်းကာ လန်းဖြာတာဝေ မင်္ဂလာချွန်းကာ ချမ်းသာပါစေ၊ မင်္ဂလာကျက်သရေ နေ့စဉ်တိုးလို့မို (ဩ....)ယနေ့က စပြီးတော့ ရွှေမိုးငွေမိုး စွေဖြိုးရွာကြပါစေကုန်သတည်း။ (သာဓု—သာဓု—သာဓု)။

ဒီနေ့ည ဘုန်းကြီးဟောမည့် တရားတော်ကတော့ ဒီပရိသတ်ထဲ မှာ နှစ်သက်မည့်သူ ကြိုက်မည့်သူ တယောက်မျှ မရှိတဲ့ "အောင့်ကြောလန် အမှန်မြင် အလင်းဝင်တရားတော်"ကို ဟောမယ်။

ဟုတ်တယ်၊ ဘုန်းကြီး ဒီတရားတော်ကို ဟောတိုင်းဘဲ တရားနာ ပရိသတ်တွေ အူအသည်းလန်အောင် အောင့်ကြရလို့ "အောင့်ကြောလန် ကိုယ်တော်"လို့တောင် ဘုန်းကြီးမှာ အလိုလို အမည်တွင်နေပါတယ်။

ဒါကြောင့် ဒီည တရားနာ ပရိသတ်များက အမည်ပေးထားကြ တဲ့ "အောင့်ကြောလန် တရားတော်"ကို ဟောပါမယ်။ ပရိသတ်တို့....၊ ဘုန်းကြီးဟောမည့် တရားတော်က ဘာတရားတော်တဲ့လဲ။ (အောင့်ကြော လန် တရားတော်ပါဘုရား) ဟဲ...."အောင့်ကြောလန် အမှန်မြင် အလင်း ဝင် တရားတော်"ကို စတင် ဟောကြပါစို့။

နာဟံ ဘိက္ခဝေ လောကေန ဝိဝဒါမိ၊ လောကော ပန ဘိက္ခဝေ မယာ ဝိဝဒတိ။

ဘိက္ခဝေ၊ အထင်အရှား အမြင်သားနဲ့ တမင် မဘာရေး အတင်းကန် ပြီးတော့ ညင်းဆန်ကြငြား အို-ချစ်သားတသီး ချစ်သမီးတို့။ အဟံ၊ သင် တို့ ကိုးစား ငါဘုရားသည်။ လောကေန၊ လောကကြီးနှင့်။ (ဝါ) လူ အပေါင်းနှင့်။ နဝိဝဒါမိ၊ ဝါဒပြိုင်၍ အနိုင်လုကာ မညင်းဆန်ရပါပေ။ ဘိက္ခဝေ၊ ကိုယ်ထင်ရာကိုယ်ပြော ကိုယ့်သဘောနဲ့ နှစ်မြောနေငြား အို ချစ်သားတသီး ချစ်သမီးတို့။ လောကောပန၊ လူအပေါင်းသည်ကား။ မယာ၊ ငါသူရားနှင့်။ ဝိဝဒတိ၊ ဝါဒပြိုင်၍ အနိုင်လုကာ အပြင်းအထန် အတင်းကန်ပြီးတော့ ညင်းဆန်၍သာ နေလေ၏။

မြတ်စွာဘုရားက လောက-ဆိုတဲ့ လူအပေါင်းတွေဟာ ငါဘုရား က အမှန်တွေကို ဟောပြောပြသ ဆိုဆုံးမနေပါလျက်သားနဲ့ ငါဘုရားကို ထန့်ပြင်းစွာ ခံညင်းနေကြတယ်-လို့ မိန့်တော်မူတယ်။

ဘယ့်နှယ်လဲ ပရိသတ်တို့....၊ လောကတွင်း စာရင်းဝင်တဲ့ ပရိသတ် များအနေနဲ့ မြတ်ဘုရားနှင့် ဝါဒချင်းမတူလို့ ဝါဒချင်းပြိုင် အနိုင်လုပြီး အတင်းကန်ကာ ညင်းဆန်နေကြပါသလား။ (မညင်းဆန်ကြပါဘုရား)

ဟုတ်ပါတယ်၊ ပရိသတ်များကတော့ ဒီလို ပြောချင်ကြပေလိမ့် မယ်။ "တပည့်တော် ဘုရားမညင်းလို့သာ တရားသူတင်းကို နားသွင်းပြီး

အရှင်ဘုရားတို့ရဲ့ အနာ ချဉ်းတာပေါ့ဘုရာ့”လို့ ပြောချင်ကြမှာဘဲ။ မှန်ရဲ့လားပရိသတ်များ။ (မှန်ပါတယ် ဘုရား)

ဒီလိုဆိုယင် လောကလူရှင် ပုထုဇဉ်တွေ ညဉ်းသလား မညဉ်းသလား၊ ဘုရားရှင်ကဘဲ ညဉ်းသလား မညဉ်းသလား–ဆိုတာကို ဒီတရားခွင်မှာ တင်ပြီး ရှင်းကြရအောင်နော်။ (မှန်ပါ ရှင်းပေးတော်မူပါမှ တပည့်တော်တို့ အလင်းရကြမှာပါဘုရား)။

တရားအလုံးစုံကို အကုန်အစင် သိမြင်တော်မူတဲ့ မြတ်စွာဘုရားသခင် ကိုယ်တော်မြတ်ကြီးက ကံ-စိတ်-ဥတု-အာဟာရ-ဆိုတဲ့ အကြောင်းတရား လေးပါးတို့က ပေါင်းကာ ပြုပြင် စီရင်တာကြောင့် ဖြစ်ပေါ်ပျောက်ပျက်နေကြတဲ့ ရုပ်နာမ် ခမ္မ သင်္ခါရတွေဟာ အနိစ္စ-ဒုက္ခ-အနတ္တ-အသုဘ-တဲ့။ ဒါက....ဘုရားဝါဒ။

ပုထုဇဉ်လောကသား များသတ္တဝါတွေ ကတော့ အဲဒီသင်္ခါရတရားတွေကို နိစ္စ-သုခ-အတ္တ-သုဘ-တဲ့။ အဲဒါက ပုထုဇဉ်လောကအများသတ္တဝါတွေရဲ့ ဝါဒဘဲ။

မြန်မာလိုပြောရယင် မြတ်စွာဘုရားရှင်က အားလုံးသောသင်္ခါရတရားတွေဟာ “မမြဲ, ဆင်းရဲ, အစိုးလဲမရ, အသုဘ”တဲ့။

ပုထုဇဉ်လောကသားတွေကတော့ “မြဲတယ်, ချမ်းသာတယ်, အတ္တကောင် သတ္တဝါကောင်ရှိတယ်, ချစ်ခင်နှစ်သက်ဘွယ်ကောင်းတယ်”တဲ့။

ဒီလိုဆိုတော့ ဝါဒချင်းတူရဲ့လား၊ (မတူပါဘုရား) မတူဘူးဆိုယင် ဘုရားရှင်နှင့်ပုထုဇဉ်လူသားတွေဟာ ဝါဒချင်းပြိုင်ပြီး ညဉ်းရာမကျဘူးလား၊ (မှန်ပါ....ညဉ်းရာကျနေပါတယ်ဘုရား)။

## သုံးဘထင်မှား အညဉ်းပွားကြတယ်

မြတ်စွာဘုရားနှင့် အများသူငါ ပုထုဇဉ်သတ္တဝါတွေ ဝါဒချင်းမတူကြ လို့ ဘုရားရှင်ကိုညဉ်းရာကျနေပုံကို သိသာထင်ရှားအောင် ဘုန်းကြီးက တရားပလ္လင်ထက်က နေပြီး တရားခွင်တင်ပြီး ပြပါဦးမယ်၊ (ပြတော်မူပါဘုရား)။

အများထင်သာမြင်သာအောင်ပြောရယင် ငါသူတပါးယောကျ်ား, မိန်းမ ပုဂ္ဂိုလ်သတ္တဝါရယ်လို့ အများပြောနေကြတဲ့ သူငါတိုင်းမှာ ရှိနေကြတဲ့ကိုယ်ကာယတွေဟာ မစင်မကြယ် ရွံစဖွယ်ကောင်းလှတဲ့ အသုဘ-လို့ မြတ်စွာဘုရားကဟောတယ်။

ကိုယ်ကာယမှန်သမျှ အသုဘ-လို့ ဘယ်သူကဟောပါသလဲ ဒကာ သိန်းရဲ့ (မြတ်စွာဘုရားက ဟောတော်မူတာပါဘုရား)။

ဒီလိုဆိုယင် ဘုရားရှင်ရဲ့ဝါဒက အသုဘ-ပေါ့၊ (မှန်ပါဘုရား)။

ဘုရားနှင့်ညင်းသူ ပုထုဇဉ်လူသားတွေက ဘာဝါဒပါလိမ့်၊(သုဘ ဝါဒပါဘုရား)။

ဒကာသိန်းကကော ဘာဝါဒလဲ၊ (အသုဘဝါဒပါဘုရား) ဒီ တရားနာပရိသတ်အလယ်မှာ ဒကာသိန်းကြွားနေပြီထင်တယ်၊ (မကြွား ပါဘုရား)။

ဒီလိုဆိုယင် ဒကာသိန်းအိမ်ကမြေးကလေးကို ဂျိုင်းကြားနှစ်ဖက် ကကိုင်မြှောက်ပြီး ကလေးဝမ်းဗိုက်ကို "ဗူးဗူး....ဗူးဗူး နဲ့ မွှတ်ဘူးသလား၊ မမွှတ်ဖူးဘူးလား၊ (မွှတ်ဘူးပါတယ်ဘုရား)။

အဲဒီလို မြေးကလေးရဲ့ဝမ်းဗိုက်ကိုဗူးမွှတ်တာဟာ ဒကာသိန်းအနေ နဲ့ ရွံလို့လား၊ မရွံလို့လား၊ (မရွံလို့ပါဘုရား)။

သုဘထင်လို့ မရွံတာလား၊ အသုဘထင်လို့မရွံတာလား၊ (သုဘ ထင်လို့ပါဘုရား)။

ဒါဖြင့် ဒကာသိန်း ဘုရားနှင့်ညင်းသလား၊ မညင်းဘူးလား၊ (မှန် ပါ ဒီလိုဆိုတော့ ညင်းရာကျနေပါတယ်ဘုရား)။ အများ သူငါတွေက ငါ့ကိုယ်သူ့ကိုယ် ထိုထိုကာယတွေကို သုဘ-လို့ ထင်မှား နေကြတယ်ဆို တာ သဘောပေါက်ပြီနော်၊ (သဘောပေါက်ပါပြီဘုရား)။

ဒါကြောင့် မြတ်စွာဘုရားက "ရဟန်းတို့၊ ငါဘုရားဟာ လော ကသားအပေါင်းနှင့် အညင်းမပွားပေ၊ ရဟန်းတို့၊ အမှန်ကတော့ လော ကသား အပေါင်းကသာ ငါဘုရားနှင့် အညင်းပွားနေတယ်" လို့ မိန့် တော်မူတာဘဲ။

ဟုတ်တယ်၊ လောကလူသားတွေက ဘုရားဟောကြားတော် မူတဲ့ ကိုယ်ကာယမှန်သမျှ အသုဘ-ကို သုဘ-လို့ အညင်းပွားနေကြတယ်၊သူတို့ လုပ်ပုံကိုကြည့်ပါဦး၊ မှန်တင်ခုံနားရောက်ယင် ကိုယ့်ပုံကို စောင်းကြည့်၊ ငဲ့ကြည့်၊ မဲ့ကြည့်၊ ရွဲ့ကြည့်၊ ပြုံးကြည့်၊ မျက်စိလေး ဒေါင့်ကပ်ကြည့်၊ ပခုံး လေး လှုပ်ကြည့်၊ ခါးလေးတွန့်ကြည့်၊ လိမ်ကြည့်နဲ့ ကြည့်လိုက်ကြတာ၊ ကျားကျား,မမ,ကိုယ်သဘောကျသလို ဟန်ပန်မူယာအမျိုးမျိုးလုပ်ကြည့် ကြတယ်။ အဲဒါဟာ ကိုယ့်ကိုယ်ကို ချောတယ် တင့်တယ်တယ်-ထင်လို့

ချောချင်လှချင် တင့်တယ်ချင်ကြလို့ ပါဘဲ၊ ဝတ်စားဆင်ယင် ပြင်ဆင်လိုက်ကြတာကလဲ မမောနိုင် မပန်းနိုင်ကြဘူးတဲ့၊ ခါတ်ပုံ အမျိုးမျိုးတွေကို ရိုက်လိုက်ကြရတာကလဲ ပြီးနိုင်တယ် မရှိကြဘူးတဲ့၊ ဒါဟာ သာယာနှစ်သက်ဖွယ် တင့်တယ်တယ် ထင်ကြလို့ပါဘဲ။

## ငါသူ မဟုတ် စက်ဆုပ်ဖွယ်ရာ ဤကိုယ်ပါ

ဗုဒ္ဓမြတ်စွာဘုရားရှင် ကိုယ်တော်ကတော့ မဟာသတိပဋ္ဌာနသုတ်၊ ပဋိကူလမနသိကာရ ပဗ္ဗမှာ ဤကိုယ်ကာယကို အသုဘ- ကို အမှန်အတိုင်း သိစေချင်တော်မူလှတာမို့ ဒီလိုဟောကြားတော်မူထားပါတယ်။

## ၃၂-ကောဋ္ဌာသ ပါဠိ

ပုန စ ပရံ ဘိက္ခဝေ ဘိက္ခု ဣမမေဝ ကာယံ ဥဒ္ဓံ ပါဒတလာ အဓော ကေသမတ္ထကာ တစပရိယန္တံ ပူရံ နာနပ္ပကာရဿ အသုစိနော ပစ္စဝေက္ခတိ အတ္ထိ ဣမသ္မိံ ကာယေ ကေသာ လောမာ နခါ ဒန္တာ တစော၊ မံသံ နှာရု အဋ္ဌိ အဋ္ဌိမိဉ္ဇံ ဝက္ကံ၊ ဟဒယံ ယကနံ ကိလောမကံ ပိဟကံ ပပ္ဖါသံ၊ အန္တံ အန္တဂုဏံ ဥဒရိယံ ကရီသံ မတ္ထလုင်္ဂံ၊ ပိတ္တံ သေမှံ ပုဗ္ဗော လောဟိတံ သေဒေါ မေဒေါ၊ အဿုဝသာ ခေဠော သိင်္ဃာနိကာ လသိကာ မုတ္တန္တိ။

## ၃၂-ကောဋ္ဌာသ မြန်မာပြန်

ရဟန်းတို့၊ တဖန်လည်း၊ တပါးသောရှုပုံကား— တရားအလုပ်အားထုတ်သောရဟန်း (ရှင်လူယောဂီ) ဟာ အောက် ခြေ ဖဝါး ပြင် မှ အထက်၊ အထက်ဆံပင်ဖျားမှ အောက်၊ အရေပတ်ဝန်းကျင် အားဖြင့် အရေပြားအဆုံးရှိတဲ့ အမျိုးမျိုးသော ရွံရှာဖွယ်တို့ဖြင့် ပြည့်လျက်ရှိတဲ့ ရုပ်အပေါင်း ဤကိုယ်ကြီးကို စူးစူးစိုက်စိုက် ကြည့်ပါတယ်=တဲ့။

အဲဒီလို စူးစိုက်ကြည့်တော့ ယောဂီရဲ့ ဒီကိုယ်ကြီးထဲမှာ ရှိကြတဲ့ အရာဝတ္ထုများကိုတွေ့ရတယ်၊ ဘာတွေလဲဆိုယင်.... ဆံပင်, မွေးညင်း, လက်သည်း, ခြေသည်း, သွား, အရေများကိုလည်း တွေ့ရတယ်။

အသား, အကြော, အရိုး, ရိုးတွင်းခြင်ဆီ, အညို့များကိုလဲ တွေ့ရတယ်။ နှလုံး, အသည်း, အမြှေး, အဖျဉ်း, အဆုတ်, များကိုလည်း တွေ့ရတယ်။ အူမ, အူသိမ်, အစာသစ်, အစာဟောင်း, ကျင်ကြီး ဦးနှောက်များကိုလည်း တွေ့ရတယ်။

သည်းခြေ, သလိပ်,ပြည်ပုပ်,သွေး,ချွေး, အဆီခဲများကိုလဲ တွေ့ရတယ်။

မျက်ရည်, ဆီကြည်, တံတွေး, နှပ်, အစေး ကျင်ငယ်များကိုလဲ တွေ့ရတယ်။

မိမိရဲ့ ဒီကိုယ်ကြီးထဲမှာ ဒီရွံ့ရှာဖွယ်များသာ ရှိကြတယ်လို့ စူးစိုက်ဆင်ခြင်သိမြင်ကြတယ်။ ဒါဟာ မြတ်စွာဘုရား ဟောကြားတော်မူတဲ့ ဒေသနာတော်ဘဲ။

တရားနာပရိသတ်များအား ဘုန်းကြီးက သိသာထင်ရှားအောင် ရှင်းပြပါဦးမယ်၊ အမှန်ကတော့ ဒကာဒကာမတို့ ဘုန်းကြီးတို့ရဲ့ခန္ဓာကိုယ်ကြီးထဲမှာ တကယ်ရှိတာကဲ ခုပြောခဲ့တဲ့ဘုရားဟော ၃၂-ကောဋ္ဌာသဘဲ ရှိပါတယ်။

ဟောဒီ ၃၂-ပါးထဲမှာ လှတယ်ထင်လောက်, နှစ်သစ်စွဲမက်လောက်တဲ့ အရာဝတ္ထုဘာယ်နှစ်ခုလောက်ပါသလဲ ဒကာသိန်း၊ (တခုမှ မပါပါဘုရား)။

## သုဘထင်စရာ လှည့်စားပြုပြင်နိုင်တာ ငါးခုသာ

ဟုတ်တယ်၊ တခုမှ မပါဘူး၊ ဒါပေမဲ့ ဒီကိုယ်ကြီးကို လှပါတယ်-လို့ အထင်ကြီးအောင် အမှန်းတင်ချယ်သ, လှည့်စားလို့ ရနိုင်တာဟာ ငါးခုလောက်တော့ရှိတယ်၊ ဘာတွေလဲဆိုယင် ဆံပင်, မွေးညှင်း, ခြေသည်းလက်သည်း, သွား, အရေပါး- ဆိုတဲ့ ငါးမျိုးဘဲ။

ဒီငါးခုရဲ့ ဟိုဖက် ဆက်ကြည့်လိုက်ယင် အသား,အကြော,အရိုး, ရိုးတွင်းခြင်ဆီ- စတဲ့ အရာဋ္ဌာနအားလုံး ဘာတခုမျှ ပြုပြင်လို့ ရနိုင်တာ မရှိဘူး၊ လူတကိုယ်လုံးမှာ လှတယ်ထင်အောင် ပြုပြင်လှည့်စား နိုင်တာဟာ ငါးခုထဲသာရှိတယ်။

ပုထုဇဉ်လူသားတွေကလဲ လှတယ်ထင်အောင် ပြုပြင်လို့ရနိုင်သမျှတော့ ဘာမျှမကျန်ဘူး၊ အိတ်သွန်ဖာမှောက် ဖြစ်နိုင်သမျှ အဆန်းထွင် အမှန်းတင် နေကြတာဘဲ။

## လှတယ်ထင်လို့ ဆံပင်ပြုပြင်ကြပုံ

ဆံပင်ပြုပြင်ပုံများကိုကြည့်ကြစမ်းပါဦး၊ အမျိုးမျိုးဘဲ၊ သူတို့ပုံစံတွေကို နာမည်မသိလို့ တပည့်တယောက်ကိုမေးကြည့်တယ်၊ဘီးစပတ်-တဲ့၊

အမောက်-တဲ့၊ ဆံတောက်-တဲ့၊ စုပ်ဖွား့လေယူရာတိမ်း-တဲ့၊ ဖွတ်မြီး့မိတ်ခေါက်, ဆံတွန့်,ဘီးဟိုက်,ဂုတ်ဝဲ-တဲ့။ ပြီးတော့ ဘာဆိုလား၊ မျှားလိုက်တာ အကုန်မသိပါဘူး၊ တချို့ပုံစံတွေကလဲ ဘယ်လိုလုပ်ထားမှန်း မသိပါဘူး၊ အနှန်းသီးကြီး ဖြတ်ပိုင်းဆောင်းထားတာလိုဘဲ၊ ဆံထိုး ဆံညှပ်တွေနဲ့ အမျိုးမျိုး ထိုးညှပ်ကပ်ထားတာ ကြပ်နေတာဘဲ၊ဒကာတယောက်ကပြောတယ်၊ "ခေါင်းထဲက သန်းမ တောင်မှ အချုပ်ထဲရောက်ပြီး အညောင်းမိလို့ မီးယပ်ပိန်မီးယပ်ခြောက် ဖြစ်ပြီး သေရှာရတယ်"တဲ့။ အဲဒါတွေဟာ လှတယ်ထင်လို့ လုပ်ကြတာလား၊ ဒကာသိန်းရ၊ (လှတယ်ထင်လို့ လုပ်ကြတာပါဘုရား)။

ဒါဖြင့် အသုဘထင်တာလား၊ သုဘထင်တာလား၊ (သုဘထင်တာပါဘုရား)။ ဒီလိုဆိုယင် ဘုရားရှင်ကို ညင်းနေကြပြီနော်၊သတိထားကြ၊ (မှန်ပါ သတိထားကြရမှာပါဘုရား)။

အမျိုးသမီးတွေသာ ဒီလို အလှတပြင်ပြင်နဲ့ လှချင်ကြတာမဟုတ်သေးဘူး၊ အမျိုးသားတွေဖက်ကလဲ ဒီလိုဘဲ အလှပြင်ကြ၊ လှချင်ကြတာဘဲ၊ ရောင်ကြီးငွေ့တဲ့၊ ကတုံးဆံတောက်တဲ့၊ ဘဲမြီး့နောက်ပါး့နောက်တွဲ့ တောခို့ပုံကြီး့ဂုတ်ဖြတ့်ဂုတ်ဝဲ့စုပ်ဖွား-စသည်ဖြင့် အမျိုးမျိုးပါဘဲ၊ ဒါတွေဟာ လှတယ်ထင်လို့ လုပ်နေကြတာလား၊ မလှဲ့သာလို့ လုပ်နေကြတာလား၊ (လှတယ်ထင်လို့ပါဘုရား)။

ဩော်....ဒီလိုဆိုယင် ဘုရားရှင်က အသုဘ-လို့ ဟောထားတာကို အရွဲ့တိုက်ပြီး ပြုပြင်နေကြသလိုဖြစ်နေပြီ၊ ဒီလိုသာဆိုယင် မှားကုန်ကြမယ်နော်၊ သတိကားကြ၊ (မှန်ပါ သတိထားကြရမှာပါ ဘုရား)။

## ခေတ်ပြောင်းရုံနဲ့ အလှပျက်တယ်

ကဲ....ဒီလိုဆိုယင် ပုထုဇဉ်လူသားတွေရဲအထင်ကိုဘဲ ခေတ်နဲ့ ပိုင်းခြားပြီး စဉ်းစားကြည့်ကြဦးစို့၊ ဟိုရှေးက လှတယ်ထင်ခဲ့ကြတဲ့ ဘီးဆံပတ်ကြီးတွေ၊ ဆံတောက်ကောက်ကြီးတွေကို ယနေ့ခေတ်မျက်လုံးများနဲ့ ကြည့်ကြစမ်းပါ၊ လှသေးလား၊ (မလှတော့ပါဘူးဘုရား)။

ကဲ-တခါ ဒီကနေ့ ဂုတ်ဝဲ့ ဂုတ်ဘောက်, စုပ်ဖွားဆိုတာတွေကိုလဲ ဖိုးဖိုးကြီးတို့၊ ဖွားဖွားကြီးတို့ရဲ မျက်စိတွေနဲ့ အကြည့်ခိုင်းစမ်းပါ၊ လှတယ်လို့ ပြောမလား၊ မလှဘူးလို့ပြောမလား၊ (ပန်းချီကားထဲက တစ္ဆေ့

သူရဲနှင့်တူတယ်လို့တောင် ပြောကြပါလိမ့်မယ်ဘုရား)။ ဒီလိုဆိုယင် မလှဘူးပေါ့၊ (မှန်ပါဘုရား)။

ဩော်....ဒါဖြင့် လှတယ်ဆိုတာ ကိုယ်ကြိုက်လို့သာ လှနေတာပါလား၊ ကြိုက်တယ်ဆိုတာလဲ အများသမုတ်လို့ အဟုတ်မှတ်ပြီး ကြိုက်နေကြတာပါလား၊ ခေတ်ရေစီးကြောင်းပြောင်းသလို အထင်အမြင်တွေလဲ လိုက်ပြောင်းပြီး လှတယ်ထင်နေကြတာကိုး၊ တကယ်သာ လှရိုးမှန်ယင် ဘယ်ခေတ်ရောက်ရောက်၊ ဘယ်ချက်စိန့်ကြည့်ကြည့်၊ လှကိုလှနေမှာပေါ့၊ မဟုတ်မဟပ် အပုပ်ခွက်ကို လုပ်ဇာတ်ခင်းပြီး လှကြည့်၊ယဉ်ကြည့်၊ချောကြည့် ကြည့်နေကြတာကိုး၊ အပုပ်ကောင်ကြီးကို ရုပ်ဆောင်ပြီးတော့ ဟုတ်ယောင်တနည်း ကင်မှားနေကြတယ်၊ အထောင်မှား အမြင်မှား၊ အမှတ်မှားနေကြတာဘဲ၊ အမှန်ကတော့ မတင့်တယ် မဖွယ်ရာ မလှပ အသုဘချည်းပါဘဲ။

## လှတယ်ထင်လို့ မွေညှင်းပြုပြင်ပုံ

ဒကာသိန်း ဆံပင်ပြီးတော့ (မွေးညှင်းပါဘုရား)။ အေးဟုတ်ပြီ၊ အဲဒီမွေးညှင်းလေးတွေဆိုတဲ့ မျက်ခုံးမျက်တောင် နှုတ်ခမ်းမွေးလေးတွေကိုလဲဘဲ ပြင်လိုက်ရတာ ခုနပြောပါနဲ့ခေတ္တ၊ အများက (၇·ပင်တန်းလေမှလှတယ်လို့ သမုတ်ယင် နှုတ်ချင်လာတယ်၊ ဇာဂနာလေး တပြင်ပြင်နဲ့ အမဲရောင်နဲ့ယင်လဲဆွဲဘို့ တရှုံရှုံခြစ်ရတဲ့ မီးခြစ်၊ ဆေးလိပ်မသောက်တတ်ဘဲနဲ့ ခရီးသွားအိတ်ထဲမှာ မှန်နဲ့မီးခြစ် မရှိမဖြစ်ဘူး၊ မျက်ခုံးမွေး ချွေးနောက်မျောပါယင် ချက်ချင်းပြန်ဆွဲရမှာကိုး၊ ဒါက ရှေးတုန်းက ရှေးတုန်းက....။

ခုခေတ်တော့ သိပ္ပံပညာတွေက တပ်ပေးနေတာဆိုတော့ ချွေးမစားနိုင်ပါဘူး၊ မင်းသားကညီး နှုတ်ခမ်းမွေးထားဟောလှတယ် ထင်ကြတာနဲ့ လှတယ်လို့ အများကသမုတ်ကြတာနဲ့ လုပ်လိုက်ကြတာ တချို့ဘုန်းကြီးတောင် မလွတ်ဘူး၊ ဒါတွေဟာ လှတယ်ထင်လို့ လုပ်နေကြတာတွေလား၊ မလှဘူးထင်လို့ လုပ်နေကြတာတွေလား၊ (လှတယ်ထင်လို့ပါဘုရား)။

ဒါဖြင့် သုဘထင်နေကြတာပေါ့နော်၊ (မှန်ပါ)။ ဘုရားကတော့ ဘာတဲ့လဲ၊ (အသုဘပါဘုရား)။ ဒါဘုရားကို ညင်းရုံသာမက ဆန့်ပြုနေကြတာ၊ မှန်ရဲ့လား ပရိသတ်ကြီးများ၊ (မှန်ပါဘုရား)။

## လှတယ်ထင်လို့ ခြေသည်းလက်သည်း ပြုပြင်ကြပုံ

ဒကာသိန်း မေးညွှန်းပြီးတော့ (ခြေသည်းလက်သည်းပါဘုရား)

အေး အဲဒီခြေသည်းလက်သည်းကို ဘယ်ရောင်ကလေးမှ လှတယ်လို့ အများက သမုတ်ပါလိမ့်၊ (နီနီကလေးနေမှ လှတယ်လို့ သမုတ်ပါတယ်ဘုရား)။ အေး-ဟုတ်ပြီ၊ အဲဒီတော့ ဘယ်လိုလုပ်ကြလဲ၊ (နီအောင် ဆေးဆိုးကြပါတယ်ဘုရား)။

ဪ....မဲမဲလေးမှ လှတယ်လို့ အများကသမုတ်ယင် မဲ့အောင် ဆေးဆိုးကြအုံးမှာဘဲ၊ ဟုတ်ပြီလား၊ (ဟုတ်ပါတယ်ဘုရား)။ အမလေး မဲမဲကိုဆေးဆိုးရဘာ အားမရသေးလို့ ဘယ်သူ့ကိုမျှားသွားအတုယူကြလဲ မပြောတတ်ဘူး၊ ကြောင်အတု ယူသလား၊ ကြက်အတု ယူသလားလဲ မပြောတတ်ဘူး၊ လက်သည်း ရှည်ကြီး တွေနဲ့ ကဝေမ ကျနေတာဘဲ၊ ထားလိုက်ကြတာ တယောက်နဲ့တယောက် ရန်ဖြစ်ယင်တော့ စုန်းမသရဲ မကြီးများလို ကုတ်လိုက်ဖွဲ့လိုက်မဲ့ အမျိုး ဘာပြောစရာ ကောင်းမလဲ၊ ကျားသစ်မနဲ့တွေ့တာထက် ဆိုးသွားမယ်၊ လက်သည်းကြီးတွေ နဂိုကမှ ရွံစရာ ကြောက်စရာကောင်းဖုတ်အထဲ လက်သည်းကြားထဲ ချေးတွေ ဘာဘာညာညာတွေ ဝင်ချင်လဲဝင်နေမှာပေါ့၊ ဒီလက်သည်းကြီးနဲ့ ဆိပ်မွှစား၊ ကိုင်တွယ်စားနဲ့ မလှမဲ့ အပြင် ရွံစရာကောင် တော်တော်ကောင်း ပါတယ်၊ ပရိသတ်များ ဟုတ်ပါရဲ့လား၊ (ဟုတ်ပါတယ်ဘုရား)။

လက်သည်းရှည်လို့သာ လှယင် ဟိုအကောင်လေးတွေ လက် ၂ ချောင်း ထောင်တောင်ပြီး၊ ကြည့်နေပါလား၊ သိပ်လှမှာပေါ့၊သဘော ပေါက်ရဲ့လား၊ (ပေါက်ပါတယ်ဘုရား) အေး အဲဒါဖြင့် လက်သည်း ရှည်ဒါမလှပါ၊ ရွံစရာလွန်စွာ ကောင်းနေတယ်။

## လှတယ်ထင်လို့ သွား ပြုပြင်ကြတယ်

ဒကာသိန်း နို့ပြီးတော့ ဘာပါလိမ့်(သွားပါဘုရား)အဲဒီသွားကို လဲ လှတယ်ထင်လို့ ရွှေသွားတဲ့၊ လုပ်ကြသေးတယ်၊ ရှေးတုန်းက ရွှေသွား တပ်ရတာကလဲ မလွယ်ပါဘူး။ သူတပါးလက်နဲ့ ကိုင်ဘို့မဆိုထားနဲ့၊ တည့်တည့်ကြည့် စိမ်းစိမ်းကြည့်တာတောင် မခံနိုင်တဲ့ ဒီမျက်နှာပေါ်က ပါးစပ်ထဲနေတဲ့သွားကို လှစေချင်လွန်းလို့ ကိုင်ရိုတင်မကာ ါဘူး၊ ပါးစပ် ဒေါက်ထောက်-ကျောက်ကြီးနဲ့စား၊ ဟိုနှိုက်၊ ဒီနှိုက်၊ ပါးကိုင် နားကိုင် ဒီမျက်နှာကို ထင်သလိုလုပ်တာ ခံနေရတာ သုဘ လှတယ်ထင်မိတာ

လေးနဲ့ တော်တော် နှိပ်စက်ခံရတာ၊ အကင်မှားကြောင့် ခံနေရတာ (ပရိသတ်တို့ မှန်ရဲ့လား) (မှန်ပါ့ဘုရား) တကယ်လှတာကော ဟုတ်ရဲ့လား၊ အများကသမုတ်လို့ အဟုတ်မှတ်နေကြတာမို့လား၊ (ဟုတ်ပါ့ဘုရား)။

## လှတယ်ထင်လို့ အရေ အဆင်း ပြုပြင်ကြတယ်

ဒကာသိန်း ပီးတော့ ဘာပါလိမ့် (အရေထူ အရေးပါးပါဘုရား) အေး ဟုတ်ပီ၊ ဒီအရေထူအရေပါးလေးကိုလဲ မွန်းမံပြုပြင်ပြီး သုဘာထင်နေကြတယ်၊ ရှေးကတော့ ထိယင် ပဲ့ကျေ ကျများသွားလေမလားထင်ရလောက်အောင် ဖွေးနု ရှုနေအောင်-မှုန်းကြ၊ ချယ်ကြ၊ သကြတယ်။ ခေတ်ရေစီးကြောင်းအတိုင်း လိုက်ရသကိုး၊နောက်တခေတ်ကျပြန်တော့လဲ သွေးဥရေကလေးများ အရောင် သန်းနေတယ် ထင်ရလောက်အောင် ချယ်ရတယ်၊ မှုန်းကြတယ်၊ ဒီနောက် တခေတ်ရောက်လာပြန်တော့ အမဲအမှတ်ပါသူများက-သနပ်ခါး ပြစ်ပြစ်ကလေးနဲ့ဖုံးဖိထားတာ (သနပ်ခါးဘဲကြား အသဲယားအောင်ပင်သာ) ဆိုတဲ့ စကားက ပေါ်လာပြန်တော့ တုကြ၊ ပကြ၊ အများက သမုတ်တော့ အဟုတ်မှတ်ပြီး သနပ်ခါးဘဲကြား လုပ်ကြပြန်တယ်။ ဒီနောက်မှာ ဘီးကဲ့လေးနဲ့ဆွဲထား၊ ဒီနောက်မှာ သစ်ရွက်ကလေးကပ်ထားသလို လုပ်လိုလုပ်၊ ပန်းရဲ့ ပွင့်ချပ်လွှာလေး ကပ်ထားသလို လုပ်လိုလုပ်၊ အများက လှတယ်လို့ သမုတ်ယင် ဟုတ်လှပြီလို့ထင်လို့ လုပ်ကြတာဘဲ၊ ဟုတ်ပါရဲ့လား (ဟုတ်ပါတယ် ဘုရား)တကယ်တော့ ရှေးက ပြုပြင် ချယ်သမှုတွေဟာ ခုမျက်စိနဲ့ကြည့်ယင် ရယ်စရာကြီးလို့တောင် မြင်နေကြမယ်။

## ရဟန်း ရှင် လူ-ကျွား မ ချင်းပင် ခွဲမရတဲ့ ခေတ်အလှတဲ့

ယခုခေတ် ပြုပြင်မှုတွေကိုလဲ ယခုမျက်စိနဲ့ကြည့်လို့ လှတယ် ထင်သလောက် ရှေးမျက်စိနဲ့ ကြည့်တဲ့အခါကျတော့ အလွန် မျက်စိနောက်တယ်။

ဝတ်စားဆင်ယင်မှုတွေလဲ ကြည့်လေ့၊ မိန်းမထမိနဲ့ ယောကျ်ားအင်္ကျီနဲ့ခွဲမရ၊ အဆင်ချင်းက တူနေတာကိုး။

မိန်းမဘော်လီစုပ်နဲ့၊ ယောကျ်ားဦးထုပ်ရေထား၊ ရွေးမရဘူးတဲ့၊ သူလဲ ချုပ်လုပ်ပုံချင်းစာ တူနေတာကိုး။

ယောကျ်ားအင်္ကျီနဲ့၊ မိန်းမအင်္ကျီအတူထား၊ ဘယ်သူကဘယ်ဟာ ကောက်ဝတ်ဝတ်၊ အမှားမရှိဘူးတဲ့၊ သူလဲပုံစံချင်းက တူနေရတာကိုး။ ဆံကြိုးဆိုလဲ ဆံကြိုးချင်း၊ ပါးကွက်ပါးကွက်ချင်း၊ ဂုတ်ဝဲ စုပ်ဖွား အားလုံး အခွဲရတော်တော်ခက်နေပါပြီ။ ဟုတ်ရဲ့လား ဒကာသိန်း(ဟုတ်ရဲ့ဘယ်ကမလဲ ဒါ့ထက်သာသေးတယ် ဘုရား)။

## လှချင်လွန်းတော့ ဘုန်းကြီးနဲ့မိန်းမ ခွဲမရလို့ ပြဿနာဖြစ်

ဟုတ်တယ် ဘုန်းကြီးနဲ့မိန်းမ ခွဲမရတဲ့အခါတောင် ရှိသေးတယ်တဲ့၊ ဖက်ရှင်ဆိုလား ဝမ်းဆက်ဆိုလား ဝတ်ထားကြလို့တဲ့။

တွေးမိလို့ပြောရဦးမယ်၊ အိမ်တအိမ်က အိမ်တက်ပရိတ်ရွတ် ဆွမ်းကျွေးအလှူလှူကြတယ်၊ ဘုန်းကြီးများကြွတဲ့အချိန်ကျတော့၊ အမျိုးသမီးတယောက်က ဖက်ရှင်ဝမ်းဆက်နဲ့ ပုလိမ်ထီးဆောင်းလာတာကိုး၊ အလှူအိမ်ရောက်နှင့်တဲ့ပရိသတ်က ဘုန်းကြီးများ လာလိမ့် လာလိမ့်နဲ့ အဝေးလှမ်းမျှော်နေဒါ၊ ဝါဂါမြင်ကာနဲ့ မြင်လျှင် မြင်ချင်း ဝါဝါဆိုတော့ ဘုန်းကြီးကြွပြီအထင်နဲ့၊ ဟော့ ဘုန်းကြီးကြွလာဘီ-ကြွလာဘီနဲ့၊ ပြောကြတော့ သက်ထိုင်သူသူမ်းဒါယကာများက ခြေသုတ်ရန် ခေါင်းကတဘက်ကလေးဖြန့်ခင်းပြီး စောင့်နေဟယ်။ ခြေသုတ်မဲ့ဒကာကလဲ ဘုန်းကြီးကို ရိုသေကြောက်ရွံ့တဲ့အနေနဲ့ ခေါင်းငုံ့နေတယ်၊ အမျိုးသမီးကလဲ ကိုယ်ဟန်အလှပြပြီး အိမ်ပေါ်က ပရိသတ်ကိုအကဲခပ်ယင်း ထီးကလေးရှုံ့ကာတက်လာ၊ ဘာပြောကောင်းမလဲ၊ ခြေထောက်ဆွဲသုတ်တော့ဒါပေါ့၊ အမျိုးသမီးက သူ့ ဆွဲတယ်ထင်ပြီး လန့်အော်လိုက်တာ "အမလေး လာကြပါတော်၊ လာကြပါ၊ လာကြပါ၊ ကျမအတင်းဆွဲနေလို့" အော်သတဲ့။ အင်း ဘုန်းကြီးခြေသုတ်ဒါ ကံကောင်းလို့ ဗလက်ကာယ်မှုနဲ့ အဖမ်းခံရမလို့ပေါ့။

## ယောကျ်ားနဲ့မိန်းမ ခွဲမရဘူး

ခက်လိုက်တာ ယောကျ်ား မိန်းမ၊ နောက်ကနေကြည့် မသိတာကများတယ်၊ ယောကျ်ားကလဲ မိန်းမဟန်ယူ၊ တူတော့ မိန်းမရှာနဲ့တူ။ မိန်းမကလဲ ယောကျ်ားဟန်ယူ တူတော့ ယောကျ်ားရှာနဲ့တူ။ အခုတော့ အားလုံး နပုံးလိင်ဇာတ်ခင်းကုန်ပီ၊ ကဲ ဒကာသိန်း မျက်စိထဲ လှသေးလား(မလှပါဘုရား) သူတို့ရဲ့ အထင်ကတော့ (လှနေပါတယ် ဘုရား) ဒါဖြင့် တကယ်လှတာလား၊ အထင်လား(အထင်ပါဘုရား) ဟုတ်တယ်၊

အများကသမုတ်လို့ အဟုတ်မှတ် လုပ်ဇာတ်တွေ ခင်းနေကြတာ၊ သုဘ ထင်ပြီး ခင်မင်နေကြတာ။ သမ္မဇဉ်-ဉာဏ်ယှဉ်ပီး အမှန်မြင်အောင် သတိနဲ့ မကြည့်ကြလို့၊ ကြည့်လို့သိယင် မထိချင်အောင် ရွံရှာဆက်ဆုပ် လာလိမ့် မယ်၊ မှန်ရဲ့လား (မှန်ပါတယ် ဘုရား)။

## လှတယ်ထင်ပေမဲ့ ဆေးဖော်မစားနိုင်ဘူး

ကဲ ဒကာသိန်း၊ ဒီလိုလေးကြည့်ရအောင် (ကြည့်ပါ ဘုရား)သူတို့ အထင်ကြီးပြီး ပြင်ကြဆင်ကြ တမင်သ,နေကြတဲ့ လှတဲ့ ဆံပင်ကလေး တွေဖြတ်ပြီး လက်တွင်းတဆုပ်လောက်ယူထား၊ ဒကာသိန်း ယူထားပြီး ပြီလား(ယူထားပြီးပါပြီ ဘုရား) အသက်ရှည်၊ အနာကင်း၊ အဆင်းလှ တဲ့ဆေး၊ ဒကာသိန်းအတွက် ဖော်ရအောင်လို့ (မှန်ပါဘုရား)။

မွေးညှင်းခေါ်တဲ့ မျက်ခုံးမွေး၊ နှုတ်ခမ်းမွေးကလေးတွေ ကိုလဲ နှုတ်ရသမျှ စုထား(ထားပြီးပါပြီ ဘုရား)။

ခြေသဲ လက်သဲတွေကိုလဲ လှီးသမျှ ဖြတ်သမျှ ချွန်းသမျှ သွေး သမျှ ဘေးမကျအောင် ရှိရှိသေသေ စုယူထား (ထားပြီးပါပြီ ဘုရား) အရေခွန်အရေပေါ်တွေလဲ ရသမျှ အနာဖေးမှမကျန် ခွာယူထား (ထား ပြီးပါပြီ ဘုရား) (ဘယ်နှစ်မျိုးတုံး) (၅ မျိုးပါ ဘုရား) အဲဒီ ၅ မျိုး ဟာ မိမိတို့ကိုယ်မှာ အမှန်အမြတ်ရယ်လို့ အရေးထားကာ လေးလေး စားစားနဲ့ အမွှန်းတင်ပြီး လူတကာပြ၊ အကြိုက် အလွန် များတယ်၊ မဟုတ်လား(ဟုတ်ပါတယ် ဘုရား) လူတကာကြိုက်တဲ့ ဒီ ၅ ပါးကို အမှုန့် ကြိတ်ရေစပ် ပျားရည်နဲ့ဖျော်၊ ဒကာသိန်းကြီး ကျွေးမယ်လို့ စားမလား (မစားပါဘုရား) ဘာဖြစ်လို့ (ရွံလို့ပါဘုရား) ရွံစရာကောင်းတာ သုဘ လား၊ အသုဘလား(အသုဘပါဘုရား) ရှင်းရဲ့လား (ရှင်းပါတယ်ဘုရား) အေး-ဒီ ငါးပါးလေးကို အမွှန်းတင် အပြင်က အဝတ်အထည် အမျိုး မျိုး၊ ဆွဲကြိုးဘယက်၊ လောကီရတနာတွေနဲ့ အကုန်ဘွဲ့ဖက်ပြီး၊ ပွဲထွက် နေကြတော့ စွဲမက်ကြတာပေါ့။ စွဲမှာပေါ့၊ အထင်အမြင်တွေက လွဲကုန် တော့တာကိုး၊ အဲဒီလွဲတာဟာ မိစ္ဆာဒိဋ္ဌိဘဲ၊ လွဲဒါ ဘာပါလိမ့် (မိစ္ဆာ ဒိဋ္ဌိပါဘုရား)။

ဘာမိစ္ဆာဒိဋ္ဌိလဲ ဆိုတော့၊ အတ္တလို့စွဲလို့၊ အတ္တဂ္ဂါဟ သက္ကာယ မိစ္ဆာဒိဋ္ဌိခေါ် တမျိုးအတ္တဂ္ဂါဟသက္ကာယဒိဋ္ဌိက ရုပ်အပေါင်းကိုယ်ကို၊ ငါ ကောင်းဟု ထင်လွဲပြီးတော့ စွဲလှမ်းတယ်၊ ဆံပင်ဆိုတာ ငါဘဲ၊ ငါဆိုတာ

လဲ ဆံပင်ဘဲ၊ ဆံပင်ထဲငါရှိတယ်၊ ငါ့ထဲဆံပင်ရှိတယ် ဆိုတဲ့ အနေနဲ့၊ ငါ့ဆံပင်၊ ငါ့မွေးညှင်း၊ ငါ့ခြေသည်း လက်သည်း၊ ငါ့သွား၊ ငါ့အရေထူ အရေပါးလို့ ငါကောင်အနေနဲ့စွဲတော့ မရှုတော့ဘူးပေါ့။

သက္ကာယခေါ်တဲ့ ခန္ဓာကနေ လွတ်သွားတော့၊ ငါကောင်က ပြုတ်ကျ ကျန်ခဲ့တော့တာပေါ့၊ ဒီတော့ ဆံပင်နောက်ကို ငါဆိုတဲ့ အတ္တကောင်လေးဟာ ပါသွားသေးသလား ဒကာသိန်း (မပါသွားပါဘုရား) သေချာစိစိ သတိနဲ့နော်၊ (မှန်ပါဘုရား)နှုတ်လို့ ပြုတ်သွား၊ ဖြတ်လို့ပြတ်သွား၊ ခွာလို့ကွာကျသွားကြတဲ့ မွေးညှင်း၊ ခြေသည်းလက်သည်း၊ သွား၊ အရေထူ အရေးပါးများရဲ့ နောက်ကိုကော ငါပါသွားသေးသလား၊ (မပါသွားပါ ဘုရား) ငါနဲ့ ဆံပင် မွေးညှင်းစသည်တွေဟာ တခြားစီ ဖြစ်သွားတော့၊အတ္တဂ္ဂါဟ သက္ကာယဒိဋ္ဌိတွေဟာ၊ လက်လှမ်း မမှီတော့ ဘူး။ အဲဒီလိုလက်လှမ်းမမှီတော့ သူ့နဂိုအရှိ ပကတိဇာတ်ရုပ်တွေ ပေါ်လာတော့တာပေါ့၊ ဒါလိုပေါ်လာတော့ ရှုကြပြီး စက်ဆုပ်ကြပြီး ရှုရှာစက်ဆုပ်တော့ ဘာဘမို့လား၊ အသုဘမို့လား (အသုဘမို့ပါဘုရား)။

ပရိသတ်ကြီး ခန္ဓာကိုယ်က လွတ်သွားမှ ရှုစရာလား၊ နဂိုက ခန္ဓာကိုယ်မှာထဲက ရှုစရာလား (နဂိုထဲက ရှုစရာပါဘုရား) ဟုတ်တယ်။ ငါ-ဆိုတဲ့ အတ္တလေး ဒါကြည့်ယင် အရှိ အရှိအတိုင်း၊ အဟုတ် အဟုတ် အတိုင်း၊ အမှန် အမှန်အတိုင်း ပေါ်လာတယ်၊ ပေါ်လာတော့ ရှုစရာ အသုဘကြီးဖြစ်နေပြီ မှန်ရဲ့လား၊ ပရိသတ်ကြီးများ(မှန်ပါတယ်ဘုရား)။

## ဒိဋ္ဌိရဲ့ဆရာ ဦးတဏှာ

ဒါဖြင့် ဒကာသိန်း ဘယ်သူဝင် လူလယ်လုပ် ရှုပ်နေဒါလဲ (ဒိဋ္ဌိပါဘုရား) ရှင်းတယ်နော် (ရှင်းပါတယ် ဘုရား)၊ အဲဒီ ဒိဋ္ဌိက သူ့ဆရာ တဏှာလောဘကို တပါတည်း တွဲခေါ်လာတော့ တဏှာက ယောကျ်ားဘဲ-မိန်းမဘဲလို့၊ငါ့ဥစ္စာ၊ငါ့ဟာတွေအနေနဲ့၊ ချစ်ကြခင်ကြ-စွဲလမ်းကြ၊တပ်မက်ကြ-နှစ်သက်ကြနဲ့၊ သံသရာမှာ မျက်စိလည်ပြီး ထွက်ပေါက်ပိတ်ကုန်ကြတယ်၊ မှန်ရဲ့လား ပရိသတ်ကြီးများ၊ (မှန်ပါတယ်ဘုရား) မြင်ပြီနော် မြင်ပါပြီ ဘုရား)။

## မသာအရိပ်ရှိပေမဲ့ တဏှာအဆိပ်မိလို့

အဲဒါကြောင့် ဝိသုဒ္ဓိမဂ်ဆရာကြီးက ဒီလိုမိန့်ဆိုတယ်၊ အာဂန္တုကေနအလင်္ကာရေန ပဋိစ္ဆန္နတ္တာ၊ တဒသာ ယာဝတာဝသရသံ့ အသုဘ

လက္ခဏံ အဇ္ဈာနန္တာ ပုရိသာ ဣတ္ထိယောစ ပုရိသေသု ရတိံ ကရောန္တိ၊ ပရမတ္ထတော ပနေတ္ထ၊ ရဇ္ဇိတဗ္ဗက ယုတ္တင္ဂနာမ အနုမတ္တမ္ပိ နတ္ထိ။

အာဂန္တုကေန၊ ခေတ္တမျှရောက်လာသော။ အလင်္ကာရေန၊ တန်ဆာထမိ၊ အင်္ကျီပုဆိုး၊ ဝတ်ထည်စုံ အမျိုးမျိုးဖြင့်။ ပဋိစ္ဆန္နတ္တာ၊ အသုံးဆန်းအောင် ထုံးတမ်းစဉ်လာ ဖုံးလွှမ်း၍ ဆင်မြန်းတတ်သည်၏ အဖြစ်ကြောင့်။ ယာထာဝရသံ၊ အဟုတ်အမှန် သဘောအတိုင်း ဖြစ်သော။ တဿ၊ ထိုယောဂီပုဂ္ဂိုလ်ရဲ့ခန္ဓာကိုယ်၏၊ တံအသုဘလက္ခဏံ၊ ရွံ့စရာအစစ် ထိုလက္ခဏာအမှန်အမြစ်ကို။ အနဇ္ဈာနန္တာ၊ မသာအရိပ် ရှိသော်လည်း တဏှာအဆိပ်မိကြသဖြင့် ခြော် ဘာကမှ မရိပ်မိဘဲ သိပ်မသိနိုင်ကြကုန်သော။

ဒကာသိန်း (ဘုရား) သေသေချာချာ နာရဲ့လား (နာပါတယ်ဘုရား) ဘယ်လိုလဲ တက်ထရွန် တက်ထရက် ဂျော်ဂျက် ဖေါ်ခရစ် လှိုင်းကြီး လှိုင်းကလေး အရိပ်ပန်း အချိတ်ပန်း စတဲ့ ဆန်းလှတဲ့အဝတ်ထမိ၊ အင်္ကျီပုဆိုး အမျိုးမျိုးနဲ့ ရတနာစုံဆင်ကြလို့ ယဉ်လှတယ်လို့ ထင်ကြတယ်၊ မှန်ရဲ့လား (မှန်ပါတယ်ဘုရား)။

မသာအရိပ်တွေ ဒွါရကိုးပေါက်က ပြနေတာတောင်မှ ဒိဋ္ဌလူလယ် လုပ်လို့ တဏှာအဆိပ်ဆေးသောက်မိပြီး၊ ဘာကမှမရိပ်မိဘဲ၊ သိပ်မသိဖြစ်နေကြတာ ဒကာသိန်း ဘာအဆိပ်မိနေကြလဲ (တဏှာအဆိပ်ပါဘုရား) ဘယ်သူလှည့်စားလို့လဲ(ဒိဋ္ဌိပါဘုရား)သဘောပေါက်ရဲ့နော် (ပေါက်ပါတယ်ဘုရား)။

ပုရိသာ၊ မိန်းမအစစ်ရှိတယ်လို့ အန္ဓအမြင်နဲ့ ဖေါက်ပြား မျက်ကန်းခေါ်ထိုက်တဲ့ ယောကျ်ားတွေ။ ဘာတွေလို့ ခေါ်ထိုက်တယ် (မျက်ကန်းခေါ်ထိုက်ပါဘုရား)။ ဘာမျက်စိကန်းနေတုံး၊ (ဉာဏ်မျက်စိပါဘုရား) ဘယ်တုန်းကန်းတာပါလိမ့် (ဝမ်းတွင်းကပါဘုရား)။

ဒေါက်တာရမ်းကု၊ ဉာဏ်ဖွ-ကုတွေနဲ့ မမြင်နိုင်

ဒါဖြင့် တော်တော်အကုခက်တယ်နော်၊ (ခက်ပါဘုရား) မြင်ချင်ကြသလား၊ (မြင်ချင်ပါတယ်ဘုရား) ဆရာကောင်းလိုတယ်နော်၊ ဒေါက်တာရမ်းကုတွေက ပေါပေါသိသနဲ့၊ ဆေးမစား မျက်စဉ်းမခပ်၊ မခွဲမစိတ်ဘဲနဲ့ အလိုလိုလင်းတယ်လို့ ပြောနေကြတယ်၊ ကိုယ်ကိုယ်တိုင် မလင်းဘဲနဲ့ လင်းတယ်လို့ညာပြီး ဉာဏ်ဖွ-နဲ့ မန်းနေကြတယ်၊ ရထားပေါ် ပွဲဆေး

ရောင်းတဲ့လူနဲ့တူနေတယ်၊ (အမိန့်ရှိပါဘုရား)ဟောဒီပွေးဆေးဟာ ခုလိမ်း ခုပျောက်၊ နက်ဖန်ခါလိမ်း နက်ဖန်ခါပျောက်၊ တော်တော်ကြာမှလိမ်း၊ တော်တော်ကြာမှပျောက်၊ မနေ့ကလိမ်းယင် မနေ့က ပျောက်တယ်လို့ ပြောနေတယ်၊ သူ့ကြည့်တော့ ပွေးတွေနဲ့တဲ့၊ "ဘယ့်နှယ်၊ ခင်ဗျား မှာတော့ ပွေးတွေနဲ့ပါလား" ဆိုတော့ "နမူနာပြဖို့ထားတာ"လို့ ဆို သတဲ့။

ဘယ့်နှယ်၊ညှို့ဖွယ်ကြားတာနဲ့ လင်းပါ့မလား ဒကာသိန်း (မလင်း ပါဘုရား) ရှင်းတယ်နော်၊ (ရှင်းပါတယ်ဘုရား)။

လင်းအောင်ကုပေးဖို့ရာ ဗုဒ္ဓဆေးရုံတွေဖွင့်ထားတယ်၊ (သာသနာ့ ရိပ်သာဆိုတဲ့ အမည်နဲ့လေ) ဗုဒ္ဓပေးခဲ့တဲ့ဆေးနည်းနဲ့၊ ဗုဒ္ဓပေးခဲ့တဲ့အာမခံ ချက်နဲ့ ကုပေးနေတယ်။ ပေးတဲ့ဆေးကိုစား၊ ညွှန်ကြားချက်ကိုလိုက်နာ၊ အလင်းမရသူမရှိစေရဘူး၊ လင်းချင်ယင်လာခဲ့ပေါ့၊ လင်းချင်ကြသလား ပရိသတ်ကြီးများ၊ (လင်းချင်ပါတယ်ဘုရား)။ ကဲ-တွေးမနေနဲ့- ငေး မနေနဲ့ အပြေးကလေးသာ လာခဲ့ကြပေတော့။ သတိပဋ္ဌာန်ဆေးနဲ့ ဆရာ ကောင်း ကမ္မဋ္ဌာနာစရိယဟှေ့ရှိတယ်၊ ပီးတော့ အမျိုးသားတွေ အမျိုးသမီး တွေကလဲ တံအာသုဘလက္ခဏာ၊ ထိုအသုဘလက္ခဏာကို။ အသဥ္ဇာနန္တာ၊ ကောင်းစွာ နားမလည်နိုင် မသိနိုင်ကြကုန်သော။ ပုရိသာ၊ ယောကျ်ား တို့သည်။

ဣတ္ထိသု၊ ကိုးပေါက်ဒွါရအမာဝမ္မ- လာသမျှ အညစ်မစင်တွေကို အပြစ်တင်မစဥ်းစားနိုင်အောင် တာကယ်ချစ်ခင်လှသောမိန်းမတို့၌။ ဣတ္ထိ ယောစ၊ ယောကျ်ားကောန်ဘဲလို့ သက္ကာယဒိဋ္ဌိဆိုင်းဘုတ်ကြီးကို လည်ပင်း မှာ ဆွဲပြီးတော့ အသဲစွဲအောင် ထိန်းမရတဲ့ မျာ:လှသော မိန်းမတို့ သည်လည်း။

မိန်းမတွေကလဲ- ငါဘဲသူဘဲ၊ ယောကျ်ားဘဲ၊ မိန်းမဘဲဆိုတဲ့ဆိုင်း ဘုတ်ကြီး လည်ပင်းဆွဲပီးတော့ ဆိုင်ဖွင့်လေလံတင် ရောင်း နေကြတယ်၊ မှန်ရဲ့လား၊ (မှန်ပါ့ဘုရား)။

ပုရိသေသု၊ ရေချိုးသော်လဲ အပုပ်မစင်ကြွယ်- သုတ်သင်ချယ်လှယ် ပေမဲ့ မပြတ်ယိုစီး၊ ကျင်ကြီးကျင်ငယ် ရွံစဖွယ်ရှောက်သွား မသာတုံး ဖြစ်သောယောကျ်ားတို့၌။ ရတိံ၊ မပြစ်ရက်အောင် နှစ်သက်သက်ကြီး နှစ်ဦးပြိုင်ချစမက်ကြခြင်းကို။ ကရောန္တိ၊ သမုဒယာအနေ ရှုစရာပွေ၍ ပြု ကာနေကြကုန်၏။

ဒကာသိန်း၊ (ဘုရား)။ ဒီလိုတွေဖြစ်နေကြတယ်၊ (အမိန့်ရှိပါဘုရား)။ ယောကျ်ားကလဲ ကိုးပေါက်ဒွါရမှ တဖျဉ်းဖျဉ်း ယိုကျနေတဲ့ အပုပ်အိုးအပုပ်အိမ်ကို မိန်းမအစစ် ချစ်စရာအနှစ်အတုံး၊ ပြစ်မမုန်းနိုင်ဘူးတဲ့ (မှန်ပါ) မိန်းမကလဲ ရေဆေးလို့မရတဲ့ မသာတုံး မသာခဲကြီးကို ယောကျ်ားအမှန်ဟု ဖေါက်ပြားဉာဏ်နဲ့ ဟန်ပြ၊ အဲဒါလို လုပ်နေကြတော့၊ ဒုက္ခတွေ တသယ်တပိုး၊ ဒယ်အိုးနဲ့ ညားကြတော့တာပေါ့၊ မှန်ရဲ့လား (မှန်ပါ့ဘုရား)။

ဒကာသိန်း(ဘုရား) ဒါပုထုဇဉ်များအသိတွေနော်(မှန်ပါဘုရား) အရိယာတို့အသိကို ကြည့်ကြဦးစို့လား (မှန်ပါဘုရား)။

## အရိယာအမြင်

တွေ့၊ ဤအသုဘအခန်း၌။ ပနဲ၊ ပုထုဇဉ်တို့ အသိဉာဏ်မှတပါး အရိယာတို့အသိဉာဏ်ကို ပြပေအံ့။ ပရမတ္ထတော၊ ပရမတ်ဉာဏ် အမြင်သန့်၍ အနာဂါမ်အထိ သိမြင်ကြသော-အရိယာပုဂ္ဂိုလ်တို့၏အသိဉာဏ်အားဖြင့်၊ ရုဇ္ဇိတဗ္ဗကယုတ္တံဥ္စာနာဒိန္နာမ၊ ချစ်စရာနှင့် နှစ်သက်စရာနှင့်ယှဉ်တဲ့သော တခုသောနေရာမည်သည်။ နတ္ထိ၊ မရှိပါဘူး။ နတ္ထိ၊ ကိုယ့်ခန္ဓာကိုယ်သာကြည့်ပါတော့၊ အလိမသာအတိ အစစ်ပါလား၊ တဏှာအထိမဖြစ်ရအောင် တစ်တစ်ခွခွကြီး ရှုကြည့်ကြပါတော့ မ ရှိ ရိုး မှန် လှ ပါ ပေသတည်း။ (သာဓု....သာဓု....သာဓု)။

ဒကာသိန်း (ဘုရား) အရိယာများ အသိဏာတော့ ချစ်ခင် နှစ်သက်စရာကောင်းတဲ့ နေရာဆိုလို့ ဒီကိုယ်မှာကြည့်၊ တကွက်တပေါက်၊အပ်တထောက်စာလောက်မှ မရှိပါတဲ့၊ မှန်ရဲ့လား (မှန်ပါဘုရား)။

## ရှိတာထွက်တယ်ရှုံစမှယ်

ဒကာသိန်းရေ (ဘုရား) ဒီခန္ဓာကိုယ်ရဲ့အတွင်းသားကို၊ အထင်းသားသိရအောင် ဒီလိုကြည့်ကြစို့လား (မှန်ပါ)။

ကဲ-ဒကာသိန်း၊ လေးဘက် အလုံပိတ်ထားတဲ့ သံပုံးတခု ယူခဲ့၊ (ရောက်ပါပြီဘုရား) အဲဒီသံပုံးကလေးအပေါ် မြှောက်(မြှောက်ပြီးပါပြီဘုရား) သံချောင်းနဲ့အပေါက်ကလေး ကိုးပေါက်လောက် ထိုးဖေါက်လိုက် (ဖေါက်ပြီးပါပြီဘုရား)။ ကဲ- ဖေါက်လိုက်တော့ အထဲက ဘာတွေထွက်လာတုံး (အပုပ်ရေတွေပါဘုရား) ဒကာသိန်း ရမ်းပြီ၊ အပုပ်ရေ ဘယ်သူထည့်ထားလို့တုံး (မသိပါဘုရား)။ ကဲ-ပရိသတ်ကြီးကော

ဖြေကြည့်စမ်းပါ၊ ဘာတွေထွက်တုံး (ဘာမှမထွက်ပါဘုရား) ပရိသတ်လဲမှန်းတုတ်တာဘဲ၊ ကဲ- ဘုန်းကြီးဖြေပြမယ်၊ မသေသေချာချာ နဘေးထောင်၊ ရှိဘာတွေထွက်တယ်၊ ဟုတ်ရဲ့လား (ဟုတ်ပါတယ်ဘုရား) မရှိဘဲနဲ့တော့ ထွက်ပါ့မလား (မထွက်ပါဘုရား) သဘောပေါက်တယ်နော် (ပေါက်ပါတယ်ဘုရား)။

ကဲ-နံ့သာရည်တွေထည့်ထားမယ်၊ ဘာတွေထွက်မှာတုံး (နံ့သာရည်တွေထွက်မှာပါဘုရား) မရှိဘဲနဲ့ထွက်တာလား၊ ရှိလို့ထွက်တာလား၊ (ရှိလို့ထွက်တာပါဘုရား) အပုပ်ရည်တွေထည့်ထားမယ် (အပုပ်ရည်တွေထွက်မှာပါဘုရား)ရှိလို့ထွက်တယ်ဆိုတာ ပရိသတ်သဘာဝကျတယ်မဟုတ်လား (ကျပါတယ်ဘုရား)။

အဲဒါဥပမာဘဲ--ဥပမေယျကတော့ဒီမှာ၊ ဒီခန္ဓာကိုယ်ကြီးမှာ၊ဒွါရဘယ်နှစ်ပေါက်ရှိသလဲ (ကိုးပေါက်ပါဘုရား) ဟုတ်ပီ၊ ကဲ-ရှိသလောက်ဖောက်ကြည့်ရအောင်၊ ဘယ်သူ့ကိုပေါက်မတုံး၊ ဒကာသိန်းကို ဖေါက်မှာဘဲ (ဖေါက်ပါဘုရား)။

ဒကာသိန်းကို ဘုန်းကြီးက အပေါ်ဆုံးကနေ အပေါက်ကလေးနှစ်ပေါက် ဖောက်လိုက်မယ်၊ ဘာပေါက်ပါလိမ့်၊ (မျက်စိပေါက်ပါဘုရား) ဟုတ်ပီ၊ အဲဒီမျက်စိပေါက်က ဘာတွေထွက်တုံး၊ (မျက်ချေးတွေ ထွက်ပါတယ် ဘုရား) ကြောင့်-မျက်ချေးတွေထွက်တယ်ကိုး၊ရှိလို့ထွက်တာလား မရှိဘဲနဲ့ထွက်တာလား၊ (ရှိလို့ထွက်တာပါ ဘုရား) ထွက်လာတော့ကော၊ နှစ်သက်စရာလား၊ စက်ဆုပ်စရာ ပဲ (စက်ဆုပ်စရာပါဘုရား)၊ သုဘလား အသုဘလား၊ (အသုဘပါဘုရား) မျက်စိထဲမှာကတည်းက စက်ဆုပ်တာလား၊ အပြင်ထွက်လာမှ စက်ဆုပ်တာလား၊ (အပြင်ထွက်လာမှ စက်ဆုပ်တာပါဘုရား) ဟုတ်တာပေါ့၊ မျက်စိထဲမှာတုံးက ငါ့ဆိုတဲ့ အတ္တကိုစွဲတဲ့ အတ္တဂ္ဂါဟသက္ကာယဒိဋ္ဌိက ရစ်သိုင်းလွှမ်းခြုံ ကာကွယ်ထားတော့၊ အသုဘမှန်းမသိဘူး ပေါ့၊ အပြင်ထွက်လာတော့ မျက်ချေးနောက် ငါပါမလာတော့ဘူး။ ငါ လက်လှမ်းမမှီတော့ဘူး၊ ငါကွာကျန်ခဲ့ပြီး၊ ဒီတော့ နဂိုအရှိပကတိ ဇာတိရုပ် ပေါ်လာဒါပေါ့၊ ပေါ်လာတော့ အစရှိတိုင်း အမှန်အတိုင်း မမြင်ဘူးလား (မြင်ပါတယ် ဘုရား) မြင်တော့ ဘာအစစ်ဖြစ်နေပါလိမ့် (အသုဘအစစ် ဖြစ်နေပါတယ် ဘုရား)ရှင်းတယ်နော် (ရှင်းပါတယ် ဘုရား)။

မျက်စိရဲ့နောက်နားက အပေါက် ၂ ပေါက်ဖောက်လိုက်ဦးမယ်၊ ဘာပေါက်တုံး (နှာခေါင်းပေါက်ပါဘုရား)ဟုက်တယ်၊ ဒီနှာခေါင်းထဲက ဘာတွေထွက်တုံး၊ (နှပ်ချေးတွေပါဘုရား)၊ ခြော် နှပ်ချေးတွေ ထွက်သကိုး၊ မရှိဘဲနဲ့လား ရှိလို့လား၊ (ရှိလို့ပါဘုရား) ဒီနှာခေါင်းကလေးကို လှတယ်လို့ ဟန်တလုံး ပန်တလုံးနဲ့ လူကကာပြု၊ ဘုရှုတကြွကြွနဲ့ ငါမှ လှသဟလို့ မာနတွေ ထောင်ထနေကြတဲ့ နှာခေါင်းနော် မှန်ရဲ့လား (မှန်ပါဘုရား)၊ ဟုတ်တယ်၊ သူဟာ လူ့ကျက်သရေဆောင် တခုဘဲ၊ သူဟာ မျက်နှာရဲ့အလှကို အရေးပါအရာရောက်တဲ့ နေရာကနေ တာဝန်ယူနေတယ်၊ ကြည့်လေ၊ ဖွတ်စအိုနှာစဲ့ပြီး နှာခေါင်းကျိုးနေစမ်းပါလား၊ ရှက်စရာအဝဝ၊ မျက်နှာမလှလို့၊ လူထဲတောင်ထွက်လာမပြချင်ကြတော့ဘူး၊ (မှန်ရဲ့လား) (မှန်ပါဘုရား)၊ အဲဒါလောက် အတင်ကြီးပြီး အမွန်းတင်နေတဲ့ နှာခေါင်းထဲက မျက်နှာကို အလှဆောင်နေတဲ့ နှာခေါင်းထဲက ထွက်လာတော့လဲ မက်စရာ ရှိသေးလား၊ (မရှိပါဘုရား)၊ မက်ဖို့ နေနေသာသာ မျက်နှာနဲ့ တည့်ယင် ပဲ့ရှဲ့ပီး အော့ချင် အန်ချင်တောင် ဖြစ်မလာဘူးလား၊ (လာပါတယ် ဘုရား)၊ ဒါဖြင့် အပေါယံ ရွှေမှုံကြဲ အဘဲက ဘာပါလို့၊ (နှောက်ချေးခံပါ ဘုရား) ရှင်းရဲ့လား၊ (ရှင်းပါတယ် ဘုရား)။

နောက်ပီး နှာခေါင်းအောက်က အပေါက်တပေါက် ဖောက်ကြဦးစို့၊ ဘာပေါက်တုံး၊ (ပါးစပ်ပေါက်ပါ ဘုရား) သူက ကျယ်လဲ ကျယ်တယ်၊ အဝင်အထွက်လဲများတယ်၊ လူ့ခန္ဓာကိုယ်တခုလုံးရဲ့ ဘဝတလျှောက်လုံးမှာ အရေးပါ အရာရောက်ဆုံးဘဲ၊ လှအောင်လုပ်လဲသူဘဲ၊ အရုပ်ဆိုးအောင်လုပ်လဲ သူဘဲ၊ မုန်းအောင်လုပ်လဲ သူဘဲ၊ ချစ်အောင်လုပ်လဲသူဘဲ၊ ကျန်းမာအောင်လဲ သူဘဲ၊ ရောဂါရအောင်လဲ သူဘဲ၊ ချမ်းသာအောင်လဲ သူဘဲ၊ ဆင်းရဲအောင်လဲ သူဘဲ၊ နေရာတကာ အလှဆင်နေတာ သူဘဲ၊ မှန်ရဲ့လား၊ (မှန်ပါဘုရား)၊ အဲဒီ ပါးစပ်က ဘာတွေ ထွက်တုံး၊ (တံတွေးတွေပါ ဘုရား)၊ ဒါဘဲလား၊ (ချွဲဂန်းတွေပါ ဘုရား)၊ ဒါဘဲလား၊ ဒကာသိန်း သေသေချာချာကြည့်၊ ချွဲဂန်းတွေ၊ နှပ်တွေ၊ သလိပ်တွေ၊ သွားချေးတွေ၊ သွားရည်တွေ၊ တချို့ ဒကာသိန်းလို လူတွေ၊ အန်ဖတ်တွေတောင် ခဏခဏထွက်ကြသေးတယ်၊ မှန်ရဲ့လား၊ (မှန်ပါဘုရား) ဒကာသိန်း အန်ဖတ်ဘယ်နှစ်ခါ ထွက်ဘူးတုံး (အစားလွန်တဲ့အခါ ထွက်ဘူးပါတယ် ဘုရား) တော်သေးတာပေါ့၊ အသောက်

လှန်တဲ့အခါ မပါသေးလို့၊ အဲဒီပါးစပ်ကာ ထွက်သမျှ တံတွေး ချွဲနှပ် သလိပ်ဖတ် အန်ဖတ်တွေစုထား၊ သွားချေးတွေ သွားရည်တွေလဲစုထား၊ လူ့ခန္ဓာတခုလုံးရဲ့ ပဓာန အဓိကသော့ချက်ဖြစ်တဲ့ အမွန်မြတ်ဆုံး အလှ ပဆုံး ပါးစပ်ကထွက်တာတဲ့၊ မွန်မြတ်သန့်စင် သနားလှပတဲ့ ဖန်ချိုင့် လေးနဲ့ထည့်ထား၊ ခုနင်က၊ မျက်ချေး နှာဖါချေး နှပ်ချေးတွေနဲ့ရောစပ်၊ အသက်ရှည် အနာကင်း အဆင်းလှတဲ့ အာယုဒီဃဆေး၊ ဒကာသိန်း စားဘို့သာ ပြင်ထားပေတော့၊ ဘယ်နှစ်မျိုးရပြီလဲ (၈—မျိုးရပါပြီ ဘုရား)။

အပေါက်ကတော့ ဘယ်နှစ်ပေါက်ရှိပြီလဲ၊ အက္ခရာသင်္ချာ၊ ဂဏန်း သင်္ချာ ၂ ခု ရောယှက်ပြီး တွက်နေတယ်ထင်တယ်၊ ဘယ်နှစ်ပေါက်တုံး၊ (၇ ပေါက်ပါဘုရား) ဖောက်ရမှာက ဘယ်နှစ်ပေါက်တုံး၊ (၉ ပေါက် ပါဘုရား) ဘယ်နှစ်ပေါက်လိုသေးလဲ၊ (၂ ပေါက်ပါဘုရား)၊ ဘယ်က ဖောက်ကြမှာတုံး၊ ဒကာသိန်း ပါးစပ်ကသာလှုပ်ပြီး အသံမထွက်လာ ပါလား၊ ဘယ်လိုတုံး မှင်သက်မိသွားပြီထင်တယ်၊ ကဲပါ ဘယ်ကဖောက် ဖောက် ဖောက်ပြီးသားတာ ထားလိုက်ပါတော့၊ ထွက်လာတာကရော ဘာတွေတုံး၊ ဟော—ဒကာသိန်း ကြက်သေသေနေပါလား၊ မှင်သက်မိ သွားပလား၊ ပြောလေ (မှန်ပါ ပြောလို့မကောင်းပါဘုရား) ဘာဖြစ်လို့ တုံး (အလွန်စက်ဆုပ် ရွံရှာစရာ ကောင်းလွန်းလို့ပါ ဘုရား) နို့ပြီး (အလွန်ယုတ်ညံ့လွန်းလို့ပါဘုရား)၊ ဪ-ဒါလောက်တောင် ယုတ်ညံ့၊ ဒါလောက်တောင် ရွံရှာစက်ဆုပ်စရာ ကောင်းသကိုး၊ (မှန်ပါ) အေး- ဒါဖြင့် လွန်လွန်ကဲကဲ ရွံရှာစက်ဆုပ်ယုတ်ညံ့နေတာပေါ့၊ (မှန်ပါဘုရား) ဒါဖြင့် ဘယ့်နှယ်လဲ သုဘလား၊ အသုဘလား (အသုဘပါဘုရား)ပေါ် လွင်လောက်ပါပြီ၊ (ပေါ်ပါပြီ ဘုရား)။

ပါးစပ်ထဲထည့်ပြောလို့တောင် မကောင်းအောင် နားကြားလို့ တောင် မကောင်းအောင် ခြေနဲ့လက်နဲ့မထိချင်လောက်အောင် မျက်စိနဲ့ တောင်မှ မကြည့်ချင်လောက်အောင် ယုတ်ညံ့ပြီး စက်ဆုပ်စရာ ရွံရှာ စရာ အောင့်နှလုံးနာစရာကောင်းတယ်ဆိုတော့ တော်ရုံတန်ရုံ အသုဘလား ဆိုးဆိုးယုတ်ယုတ် အသုဘလား၊ (ဆိုးဆိုးယုတ်ယုတ် အသုဘပါဘုရား) ဒါဖြင့် ဆယ်ခါပြန် ဆလန် အောင့်ကြောကြီးလန်တဲ့ အသုဘပါလား (မှန်ပါဘုရား) ပေါ်လွင် ထင်ရှားရဲ့လား၊ (ထင်ရှားပါတယ် ဘုရား) ဒကာသိန်း အောင့်ကြောလန်ရဲ့လား (လန်ပါတယ်ဘုရား)။

ဟုတ်မဟုတ် သူ့စမ်းကြည့်အုံးမှပါ၊ ဒကာသိန်း ခုနင်က ၈ မျိုးရယ် နေ့ာက် ဟို ပြောမကောင်း ဆိုမကောင်းတဲ့ အပေါက်က ထွက်တဲ့ အရည်အဖတ် နှစ်မျိုးရယ်၊ ပေါင်း ၁၀ မျိုး ရောစပ်ပြီး၊ ပြစ်ပြစ်ချွဲချွဲ တွေကို လက်နှစ်ဘက်နဲ့ ဖျစ်ဖျစ်နယ်၊ သမအောင်မွှေပြီးယင် လက်ကော် ရတာလေး ဒကာသိန်းကိုကျွေးမယ်၊အသက် ၁၂၀ နေရမယ်၊ စားမလား၊ (၂၄၀ နေရပါစေ မစားပါဘူးဘုရား)အနံ့လေးလောက်ရှူပါ၊ အသက် ၁၀၀ နေရမယ်၊ (စိတ်တောင်မကူးပါရစေနဲ့ ဘုရား)ဆယ်ခါပြန်အောင် အော့ကြောလန်ရဲလား၊(အခါ၁၀၀အော့ကြောလန်ပါတယ်ဘုရား)ဘယ် ကရတဲ့ဆေးလဲ၊ (ခန္ဓာကိုယ်ထဲကပါ....ဘုရား) ဒါဖြင့် အော့ကြောလန် ဘယ်မှာလဲ (ခန္ဓာကိုယ်ကြီးပါဘုရား) ပေါ်ပြီလား၊ (ပေါ်ပါပြီဘုရား) မသိသေးယင် အမွှေးနံ့ သာဟူသမျှလိမ်း၊ရတနာဟူသမျှဆင်၊ ယဉ်ဆိုသမျှ ပြုစုပြီး၊ ကိုယ်လုံးပေါ် မှန်ကြီးရှေ့သွားကြည့်၊ (ဩော်-အော့ကြောလန် ဆိုတာ သူဘဲကိုးလို့)မှတ်ချက်ချဘို့ တွေ့လိမ့်မယ်။

ကဲ—ပရိသတ်ကြီး သတိထား၊ လက်သယ်ရှာရအောင်၊ တရားခံ ရှာရအောင်၊ ခုနင်က ဒွါရ ၉ ပေါက်ကထွက်လာတဲ့ ဆေးမယ် ၁၀ ပါး ဟာ ဘယ်မှာရှိတာလဲ (ကိုယ်ခန္ဓာကြီးထဲမှာပါဘုရား)ဘယ်သူ့ ခန္ဓာလဲ (သတ္တဝါတိုင်းရဲခန္ဓာပါဘုရား) အဲဒီခန္ဓာထဲမှာ ရှိတယ်ဆိုတာ သိသလား မသိဘူးလား(သိပါတယ်ဘုရား)ရွံကြသလား(မရွံပါဘုရား)သိရဲ့သားနဲ့ မရွံဘူးနော် (မှန်ပါဘုရား)ဟုတ်တယ်၊ ချဲဂန်းတွေဟုတ်ထုတ်၊ တံတွေး တွေ သွားချေးနဲ့ရောစုပ်၊ ရှာပေါ်ကျမှလုံးပြီး 'ဂွ'ကနဲနေအောင်ပြန်မျို ချ၊ နှာခေါင်းကနှပ်တွေ ရှိုကနဲနေအောင်ရှုံ့၊ ပါးစပ်ထဲရောက်လာ၊ ဂွ ကနဲနေအောင် မျိုချ၊ ရွံသလား (မရွံပါဘုရား)။

ကြည့်ပရိသတ်၊သိရဲ့သားနဲ့တောင်မှ မရွံနိုင် မရှာနိုင် ဇွတ်စွဲလမ်း နေဒါဟာ အတ္တလို့မြင်တဲ့ သက္ကာယဒိဋ္ဌိက အစာသွင်း"ပူး"သွင်းပြီး ပြုစား ထားလို့ ဖမ်းစားထားလို့။ ပရိသတ်များ လက်သယ်ကရားခံတွေ့ပြီလား (တွေ့ပါပြီဘုရား)ဘယ်သူပါလိမ့်၊(ဒိဋ္ဌိပါဘုရား)ဟုတ်တယ်၊ ဒီ တံတွေး ချွဲနှပ်အနယ်ဖတ်တွေ ဟိုမှပြောကောင်တာတွေ ခန္ဓာရဲ့ အပြင်ဘက်ထွက်လို့ ခန္ဓာကထွက်သွားတော့ မရွံမရှာ တယ်တာ နှစ်သက် နိုင်သေးရဲလား (မနှစ်သက်နိုင်တော့ပါ ဘုရား) ဘယ်-နှစ်သက်နိုင်တော့မလဲ၊ ငါဆိုတဲ့ အတ္တတာ လိုက်ပါမလာဘဲ ကွာကျန်ခဲ့တာကိုး။

အဲဒီ အတ္တဒိဋ္ဌိက သွင်းထားတဲ့၊ ရောဂါလုံးကြီး ရှိနေသရွေ့တော့ အညွှန်ရှိ....ဘာတဲ့၊ (ယင်အုံပါဘုရား) အေး....အဲဒါလို လောဘ-ဒေါသ စတဲ့ သားရဲ သားဘက်တွေက အဝင်အထွက် လမ်းဖြောင့်နေတာပေါ့။ ရှင်းရဲ့လား....ပရိသတ်တို့ (ရှင်းပါတယ်ဘုရား)

ကဲ....ဒကာ, ဒကာမတို့ လက်သယ်ရော ရောဂါရော တွေ့ပြီ၊ ဒီရောဂါနဲ့တဲ အစသေခံကြမှာလား၊ ရောဂါပျောက်အောင် ကုကြမှာ လား(ကုပါ့မယ်ဘုရား)။ ဆေးမသောက်ဘဲနဲ့ ဥပုဖ္ဖထိုင်နားထောင်နေလို့ ပျောက်ပါ့မလား (မပျောက်ပါဘုရား)။ သဘော ပေါက်တယ်နော်၊ (ပေါက်ပါတယ်ဘုရား) ဘယ်လိုမှ ပျောက်မလဲ (ဆေးသောက်မှ ပျောက် မှာပါဘုရား) ကဲ....ရှင်းပြီလား၊ သူများပြောတာ ဟောတာ ထိုင်နား ထောင်နေရုံမျှနဲ့ ဒီဒိဋ္ဌိ ပြုတ်ပါ့မလား၊ (မပြုတ်ပါဘုရား) တရား အား ထုတ်မှ အမှားများပြုတ်မှာ၊ ဟုတ်ပါရဲ့လား(ဟုတ်ပါတယ်ဘုရား)။

ဟောဒီမှာ ဘုရားပေးတဲ့ သတိပဋ္ဌာန် ဆေးတော်ကြီးကို သောက် သုံးမှ ပျောက်ဆုံးကြမယ်၊ သဘောပေါက်ပြီလား (ပေါက်ပါပြီဘုရား) ကဲ....ပရိသတ် ဒီနေ့ ဘာတရားဟောပါလိမ့်၊ (အောင့်ကြောလန်တရားပါ ဘုရား)၊ သဘောပေါက်ပါရဲ့လား၊ (ပေါက်ပါတယ်ဘုရား)၊ ကဲ.... ဒီဆောင်ပုဒ်ကို လိုက်ဆိုကြပါဦးစို့။

**အပုပ်ကောင် ရှုံစရာ—ဤခန္ဓာ**

* အပုပ်ကောင်ကြီး-ရုပ်ဆောင်တယ်၊
တုပ်နှောင်ပြီး-ဟုတ်ယောင်ချယ်။
ဘယ်လိုဆင်သ-တင်ပြုံစေကာ့ယ်၊
မြင်သမျှ-ဘင်္ဂဖြစ်ပါတယ်။
* ရှုံစရာမဆုံးတဲ့-သုံးဆယ့်နှစ်ကောဋ္ဌာ၊
ရှုံစရာမပြတ်သော-အတ္တဘောခန္ဓာ။
သေသေချာချာ ရှုကြပါတော့-အသုဘ ဘာဝနာ၊
အော်....လက္ခဏာရေး-မြှော်တွေးယာဉ်စကြာ။

**ခန္ဓာယင်မောင်း မြင်မကောင်း**

ကုံစိရာယတိ တတ္တေဝ၊ နိဿာရေ မာနုသေ ဘဝေ။
ဇဟ္ဟာသု အဿုစိံ ပုတိံ၊ ဒေဟံ ကိမိကုလာလယံ။ ။

နိဿာရေ၊ ဒုက္ခတွေဖွဲ့နှောင်၍ မက်လောက်အောင်သုခ-တခုကမှ မရှိသော။

ဒကာသိန်း၊ အခု အနိစ္စ-ဒုက္ခ-အနတ္တ-အသုဘလို့ ဘုရားဝါဒမှန်ကို ဟောလိုက်တာ၊ မက်လောက်စရာ သုခလေးများ ရှိသေးလား၊ (မရှိပါဘုရား)

တတွေ့ဝ မာနုသေ ဘဝေ၊ စိစိတ္တေးတော့ အညစ်အကျေးတွေ ထူပြောလှတဲ့ လူ့လောကဆိုတဲ့ ထိုဘဝဆိုးကြီး၌။

ပရိသတ်တို့ ခုဘဝဟာ ဘဝကောင်းလား ဘဝဆိုးလား (ဘဝဆိုးပါဘုရား) ဘာပြုလို့ (အညစ်အကြေးတွေ ထူပြောလှလို့ပါဘုရား) ဟုတ်ပီ....။

ကိံစိရာယတိ၊ ထွဲဘာ့ယ်ပါ—ရွံ့ဘွယ်ပါတွယ်တာမနှောင့်ကြပါနဲ့ တော့၊ ဟယ်....အဘယ့်ကြောင့် အကြာကြီးကြာအောင် နေချင်ကြပါ သနည်း။

### အိုအောင်မင်းအောင်မှ မပေါင်းလိုက်ရပါလား

ဘယ့်နှယ်ဒကာသိန်း၊ ဒီဘဝဆိုးကြီးမှာ အသက်ရှည်ရှည် အကြာကြီးကြာအောင် နေချင်သေးလား၊ (မနေချင်တော့ပါဘုရား)ဒါကြောင့် ခုနင်က ဆေးမစားတာနဲ့ တူတယ် (မှန်ပါ) ဟုတ်ရဲ့လား၊ ဟိုရှေးက အသက် ၉၅-နှစ် အဖိုးကြီးတယောက်က ၇၅-နှစ်ရွယ် အမယ်ကြီးသေတော့ ငိုလိုက်ပုံက (အမေလေး-အိုအောင်မင်းအောင်မှ မပေါင်းလိုက်ရပါလားကွယ်....ဟယ်ဟယ်ဟယ်ဟယ်)နဲ့ ငိုသေးဆိုဘဲ။

ဒီတော့ သားတွေက "အဖေမငိုနဲ့ဗျ၊ တော်တော်ကြာ သားဘုန်းကြီးကြွလာယင် မာန်လိမ့်အုံးမယ်"

"အမယ်လေး မာန်ကာမှမာန်ရော အဖေ မဖြေနိုင်လို့ပါ သားရယ်...."

"ရှက်တယ်ဗျာ.... အဖေ့အဘွက် ရှက်တယ်၊ ငယ်ငယ်ရွယ်ရွယ်ဆို ငိုပါတော့"

"အမယ်လေး မင်းတို့လို ငယ်ငယ်ရွယ်ရွယ်ဆို အဖေမငိုပါဘူး၊ အခုတော့ အဖေ့အသက်ဟာ နောက်ဖက် တယောက်ဆက်ဖို့ ဘယ်လိုမှ တွက်မရလို့ပါသားရယ်"လို့ ဆိုသတဲ့။ စဉ်းစားသာကြည့်ကြပါတော့။

## ယိုအိမ်သာ—ကိုယ်ခန္ဓာ

အသုစိ၊ ပဋိသန္ဓေတည်နေသည်မှ မူရင်းစပြီးတော့ တဘဝလုံး ညစ်ပေ၍ စီးထွေထွေကျဆင်းတဲ့ ဘင်ပုပ်တွင်းကြီးသဖွယ် မစင်ကျယ်ရိုးကောန်ဖြစ်ပေသော။

နှစ်ပေါင်းများစွာက မသုတ်သင်မသန့်ရှင်းဘဲ၊ ဖြစ်ချင်တိုင်းဖြစ်နေတဲ့ ဘင်ပုပ်တွင်းကြီးလိုဘဲ၊ ဟုတ်တယ် မစင်ပုပ်တွင်းကြီးဘဲ၊ ရေတွေ ဟိုက ဒီက စီးဝင်လာတော့ ပျော့တာပျော့၊ မာတာမာ၊ ပိုးလောက်တွေ တရှုရှုနဲ့၊ မစင်လုံးကြီးလုံးငယ်တွေကလဲ ပေါ်လိုက် ငုပ်လိုက်၊ ပိုးလောက်တွေကလဲ တပွပွတရှုရှ ထိုးလိုက်ကြိတ်လိုက်ပေါ့၊ မြင်ရဲ့လား ဒကာဒကာမတို့ (မြင်ပါတယ်ဘုရား)။

ဝမ်းတွင်းမှာလဲ နှာခေါင်းကစီးဝင် ပါးစပ်ကစီးငင်နဲ့၊ အစာသစ်အိမ်မှာလဲ ပျစ်ပျစ်ကျွဲကျွဲ၊ အစာဟောင်းအိမ်မှာလဲ အပျစ်အကျဲအပျော့အမာ၊ ပိုးတုပ်,သံတွေကလဲ သုသာန်မြုပ်နှံ့ထားတဲ့ အပုပ်ကောင်ပမာ ထိုးဆွစားသောက်နေကြတယ်ပေါ့ မြင်ရဲ့လား(မြင်ပါတယ်ဘုရား)။

ပုတိ၊ နံ့သာကရမက် ရေမွှေးအမျိုးမျိုးတို့တွင် ကတိုးပါစွက်၍ နေ့ဆက်ရက်ဆက် ထုံသော်လည်း ဂန္ဓာရုံ မလှိုင်ပျံ့နိုင်ဘဲ အပုပ်နံ့တထောင်းထောင်းနဲ့ ညှီဟောင်သိုးပုပ်စွာထသော။

ဒကာသိန်း စိစိဇတ်ွးတော့ ဘာလဲ (ရေးရေးပေါ်ပါဘုရား) ပြန်တွေးစမ်းပါ၊ မွေးတဲ့နေ့ကစပြီး ဆေးကြကျောကြ၊ ပေါင်ဒါရိုက်၊ နံ့သာလိမ်း၊ ဆပ်ပြာတိုက်၊ ရေချိုး၊ ကတိုးနံ့သာ နေ့ရာတကာ ပွတ်တိုက်လိမ်းကျံမနေကြဘူးလား၊ တနေ့တခေါလတောင် ကြာပြတ်ပြီး အားလပ်ရဲ့လား (မအားပါဘုရား) ဘယ်အပေါက်ကထွက်ထွက် ထွက်သမျှ မွှေးတာများရှိသေးလား (မရှိပါဘုရား) သေအောင် လိမ်းတောင်မှ မွှေးသေးလား (မမွှေးပါဘုရား)။ ဘယ်လိုအမွှေးနံ့သာတွေ စိမ်ကြပေမဲ့ အချိန်ကျ ညှီနံ့ ပုပ်နံ့ သိုးနံ့တွေကတော့ အပြုံးမပျက် အားမပျော့ပါ၊ ညှီလျက်,ပုပ်လျက်,သိုးလျက်ပါဘဲ။ မှန်ရဲ့လား (မှန်ပါတယ်ဘုရား)ဒကာသိန်း၊ သေမှပုပ်တာလား၊ မသေခင်ထဲက ပုပ်နေတာလား (မသေခင်ထဲကပါဘုရား)။ တော်တော်ကြာမှ ပုပ်မှာလား၊ ခုထဲကပုပ်နေတာလား(ခုထဲက ပုပ်နေတာပါဘုရား)။

## ပိုးအိမ်သာ-ကိုယ်ခန္ဓာ

ကိုမိကုလာလယ်၊ အရေပါးကလေးမိသဖြင့် ဟန်ပြကာ အရောင်ဆိုးပေမဲ့ ပိုးကောင်တွေမပြတ်ထိုးသဖြင့် ပိုးမျိုးရှစ်ဆယ်တို့ရဲ့ တည်နေရာလဲ ဖြစ်ထသော။

အရေပြားကလေးမိသကို၊ နံ့သာ ကရမက် ရေမွှေးပေါင်ဒါတွေ ပက်ပြီး ဟန်တပြတပြန့် မာန်ဘနေကြပေမဲ့ ပိုးတွေအမျိုးပေါင်း ရှစ်ဆယ် အကောင်တွေ မရေမတွက်နိုင်အောင် များပြားလှတဲ့ ပိုးတွေနေတဲ့ ပိုးအိမ်, ပိုးမြို့ ပိုးရွာကြီးပါလား(မှန်ပါတယ်ဘုရား) ဒီပိုးတွေ ဘာတွေ စားနေပါလိမ့်။ ဒီပါးစပ်က ဝါးမျိုချတဲ့ အစာအာဟာရတွေကိုလဲ စားတယ်၊ ဒီခန္ဓာကြီးရဲ့ အသွေးအသားတွေကိုလဲ စားတယ်။ ဒါကြောင့် ဒီခန္ဓာကြီး ပိုးစာတွေဖြစ်နေပါတယ်။ ဘာပါလိမ့် (ပိုးစာတွေပါဘုရား)၊ သတ်ဘား ဒကာသိန်း၊ ငါကောင်,အတ္တကောင်,အသက်ကောင်,လိပ်ပြာကောင်နဲ့ သုဘာကောင်နဲ့၊ မာန်ထောင်နေကြတာဘဲ။

ဒီပိုးတွေဘယ်မှာ ကျင်ကြီးကျင်ငယ်စွန့်သလဲ (ဒီခန္ဓာထဲမှာပါဘုရား) ဪ....ဒါဖြင့် ပိုးအိမ်သာကြီးပါလား (မှန်ပါဘုရား)အောင်မယ်လေး ဒို့မှာ အဟုတ်မှတ်ပြီး ဆင်ယင်ထုံးဖွဲ့မှု အမျိုးမျိုးတွေ အတုခိုးပြီး ကြိုးကြိုးစားစား ပြင်လိုက်ရတာ၊ လက်စသတ်တော့ ဘာပါလိမ့် (ပိုးအိမ်သာကြီးပါဘုရား)။

## ပိုးမီး နေအိမ်

ဒီပိုးတွေ ဘယ်မှာပေါက်ဖွားကြပါလိမ့် (ဒီခန္ဓာထဲမှာပါဘုရား) ဪ....ပိုးမီးနေအိမ်ကြီးတောင် ဖြစ်နေပါလား၊ ဘာပါလိမ့် (ပိုးမီးနေအိမ်ကြီးပါဘုရား) ဪ.... ဒါနဲ့တောင် ဆေးတွေ ပျယ်ကုန်မှာစိုးလို့ တချို့မီးနေအိမ်မသွားရဲကြဘူး။

## ပိုးမသာအိမ် – ပိုးသင်းချိုင်းကုန်း

ဘယ်မှာသေကြလဲ (ဒီခန္ဓာထဲမှာပါဘုရား) ပိုး ဘာအိမ်ကြီးပါလိမ့် (ပိုးမသာအိမ်ကြီးပါဘုရား) ဒါနဲ့များ မအဝ့ါ ကိုအဝ့ါတို့က ယောကျ်ားမဟုတ် မိန်းမမဟုတ်– ဟန်ဖမ်းပြီး ကိုယ်လုံးပေါ်မှန်ကြီးနား မတ်တတ်ရပ်၊ ထမီကလေးတလှုပ်လှုပ်ပြန့်ဝတ်၊ ခါးလေး ဟိုန့်ဒီန့်၊ ပုဆိုးလေး ခဏခဏပြန်ပြန့်ဝတ်၊ လက်မ,လေးနဲ့ ဟိုထိုးချဒီထိုးချ၊ ဘယ်သုသာန် မြုပ်နှံကြပါလိမ့် (ခန္ဓာသုသာန်မှာ မြုပ်နှံပါတယ်ဘုရား) ဒါဖြင့် ဘာ

ဖြစ်နေပါလိမ့် (ပိုးသုသာန်ကြီး ဖြစ်နေပါဘုရား) သတိထား၊ ဒါနဲ့သုဘ လို့တုပပြီး စွဲလမ်းကြ၊ တပ်မက်ကြ၊ နှစ်သက်ကြနဲ့၊ ဒိဋ္ဌိတဏှာရဲ့ အဆိပ် မိသာတာ ရိပ်မိရဲ့လား (ရိပ်မိပါပြီဘုရား)။

ဒေဟံ၊ အရိယာတို့မျက်စိဖြင့် ကြည့်လိုက်တိုင်း မုန်းစရာနလုံးနဲ့ စရာ ပျို့အံပြီး နှစ်သက်ရန် ဘာမှမရှိသော လူ့ဇာတိကိုယ်ကောင်ကြီး ကို။ ဇဟာသု၊ အမြန်ပင်စွန့်လွှတ်လိုက်ကြပါတော့၊ လူ့ဝတ်ကြီး ကပ်မဆိုက် ပါစေနဲ့၊ အမြတ်စရိုက်နဲ့ နိဗ္ဗာန်နန်းကို ဩော်....စံမြန်းရန် ထွက်သင့်ကြ ပါတော့သတည်း။ (သာဓု....သာဓု....သာဓု)။

ဒကာသိန်း၊ အရိယာမျက်စိနဲ့ကြည့်တော့ ဘာတဲ့ (မုန်းစရာပါ ဘုရား) ဟုတ်တာပေါ့၊ အရိယာဉာဏ်မျက်စိနဲ့ ကြည့်တာကိုး၊ ဒို့ သူငါ တွေကတော့ ပသာဒမျက်စိ မံသမျက်စိနဲ့ကြည့်တော့ ဃနတွေ၊ သဏ္ဍာန တွေ၊ နာမတွေ၊ သမူဟတွေ၊ အဲဒါလို ပညတ်တွေဖုံးပြီး ပရမတ်လုံးလုံး ကွယ်နေတာပေါ့။ ဒါကြောင့် အရိယာသိ သိရအောင်၊ အရိယာကြည့် ကြည့်ပြီး အပုပ်ခန္ဓာ ရုပ်နာမ်နှစ်ဖြာစွန့်၍ သတိပဋ္ဌာန်လမ်းက နိဗ္ဗာန် လှမ်းကြပါစို့။

## ပြောင်းပြန် လှည့်ကြည့်ပါ ရှုံ့ဖွယ်ရာ

ဒါနဲ့မှ သဘောမပေါက်သေးယင် ဟော-ဝိသုဒ္ဓိမဂ် အဋ္ဌကထာ ဆရာကြီးက ဒီလို ကြည့်ပုံကြည့်နည်း တမျိုးပြသေးတယ်၊ ဘယ်လိုလဲ ဆိုတော့၊ ဒီခန္ဓာကိုယ်ကြီးကို ပြောင်းပြန်လှန်ကြည့်ပါတဲ့၊ ဒကာသိန်း ဘယ်လိုပါလိမ့်(ပြောင်းပြန် လှန်ကြည့်ရမှာပါ ဘုရား)၊ အေး-ဟုတ်ပီ၊ အဲဒီလို ပြောင်းပြန်လှန်ကြည့်ယင် အပုပ်အစပ်ကိုမှ ပလုပ်ကြပ်အောင် ကိုက်ဝါးကာ စားချင်ကြပါတယ်ဆိုတဲ့ အပုပ်ကြိုက် အမိုက်သတ္တဝါတွေ ကို မောင်းနှင်တားမြစ်လို့တောင် မနိုင်နိုင်အောင် ရှိလိမ့်မယ်တဲ့။

ကဲ-ဘယ့်နှယ်လဲ ဒကာသိန်း၊ သူပြောသလို ပြောင်းပြန်လှန်ကြည့် ရမကောင်းဘူးလား၊ (ကောင်းပါတယ်ဘုရား)။

ကဲ-ဒါဖြင့် လှန်ကြည့်ကြစို့၊ ဘယ်သူ့လှန်ကြည့်ကြမလဲ။ ဒကာ သိန်းကိုဘဲ လှန်မှဘဲ၊ ဒကာသိန်း ရှက်အမ်း-အမ်းနေသလား၊ အမ်းမနေ ပါနဲ့ အစိတ်တန်ဘဲ လှူသာလှူလိုက်တော့။

ကဲ-လှန်ကြစို့၊ ဒကာသိန်း ပက်လက်လှန်၊ တကယ် လှန်မနေနဲ့ စိတ်ထဲက ပြောတာ၊ (ပြီးပါပြီဘုရား) ပြီးယင် လည်ချောင်းကနေ ဟို

နေရာထိအောင် ဓါးနဲ့ခွဲချလိုက်၊ (ပြီးပါပြီဘုရား) ယာဘက် ဗိုက်ထဲက အစာသစ်အိမ်ကြီးကို ဆွဲထုတ်ခဲ့၊ သွေးသံတွေ တရဲရဲအရှိအရွဲတွေ တစက် ...ိန့်၊ ယာဘက်ပုခုံးကိုချိတ်လိုက်၊ (ပြီးပါပြီဘုရား) ဝဲဗိုက်ဖက် ဆွဲနှိုက် လိုက်ပါအုံး၊ အစာဟောင်းအိမ်ကြီး ဒကာသိန်း ဘာတွဲလဲ၊ (အစာဟောင်း အိမ်ကြီးပါဘုရား)၊ အရှိအရွဲ အဆီတွေတရွဲရွဲ သွေးသံတွေ တရဲရဲနဲ့ ညှီဟောင်လှတဲ့၊ အဲဒီအစာဟောင်း အိမ်ကြီးကို ဆွဲထုတ်ပြီး၊ လက်ဝဲပုခုံးမှာချိတ်၊ ဆွဲထား(ပြီးပါပြီဘုရား)။

ညိုပုပ်ပုပ်အဆင်း အဆီပြင်တွေ တဝင်းဝင်းနဲ့ အတွင်းမှာလဲ မစင်တွေအပြည့်၊ ပျော့အိရော့ရဲ-အမွှေးတွေနဲ့ ဝဲ့ထားတဲ့ အူတွေအူခွေကြီးကို လည်ပင်းမှာ ဆွဲကြိုး၊ ဘယက်များလို ဆွဲထား၊ ပြီးပြီလား(ပြီးပါပြီဘုရား)။

နှလုံးကျောက်ကပ်တွေလဲ ရင်ကပ်ရင်ထိုးတွေ လုပ်ထားပေါ့၊ (မှန်ပါဘုရား) သွေးပြည် သွေးကြည်၊ သွေးညိုတွေစိုရွဲနေတဲ့ အဆုပ်အသဲ တွေကိုလဲ ကျောမှာပိုးထား၊ [ပြီးပါပြီဘုရား]။

ဘာကျန်သေးတုံး ဩြော်-ဆီးအိမ်လေးကျန်သေးပါပကော၊ အဲဒီ ဆီးအိမ်ကြီး ဘယ်ထားမှာတုံး ဒကာသိန်း၊ အမှမနေနဲ့ သုံးမရဘဲနေအုံး မယ်။ ဒကာသိန်း ရေဆာရင် နေရာကျအောင် လည်ပင်းမှာ ဆွဲထားမှ ထင်တယ်၊ [တော်မဲ့နေရာသာ ကြည့်ထားပါတော့ဘုရား] အေး-လေ၊ နဂိုနေရာနဲ့နီးတဲ့ ဆီးခုံပေါ်ဘဲ ထားကြတာပေါ့၊ ဟုတ်ပီလား [မှန်ပါ ဘုရား] ကဲ-ပုံပေါ်လာပြီလား ဒကာသိန်း [ပေါ်ပါပြီဘုရား] ပေါ်လဲ လုံးလုံးပေါ်အောင်ဘဲ ပြဒါကောင်းပါတယ်၊ကောင်းဘူးလား၊ [ကောင်း ပါတယ်ဘုရား]။

ကိုင်း-ဒါဖြင့် ဒကာသိန်း ကြက်သားကိုင်ဘူးသလား [ကိုင်ဘူး ပါတယ်ဘုရား]အမြစ်ကိုစားချင်တော့ ဘယ်လိုလုပ်ရပါလိမ့်]၊ အလယ်က ထက်ခြမ်းခွဲ၊ အထဲက ကြက်ချေးထုတ်ရပါတယ်ဘုရား[ဟုတ်ပီ] အဲဒီပုံစံ နမူနာအတိုင်း အစာသစ်အိမ်ကြီးကိုလဲ အမြှုပ်တစီစီနဲ့အတွင်းက အစာ တွေက မညက်တညက်ကိုခွဲချလိုက် [ခွဲပြီးပါပြီဘုရား]။

အစာဟောင်း အိမ်ကိုလဲ ပြည့်နေတဲ့ မစင်တွေခွဲချလိုက်၊ အပျော့ အပြဲ၊ ချွဲပြစ်ပြစ်တွေ ဟဲကနဲကျလာလိမ့်မယ်၊ ဒါလောက်ဆို တော်တော် ပုံပေါ်လောက်ပြီပေါ့၊ ပေါ်ပြီလား[ပေါ်ပါပြီဘုရား] ဒကာသိန်း ဒီပုံ

အတိုင်း၊ ကိုယ့်ကို "ဇီးဖြူ ဖန်ခါးသာဖြင့်" ဆိုတဲ့ပုံနဲ့ ချစ်နေတဲ့ အိမ်က ဒကာမကြီးအနားကို တတောင်နှစ်တောင် လုပ်မနေဘဲ သုတ်သုတ်ဆာလေး ပြေးကပ်လိုက်စမ်းပါ၊ [ထွက်ပြေးမှာပါ ဘုရား]။ ဘာကြောင့် [ရှို့လို့ပါ ဘုရား]သဘောပေါက်တယ်နော်၊ [ပေါက်ပါတယ်ဘုရား]။

အေး-အပုပ်ကြိုက်တဲ့ အမိုက်သတ္တဝါ ကျီးတို့၊ စွန်ရဲတို့၊ ငှင်းတတို့ တောခွေး အိမ်ခွေးတို့ ယင်မ,မဲရိုင်းတို့ ဆိုတဲ့ အကောင်တွေကို သိုင်းကွက်စုံနင်းပြီး နင်လား ငါလား မောင်းတောင်မှ မနိုင်နိုင်အောင် ရှိလိမ့်မယ်တဲ့ ဒကာသိန်းရ(မှန်လှပါဘုရား)။ ဒါကြောင့် ဝိသုဒ္ဓိမဂ်က–

**အပုပ်ကြိုက်တွေကို ဒုတ်ရိုက်စောင့်ရမယ်**

သစေဣမဿ ကာယဿ၊ အန္တောဗာဟိရကော သိယာ။
ဒဏ္ဍံ နူန ဂဟေတွာန၊ ကာကေ သောဏေ နိဝါရယေ။

ဣမဿကာယဿ၊ ဟောင်စပ်စပ် ချဉ်စုပ်စုပ်၊ ပုပ်တုပ်တုပ် ညှိတီတီ၊ မသဒီစရာကောင်းပါတဲ့၊ ဤကိုယ်ကောင်ကြီးအား။ အန္တော ဗာဟိရကော၊ အတွင်းကိုအပြင်၊ အပြင်ကိုအတွင်း၊ ခြင်းရာပြောင်းပြန် လှန်ချရှိထားလိုက်သည်။ သစေသိယာ၊ အကယ်၍ကား ဖြစ်ခဲ့ငြားအံ့၊ ဧဝံသတိ၊ ဤသို့ တွင်းပြင် ပြောင်းပြန် တကယ်လို့များ လှန်လိုက်သည် ရှိသော်။ ဒဏ္ဍံ၊ လုံးတံတောင်ဝှေး၊ ဒုတ်ကြီးသေးကို။ ဂဟေတွာန၊ လက်ျာလက်ဝဲ ကိုင်စွဲလျက်။ ကာကေသောဏေ၊ အပုပ်အစပ်ကိုမှ ပလုပ်ကြပ်အောင် ကိုက်ကာ ဝါးတာစားချင်ကြပါတယ်ဆိုတဲ့ ငမိုက်သား ဖြစ်တဲ့ ကျီးတွေ၊ ခွေးတွေကို။ နိဝါရယေ၊ သိုင်းကွက်စုံ တအားနင်းပြီး တော့ နင်လား ငါလားနဲ့ မအား အောင်မြစ်တား သြော်-မောင်းနှင် ကြရမည် မဟုတ်ပါလား။ (သာဓု၊ သာဓု၊ သာဓု)။

ဒကာသိန်း(ဘုရား) ဲခန္ဓာကိုယ်ရုပ် အကောင်ပုပ်ကြီးထဲမှာ နှစ်သက်စရာ၊ မြတ်နိုးစရာ၊ တွယ်တာစရာ၊ မက်မောစရာ၊ တကွက်လောက် တောက်ပြပါအုံး၊ [မရှိပါဘုရား]။

သြော်-ဒါဖြင့်၊ ခြေဘဝါးမှအထက်၊ ဆံပင်ဖျားမှအောက် ဘေး ပတ်ဝန်းကျင်အားဖြင့် အရေပါးအဆုံးရှိတဲ့၊ အလျားတလံ၊ အနံတထွာ၊ ဤခန္ဓာကိုယ်ကြီးဟာ မသာတုံးမသာခဲကြီးပါလား၊ မှန်ရဲ့လား ဒကာ သိန်း [မှန်ပါတယ် ဘုရား]။

အများကသမုတ်လို့ မဟုတ်မဟပ်ကို အဟုတ်မှတ်ပြီး မှန်းမံချယ်သ ပြင်ဆင်နေကြတာ၊ သုသာန်အသုဘ ရှင်းပြီလား [ရှင်းပါပြီဘုရား]။ ဒါဖြင့် ဘုရားဝါဒနဲ့ ဒိဋ္ဌိဝါတွေရဲ့ဝါဒ-ဘယ်သူက မှန်တုံး [ဘုရား ဝါဒကမှန်ပါတယ်ဘုရား]။ ညင်းအုံးမှာလား (မညင်းတော့ပါဘုရား)။

ဘုံသရာတလျှောက်လုံး ညင်းလာခဲ့လို့၊ ခုအထိ ဒီလင်ဒီမယား ဒီသားဒီသမီး၊ ဒီမြေး ဒီမြစ်တွေနဲ့၊ အိုမဆုံး နာမဆုံး သေမဆုံး တရုံးရုံး နေကြတာ သဘောပေါက်ပြီလား၊ (ပေါက်ပါပြီ ဘုရား)။ ညင်းအုံးမှာ လား (မညင်းတော့ပါဘုရား)။

ဟုတ်ပြီ၊ ဘုရား မညင်းတော့ဘဲ၊ ဘုရားပေးဖဲ့ သတိပဋ္ဌာန်တရား အလုပ်ကို၊ ဘုရားသိသလိုသိရအောင် လုပ်ကြပါတော့မယ်လို့ သန္နိဋ္ဌာန်ချ ဆုံးဖြတ်ချက်ချလိုက်ကြပေတော့၊ (မှန်ပါဘုရား)။

## သိသာရုံမျှ အနိစ္စလက္ခဏာ

ကဲ-ဟောဒီဒကာကြီး ငယ်ငယ်က-ဘယ်လို နာမည်မှတ်ပြီး ကင် မွန်းတပ်ခဲ့သလဲ (ဒကာသိန်းပါဘုရား)။ ဟုတ်ပြီ မောင်သိန်းပေါ့(မှန်ပါ) တော်တော်ကြီးလာတော့(ကိုသိန်းပါဘုရား)ဒီကနေ့(ဦးသိန်းပါဘုရား)။ မှန်ဘီနော်၊ (မှန်ပါ)။

သရက်သီးကလေး သီးစကလဲ သရက်သီးဘဲ၊ ကြီးရင့်တော့လော သရက်သီးဘဲ၊ မှည့်ကြွေကျတော့ကော သရက်သီးဘဲ၊ဒီတော့ ဒီသရက်သီး တလုံးထဲဘဲ၊ တဖြည်းဖြည်း ကြီးလာတာဘဲလို့မှတ် မှတ်ထင်နေကြသလို ဦးသိန်းလဲ မွေးတဲ့နေ့ကနေ သေတဲ့နေ့အထိ မောင်သိန်း ဘယ်နှစ်ယောက် တုံး၊ (တယောက်ထဲပါဘုရား) ဒါဖြင့် ငယ်ငယ်က မောင်သိန်းကဘဲ အရွယ်ရောက်လာတယ်၊ ငယ်ငယ်ကမောင်သိန်းကဘဲ အိုလာတယ်ဆိုပြီး ငါတယောက်တည်း ငါတကောင်တည်းဘဲလို့ မသေမချင်း မြဲနေတယ် လို့ မမှတ်ဘူးလား (မှတ်ပါတယ်ဘုရား)။

ကဲ-ဒါဖြင့် မြဲနေတယ်မှတ်ယင် နိစ္စထင်နေသလား၊ အနိစ္စထင်နေ သလား။(နိစ္စထင်နေပါတယ်ဘုရား)။ အဲဒါ ဒိဋ္ဌိဝါတို့ရဲ့ဝါဒ, ကချို့ သဿတ ဝါဒသမားတွေကဆိုယင် အတ္တာဆိုတဲ့ ငါကောင် သတ္တဝါကောင် ကလေးဟာ ဘယ်ဘဝမှမပျက်ဘဲ တဆက်ထဲမြဲနေတယ်၊ တဘဝခန္ဓာ

တခုနဲ့ ဝင်ပြီးတော့ 'ဝင်ဆစ်ပ်ကောင်ကလေး' ကဲ့သို့ ထင်မြင်ယူဆနေကြတယ်၊မှန်ရဲ့လား (မှန်ပါဘုရား)။

ကဲ-ဒါဖြင့် ဒီလိုကြည့်ရအောင် ပုပုကွကွလှနေတဲ့ မွေးခါစမောင်သိန်းကလေးဟာ ကိုသိန်းလို့ ခေါ်ရတဲ့အချိန်ရောက်တော့ အဲဒီရုပ်ရေအမူအသွေးရှိသေးသလား၊ (မရှိတော့ပါဘုရား)။ သတိထားနော်-ကိုသိန်းလို့ အခေါ်ခံရတဲ့အချိန်က ဗိုလ်ကေကလေးသ, ကိုယ်အနေကလေးကြွကြွနဲ့ သ—လို့မဝအောင်လှနေတဲ့ ရုပ်ရည်မူအသွေးဟာ အခုနဲ့တူသေးရဲ့လား၊ (မတူတော့ပါဘုရား) ဒါဖြင့် ဒီရုပ်အမူအသွေးဟာ ယူပြေးလို့မရ အပ်တထောက်စာမျှမရွေ့၊ တမြေ့မြေ့ကွယ်သုဉ်း ချုပ်ပျောက်နေတော့ မြဲတာတွေ့သေးလား(မတွေ့ပါဘုရား)ဒါက ရုပ်တရား။

နာမ်တရားအနေနဲ့လဲ ကြည့်အုံးလေ၊ ငယ်ငယ်က ပြေးလွှား ခုန်ပေါက် ကမောက်ကမ မျှောက်မကအောင် ပေါက်ကရ ဆော့ကစားချင်တဲ့ စိတ်ကလေးတွေ ယနေ့ရှိနေသေးလား (မရှိတော့ပါဘုရား) စဉ်းစားနော်၊ ငယ်ငယ်ကလှချင်,ပချင်,မောက်ချင်, မော်ချင်, ပျော်ချင်, ပါးချင်တဲ့စိတ်ကလေးတွေကော ယနေ့ရှိသေးလား [မရှိတော့ပါဘုရား] ဘယ်ရောက်ကုန်ပါလိမ့်၊[ချုပ်ပျောက်ကွယ်သုဉ်း ကုန်ဆုံးကုန်ပါဘုရား]မနေ့က လင်မယားစိတ်ဆိုးပြီး ထိုးမယ်ဟ,ကျိတ်မယ်ဟဆိုပြီး သူခိုးဓားပြလို စိတ်ဟာ ယနေ့ရှိသေးလား [မရှိတော့ပါဘုရား] ခုနက သားကလေး မြေးကလေးကို မြှူပလူးပြီး မူးတဲ့စိတ်ကလေးဟာ အခုရှိသေးလား (မရှိတော့ပါဘုရား)။

ဒါ အကြမ်းစားပြောတာ၊ စိတ်ကလေးကိုသတိကပ်ပြီး အရှိပရမတ်ဖြစ်တိုင်းဖြစ်တိုင်း တစိမှမလပ်ရအောင် မပြတ်မှတ်ကြည့်စမ်း၊ ဒီရုပ်ဒီနာမ်ဟာ ဒီနေရာမှာဘဲပျက်တာ တွေ့လိမ့်မယ်၊ ခုဖြစ်ခုပျက်ဘဲ၊ ကဲ—ဒီတော့ ငါ့သူတပါးယောကျ်ားမိန်းမလို့ သမုတ်ခံထားတဲ့ ရုပ်နာမ်တရားဟာ မြဲသလား (မမြဲပါဘုရား)။ အဲဒါ ဗုဒ္ဓနှင့်ဝါဒချင်းတူသလား (မတူပါဘုရား) မတူယင် ညှင်းမနေဘူးလား (ညှင်းနေပါဘုရား)။ ကဲ-မညှင်းဘူးဆို အခုလိုရှင်းတော့ ညှင်းနေပါကလား သတိထားနော်၊ဒါဖြင့်ဘယ်ဝါဒက မှန်ပါလိမ့်၊ (ဘုရားဝါဒက မှန်ပါတယ်ဘုရား)။အေး—မမှန်ဝါဒတွေ အမြန်ခဝါချဘို့ အချိန်အခါကပေးနေပြီ၊ သဒ္ဓါကောင်းတုန်းအခါမနှောင်းကြစေနဲ့၊ ပျက်အစဉ်ပြီးတော့ ဘာပါလိမ့် (ပြင်ခဏပါဘုရား) ဟုတ်ပီ၊ အတိုအကျဉ်းမှတ်ရအောင် ဒီဆောင်ပုဒ်ကိုလိုက်ဆိုကြဦး။

## အနိစ္စလက္ခဏာ ဆောင်ပုဒ်

ဖြစ်ပျက်ဖေါက်ပြန်၊ တည်ဟန်ခဏပါ၊
မြဲတာပယ်ထား-လေးပါးထိုဟာ။
အနိစ္စဘဲ- မမြဲလက္ခဏာ၊
ကျမ်းလာပြ-မှတ်ကြဝေနေယျာ။

## ချမ်းသာတယ်ထင်လို့ ဘုရားကိုညင်းတယ်

နို့ပြီး လူချမ်းသာဆိုတဲ့ စကားလုံးကလေး ရှေ့ဆုံးကတင်ပြီး အဆင်းကောင်းကလေးတွေမြင်ရလို့၊ အသံကောင်းလေးတွေကြားရလို့၊ အနံ့ကောင်းလေးနံရလို့၊ အရသာကောင်းကလေးတွေစားရလို့၊အတွေ့ကောင်းလေးတွေ တွေ့ရလို့ မေ့မျောနေအောင် ဝမ်းသာနေကြတယ်၊ တချို့ပစ္စည်းဥစ္စာရတနာလေးတွေကပြည့်စုံ၊ သားလိမ္မာသမီးလိမ္မာပညာတတ်လေးတွေနဲ့တွဲဖက်ပြီး စွဲမက်ပျော်ပါး အတော်ကြွားနေကြတယ်၊ မှန်ရဲ့လား (မှန်ပါ့ဘုရား)။

အဲဒါချမ်းသာတယ်ထင်လို့ ပျော်တာလား၊ ဆင်းရဲတယ်ထင်လို့ ပျော်တာလား (ချမ်းသာတယ်ထင်လို့ ပျော်တာပါဘုရား)။

အမယ်လေး တချို့များ ဒီဘဝလေး စွဲမက်ပြီး ခွဲမထွက်ရဘဲ၊ အသက်ရှည်ရှည်ကြီး ဒီလင့်ဒီသား့ဒီမယားတွေနဲ့ နေချင်လွန်းလို့ ဘိုးဘိုးကြီးကပ်လိုကပ်၊ နတ်ကိုမြှောက်လိုမြှောက်၊ လျှောက်ယုပ်နေကြတာ၊ ချမ်းသာတယ်ထင်လို့လား၊ဆင်းရဲတယ်ထင်လို့လား (ချမ်းသာတယ်ထင်လို့ပါဘုရား)။

## အိုအောင်မင်းအောင်မှ မပေါင်းလိုက်ရပါလားကွယ်

ဟုတ်တယ်၊ အသက် ၉၀-အဖိုးအိုက ၈၅-နှစ်အမယ်ကြီး သေတော့ "အောင်မယ်သေး အိုအောင် မင်းအောင်မှ မပေါင်းလိုက်ရပါလား ကွယ်"နဲ့ဆို ငိုသတဲ့။ ကောင်းစား ချမ်းသာတယ် ထင်နေကြတယ်။ အဲဒါ သူခလို့ထင်လို့ဘဲ၊ ဒါဟာ ပုထုဇဉ်သတ္တဝါတွေရဲ့ဝါဒ၊ တကယ်ကြစမ်းပါပရိသတ်၊ ဖြစ်ယင်ဘယ်လိုလဲ (ပျက်မှာပါဘုရား)။ မွေးယင်(သေမှာပါဘုရား)။ ပေါ်ယင် (ပျောက်မှာပါဘုရား)။ အချစ်ကြီးတော့ (အမျက်ကြီးပါတယ် ဘုရား)။ အဖြစ်ကြီးတော့ (အပျက်ကြီးပါတယ် ဘုရား)။

တွက်ကြည့်ယင် တချက်မှမသက်သာဘူး နော်၊ ဝိပရိနာမဒုက္ခ— မလွဲမသွေ သေကွဲကွဲယင်ကွဲ၊ မကွဲယင် ရှင်ကွဲကွဲရမယ်၊ ကွဲချင်သလား (မကွဲချင်ပါဘုရား)။ နေရမှာလား (မနေရပါဘုရား)။စည်းစိမ်ကြီးလေ ပျက်စီးတဲ့အခါကျတော့ ဒုက္ခကြီးလေဘဲ၊ သဘောပေါက်ပါရဲ့နော်.... (မှန်ပါ)။ ဆင်းရဲအပေါင်းတို့၏ ကိန်းအောင်းတည်နေရာ ဖြစ်ပေါ်ရာ ဌာနကြီးဆိုဘာ ဓိခန္ဓာကြီးဘဲ၊ "သံခိတ္တေနပဉ္စု ပါဒါနက္ခန္ဓာ ဒုက္ခာ"တဲ့။

ခန္ဓာဆိုတာ ဒုက္ခချည်းဘဲ၊ ဟုတ်တယ်၊အာဟာရပရိယေသနဒုက္ခ စားဘို့ သောက်ဘို့နေဘို့ ထိုင်ဘို့ ရှာရဖွေရတာ၊ မျက်နှာချို သွေး လပ် ပေးလိုပေးရ၊ ခြေဆုပ်သက်နယ်ပြုလိုပြုရ၊ မှောင်ခိုရ၊ ခိုးဆိုးလိမ်ညာလုယက်ရ၊ တိုက်ခိုက်သတ်ဖြတ်ရ၊ ဒီအထဲ အဆင်မသင့်ယင် ကိုယ့်မှာအနာရ၊ ရောဂါရ၊ သေကြ၊ ကျေကြ၊ အချုပ်အနှောင်ခံရ၊ ဇနီးမယား စီးပွား တွေနဲ့ပတ်သက်လို့ စိုးရိမ်ပူဆွေး ငိုကြွေးဒုက္ခအ၀၀- စသည်ဖြင့် ပြောမဆုံးပေါင်၊ တောသုံးထောင်ဘဲ၊ ချမ်းသာဆိုတာ အများသမုတ်လို့ အဟုတ်မှတ်နေတာ၊ ကုန်ကုန်ပြောရယင် "ဝေဒယိတသုခံနာမ ဧတန္တ ဒုက္ခသစ္စ"တဲ့၊ လောကချမ်းသာလုပ်ပြီး ခံစားနေကြတာ၊ အမှန်စစ်လို့ ဥာဏ်စစ်ပေါ်ယင် ဒုက္ခအစစ်ချည်းဘဲ၊ အဲဒါ ဘုရားဝါဒချည်းဘဲ၊ ဒါကြောင့် လိုက်ဆိုကြပါဦး။

ဥပါဒ်—ဠီ-ဘင်၊ အစဥ်နှိပ်စက်၊ သည်းခံနိုင်ခက် သုခပယ်၊
ဆင်းရဲဘည့်ရာ—လေးဖြာထုတ်တော့ ဒုက္ခလက္ခဏာအမှန်ကွယ်၊

အမှတ်ထားလို့ ခေတ်သား ပရမတ်သားပေါ်လာယင်၊အကြား အလပ် ကြားညှပ်စရာမရှိအောင် တွေ့ရပါလိမ့်မယ်၊ ဖြစ်တာ ၂-ချက် ပျက်ဘိုဘက် ရှေးရှုနေလို့ (ဒုက္ခ)ပျက်တယ်၊ သေပွဲဝင်လို့ ဒုက္ခ၊ ချမ်း သာချက် ရှာမတွေ့၊ တွေ့တာကတော့ ဒုက္ခတုံး-ဒုက္ခခဲဘဲ၊ မှန်ရဲ့နော် ပရိ သတ်(မှန်ပါဘုရား)။ ဘုဉးကို ညင်းနေဒါ ပေါ်ပြီလား (ပေါ်ပါပြီ ဘုရား)။ နောက် ညင်းအုံးမှာလား၊ (မညင်းတော့ပါဘုရား)။

ဒါဖြင့် တရားအားထုတ်တော့မယ်ပေါ့၊ (အိမ်ပြန် ကိုင်ပင်ပါရ မေအုံး ဘုရား)။ အေးအေး၊ ဟုတ်တယ်၊ ရေပူရေချမ်း ကမ်းလှမ်းမဲ့ လူက လိုနေသေးတယ်၊ ဘုရားသွားလဲ အတူတူ၊ ကျောင်းသွားလဲ အတူတူ၊ နိဗ္ဗာန်သွားတောင် အတူတူသွားချင်ကြတယ်။

ကဲ—ထားပါတော့၊ နို့ပြီး ပျော့မာပူအေးဖွဲ့စေးလှုပ်ရှား ဒီဓာတ်ကြီး ၄ ပါးက အချင်းချင်း နပမ်းလုံးနေကြဒါ၊ ပထဝီကနိုင်ယင် မာပျော့လို့ဆင်းရဲမယ်၊ တေဇောကနိုင်ယင်လဲ ပူအေးလို့ ဒုက္ခရောက်မယ်၊ ဝါယောကနိုင်ယင်လဲ တွန်းကန်လို့အခံရခက်မယ်၊ အာပေါကနိုင်ယင်လဲ ဖွဲ့စို့ယိုစီးလို့ အနေဆိုးမယ်၊ ဒီဓာတ်ကြီးလေးပါးဟာ မြေကြီးထဲမရောက်မချင်း ညှင်းဆဲသတ်ဖြတ် အကြီးအကျယ် နှိပ်စက်နေဒါ ဒီဓာတ်လေးပါးကို၊ ငါကောင်လုပ်နေကြရဘော့ တသံသရာလုံး ခံလို့မဆုံးပေါ့၊ သဘောပေါက်ရဲလား (ပေါက်ပါတယ် ဘုရား)။ ကဲ—ဒီလို အမြင်မှန်လာတော့ သုခလား ဒုက္ခလား (ဒုက္ခပါဘုရား)။ ဒါဖြင့် ဘုရားဝါဒက မှန်နေပြီ။ ညင်းကြအုံးမလား၊ (မညင်းတော့ပါဘုရား)။ အေး—ဘုရားသိသလိုသိအောင် သတိဆောင်ကြ....။

## အတ္တထင်မှားလို့ ဘုရားကိုညင်းတယ်

ပရိသတ်သို့—ဒုက္ခပြီးတော့ ဘာပါလိမ့်၊ (အနတ္တပါဘုရား)။ အဲဒါ ဘုရားဝါဒနော်၊ (မှန်ပါဘုရား)။ ဘုရားနဲ့ဆန့်ကျင်လျှင် ပုထုဇဉ်သတ္တဝါတွေက အတ္တပေါ့၊(မှန်ပါဘုရား)။ အတ္တဟုတ် မဟုတ် ဒီလိုလေး ကြည့်ကြစမ်း၊ ငါ့မှာမျက်စိလေးရှိတယ်၊ ကြည့်ချင်မှကြည့်မယ်၊ မကြည့်ချင်ယင် မှိတ်နေမယ်၊ မျက်နှာလွှဲနေမယ်၊ နားလေးလဲရှိတယ်၊ ကိုယ်ကြားနာချင်မှ ကြားနာမယ်၊ မကြားနာချင်ပိတ်ထားမယ်၊ တရားပွဲမသွားဘဲ ရှောင်နေမယ်၊ ဘယ်သူက ဘာတတ်နိုင်အုံးမှာလဲ၊ နှာခေါင်းရှိတယ်၊ ကြိုက်တဲ့အနံ့ကလေးမှ ရှူမယ်၊ ပါးစပ်ရှိတယ်၊ စားချင်မှစားမယ်၊ ပြောချင်မှပြောမယ်၊ ဆိုချင်မှဆိုမယ်၊ ကိုယ့်သဘောဘဲ၊ လက်ကလေးရှိတယ်၊ ကိုင်ချင်ကိုင်မယ်၊ ယူမယ်ရေးမယ်၊ ချတ်မယ်၊ ခြေထောက်ရှိတယ်၊ ပြေးချင်ပြေးမယ်၊ လှမ်းမယ် သွားမယ်၊ ခုန်မယ်ပေါက်မယ်၊ ကိုယ့်အလိုကိုယ့်သဘောအတိုင်းဖြစ်ဘယ်၊ ဒီလို ထင်မြင်ယူဆ ပြောဆို မနေကြဘူးလား၊ (ပြောကြပါတယ်ဘုရား)။ အဲဒါ အတ္တထင်လို့ပြောဆိုတယ်၊ ရှင်းရဲလား၊ (ရှင်းပါတယ်ဘုရား)။

ဘုရားကတော့ ဘာတဲ့ (အနတ္တပါဘုရား) ဟုတ်တယ် ကြည့်လေ၊ ဘာမှ ကိုယ့်အလိုလိုက်ပြီး ကိုယ့်အကြိုက်ပေးဒါ မရှိပါဘူး။ ဒီပရိသတ်ကြီး သေချင်ကြသလား၊ (မသေချင်ပါဘုရား) နေရမှာလား၊ (မနေရပါဘုရား)။ အိုချင်ကြသလား (မအိုချင်ပါဘုရား)။ နာချင်ကြသလား

(မနာချင်ကြပါဘူးရား)။ နေကြရမှာလား(မနေကြရပါဘူးရား)။ ဒီနေ့က နောက် အနှစ်တရာရောက်လျှင် ဒီပရိသတ်ကြီး ဘယ်နှစ်ယောက်ကျန်အုံး မှာလဲ (မကျန်တော့ပါဘူးရား)။ ဒါဖြင့် သေချင်လို့ သေကြတာလား၊ မသေချင်ဘဲနဲ့ သေကြဒါလား၊(မသေချင်ဘဲနဲ့သေကြရပါတယ်ဘုရား)။

ဩော်—ဒါဖြင့် ကိုယ့်ကိုယ်ကို မပိုင်လို့ အစိုးမရလို့ ကိုယ့်အလို မလိုက်တာပေါ့ (မှန်ပါ)ခိုင်မာဒါကော ဘာရှိပါလိမ့် (ဘာမှ မရှိပါ ဘုရား)။ ဒါဖြင့် အတ္တလား၊ အနတ္တလား၊ (အနတ္တပါဘုရား)။ ဘုရားက မှန်ပြီနေ့ဘ်(မှန်ပါဘုရား)။ သိရဲ့သားနဲ့ တမင် ခါးခါးသီးသီး နင်းကန် ညင်းဆန်မနေနဲ့၊ ဒါကို လိုက်ဆိုကြပါဦး။

(မလိုက်အလို-ကိုယ်ပိုင်မရှိ-ကင်း၏ခံစား-ပြုသူမှာ....
တိက္ခကြံဆကိုယ်အတ္တကို-ပယ်ထလေးချက် အနတ္တာ)။

တရားလေး တနာရီလောက် မှတ်ကြည့် ရှုကြည့်စမ်းပါ၊ တော် တော်ကြာ "ယားတယ်၊ ကျင်တယ်၊ ထုံတယ်၊ နာတယ်" စသည်ပေါ့။ အဲဒါတွေ ဖြစ်ချင်လို့ဖြစ်နေဒါလား၊ သူ့သဘောနဲ့သူ ဖြစ်နေတာလား၊ (သူ့သဘောနဲ့သူ ဖြစ်နေတာပါဘုရား)။

ရှုမှတ်မှုပြည့်ဝလာတော့-ရုပ်တရား၊ နာမ်တရားတွေ (ဝါ) အရှုခံ အာရုံနဲ့ ရှုသိစိတ်တွေ ပေါ်လိုက် ပျောက်လိုက် ဖြစ်လိုက် ပျက်လိုက်နဲ့ တွေ့ရပါလိမ့်မယ်။ အဲဒါတွေကို ကိုယ်က ခိုင်းလို့လား၊ သူ့သဘောနဲ့ သူလား၊(သူ့သဘောနဲ့သူပါဘုရား)၊မြင်တယ်နော်၊(မြင်ပါတယ်ဘုရား)။

ဒါဖြင့်—တဖွားဖွားဖြစ်၊ တဖြုတ်ဖြုတ်ပျက်၊ နေတာတွေဟာ အားကိုးလောက်တဲ့ အခိုင်အမာ အနှစ်အသားတွေလား၊ (မဟုတ်ပါ ဘုရား)။ ဘာမှ အားကိုးစရာ အနှစ်အဆိုင် အခိုင်အမာမရှိတဲ့ အနတ္တ တရား၊ ပရိသတ် ဘာပါလိမ့် (အနတ္တပါဘုရား)။ ဘုရားက မှန်နေပြီ ညင်းကြအုံးမှာလား၊ (မညင်းတော့ပါဘုရား)။

ဒါဖြင့် ဘုရားသိသလိုသိအောင်-လုပ်ကြတော့မယ်ပေါ့၊ (မှန်ပါ ဘုရား) ကဲ-ဒါဖြင့် ဘုန်းကြီးပြန်ကြွယင် ရိပ်သာ လိုက်ခဲ့ကြပေတော့.... ဒကာသိန်း လိုက်မယ်မို့လား (မှန်ပါ လိုက်တော့ လိုက်မယ်လို့ပါဘုရား) ဘာလိုနေလို့တုံး၊ (အိမ်က မြေးက ငိုယင် တပည့်တော် ချော့မှ ရတယ် ဘုရား)။ ဒါဖြင့် မြေးမချော့ရတဲ့အချိန် ရောက်အောင် စောင့်ရအုံးမှာ ပေါ့၊ (အဲဒီလိုဖြစ်နေပါတယ်ဘုရား) အင်း-ဒါဖြင့် သင်းချိုင်းကုန်းက

စောင့်ရမလို ဖြစ်နေပြီပေါ့၊ ဟုတ်တယ်လေ ကလေးက တယောက်ကြီး လိုက် တယောက်က ငယ်လိုက်ကိုး၊ ကိုင်းထားပါတော့။

ပုထုဇဉ်အများ လောကသားတွေဟာ အမြင်မှန်မရကြဘဲ ဘုရားရှင်နဲ့ ဝါဒချင်းမတူ တဆူဆူအညင်းပွားနေကြ ပဋိသန္ဓေ အိုနာသေသံသရာတခွင်မှ ထွက်မြောက်ကြရတော့မှာ မဟုတ်ဘူး၊ ဒီလိုအမြင်မှန် မရကြတာဟာ ဘာကြောင့်လဲဆိုယင် အမှန်မသိအောင် ဖုံးကွယ်တဲ့ အဝိဇ္ဇာတဖုံးကွယ်တော့ ဒိဋ္ဌိက အလွဲယူတယ်၊ အယူဖောက်ပြန် မမှန်တာတွေကို သိမှားမှတ်မှား ယူမှားတဲ့ စိတ္တဝိပ္ပလ္လာသ,သညာဝိပ္ပလ္လာသ, ဒိဋ္ဌိဝိပ္ပလ္လာသ တွေကလဲ ဖမ်းစားတော့တာဘဲ။

ဒါကြောင့် မတင့်တယ်တာကို တင့်တယ်တယ်၊မမြဲတာကိုမြဲတယ်၊ မချမ်းသာတာကို ချမ်းသာတယ်၊ ငါကောင်မဟုတ်တာကို ငါကောင် ဟုတ်တယ်-လို့ သိမှား မှတ်မှား ယူမှားနေကြတာဘဲ၊ ဒါကြောင့်မို့လဲ ဘုရားရှင်နှင့် ဝါဒချင်းမတူဘဲ အညင်းပွားနေကြတာကိုး။

ဘုရားရှင်နှင့် အညင်းမပွားရအောင် အမှန်မြင်ဖို့ရာ အကြမ်းဖျဉ်း အနေအားဖြင့်တော့ ဤကိုယ်ကာယကြီးရဲ့ စက်ဆုပ်ရွံရှာဖွယ် ကောင်းပုံ ၃၂-ကောဋ္ဌာသ အစုအဝေးရှိရာမှတပါး ငါသူတပါး မရှိပုံများကို ပြောခဲ့ပါပြီ။

ငယ်ရာမှရွယ်၊ ရွယ်ရာမှကြီးပြီး တဖြေးဖြေး ဖောက်ပြန် ပြောင်းလွဲ မမြဲပုံကိုလဲ ပြောခဲ့ပါပြီ။

ချမ်းသာတာရယ်လို့ မရှိ ဆင်းရဲချည်းရှိကြပုံကိုလဲ ဝေခွဲ ပြောပြီး ခဲ့ပါပြီ။

ကိုယ်ထင်သလိုမဖြစ်ဘဲ မအိုချင်ဘဲနဲ့အိုကြရပုံ၊ မနာချင်ဘဲနဲ့ နာကြရပုံ၊ မသေချင်ဘဲနဲ့သေကြရပုံများကိုလဲ သိသာရုံမျှ ပြောပြခဲ့ပါပြီ။

ယခု ဘုရားရှင်နှင့် အယူချင်းတူပြီး ဘုရားရှင် သိမြင်တော်မူတဲ့ အမှန်တရားကို တကယ်သိပြီး ဘုရားရှင်နှင့်တပည့်သာဝကများ ရရှိသွားတဲ့ အိုနာသေကင်းတရားကို တကယ်သိရအောင် တကယ်ရရှိအောင် တကယ်ကျင့်ကြဖို့ရာ အရေးမကြီးဘူးလား၊ ပရိသတ်များ(အရေးကြီးလှပါတယ် ဘုရား)။

ဒီလိုဆိုယင် မတင့်တယ် မဖွယ်ရာတဲ့ အသုဘဖြစ်တဲ့ ဒီခန္ဓာကိုယ်ရုပ် အကောင်ပုပ်ကြီးကို သူငါထင်အောင် သွေးဆောင်တဲ့ ဝိပ္ပလ္လာသနဲ့ဖုံး

ထားတဲ့ သင်္ခါရအဝိဇ္ဇာတုံးကြီးကို ကာယာနုပဿနာသတိပဋ္ဌာန် အလုပ် တရားကို အဟုတ်ပွားပြီး ဖြိုခွဲဖယ်ရှားကာ နိဗ္ဗာန်ကို သွားကြရမယ်။

ဆင်းရဲတာကိုချမ်းသာတယ်ထင်အောင် သွေးဆောင်တဲ့ဝိပ္ပလ္လာသ နဲ့ ဖုံးထားတဲ့ ဣရိယာပထ အဝိဇ္ဇာကိုလဲ ဝေဒနာနုပဿနာသတိပဋ္ဌာန် အလုပ်တရားကို အဟုတ်ပွားပြီး ဖော်ထုတ်ကာ လမ်းမမှားဘဲ နိဗ္ဗာန်ကို သွားကြရမယ်။

မမြဲတာကို မြဲတယ်ထင်အောင် သွေးဆောင်တဲ့ ဝိပ္ပလ္လာသနဲ့ ဖုံး ထားတဲ့ သန္တတိဂနအဝိဇ္ဇာကိုလဲ စိတ္တာနုပဿနာပတိပဋ္ဌာန်အလုပ်တရား ကို အဟုတ်ပွားပြီး အစဉ်မပြတ်မြင်ကာ နိဗ္ဗာန်ကို ဝင်ကြရမယ်။

အတ္တကောင်မဟုတ်တာကို အတ္တကောင်လို့ အထင်မှားအောင် သွေးဆောင်တဲ့ဝိပ္ပလ္လာသနဲ့ ဂနအဝိဇ္ဇာကိုလဲ ဓမ္မာနုပဿနာ ပတိပဋ္ဌာန် အလုပ်တရားကိုပွားပြီး ဖြိုခွဲဖယ်ရှားကာ နိဗ္ဗာန်ကို သွားကြရမယ်။

ဒကာသိန်းရေ (ဘုရား) နိစ္စ, သုခ, အတ္တ, သုဘ-လို့ ဘုရားနှင့် မညင်းကြတော့ဘဲ အနိစ္စ,ဒုက္ခ,အနတ္တ, အသုဘ-လို့ ဗုဒ္ဓဝါဒကို အမှန် မြင် အယူမှန်အောင် အပြောတွင်မရပ်ဘဲ မဟာသတိပဋ္ဌာန် ဝိပဿနာ အလုပ်တရားကို အဟုတ်ပွားဘို့ရာ အရေးကြီးပြီနော် (မှန်ပါ အရေး ကြီးလှပါဘုရား)။

ဒီလိုဆိုယင် ပြောနေကြာပါတယ်၊ ယခုလို ဆိတ်ငြိမ်ရာ တရား ဟောဓမ္မာရုံမှာ တရားပွဲအစတုန်းက သီလလဲယူပြီးကြလို့ သီလဝိသုဒ္ဓိလဲ ဖြစ်နေကြတဲ့ ဒို့တရားနာမျာ်းဟာ အမျိုးသားတွေက တင်ပလ္လင်ခွေပြီး ချောင်ချိစွာထိုင်ကြပါ၊ အမျိုးသမီးတွေကတော့ ဒီလို လူပုံလယ်မှာ မြန်မာ့ယဉ်ကျေးမှုနဲ့လဲ မဆန့်ကျင်ရအောင် အစုပလ္လင်ခေါ် ဒူးတုပ်လျက် တဝက် ခွေထိုင်နည်းအတိုင်း ချောင်ချောင်ချိချိထိုင်ကြပါ။

လက်နှစ်ဖက်ကိုလဲ ကိုယ့်တင်ပလ္လင်ခွေပေါ်မှာ ပက်လက်လှန်ပြီး ဘယ်လက်က အောက်က၊ ညာလက်ကအထက်ထပ်လို့ဖြစ်စေ၊ ဘယ်လက် ကိုမှောက်လျက် ဘယ်ဘက်ပေါင်ပေါ်၊ ညာလက်ကိုလဲ မှောက်လျက် ညာပေါင်ပေါ်ကိုထားလို့ဖြစ်ဖြစ် တင်ထားကြပါ။ ကိုယ်ကို ဖြောင့်စွာ ထားပါ၊ မျက်စိနှစ်လုံးကို အသာအယာမှိတ်ထားပါ၊ အသက်ကို မှန်မှန် ရှူရှိုက်ပါ၊ ထင်ရှားအောင်လဲ တအားမရှူရှိုက်နဲ့၊ မထင်ရှားအောင်လဲ

ချုပ်တည်းမထားနဲ့၊ ပင်ကိုယ်က ရှုရှိုက်နေကျ အတိုင်း မှန်မှန် ရှုရှိုက်ပါ။

အသက်ရှုတိုင်း ရှိုက်တိုင်း မိမိဝမ်းဗိုက်က လှုပ်ရှားနေတဲ့ ဝါယောဓာတုဖေါင်ဖွဲရုပ်ကို စိတ်သတိဉာဏ်စိုက်ပြီး စိတ်ထဲကဘဲ ကြွတက်လာယင် "ဖောင်းတယ်" ပိန်ကျသွားယင် "ပိန်တယ်"လို့ ရှုမှတ်ပါ။

"ဒီလို "ဖောင်းတယ်,ပိန်တယ်"ကို ရှုမှတ်ယင်းက စိတ်က အိမ်ရောက်ယင်လဲ "ရောက်တယ်"၊ သူငယ်ချင်းနှင့်တွေ့ယင်လဲ "တွေ့တယ်"၊ နှစ်သက်ယင်လဲ "နှစ်သက်တယ်"၊ စိတ်ဆိုးယင်လဲ "စိတ်ဆိုးတယ်" စသည်ဖြင့် ရှုမှတ်ပါ၊ အဲဒီစိတ်ကလေး ငြိမ်သွားယင်တော့ မိမိရှုမှတ်နေကျ "ဖောင်းတယ်၊ ပိန်တယ်"ကို ပြန်လည်ရှုမှတ်ပါ။

မှိတ်ထားတဲ့ မျက်စိထဲက ဘာဘာညာညာကို မြင်ရယင်လဲ "မြင်တယ်၊ မြင်တယ်"လို့ ရှုမှတ်ပါ၊ အဲဒီမြင်တာ ပျောက်သွားယင် မိမိရှုမှတ်နေကျ "ဖေါင်းတယ်၊ ပိန်တယ်"ကို ပြန်လည်ရှုမှတ်ပါ။

နားထဲကအသံကိုကြားရယင်လဲ "ကြားတယ်၊ ကြားတယ်" လို့ ရှုမှတ်ပါ၊ ကြားတာပျောက်သွားယင် "ဖောင်းတယ်၊ပိန်တယ်"ပြန်လည်ရှုမှတ်ပါ။

နှာခေါင်းထဲက အနံ့ကို နံယင်လဲ "နံတယ်၊ နံတယ်"လို့ ရှုမှတ်ပါ၊ နံတာပျောက်သွားယင်လဲ ဖောင်းပိန်ကို ပြန်လည်ရှုမှတ်ပါ။

ပါးစပ်ထဲက တံတွေးတွေများလာယင်လဲ "များတယ်၊ လုံးချင်တယ်၊ လုံးတယ်၊ မျိုတယ်"စသည်ဖြင့် ရှုမှတ်ပါ။ အဲ- ဒါပြီးသွားယင် ဖောင်းပိန်ကို ပြန်မှတ်ပါ။

ကိုယ်ထဲက ယားနာကျင်အောင့်ယင်လဲ ယားတယ်၊ နာတယ်၊ ကျင်တယ်၊ အောင့်တယ်" စသည်ဖြင့် အစူးရှဆုံးနေရာကို စိတ်စိုက်ပြီး ရှုမှတ်ပါ၊ တခုပျောက်သွားလို့ တခုကျန်နေသေးယင် ကျန်နေတာကို လိုက်ပြီးရှုမှတ်ပါ၊ အဲဒါတွေ အားလုံးပျောက်သွားယင် ဖောင်းပိန်ကို ပြန်ပြီးရှုမှတ်ပါ။ ပျောက်အောင် သည်းမခံနိုင်သေးယင်လဲ "အယားဖျောက်ချင်တယ်၊ အယားဖျောက်တယ်" လို့ ရှုမှတ်ပြီး အယားဖျောက်ပါ၊ ပြီးယင် ဖောင်းပိန်ကို ပြန်လည်ရှုမှတ်ပါ၊ ပွတ်ပြင်ချင်ယင် "ပွတ်ပြင်ချင်တယ်၊ ပွတ်ပြင်တယ်"စသည်ဖြင့် ရှုမှတ်ပြီး ပွတ်ပြင်ပါ၊ ပြီးယင်း ဖောင်းပိန်ကိုဘဲ ပြန်မှတ်ပါ။ ဒါဟာ ထိုင်ယင်းရှုမှတ်ပုံပါဘဲ။ ယခုတရား

နာယင်းတော့ ၅-မိနစ်ခန့် ရှုမှတ်ယင် တော်ပါပြီ။ အားလုံးငြိမ်သက်စွာ ရှုမှတ်ကြပါ။ ဘုန်းကြီး တနာရီစေ့ယင် တော်တော့လို့ ပြောပါမယ်။

.......................... ကဲ ၅-မိနစ်စေ့ပါပြီ။ ဒါက တရားနာယင်း မရှုမှတ်ဘူးသေးသူများ ရှုမှတ်နည်းရသွားကြအောင် ဘုန်းကြီးလက်တွေ့ ပြလိုက်ခြင်းပါဘဲ၊ အဲဒီနည်းအတိုင်း ကျောင်းကန်ဘုရား ရိပ်သာများမှာ မသာနိုင်ခင် အိပ်ယာဝင်အိပ်ယာထတိုင်း ဝတ်တွားပြီး ရှုမှတ်သွားကြ မယ်ဆိုယင် ဘုရားရှင်နှင့် မညင်းရတော့တဲ့ ဝါဒချင်းလဲတူ၊ ပြည်နိဗ္ဗာန် ကိုလဲ အရောက်မြန်းနိုင်ကြမှာဘဲ၊ပေါက်ပေါက်ရောက်ရောက် အားထုတ် ချင်ယင်လဲ မဟာစည်သာသနာ့ရိပ်သာတွေမှာ လာရောက်အားထုတ်ကြ ဖို့ရာ တိုက်တွန်းဖိတ်ခေါ်ပါတယ်။

ရိပ်သာတွေမှာတော့ အဲဒီလိုထိုင်ပြီး ရှုမှတ်တာတနာရီကြာယင် စင်္ကြံသွားပြီး ရှုမှတ်ရပါတယ်။ မူကြမ်းအားဖြင့်တော့ သွားယင် "သွား တယ်၊ သွားတယ်"လို့ဘဲ ရှုမှတ်ရပါတယ်၊ သေသေချာချာဆိုယင်တော့ လက်နှစ်ဖက်ကိုပိုက်ပြီးတော့ "သွားချင်တယ်၊ သွားချင်တယ်"လို့ သွား ချင်စိတ်ကို ဦးစွာရှုမှတ်ရပါတယ်၊ ပြီးတော့ ဘယ်ဘက်ခြေကလှမ်းတော့ "ဘယ်လှမ်းတယ်" ညာဖက်ခြေကလှမ်းတော့ "ညာလှမ်းတယ်" လို့ ရှုမှတ်ရပါတယ်၊ စင်္ကြံဆုံးတော့ "ရပ်ချင်တယ်၊ရပ်တယ်၊ ရပ်တယ်" လို့ ရှုမှတ်ပါတယ်၊ ပြီးတော့ "လှည့်ချင်တယ်၊ လှည့်တယ်၊ လှည့်တယ်၊ ရပ် တယ်၊ သွားချင်တယ်၊ ညာလှမ်းတယ်၊ဘယ်လှမ်းတယ်"လို့ ခေါက်တုန့် ခေါက်ပြန်တနာရီကြာအောင် ရှုမှတ်ရပါတယ်။

အထိုင်ကတနာရီ၊ စင်္ကြံကတနာရီ၊ ၂၄-နာရီမှာ အထိုင်က ရှစ် ကြိမ်၊ စင်္ကြံကရှစ်ကြိမ် ရှုမှတ်ရပါတယ်၊ အိပ်ချိန်က ညသန်းကောင်ယံ မှာ ၄-နာအိပ်ရပါတယ်၊ ကျန်တဲ့အချိန်တွေမှာ အထိုင်နှင့်စင်္ကြံတလှည့် စီရှုမှတ်ရပါတယ်၊ ထိုအတွင်းမှာ ထမင်းစားတာ ရေသောက်တာ၊ ရေ ချိုးတာ၊ ကျင်ကြီးကျင်ငယ်စွန့်တာများကိုလဲ ရှုမှတ်ရပါတယ်။

ဒီလိုယောဂီအဖြစ်နဲ့ တရားရှုမှတ်တယ်ဆိုတာ သတိပဋ္ဌာန် အလုပ် တရား နာကြားစဉ်ကတည်းက ရှစ်ပါးသီလကိုခံယူပြီး ထားကြရတယ်။ ဒါကြောင့် ပန်းပန်ခြင်း၊ နံ့သာလိမ်းခြင်း၊ ရေမွှေးပေါင်ဒါ ဆွတ်ဖျန်း ခြင်း တို့ထိခြင်းများကိုလဲ မပြုတော့ဘူး။ အလှအပအချယ်အမှုန်းတွေကို လဲ မလုပ်တော့ဘူး၊ အရှက်လုံရုံ သန့်ရှင်းကျန်းမာရုံမျှသာ ဝတ်စားဆင် ယင်တတ်တယ်၊ ရေချိုးတယ်။

ဒီလိုဆိုတော့ ခန္ဓာကိုယ်ကို ပြုပြင်ချယ်လှယ်တဲ့ သင်္ခါရက ကင်းနေတယ်၊ ဒါကြောင့် မိမိခန္ဓာကိုယ်က မကြာခင်မှာဘဲ ချွေးစေ့လဲ နှံ့နှံ့နေတယ်၊မျက်နှာမှာ သနပ်ခါးနဲ့လိမ်းဖို့ထားစဉ်က မမြင်ရတဲ့အနာအဖုဆာ အချောက်အစက်များကလဲ ပေါ်လွင်လာတယ်၊ အဝတ်အစားကလဲ မြင်သူတိုင်းကို ဖမ်းစားနိုင်လောက်အောင် အသွေးအရောင်ဟန်မပြနိုင်တော့ဘူး၊ ဖြူတာညိုတာမဲတာ စသည်ကယ်ပဲ ပင်ကိုယ်အတိုင်း ပေါ်လွင်နေတယ်၊ ကိုးပေါက်သောဒွါရတို့မှာလဲ မျက်ချေး၊ နားချေး၊ နှာချေး၊ သွားရည်စသည်တွေက မကြာမကြာ ယိုးစီးတာကို တွေ့ရတယ်၊ ခန္ဓာကိုယ်ရဲ့အမျိုးမျိုးပေါက်ပြန်ပုံ၊ မစင်မကြယ်ပုံ၊ ရွံရှာဖွယ်ဖြစ်ပုံ၊ အပုံပုံအဝအဝ ကိုယ်တိုင်လဲတွေ့ရတယ်၊ ဆရာသမားများကလဲ တရားလဲ ဟောပြလို့သိရတယ် ဆိုတော့ သင်္ခါရ ဆိုတဲ့ ပြုပြင်ချယ်လှယ်မှုအဖုံးကွာကျပြီး သူရော ကိုယ်ပါ သတ္တဝါအားလုံး အသုဘတုံး အသုဘခဲတွေ ဆိုတာကိုလဲ အမှန်အတိုင်း သိမြင်လာတယ်၊ တရားအာရုံမှာလဲ အသုဘအခြင်းအရာများကို တွေ့မြင်ရတယ်၊ ဒီတော့ ကိုယ်ကောင်ရုပ် အကောင်ပုပ်ကြီးကို မနှစ်သက်မတွယ်တာတော့ဘူး၊ အားပျော့သွားတယ်၊ မသေခင်ပုပ်တာကိုလဲသိပြီး သေယင်ပုပ်မှာကိုလဲ မသိဘူးလား၊ ဒကာသိန်းရ၊ (သိပါတယ်ဘုရား)။

နောက်ပြီးတော့ ရှုမှတ်ယင်းပင် သွား၊ရပ်၊ထိုင်၊လျောင်း၊ လှည့်ကာ ပြောင်းနေတဲ့ ရုပကာယရဲ့ အနှစ်အသားမရှိပုံ၊ နှစ်သက်ဖွယ်ရာမရှိပုံကိုလဲ သိမြင်တယ်၊ ဖောင်းတာ၊ပိန်တာ၊ကွေးတာ၊ဆန့်တာ၊ ပူတာ၊အေးတာ၊ ပွကြီး ကြပ်တီးတာ၊ ယိုစီးတာ၊ ပူအေးတာ၊ စားတာသောက်တာ အဖြာဖြာကိုလဲ ဝေခွဲပြီး သူငါမဟုတ်ပုံ၊ မမြဲပုံ၊ ဆင်းရဲပုံ အစုံစုံကိုလဲ သိလာရတယ်၊ ဒါဟာ ကာယာနုပဿနာကို မူကြွမ်းအားဖြင့် သိမြင်လို့ အနိစ္စ ဒုက္ခ အနတ္တ အသုဘ-ထင်မြင်ပုံ အစအနပါဘဲ။

ဒီလိုရှုမှတ်ယင်း နာကျင်ကိုက်ခဲတာစတဲ့ ဒုက္ခဝေဒနာတွေကို ရှုမှတ်သိမြင်ရတော့လဲ ဆင်းရဲပုံကို မသွယ်မဝိုက် တိုက်ရိုက်သိသိလာတယ်၊ ချမ်းသာမှု ဝမ်းသာမှု၊ ချမ်းသာလဲမဟုတ်၊ ဆင်းရဲလဲမဟုတ်ဘဲ လျစ်လျူရှုမှု၊ အစုအစုဝေဒနာများကို ရှုမှတ်ယင်းလဲ ထိုင်မြဲရှည်ကြာ တည်တာမရှိ၊ ပျက်စီးမှုတရားတို့သာ ထင်ရှားစွာတွေ့ရတယ်။

ချမ်းသာကင်းပျောက် ဆင်းရဲရောက်နေတာကိုသာ တွေ့ရတယ်၊ ကိုယ်အလိုရှိသလို၊ ပြုပြင်ချင်သလို ပြုပြင်ပြောင်းလဲ ပေးနေစဉ်က အိပ်

လို့ညောင်းယင် ထိုင်၊ ထိုင်လို့ ညောင်းယင်ရပ်၊ ရပ်လို့ ညောင်းယင်သွား၊ ဘယ်ဖက်စောင်းရတာ ညောင်းယင် ညာဖက်စောင်း၊ ခါးစန့်ရတာ ညောင်းယင် ခါးလျော့ စသည်စသည်ပြောင်းလဲတော့ သက်သာသလို ချမ်းသာသလိုလိုထင်ခဲ့တာ၊ ယခုလိုဣရိယာပုထ်ကို မပုပြင်တဲ့ ရှုမှတ်တော့ ဒုက္ခဒုက္ခတွေကိုတွေ့ရတယ်၊ ချမ်းသာဝမ်းသာမှုတွေကို ရှုမှတ်လိုက်တော့ လဲ ပျောက်ကွယ်ပျက်စီးသွားတာကိုသာ တွေ့ရတယ်။

ဒီတော့ ချမ်းသာမမြဲဘဲ ဆင်းရဲသာ ပေါ်ပေါ်လာပုံကိုသိတယ်၊ ဒါ့ကြောင့် ဆင်းရဲကို ချမ်းသာထင်အောင် သွေးဆောင်တဲ့ ဝိပလ္လာသရဲ့ လှည့်ကွက်နှင့် ဖုံးကွယ်ထားတဲ့ ဣရိယာပထကိုလဲ ဖောက်ခွဲ သိမြင်လာတယ်၊ ဒုက္ခသစ္စာကို ပိုင်းခြားပြီး သိမြင်လာတယ်၊ ဒါဟာ ခဝဒနာနုပဿနာ သတိပဋ္ဌာန်ပွားလို့ ဆင်းရဲကို ဆင်းရဲမှန်း သိမြင်လာခြင်းဘဲ။

နောက်ပြီးတော့ ဖောင်းပိန်အခြေပြုပြီး ထိုင်မှု ရပ်မှု သွားမှု လာမှု စသည်များကို ရှုမှတ်ယင်း ထိုင်ချင်၊ ရပ်ချင်၊ သွားချင်၊ အိပ်ချင် စိတ်များနှင့် ဟိုဟိုဒီဒီ အလီလီသွားတဲ့စိတ်များကို ရှုမှတ်ပြန်တော့ တစိတ်ပြီးတစိတ် ပေါ်လိုက်ပျောက်လိုက်ဖြစ်ပျက်နေတာများကိုလဲ သိမြင်လာတယ်၊ ဒီတော့ မွေးကတည်းက ရှိနေတဲ့စိတ်က အရာရာကိုသိနေတယ်-လို့ ထင်မှားခဲ့တဲ့ နိစ္စသညာဟာ အားနဲလာတယ်၊ မြဲတယ်ထင်အောင် သွေးဆောင်တဲ့ ဝိပလ္လာသရဲ့ လှည့်ကွက်ကိုလဲ သိမြင်လာတယ်၊ တစိတ်တည်း တကိုယ်တည်းလို့ ထင်မှားအောင် ဖုံးထားတဲ့ သန္တတိရဲ့အစဉ်ကိုလဲ မြင်တယ်၊ သွားချင်တာ၊ သွားတာ၊ စိတ်ကူးတာ၊စဉ်းစားတာတွေဟာ တခုပြီးမှတခု ပေါ်ပေါ်ပြီး ပျောက်ပျောက် နေကြပုံများကို အရှင်းသား မြင်လာတယ်၊ စိတ်ဆိုးစိတ်ပျက် စိတ်ထွက် နှစ်သက် ပျံ့လွင့် တည်ငြိမ်မှု စိတ်မှုစိတ်ရာ အဖြာဖြာကိုလဲ သိမြင်တယ်၊ ဒါ့ကြောင့် မမြဲဘူး၊ပေါ်ပြီး ပျောက်တယ်၊ ဖြစ်ပြီးပျက်တယ်-လို့ အမှန်ကို သိမြင်လာတယ်။ ဒါဟာ စိတ္တာနုပဿနာရဲ့ ဦးဆောင်လမ်းပြမှုကြောင့် အမှန်သိလာတာဘဲ။

နောက်ပြီးတော့ ဣရိယာပုထ်လေးပါးကို အခြေခံထားပြီး ရှုမှတ်နေယင်းဘဲ လိုချင်နှစ်သက်တဲ့ ကာမစ္ဆန္ဒ၊စိတ်ဆိုးစိတ်ပျက်တဲ့ဗျာပါဒ၊ ထိုင်းမှိုင်းပျင်းရိတဲ့ ထိနမိဒ္ဓ၊ ပျံ့လွင့်ပူပန်တဲ့ ဥဒ္ဓစ္စကုက္ကုစ္စ၊ ယုံမှားတွေးတောတဲ့ ဝိစိကိစ္ဆာ၊ ဒီလို နိဝရဏတရား ငါးပါးတွေ ပေါ်လာယင်လဲ "လိုချင်တယ်၊ စိတ်ပျက်တယ်၊ ထိုင်းမှိုင်းတယ်၊ ပျင်းရိတယ်၊ ပျံ့လွင့်တယ်၊ ပူပန်တယ်၊ ယုံမှားတယ်" စသည်ဖြင့် မပြတ်ရှုမှတ်တယ်။

မြင်တာ၊ကြားတာ၊ နံတာ၊ စားတာ၊ တွေ့ထိတာ၊ စိတ်ကူး စဉ်းစားတာတွေကိုလဲ ပေါ်တိုင်းရှုမှတ်တယ်၊ ဒီလိုရှုမှတ်တော့ အတုံးအခဲ အလုံးအပြားမရှိ မြင်ယင်မြင်သဘော၊ကြားယင်ကြားသဘော၊နံသဘော၊ စားသဘော၊ ထိသဘော၊ ကြံသဘော၊ ပူသဘော၊ အေးသဘော၊လှုပ်သဘော၊ နာသဘော၊ စိမ့်သဘောသက်သက်ကလေးတွေမျှ ပေါ်ပေါ်ပြီး ပျောက်ပျောက် သွားပုံကိုသာ တွေ့ရတယ်၊ ပုဂ္ဂိုလ်သတ္တဝါအနေ၊ ငါကောင်သူကောင်အနေမျိုးကို မတွေ့ရတော့ဘူး၊ ၃၂-ကောဋ္ဌာသ အစုအဝေး၊ ခေတ်ခေလးပါးအစုအဝေးတွေ တရိပ်ရိပ်ပေါ်ပြီး ပျောက်နေတာမျှသာ တွေ့ရတယ်၊ ဒါကြောင့် ငါကောင်သူကောင်ထင်အောင် သွေးဆောင်တဲ့ ဝိပလ္လာသရဲ့သည့်ကွက်ကိုလဲသိတယ်၊ခေါင်းခြေလက်အင်္ဂါ စသည် စုဝေးမှုဃနပျောက်ပြီး သဘောတရားသက်သက်မျှသာတွေ့ရလို့ အနတ္တကိုမြင်တယ်၊ဒါဟာ ဓမ္မာနုပဿနာသတိပဋ္ဌာန်ပွားလို့ အမှန်တရားကို သိမြင်ပုံပါဘဲ။

ဒါကြောင့် ကာယာနုပဿနာသတိပဋ္ဌာန်ကို ပွားများအားထုတ်ခြင်းဖြင့် အသုဘကို သုဘ-လို့ ထင်မှားမှု ဝိပလ္လာသနှင့် ပြုပြင်မှုသင်္ခါရကို ဖြိုခွင်းပြီး မတင့်မတယ် မဖွယ်မရာမှု အသုဘအမှန်ကိုသိမြင်နိုင်တယ်။

ဝေဒနာနုပဿနာကိုပွားပြီး အားထုတ်ခြင်းဖြင့် ဒုက္ခကို သုခ-လို့ ထင်နေတဲ့ ဝိပလ္လာသနှင့် ဖုံးလွှမ်းမှု ဣရိယာပထကိုဖယ်ရှားပြီး ဖောက်ပြန်နှိပ်စက် ဆင်းရဲချက်ကို အမှန်အတိုင်း သိမြင်နိုင်တယ်။

စိတ္တာနုပဿနာကို ပွားပြီးအားထုတ်ယင်လဲ မမြဲတာကိုမြဲတယ်-လို့ ထင်မှားအောင် သွေးဆောင်တဲ့ ဝိပလ္လာသနှင့် ဖုံးလွှမ်းမှုသန္တတိကို ပယ်ရှင်းပြီး ဖြစ်ပျက်အနိစ္စကို အမှန်အတိုင်း သိမြင်တယ်။

ဓမ္မာနုပဿနာသတိပဋ္ဌာန် အလုပ်တရားကို ကြိုးစား အားထုတ်ခြင်းဖြင့် အနတ္တကို အတ္တ-လို့ထင်မှားအောင် သွေးဆောင်တဲ့ ဝိပလ္လာသနှင့် ဖုံးလွှမ်းတဲ့ဃနကို ဖြိုခွင်းပြီး သဘောတရားသက်သက်မျှ အနတ္တကို အမှန်အတိုင်း သိမြင်နိုင်တယ်။

ဒါဟာ ဒေသနက္ကမ ဒေသနာစဉ်အတိုင်း သိသာရုံမျှ ရှင်းပြတာဘဲ၊ ဒေသနာစဉ်နှင့် ပဋိပတ္တိက္ကမကျင့်စဉ်နှင့်လဲ နှိုင်းယှဉ်ပြခဲ့ပါပြီ၊ကျင့်စဉ်

မှာတော့ ဖြစ်စဉ်အတိုင်း အားထုတ်ရတယ်၊ ဖြစ်စဉ်အတိုင်းကျင့်လို့ရှိယင် ဟောစဉ်နှင့်လဲ ကိုက်ညီပြီးသားပါဘဲ၊ ဒီလိုသာ အားထုတ် သိမြင် သွားကြယင် ဘုရားနှင့် ညင်းစရာမလိုတော့ဘဲ ဆင်းရဲကင်းရာ မြိုက်ချမ်းသာတိုရကြမယ်။

ယခု ဟောပြခဲ့တဲ့အတိုင်း မဟာသတိပဋ္ဌာနသုတ် အဋ္ဌကထာမှာ ဖွင့်ပြထားပါတယ်။ ကြည်ညိုသဒ္ဓါ ပွားပြီး ယုံမှားကင်းအောင် အနည်းငယ် ထုတ်ဆောင်ပြပါဦးမယ်။

## ဝိပ္ပလ္လာသများကို သတိပဋ္ဌာန် ၄-ပါးနဲ့ ပယ်ရှားနိုင်ကြောင်း သာဓက

သုဘ သုခ နိစ္စ အတ္တဘာဝ ဝိပလ္လာသပ္ပဟာနတ္ထံ ဝါ။ တာယော ဟိ အသုဘော၊ တတ္ထ စ သုဘ ဝိပလ္လာသ ဝိပလ္လတ္ထာ သတ္တာ။ တေသံ တတ္ထ အသုဘ ဘာဝဒဿနေန တဿ ဝိပလ္လာသဿ ပဟာနတ္ထံ ပဌမံ သတိပဋ္ဌာနံ ဝုတ္တံ။

သုခံ နိစ္စံ အတ္တာတိ ဂဟိ တေသုပိ စ ဝေဒနာဒီသု ဝေဒနာ ဒုက္ခာ စိတ္တံ အနိစ္စံ ဓမ္မာအနတ္တာ၊တေသု စ သုခနိစ္စ အတ္တဝိပလ္လာသ ဝိပလ္လတ္ထာ သတ္တာ။ တေသံ တတ္ထ ဒုက္ခာဒိဘာဝ ဒဿနေန တေသံ ဝိပလ္လာသာနံ ပဟာနတ္ထံ သေသာနိတိဏိ ဝုတ္တာနီတိ ဧဝံ သုဘသုခ နိစ္စအတ္တဘာဝ ဝိပလ္လာသပ္ပဟာနတ္ထံ ဝါ စတ္တာရောဝ ဝုတ္တာ အနူနာ အနဓိကာတိ ဝေဒိတဗ္ဗာ။

## ၎င်း သာဓကအနက်

ဝါ၊ တနည်းကား။ သုဘသုခနိစ္စအတ္တဘာဝဝိပလ္လာသ ပဟာနတ္ထံ၊ တင့်တယ်သည်၏အဖြစ်၊ ချမ်းသာသည်၏အဖြစ်၊ မြဲသည်၏အဖြစ်၊ အတ္တအဖြစ်အားဖြင့် ဖောက်ပြန် အယူမှားခြင်းကိုပယ်ခြင်းငှာ၊စတ္တာရော၊ ကာယဝေဒနာ, စိတ္တ, ဓမ္မအားဖြင့် လေးပါးကုန်သော။ သတိပဋ္ဌာနာ၊ သတိပဋ္ဌာန်တို့ကို။ ဘဂဝတာ၊ မြတ်စွာဘုရားသည်။ ဝုတ္တာ၊ ဟောတော်မူအပ်ကုန်၏။

ဟိသစ္စံ၊ မှန်၏၊ ကာယော၊ ၃၂-ဝ ကောဋ္ဌာသ အစုအဝေးဟု ဆိုအပ်သော ရုပ်အပေါင်းကိုယ်သည်။ အသုဘော၊ စက်ဆုပ်ရွံရှာဖွယ်

မတင့်တယ်ချေ။ တတ္ထ၊ ထိုမတင့်တယ်သော ရုပ်အပေါင်းကိုယ်၌။သတ္တာ၊ ပုထုဇဉ် သတ္တဝါတို့သည်။ သုဘဝိပလ္လာသဝိပလ္လတ္ထာ၊ လှပတင့်တယ်သည်ဟု အယူမှောက်မှား ဖောက်ပြားခြင်း ရှိကြကုန်၏။ တေသံ၊ ထိုပုထုဇဉ်သတ္တဝါတို့၏။ တတ္ထ၊ ထို၃၂-ဝ ရူပကာယ၌၊ အသုဘဘာဝဒဿနေန၊ အမှန်သိချင် ယောဂီရှင်သည် မစင်မကြွယ် မတင့်တယ်သည်၏ အဖြစ်ကို ရှုမြင်လာသဖြင့်။ တဿဝိပလ္လာသဿ၊ ထိုတင့်တယ်သည်ထင်မှား ဖောက်ပြန်ခြင်းတရားကို။ ပဟာနာယ၊ ပယ်ခြင်းငှာ။ ဝါ၊ ပယ်ခြင်းအကျိုးရှိသော။ပဌမံ၊ ရှေးဦးစွာသော။သတိပဋ္ဌာနံ၊ကာယာနုပဿနာသတိပဋ္ဌာန်ကို။ ဝုတ္တံ၊ မြတ်စွာဘုရား ဉာဏ်တော်အားဖြင့် ဟောကြားတော်မူပါပေ၏။ သုခံ၊ ချမ်းသာ ကောင်းစား၏။ နိစ္စံ၊ မြဲ၏။ အတ္တာ၊ ငါကောင် သူကောင် အတ္တကောင်တည်း။ ဣတိ၊ ဤသို့၊ ဂဟိတေသုပိ၊ ယူအပ်ကုန်သော်လည်း ။ ဝေဒနာဒီသု၊ ဝေဒနာ စသည်တို့တွင်။ ဝါ၊ ဝေဒနာနုပဿနာသတိပဋ္ဌာန်, စိတ္တာနုပဿနာသတိပဋ္ဌာန်, ဓမ္မာနုပဿနာ သတိပဋ္ဌာန်တို့တွင်။ ဝေဒနာ၊ ဝေဒနာသည်။ ဒုက္ခာ၊ ဖြစ်ပျက်ညှဉ်းဆဲ ဆင်းရဲ၏။ စိတ္တံ၊ အာရုံသိသောစိတ်သဘောသည်။ အနိစ္စံ၊ ဖြစ်ပြီးတိုင်းပျက်မစဲ မှန်မမြဲချေ။ ဓမ္မာ၊ သဘောတရားတို့သည်။ အနတ္တာ၊ ကိုယ့်အလိုမလိုက်၊ ကိုယ့်အကြိုက်မပါ သူသူငါငါ သတ္တဝါမဟုတ်ကြ သဘောအနတ္တတို့သာတည်း။ တေသုစ၊ ထိုဝေဒနာ, စိတ္တ, ဓမ္မတို့၌လည်း။ သတ္တာ၊ ပုထုဇဉ်သတ္တဝါတို့သည်။ သုခနိစ္စအတ္တ ဝိပလ္လာသဝိပလ္လတ္ထာ၊ ချမ်းသာတည်မြဲ အတ္တဘဲဟု အယူလွဲမှား ဖောက်ပြန်ခြင်းရှိကုန်၏။ တေသံ၊ ထိုသတ္တဝါတို့၏။ တတ္ထ၊ ထိုဝေဒနာ,စိတ္တ, ဓမ္မတို့၌။ ဒုက္ခာဒိဘာဝဒဿနေန၊ဆင်းရဲ မမြဲ အနတ္တဘဲဟု မလွဲစင်စစ် မှန်အဖြစ်ကို စနစ်တကျ ရှုမြင်ရသဖြင့်။ တေသံဝိပလ္လာသာနံ၊ မချမ်းသာတာကို ချမ်းသာတယ်-မမြဲတာကို မြဲတယ်-အတ္တမဟုတ်တာကို အတ္တဟုတ်တယ်ဟု သွယ်သွယ် ဖောက်ပြန်ထိုဝိပလ္လာသတို့ကို။ ပဟာနာယ၊ သတိပဋ္ဌာန် အသိဉာဏ်ဖြင့် တွန်းလှန်ဖြိုခွင်း ပယ်ရှင်းခြင်းငှာ။ သေသာနိ၊ ကာယာနုပဿနာ သတိပဋ္ဌာန်မှ ကြွင်းကျန်ကုန်သော။ တီဏိ၊ ဝေဒနာ, စိတ္တ, ဓမ္မအားဖြင့် သုံးပါးကုန်သော သတိပဋ္ဌာန်တို့ကို။ ဝုတ္တာနိ၊ ဟောတော်မူအပ်ကုန်၏။ ဣတိ၊ ဤသို့။ ဝေဒိတဗ္ဗံ၊ သိအပ်၏။

ဧဝံ၊ ဤသို့။ သုဘသုခနိစ္စအတ္တဘာဝဝိပလ္လာသပဟာနတ္ထံ ဝါ၊ သုဘသုခနိစ္စအတ္တအဖြစ်ဖြင့် အယူမှားဖောက်ပြန်ခြင်းကို ပယ်ခြင်းငှာ။

အနူနာ၊ မယုတ်လျော့ ကုန်သော။ အနာဓိဘာ၊ မပိုလွန်ကုန်သော။ စတ္တာရော၊ ကာယ, ဝေဒနာ, စိတ္တ, ဓမ္မအားဖြင့် လေးပါး ကုန်သော သတိပဋ္ဌာန်တို့ကို။ ဝုတ္တာ၊ ဟောအပ်ကုန်၏။ ဣတိ၊ ဤသို့။ ဝေဒိတဗ္ဗာ၊ သိအပ်ကုန်၏။

ဒါဟာ၊ မဟာသတိပဋ္ဌာနသုတ်အဋ္ဌကထာမှာ ဖွင့်ပြ ဟောကြား ချက်ပါဘဲ၊ ဒါလောက်ဆိုယင် ယုံမှားပျောက်ကင်း ဘုရားနှင့် ညင်းစရာ လိုကြတော့မှာ မဟုတ်ပါဘူး။

ကဲ....ဟောခဲ့ပြီးတာတွေကို လိုရင်းချုပ်ပြီး ဆောင်ပုဒ် ချပေးပါ ဦးမယ်၊ ကဲ-လိုက်ဆိုကြပါ။

၁။ စက်ဆုပ်ဖွယ်ဟန်၊ အော့ကြောလန်၊ အမှန်မြင်ဖို့ရာ။
၂။ ကိုယ်အမူအရာ၊ ဖြစ်တိုင်းမှာ၊ မှန်စွာရှုမှတ်ပါ။
၃။ ဆင်းရဲသည့်ဟန်၊ အော့ကြောလန်၊ အမှန်မြင်ဖို့ရာ။
၄။ ခံစားဝေဒနာ၊ ဖြစ်တိုင်းမှာ၊ မှန်စွာရှုမှတ်ပါ။
၅။ မမြဲသည့်ဟန်၊ အော့ကြောလန်၊ အမှန်မြင်ဖို့ရာ။
၆။ စိတ်အမူရာ၊ ဖြစ်တိုင်းမှာ၊ မှန်စွာရှုမှတ်ပါ။
၇။ အနတ္တဟန်၊ အော့ကြောလန်၊အမှန်မြင်ဖို့ရာ။
၈။ သဘောဓမ္မာ၊ ဖြစ်တိုင်းမှာ၊ မှန်စွာရှုမှတ်ပါ။
၉။ အော့ကြောလန်သွင်၊ အမှန်မြင်၊ လင်းဝင်နိဗ္ဗာန်သာ။

ဒီအော့ကြောလန်အမှန်မြင် အလင်းဝင်တရားတို့ကို နာခံမှတ် သားကြရတဲ့ ကုသိုလ်ကံစေတနာတို့ကြောင့် ဒီတရားတော်လာတိုင်း ရှုမှတ် ပွားများ ကြိုးစားအားထုတ်နိုင်ကြ၍ ဒုက္ခကင်းရာ နိဗ္ဗာန်ချမ်းသာကို လျင်မြန်စွာဆိုက်ရောက်လျက် မျက်မှောက် ပြုနိုင်ကြပါစေကုန်သတည်း။ (သာဓု....သာဓု....သာဓု)

ကဲ....တရားအဆုံး နိဂုံးအုပ်ပြီမို့ ပလ္လင်ဖွင့် ရွတ်ဆိုခဲ့တဲ့ မေတ္တာ ပို့ ဂါထာကို ရွတ်လို့ဆုံးလျှင် အားလုံးသာဓုမြိုင်မြိုင်ခေါ်ပြီး ကိုယ့်အိမ် ကိုယ်ယာ မြန်စွာပြန်ကြပေတော့။

## မင်္ဂလာဖျန်းကာ ချမ်းသာပါစေ

ဒုက္ခပ္ပတ္တာ စ နိဒ္ဒုက္ခာ၊ ဘယပ္ပတ္တာ စ နိဗ္ဘယာ။
**သောကပ္ပတ္တာစ နိသောကာ၊ ဟောန္တု သဗ္ဗေပိ ပါဏိနော။**

**အနက်။** ။ဒုက္ခပ္ပတ္တာ စ၊ အတင်းကဲပြီး ညှင်းဆဲကြီး ညှင်းဆဲလို့ မဆုံးနိုင်ကြတဲ့ ဆင်းရဲကြီး ဆင်းရဲတုံးသို့ ဖြစ်ရှိနေကြကုန်သော။ **သဗ္ဗေပိ၊** **သူငါမကြွင်း ခပင်းဥဿုံ အလုံးစုံလည်း ဖြစ်ကုန်သော။** သတ္တာ၊ သတ္တဝါ မှန်သမျှ အနန္တတို့သည်။ သတ္တာ၊ သုံးဘုံတွင်း၌ မကောင်းဘဝ သတ္တာဝါ မှန်သမျှတို့သည်။ နိဒ္ဒုက္ခာစ၊ ဆင်းရဲမှုဟူ၍ မြူအငွေ့မျှ မတွေ့ရဘဲ လူလေ့ဓမ္မတာ ချမ်းသာကြကုန်သည်လည်း။ ဟောန္တု၊ ဖြစ်ကြပါစေကုန်သတည်း။ ဟောန္တု၊ အလှူရှင်များ အများစုတွေမှာ-တရားနာလာ များစွာသောင်းသောင်း ပရိသတ်အပေါင်းတွေမှာ အိုမှုတွေလဲ ကင်းကြပါစေ၊ နာမှုတွေလဲ ကင်းကြပါစေ၊ သေမှုတွေလဲ ကင်းကြပါစေ၊ ဒုက္ခတွေအသွယ်သွယ် အပါယ်ဘေးမှ (ဩော်) ကွယ်အေးထွင်းဖောက် တင်းပျောက်နိုင်ကြပါစေကုန်သတည်း။ (သာဓု၊ သာဓု၊ သာဓု)။

ဘယပ္ပတ္တာစ၊ ရေဘေး မီးဘေး သူခိုးဘေးနှင့် မင်းဘေး မုန်းဘေး နှလုံးမအေးရအောင် အရှုံးပေးရတဲ့ ဘေးအတန်တန်သို့ ပြေးခံ တိုးဝင်၍ နေကြကုန်သော။ သဗ္ဗေပိ၊ သူငါမကြွင်း ခပင်းဥဿုံ အလုံးစုံလည်း ဖြစ်ကြကုန်သော။ သတ္တာ၊ သတ္တဝါမှန်သမျှ အနန္တတို့သည်။ နိဗ္ဘယာစ၊ ဘေးရန်ဟူ၍ မြူအငွေ့မျှမတွေ့ရဘဲ လူလေ့ဓမ္မတာ ချမ်းသာကြကုန်သည် လည်း။ ဟောန္တု၊ ဖြစ်ကြပါစေကုန်သတည်း။ ဟောန္တု၊ အလှူရှင်များ အများစုတွေမှာ တရားနာလာ များစွာ သောင်းသောင်း ပရိသတ် အပေါင်းတွေမှာ ပရမတ်တရားကိုလည်း ထင်ပါစေ၊ ဓာတ်တရားကိုလည်း မြင်ပါစေ၊ မြတ်ဘုရားကိုလည်း ခင်ကာ မင်ကာ ရှင်သဒ္ဒါဖြာစေ မိဋ္ဌာန် ချွေ နိဗ္ဗာန်ပြေ မဂ်သောင်ကမ်းသို့ (ဩော်) ဖောင်နန်းလှေထူး ရှေ့ဦး ဆိုက်ကြပါစေကုန်သတည်း။ (သာဓု၊ သာဓု၊ သာဓု)။

သောကပတ္တာစ၊ နှလုံးမငြိမ် စိုးရိမ်ပူဆာ ကူပါကယ်ပါ တစာစာနဲ့ အဖြာဖြာ စိုးရိမ်ခြင်းသို့ ရောက်၍ နေကြကုန်သော။ သဗ္ဗေပိ၊ သူငါ မကြွင်း ခမင်းဥဿုံ အလုံးစုံလည်း ဖြစ်ကြကုန်သော။ သတ္တာ၊ သတ္တဝါမှန် သမျှ အနန္တတို့သည်။ သတ္တာ။ သုံးဘုံတွင်း၌ မကင်းဘဝ သတ္တဝါမှန်သမျှတို့ သည်။ နိသောကာစ၊ နှလုံးအိမ်ကို ဂမုန်းစိမ်ရေနှင့်ဖျန်းသကဲ့သို့ အထွေထွေလန်းကာ တံခိုးအရှိန်လင်းကြပြီး စိုးရိမ်ကင်းကြ ကုန်သည်လည်း။ ဟောန္တု၊ ဖြစ်ကြပါစေကုန်သတည်း။ ဟောန္တု၊ အလှူရှင်များ အများစုတွေမှာ တရားနာလာ များစွာသောင်းသောင်း ပရိသတ်အပေါင်းတွေမှာ မင်္ဂလာဖျန်းကာ လန်းဖြာကာဝေ၊ မင်္ဂလာဖျန်းကာ ချမ်းသာပါစေ၊ မင်္ဂလာကျက်သရေ နေ့စဉ်တိုးလို့မို့ (ဩဘ်) ယနေ့ကစပြီးတော့ ရွှေမိုးငွေမိုး စွေဖြိုးရွာကြပါစေကုန်သတည်း။ (သာဓု၊ သာဓု၊ သာဓု)။

ပေါင်းတည်မြို့၊ ဝက်ပုတ်ရွာ၊ မဟာစည် သာသနာ့ရိပ်သာ

ဆရာတော် ဦးပညာဒီပ(သာသနဓဇ သိရီပဝရဓမ္မာစရိယ)

ဟောကြားတော်မူသော

## မဟာနာမသုတ္တန်

# ဥပါသက ကျင့်စဉ် နိဗ္ဗာန်ဝင်တရားတော်

### တရားပွဲ နိဒါန်း

ဒီနေ့ ၁၃၃၇–ခုနှစ်၊ကဆုန်လဆန်း ၄ ရက်နေ့ပေါ့။ဘုန်းကြီးတို့ ကျေးဇူးရှင် မဟာစည် ဆရာတော်ဘုရားကြီး၏ တပည့်များဖြစ်ကြတဲ့ မဟာစည်ဓမ္မကထိကအနေနဲ့ ရှမ်းပြည်ကို တရားဟော ထွက်ခဲ့ပါတယ်။

အဲဒီလို ထွက်ခဲ့ပြီး အောင်ပန်းမြို့ တောင်ပုလုတိုက်ခွဲ ဆရာတော် ဦးခန္တီတထံမှာ ရှေးဦးစွာတည်းခိုခဲ့ပါတယ်။ ဆရာတော် ဦးခန္တီတကလဲ လိုလေသေးမရှိအောင် ပြုစုတဲ့အပြင် တရားပွဲများအတွက်ပါ အစီအစဉ်များကို ပြုလုပ်ပေးခဲ့ပါတယ်။ ဒကာချစ်ရေ-နေ၁်၊ (မှန်လှပါဘုရား)၊

ဒီနေ့လဲ ဟဲဟိုး မြို့သူမြို့သား ဒကာ ဒကာမတွေက အောင်ပန်းကို ကားတွေနဲ့ လာရောက်ကြိုဆိုကြတယ်၊ တရားပွဲမှာလဲ စည်စည်ကားကား လာရောက်ပြီး တရားနာကြတာတွေကို တွေ့ရတော့ ဘုန်းကြီးများမှာ အထူးပဲဝမ်းသာအားရဖြစ်ရပါတယ်။ ဒါကြောင့် တရားနာလာကြတဲ့ ဒကာ ဒကာမတွေနှင့်တကွ တရားဟောပုဂ္ဂိုလ်ပါ ကျန်းကျန်းမာမာ

ချမ်းချမ်းသာသာနဲ့ တေးရန်အန္တရာယ်ခတွေကင်းပြီး တရားတွေကိုနာကြား နိုင်ကြပါစေ၊ တရားတွေကို ဟောကြားနိုင်ပါစေ-လို့ အာသီသထားပြီး ရှေးဦးစွာ မြတ်စွာဘုရားကို ရှိခိုးမယ်၊ ဒကာချစ်ရေနေ၁်၊ (မှန်ပါဘုရား)။

အဲဒီလို ဘုန်းကြီးက ဂါထာရွတ်ပြီး မြတ်စွာဘုရားကို ရှိခိုးတဲ့ အခါမှာ အခု ဘုန်းကြီးတို့ ဒကာ ဒကာမတွေကလဲ ငါတို့လဲ မြတ်စွာ ဘုရားကို ရှိခိုးတယ်—လို့ ဘုန်းကြီး ရွတ်ဆိုသွားတဲ့ ပဌာမ ဂါထာသံ လေးကို အာရုံပြုပြီးတော့ မြတ်စွာဘုရားကို ရှိခိုးကြရမယ်၊ ဒကာချစ်ရေ (မှန်ပါဘုရား)။

ဗုဒ္ဓ ပဌာမ

ကရုဏာသီတလဟဒယံ၊ ပညာပဇ္ဇောတ ဝိဟတမောဟ တမံ။
သနရာမရလောကဂရုံ၊ ဝန္ဒေ သုဂတံ ဂတိဝိမုတ္တံ။

ကရုဏာသီတလဟဒယံ၊ မဟာကရုဏာတော် တည်းဟူသော အေးမြသော စိတ်နှလုံး ရှိတော်မူပေထသော။ ပညာပဇ္ဇောတ ဝိဟတ မောဟတမံ၊ ပညာတည်းဟူသော အလင်းရောင်ဖြင့် ပယ်ဖျောက်တော် မူအပ်ပြီးသော အဝိဇ္ဇာတည်းဟူသော အမိုက်မှောင်ရှိတော်မူပေထသော။ သနရာမရလောကဂရုံ၊ လူနှင့်တကွသော သတ္တလောက၏ ကိုးကွယ်အား ထားရာ အလေးဂရုပြုရာလည်း ဖြစ်တော်မူ ပေထသော။ ဂတိဝိမုတ္တံ၊ ဂတိ ငါးပါးတို့မှ လွတ်တော်မူပြီးထသော။ ဝါ၊ တိရစ္ဆာနဂတိ နိရယ ဂတိ မနုဿဂတိ ဒေဝဂတိ-ဟု ဆိုအပ်သော ငါးပါးသော ဂတိတို့မှ လွတ် တော် မူ ပြီး ထ သော။ သုဂတံ၊ ကောင်း သော စကားကို ဆိုတော်မူတတ်သော မြတ်စွာဘုရားကို။ သုဂတံ၊ ကောင်းသော ဤလူ့ ပြည်သို့ ကြွလာတော်မူသော မြတ်စွာဘုရားကို။ သုဂတံ၊ ကောင်းသော နိဗ္ဗာန်သို့ ကြွသွားတော်မူပြီးသော မြတ်စွာဘုရားကို။ အဟံ၊ ပညာဒီပ နာမတွင်ခေါ် တပည့်တော်သည်။ အဟံ၊ ရန်ကုန်မြို့ သာသနာ့ရိပ်သာ အဂ္ဂမဟာပဏ္ဍိတ ကျေးဇူးရှင် မဟာစည်ဆရာတော်ဘုရားကြီး၏ တပည့် ဖြစ်တဲ့ ပေါင်းတည်မြို့ ဝက်ပုတ် သာသနာ့ရိပ်သာ ကမ္မဋ္ဌာနာစရိယ ပညာဒီပ နာမတွင်ခေါ် တပည့်တော်သည်။ မယံ၊ တရားတော်နာ များစွာသောင်းသောင်း တပည့်ဒကာဒကာမ အပေါင်းတို့သည်။ ဝန္ဒေ- ဝန္ဒာမ၊ တရားဟော တရားနာ ဘေးရန်ကွာ၍ ချမ်းသာစေကြောင်း

ဆု မွန် တောင်း လျက် ဦး ခေါင်း ထက် ဆီ လက် ဆယ် လီ ကို တင်ချီရှိကျိုး လက်အုပ်မိုး၍ ရှိခိုးကန်တော့ ကြပါကုန်သည် ဘုရား။ (သာဓု၊ သာဓု၊ သာဓု)။

တရားဟောတဲ့ ဓမ္မကထိက ပုဂ္ဂိုလ်နှင့်တကွ တရားနာတဲ့ ပုဂ္ဂိုလ်တွေပါ ကျန်းကျန်းမာမာ ချမ်းချမ်းသာသာနဲ့ ဘေးရန်အန္တရာယ်တွေကင်းပြီး တရားတွေဟောကြားနိုင်ပါစေ၊ တရားတွေကို နာကြားနိုင်ကြပါစေ-လို့ ရှေးဦးစွာ အာသီသပြုရတယ် ဒကာချစ်ရဲ့ (မှန်လှပါဘုရား)။

## မဟာနာမသုတ် နိဒါန်း

အဲဒီလို မြတ်စွာဘုရား သခင်ကို ရှိခိုးပြီးတဲ့နောက်မှာ ဒီကနေ့ ဘုန်းကြီးဟောကြားမည့် တရားတော်ကို စတင် ဟောကြားပါတော့မယ်။ ဒီတရားတော်ကတော့ မဟာဝဂ္ဂ သံယုတ်ပါဠိတော်မှာ မြတ်စွာဘုရားသခင် ဟောကြားတော်မူထားတဲ့ မဟာနာမသုတ်-လို့ ခေါ်တဲ့ ဥပါသကာ ကျင့်စဉ်တရားတော်ပါဘဲ။

ဧကံ သမယံ ဘဂဝါ သက္ကေသု ဝိဟရတိ၊ ကပိလဝတ္ထုသ္မိံ နိဂြောဓာရာမေ။

ဧကံ၊ တပါးသော။ သမယံ အခါ၌။ ဘဂဝါ၊ဘုန်းတော် ၆ ပါးနှင့် ပြည့်စုံတော်မူသော မြတ်စွာဘုရားရှင် ကိုယ်တော်မြတ်ကြီးသည်။ ကပိလဝတ္ထုသ္မိံ၊ ကပိလဝတ်မြို့၌။ နိဂြောဓာရာမေ၊ နိဂြောဓာရုံကျောင်း၌။ ဝိဟရတိ၊ သီတင်းသုံးနေတော်မူ၏။

ဘုန်းကြီးတို့ရဲ့ ကိုးကွယ်ရာဖြစ်တဲ့ အားကိုးရာဖြစ်တဲ့ အားထားရာဖြစ်တဲ့ ဘုရားရှင်ကိုယ်တော်မြတ်ကြီးဟာ ကပိလဝတ်မြို့ နိဂြောဓာရုံကျောင်းမှာ သီတင်းသုံးနေတော်မူတယ်။ အဲဒီတုန်းက မဟာနာမ်မင်းဟာ မြတ်စွာဘုရားထံမှောက်သို့ ရောက်လာခဲ့တယ်။ ဒါကို ပါဠိတော်မှာ ဒီလိုပြထားပါတယ်။

အထခေါ မဟာနာမော သက္ကော ယေန ဘဂဝါ တေနုပသင်္ကမိ၊ ဥပသင်္ကမိတွာ ဘဂဝန္တံ အဘိဝါဒေတွာ ဧကမန္တံ နိသီဒိ။

အထခေါ၊ ထိုသို့ မြတ်စွာဘုရားသခင် ကပိလဝတ်မြို့ နိဂြောဓာရုံကျောင်း၌ သီတင်းသုံးနေတော်မူသော အခါ၌။ မဟာနာမော၊ မဟာနာမ်အမည်ရှိသော။ သက္ကော၊ သာကီဝင်မင်းသည်။ ယေန၊အကြ

အရပ်၌၊ ဘဂဝါ၊ မြတ်စွာဘုရားသခင်သည်။ အတ္ထိ၊ ရှိတော်မူ၏။ တေန၊ ထိုမြတ်စွာဘုရား ရှိတော်မူရာအရပ်သို့။ ဉပသင်္ကမိ၊ ချဉ်းကပ်လေ၏။ ဉပသင်္ကမိတွာ၊ ချဉ်းကပ်ပြီး၍။ ဘဂဝန္တံ၊ မြတ်စွာဘုရား သခင်ကို။ အဘိဝါဒေတွာ၊ အလွန်ရိုသေစွာရှိခိုးပြီး၍။ ဧကမန္တံ၊ အပြစ်ခြောက်ပါး လွတ်၍ သင့်တင့်လျောက်ပတ်သောအရပ်၌။ နိသီဒိ၊ ထိုင်နေလေ၏။

မဟာနာမ်မင်းဟာ မြတ်စွာဘုရားသခင်ရှိရာ နိဂြောဓာရုံကျောင်းသို့ သွားရောက်ပြီး မြတ်စွာဘုရားထံ ချဉ်းကပ်ပြီးတော့ မြတ်စွာဘုရားသခင်ကို ရိုရိုသေသေနဲ့ရှိခိုးတယ်။ ရိုရိုသေသေနဲ့ ရှိခိုးပြီးတော့ မိမိနဲ့သင့်လျော်လျောက်ပတ်တဲ့ နေရာဌာနမှာ ထိုင်ပြီးတော့နေပါတယ်။

## မဟာနာမ်မင်းသိလိုတဲ့ ဥပါသကပြဿနာ

အဲဒီလိုထိုင်နေပြီးတဲ့အခါ မဟာနာမ်မင်းဟာ သူသိလိုတဲ့ ပြဿနာကို မြတ်စွာဘုရားသခင်အား မေးလျှောက်တယ်။ ဘယ်လို မေးလျှောက်သလဲဆိုတော့....

ကိတ္တာဝတာနုခေါ ဘန္တေဥပါသကော ဟောတိ၊

ဘန္တေ၊ ဘုန်းတော်နေဝန်း ထွန်းလင်း တောက်ပတော်မူသော မြတ်စွာဘုရား။ ကိတ္တာဝတာ၊ အဘယ်မျှဖြင့်။ ဝါ၊ အဘယ်မျှလောက်သောအကြောင်းအင်္ဂါနှင့်။ သမန္နာဂတော၊ ပြည့်စုံသော ပုဂ္ဂိုလ်သည်။ ဥပါသကော၊ ဥပါသကာသည်။ ဟောတိနုခေါ၊ ဖြစ်ပါသနည်း။

မြတ်စွာဘုရားတဲ့၊ မြတ်စွာ ဘုရားသခင်ရဲ့ သာသနာတော်မှာ ဥပါသကာ—လို့ ခေါ်နေကြတာ ရှိပါတယ်။ အဘယ်မျှ လောက်သော အကြောင်းအင်္ဂါနဲ့ ပြည့်စုံတဲ့ပုဂ္ဂိုလ်ကို ဥပါသကာ-လို့ ခေါ်ရပါသလဲ။ ဥပါသကာ-ဆိုတဲ့ အမည်ကို ရပါသလဲတဲ့။ အဲဒီလို မဟာနာမ်မင်းကမေးလျှောက်တယ်တဲ့ ဒကာချစ်ရဲ့ (မှန်လှပါဘုရား)။

## မြတ်စွာဘုရားဖြေကြားတဲ့ ဥပါသကဂုဏ်ရည်

အဲဒီလိုမေးလျှောက်တဲ့အခါ မြတ်စွာဘုရားသခင်က ဖြေကြားတော်မူပါတယ်။

ယတော ခေါ မဟာနာမ ဗုဒ္ဓံသရဏံ ဂတော ဟောတိ၊ ဓမ္မံသရဏံဂတော ဟောတိ၊ သံဃံသရဏံ ဂတော ဟောတိ။

မဟာနာမ၊ မဟာနာမ်မင်း။ ယတော၊ အကြင့်ကြောင့်။ ယော၊ အကြင်ပုဂ္ဂိုလ်သည်။ ဗုဒ္ဓံ၊ မြတ်စွာဘုရားကို။ သရဏံ၊ ကိုးကွယ်ရာဟူ၍။

ဂတော၊ မှိဝဲဆည်းကပ်သည်။ ဟောတိ၊ ဖြစ်ပါပေ၏။ ဓမ္မံ၊ တရားတော်ကို။ သရဏံ၊ ကိုးကွယ်ရာဟူ၍။ ဂတော၊ မှိဝဲဆည်းကပ်သည်။ ဟောတိ၊ ဖြစ်ပါပေ၏။

ဒကာချစ်ရေ(ဘုရား)။ အကြင်ပုဂ္ဂိုလ်ဟာ မြတ်စွာဘုရားကို ကိုးကွယ်တယ်၊ မှီဝဲတယ်၊ ဆည်းကပ်တယ်၊ တရားတော်ကိုလဲ ကိုးကွယ်တယ်၊ မှီဝဲတယ်၊ ဆည်းကပ်တယ်။ သံဃာတော်ကိုလဲ ကိုးကွယ်တယ်၊ မှီဝဲတယ်၊ ဆည်းကပ်တယ်-တဲ့။ အဲဒီလို ဘုရား၊ တရား၊ သံဃာ- ရတနာ မြတ်သုံးပါးကို ကိုးကွယ်၊မှီဝဲ၊ဆည်းကပ်တဲ့ပုဂ္ဂိုလ်ကို ဥပါသကာ—လို့ ခေါ်ပါတယ်-တဲ့။ အမျိုးသားဆိုယင် ဥပါသကာ၊ အမျိုးသမီးဆိုယင် ဥပါသိကာ—လို့ ခေါ်ရပါတယ်။

ဒါကြောင့် ဘုရား၊တရား၊သံဃာ ရတနာသုံးပါးကို ကိုးကွယ်မှိဝဲဆည်းကပ်တဲ့ပုဂ္ဂိုလ်ကို ဘာလို့ခေါ်သလဲ ဒကာချစ်ရဲ့(ဥပါသကာ-လို့ ခေါ်ပါတယ်ဘုရား)။

## ဥပါသကာပုဂ္ဂိုလ်ရဲ့ ရနိုင်တဲ့အကျိုး

အဲဒီလို ဘုရား၊တရား၊သံဃာ၊ ရတနာသုံးပါးကို ကိုးကွယ် မှိဝဲဆည်းကပ်သူဟာ ဘယ်လိုအကျိုးတွေကို ရနိုင်သလဲ-ဆိုလို့ရှိယင် မြတ်စွာဘုရားက ဒီဃနိကာယ်သုတ်မဟာဝါ မဟာသမယသုတ်တော်မှာ ဒီလို ဟောကြားထားတော်မူပါတယ်။

ယေကေစိ ဗုဒ္ဓံ သရဏံ ဂတာသေ၊ န တေ ဂမိဿန္တိ အပါယဘူမိံ။
ပဟာယ မာနုသံ ဒေဟံ၊ ဒေဝကာယံ ပရိပူရေဿန္တိ။ ။

ယေကေစိ၊ အမှတ်မရှိ ခပ်သိမ်းကုန်သောသူတို့သည်။ ဗုဒ္ဓံ၊ မြတ်စွာဘုရားသခင်ကို။ သရဏံ၊ ကိုးကွယ်ရာဟူ၍။ ဂတာသေ၊ မှိဝဲဆည်းကပ်ကြကုန်၏။ တေ၊ ထိုမြတ်စွာဘုရားသခင်ကို ကိုးကွယ် မှိဝဲ ဆည်းကပ်ကြကုန်သော ပုဂ္ဂိုလ်တို့သည်။ အပါယဘူမိံ၊ အပါယ်ဆင်းရဲသို့။ န ဂမိဿန္တိ၊ မလားရောက်ကြရကုန်လတံ့။

မြတ်စွာဘုရားကို ကိုးကွယ် မှိဝဲဆည်းကပ်တဲ့ပုဂ္ဂိုလ်ဟာ အပါယ်ဆင်းရဲကလွတ်မြောက်နိုင်တယ်။ အပါယ်ဆင်းရဲကို မကျရောက်နိုင်ဘူးတဲ့ ဒကာချစ်ရဲ့။(မှန်လှပါဘုရား)။

ဒါတွင်လဲ မကသေးပါဘူး။

မာနုသံဒေဟံ၊ လူ၌ဖြစ်သောခန္ဓာကိုယ်ကို။ ပဟာယ၊ ပယ်စွန့်၍။ ဝါ၊ ပယ်စွန့်ရသည်ရှိသော်။ ဒေဝကာယံ၊ နတ်၌ဖြစ်သောခန္ဓာကိုယ်ကို။ ပရိပူရေဿန္တိ၊ မုချကေန် အမှန်ဘဲ ပြည့်စုံနိုင်ကုန်လတံ့။ ဒေဝကာယံ ပရိပူရေဿန္တိ၊ ဗုဒ္ဓသရဏဂုံ အာရုံ ကုသိုလ်ဟုန်ကြောင့် နတ်ဘုံရောက်လာ နတ်ချမ်းသာနှင့် မှန်စွာ ပြည့်စုံကြကုန်မည် ဖြစ်ပါသတည်း။ (သာဓု.... သာဓု....သာဓု....)။

မိမိတို့ လူ့လောကခန္ဓာကိုယ်ကို စွန့်ပစ်ပြီးတဲ့ နောက်ကာလမှာ နတ်ပြည်နတ်လောကချမ်းသာကို ရရှိနိုင်တယ်-တဲ့။ အကြောင်းညီညွတ်ယင် နိဗ္ဗာန်ချမ်းသာထိအောင်လဲ ရနိုင်ပါတယ်-တဲ့ ဒကာချစ်ရဲ့ (ရနိုင်ကြောင်းပါဘုရား)။

အဲဒီတော့ မြတ်စွာဘုရားသခင်ကို ကိုးကွယ် မှီဝဲ ဆည်းကပ်ရတာ အကျိုးမများဘူးလား ဒကာချစ်ရေ (မှန်လှပါ များပါတယ်ဘုရား)။ ထို့အတူဘဲ မြတ်စွာဘုရားက....

ယေကေစိ ဓမ္မံ သရဏံ ဂတာသေ- စသည်ဖြင့် ဆက်လက်ဟော ကြားတော်မူထားတဲ့ အတိုင်း တရားတော်ကို ကိုးကွယ် မှီဝဲ ဆည်းကပ် တယ်-ဆိုလို့ရှိယင်လဲ အပါယ်ဆင်းရဲက လွတ်မြောက်ပြီးတော့ နတ်ပြည် နတ်လောကချမ်းသာကို ရရှိခံစားနိုင်ပါတယ်။ ထို့အတူ သံဃာတော်ကို ကိုးကွယ် မှီဝဲဆည်းကပ်တယ် ဆိုယင်လဲ အပါယ်ဘေးက လွတ်ပြီးတော့ နတ်ပြည်နတ်လောက ချမ်းသာကို ရရှိခံစားနိုင်တယ်။ အကြောင်းညီ ညွတ်ယင် နိဗ္ဗာန်ချမ်းသာအထိတောင် ရရှိခံစားနိုင်ပါတယ်တဲ့ ဒကာ ချစ်ရဲ့(မှန်လှပါဘုရား)။

အဲဒါကြောင့် ဒီလို အပါယ် ၄ ပါးမှ လွတ်ပြီး နတ်ရွာနိဗ္ဗာန် ရနိုင်အောင် အကျိုးများတဲ့ ဘုရား တရား သံဃာ ရတနာမြတ်သုံးပါး ကို ကိုးကွယ်မှီဝဲ ဆည်းကပ်တဲ့ ပုဂ္ဂိုလ်ကို ဘာလို့ခေါ်သလဲ ဒကာချစ်ရေ (မှန်လှပါ ဥပါသကာ-လို့ ခေါ်ကြောင်းပါဘုရား)။

ကဲ-မြတ်စွာဘုရား ပေးတော်မူတဲ့ ဥပါသကာ နာမည်ရပုံကို ဘုန်းကြီးစီထားတဲ့ လင်္ကာလေးရှိတယ်၊ အဲဒါကို လိုက်ဆိုကြရမယ်။

## ဘုရားပေးတဲ့ ဥပါသက နာမည်ရဆောင်ပိုဒ်

မြတ်ဘုရားနှင့် တရားသံဃာ၊
ကိုးကွယ်မပြတ်-ဆည်းကပ်သူမှာ၊
ဥပါသက-ခေါ်ရလေတာ၊
မြတ်ဘုရား-ဟောကြားမိန့်သည်သာ။

ဒါကြောင့်“မဟာနာမ၊ မဟာနာမ်မင်း၊ ဧတ္တာဝတာ၊ဤမျှဖြင့်၊ ဧတ္တာဝတာ၊ ဤမျှသောက် ဘုရား တရား သံဃာ ရတနာသုံးပါးကို ကိုးကွယ်မှီဝဲဆည်းကပ်ခြင်းဖြင့်။ဥပါသကော။ဥပါသကာသည်။ဟောတိ၊ မုချမသွေအမှန်ဘဲ ဖြစ်ပါပေသတည်း။ (သာဓု၊ သာဓု၊ သာဓု)။

### မဟာနာမ်မင်း သိလိုပြန်တဲ့ ဥပါသက ကျင့်သိလ

အဲဒီလို ဥပါသကာရဲ့ သဘောအဓိပ္ပါယ်ကို သိပြီးတဲ့နောက်မှာ မဟာနာမ်မင်းက သူသိလိုတဲ့ ပြဿနာကို ဆက်လက်ပြီးတော့ မေးလျှောက်ပြန်ပါတယ်။

ကိတ္တာဝတာ ပန ဘန္တေ ဥပါသကော သီလသမ္ပန္နောဟောတိ။

ဘန္တေ၊ ဘုန်းတော်နေဝန်း ထွန်းလင်းတောက်ပတော်မူပေသော မြတ်စွာဘုရား။ ကိတ္တာဝတာ၊ အဘယ်မျှဖြင့်။ ဝါ၊ အဘယ်မျှလောက်သော အကြောင်းအင်္ဂါနှင့်။ သမန္နာဂတော၊ ပြည့်စုံသော။ ဥပါသကော၊ ဥပါသကာသည်။ သီလသမ္ပန္နော၊ သီလနှင့်ပြည့်စုံသည်။ဟောတိ၊ ဖြစ်ပါသနည်း-တဲ့။

မြတ်စွာဘုရား-ဘုရား တရား သံဃာ ရတနာ မြတ်သုံးပါးကို ကိုးကွယ်မှီဝဲ ဆည်းကပ်တဲ့ ဥပါသကာလို့ ခေါ်ဆိုရတဲ့ ပုဂ္ဂိုလ်ဟာ အဘယ်မျှလောက်သော အကြောင်းအင်္ဂါနှင့် ပြည့်စုံလို့ရှိယင် သီလသမ္ပန္န-သီလနှင့်ပြည့်စုံတဲ့ ဥပါသကာလို့ ခေါ်ရပါသလဲ ဘုရား-တဲ့။

အဲဒီလို မေးလျှောက်ပြန်တဲ့အခါမှာ မြတ်စွာဘုရား သခင်ကလဲ ဖြေကြားတော်မူပါတယ်။ ဖြေကြားတော်မူပုံကတော့....

ယတောခေါ မဟာနာမ ဥပါသကော ပါဏာတိပါတာ ပဋိဝိရတော ဟောတိ၊ အဒိန္နာဒါနာ ပဋိဝိရတော ဟောတိ၊ ကာမေသု မိစ္ဆာစာရာ ပဋိဝိရတော ဟောတိ၊ မုသာဝါဒါ ပဋိဝိရတော ဟောတိ၊ သုရာမေရယ မဇ္ဇပမာဒဋ္ဌာနာ ပဋိဝိရတော ဟောတိ။

မဟာနာမ၊မဟာနာမ်မင်း။ယတော၊အကြင်ကြောင့်။ဥပါသကော၊ ဥပါသကာသည်။ပါဏာတိပါတာ၊သူတပါးအသက်ကို သတ်ဖြတ်ခြင်းမှ။ ပဋိဝိရတော၊ ရှောင်ကြဉ်သည်။ ဟောတိ၊ ဖြစ်၏။ အဒိန္နာ ဒါနာ၊ အရှင်မပေးသော သူတပါးပစ္စည်းကို ခိုးယူခြင်းမှ။ ပဋိဝိရတော၊ ရှောင်ကြဉ်သည်။ ဟောတိ၊ ဖြစ်ပါပေ၏။ ကာမေသုမိစ္ဆာစာရာ၊ ကာမဂုဏ်တို့၌ မှားယွင်း လွန်ကျူးတဲ့ အကျင့်လို ကျင့်ခြင်းမှ။ ပဋိဝိရတော၊ ရှောင်ကြဉ်သည်။ ဟောတိ၊ ဖြစ်ပါပေ၏။ မုသာဝါဒါ၊ မဟုတ်မမှန် သောစကားကို ပြောဆိုခြင်းမှ။ ပဋိဝိရတော၊ ရှောင်ကြဉ်သည်။ဟောတိ၊ ဖြစ်ပါပေ၏။သုရာမေရယ မဇ္ဇပမာဒဋ္ဌာနာ၊မေ့လျော့ခြင်း၏အကြောင်း ဖြစ်သော ကုသိုလ်တရားတို့ကို မေ့လျော့စေတတ်တဲ့ သေရည်သေရက် တို့ကို သောက်စားခြင်းမှ။ ဝါ၊ မူးယစ်ဆေးကို သုံးစွဲခြင်းမှ။ပဋိဝိရတော၊ ရှောင်ကြဉ်သည်။ ဟောတိ၊ ဖြစ်ပါပေ၏။ ဟောတိ၊ ဗုဒ္ဓဘာသာ ဥပါသကာမှန်က ငါးပါးသီလနှင့် ပြည့်စုံရမည် အမှန်ဘဲ ဖြစ်ပါပေ သတည်း။ (သာဓု၊ သာဓု၊ သာဓု)။

ရတနာသုံးပါးကို ကိုးကွယ်မှီဝဲ ဆည်းကပ်နေတဲ့ ပုဂ္ဂိုလ်ဟာ— သူတပါးအသက်ကို သတ်ခြင်းမှ ရှောင်ကြဉ်ရမယ်၊အရှင်မပေးတဲ့သူတပါး ပစ္စည်းကို ခိုးယူလုယက်ခြင်းမှ ရှောင်ကြဉ်ရမယ်၊ ကာမဂုဏ်တို့၌ မှားယွင်းစွာ ပြုကျင့်ခြင်းမှ ရှောင်ကြဉ်ရမယ်၊မဟုတ်မမှန်လုပ်ကြံပြောဆိုခြင်း မှ ရှောင်ကြဉ်ရမယ်၊ ကုသိုလ်တရားတွေကို မေ့လျော့စေတတ်တဲ့ မူးယစ် သေစာ သောက်စားမူးယစ်ခြင်းမှ ရှောင်ကြဉ်ရမယ်-တဲ့၊ ဒကာချစ်ရေ နော်၊ (မှန်ပါ ရှောင်ကြဉ်ကြရမှာပါ ဘုရား)။

ဒါဟာ ဒို့ဗုဒ္ဓဘာသာဝင်တွေ အမြဲတမ်းစောင့်ရှောက် ထိန်းသိမ်း နေကြတဲ့ ငါးပါးသီလပါဘဲ၊ ဒကာချစ်ရေနော်၊ (မှန်လှပါဘုရား)။ မိမိတို့ကိုယ်တိုင် သိလဲသိနေကြပါတယ်။ ဒါကြောင့် ဒီငါးပါးသီလ အကြောင်းကို ဟောတော့ တချို့က ဒို့သိပြီးသားတွေကို ဟောနေတယ် လို့ အောက်မေ့ကြမယ်၊ ထင်ယင်ထင်ကြမယ် ဒကာချစ်ရဲ့။ သိရုံတင်လဲ မပြီးသေးဘူး ဒကာချစ်ရဲ့။ သိတဲ့အတိုင်း လိုက်နာကျင့်ကြံမှ အကျိုး များမယ်။ ဒါမှ မြတ်စွာဘုရား ချီးမွမ်းတော်မူတဲ့ သီလဝန္တဥပါသကာ ဖြစ်မယ် ဒကာချစ်ရေ (မှန်ပါဘုရား)။ ဒီငါးပါးသီလကို ပေါ့ပေါ့ လေး မထင်လိုက်ကြနဲ့၊ အင်မတန်အရေးကြီးပါတယ်။ (မှန်ပါ အရေး ကြီးလှပါတယ် ဘုရား)။

အဲဒီလို သီလတရား ဘွေကို စောင့်ရှောက် ထိန်းသိမ်းပြီး ထောင့်နေတယ်-ဆိုယင် အကျိုးတရားတွေကိုလဲ များစွာပင် ရနိုင်ပါတယ်။

## သီလဝန္တ ဉပါသကာရဲ့ ရနိုင်တဲ့ကောင်းကျိုး

မြတ်စွာဘုရားသခင်က မဟာပရိနိဗ္ဗာနသုတ်တော်မှာ သီလရဲ့ အကျိုးတွေကို ဟောထားတာရှိတယ် ဒီဘာချစ်ရဲ့ (မှန်လှပါ အမိန့်ရှိပါ ဘုရား)။

အခါတပါးမှာ မြတ်စွာဘုရားရှင် ကိုယ်တော်မြတ်ကြီးဟာ ရဟန်းတော်ပေါင်း များစွာ ခြံရံပြီးတော့ ပါဋလိရွာကို ကြွလာတော်မူပါ တယ်။ အဲဒီလို ပါဋလိရွာကြွလာတော်မူတဲ့အကြောင်းကို ပါဋလိရွာသူ ရွာသားတွေသိကြတော့ အားလုံးသော ရွာသူရွာသားတွေက မြတ်စွာ ဘုရားနှင့်တကွ သံဃာတော်တွေကို ခရီးဦးကြိုဆိုကြတယ်။ နေရာထိုင်ခင်း တွေကိုလဲ ပြုပြင်စီရင်ပြီး လှူဒါန်းကြတယ်။ မိမိတို့ရဲ့ရွာမှာ ချမ်းသာစွာ သီတင်းသုံးနေတော်မူဖို့လဲ လျှောက်ထားကြတယ်။ မြတ်စွာဘုရားနှင့် တကွ သံဃာတော်တွေကို မှုမ်း သကြန်းစတဲ့ လှူဖွယ်တန်းဖွယ်တွေကိုလဲ စွမ်းအားရှိသလောက် လှူဒါန်းကြတယ်။

အဲဒီအခါမှာ မြတ်စွာဘုရားသခင်က အဲဒီပါဋလိရွာသူရွာသား တွေကို တရားဟောတော်မူတယ်။

ပဥ္စမေ ဂဟပတယော အာနိသံသာ သီလဝတော
သီလသမ္ပဒါယ—တဲ့။

ဂဟပတယော၊ အိမ်ကြီးရှင်တို့။ ဝါ၊ သူကြွယ်တို့။ သီလဝတော၊ သီလရှိသောသူအား။ ဝါ၊ သီလရှိသောသူ၏။ သီလသမ္ပဒါယ၊ သီလနှင့် ပြည့်စုံခြင်းကြောင့်။ ဝါ၊ သီလနှင့်ပြည့်စုံခြင်း၌။ အာနိသံသာ၊ အကျိုး အာနိသင်တို့သည်။ ဣမေ ပဥ္စ၊ ဤငါးပါးတို့ပေတည်း။

သီလနှင့် ပြည့်စုံတဲ့ပုဂ္ဂိုလ်ဟာ အကျိုးတရားငါးပါးကို ရရှိခံစား နိုင်ပါတယ်တဲ့။ ရနိုင်တဲ့အကျိုးငါးပါးကတော့....

ကတမေ ပဥ္စ၊ အဘယ်ငါးပါးတို့နည်း ဟူမူကား။ ဂဟပတယော၊ သူကြွယ်တို့။ ဝါ၊ ဒါယကာတို့။ ဣဓ၊ ဤလောက၌။ သီလဝါ၊ သီလရှိ သော။ သီလသမ္ပန္နော၊ သီလနှင့်ပြည့်စုံသော။ ပုဂ္ဂလော၊ ပုဂ္ဂိုလ်သည်။ အပ္ပမာဒါဓိကရဏံ၊ မမေ့မလျော့ခြင်းတည်းဟူသော အကြောင်းကြောင့်။

မဟန္တံ၊ ကြီးစွာသော။ ဘောဂက္ခန္ဓံ၊ စည်းစိမ်အစုကို။ အဓိဂစ္ဆတိ၊ ရနိုင်ပါပေ၏။

သီလနှင့်ပြည့်စုံတဲ့ပုဂ္ဂိုလ်ဟာ မမေ့မလျော့တဲ့ အတွက် စီးပွားဥစ္စာ တိုးတက်ပွားများနိုင်ပါတယ်–တဲ့. ဒကာချစ်ရဲ့ (မှန်ပါဘုရား)။ ဟုတ်တယ်၊မိမိသန္တာန်မှာ ကိုယ်ကျင့်သီလနှင့်ပြည့်စုံတဲ့ပုဂ္ဂိုလ်ဟာ မမေ့မလျော့ဘဲ သတိတရားရှိနေတော့ ပစ္စည်းဥစ္စာ ရှာသင့်တဲ့ အချိန်မှာ ရှာနိုင်တယ်။ သုံးဆောင်သင့်တဲ့ပစ္စည်းဥစ္စာတွေကိုလဲ သုံးဆောင်တယ်။သိမ်းဆည်းသင့်တဲ့ ပစ္စည်းဥစ္စာတွေကိုလဲ သိမ်းဆည်းတယ်။ စုဆောင်းတယ်။ ရောင်းဝယ်သင့်တဲ့ ပစ္စည်းဥစ္စာတွေကိုလဲ ရောင်းဝယ်တယ်– စသည်ဖြင့် အဲဒီလိုပြုလုပ်တဲ့ပုဂ္ဂိုလ်ဟာ စီးပွားဥစ္စာတွေ မတိုးတက်ဘူးလား ဒကာချစ်ရေ (တိုးတက်နိုင်ကြောင်းပါဘုရား)။

အေး....ဒါကြောင့် သီလနှင့်ပြည့်စုံတဲ့ပုဂ္ဂိုလ်ဟာ စီးပွားဥစ္စာတိုးတက်ခြင်းဆိုတဲ့ အကျိုးတရားကိုလဲ ရနိုင်ပါတယ်-တဲ့။ အဲဒါဟာ ရှေးဦးစွာရနိုင်တဲ့အကျိုးတရားပေါ့ ဒကာချစ်ရဲ့ (မှန်ပါဘုရား)။သီလနှင့်မပြည့်စုံလို့ ရမ်းကားမှုကြောင့် ပစ္စည်းဥစ္စာတွေ ပျက်ပြားရပုံ များကိုတော့ အထူးပြောနေစရာမလိုတော့ပါဘူး။ လောကတခွင်မှာ မျက်မြင် ဖြစ်နေကြပါပြီ။ ပြီးတော့....

ကလျာဏော ကိတ္တိသဒ္ဒေါ အဗ္ဘုဂ္ဂစ္ဆတိ-တဲ့။ ကလျာဏော၊ ကောင်းသော။ ကိတ္တိသဒ္ဒေါ၊ ကျော်စောသံသည်။ အဗ္ဘုဂ္ဂစ္ဆတိ၊ ဘဝဂ်မဆန့် ပျံ့နှံ့တက်နိုင်ပါပေ၏။

ကိုယ်ကျင့်သီလနှင့်ပြည့်စုံတဲ့ပုဂ္ဂိုလ်ဟာ အရပ်လေးမျက်နှာ၊ အရပ်ရှစ်မျက်နှာ စသည်ဖြင့် ကောင်းသောကျော်စောသံနှင့်လဲ ပြည့်စုံတယ်=တဲ့ ဒကာချစ်ရဲ့ (မှန်ပါဘုရား)။ မိမိတို့ရဲ့ရပ်ရွာ၊ မိမိတို့ရဲ့ နယ်ပယ်ဒေသမှာ ဒီလိုကိုယ်ကျင့်သီလနှင့်ပြည့်စုံတဲ့ ပုဂ္ဂိုလ်ကို စပ်ရာစပ်ရာ ပုဂ္ဂိုလ်တွေက မချီးကျူးကြဘူးလား ဒကာချစ်ရေ (မှန်လှပါ ချီးကျူးကြကြောင်းပါဘုရား)။

ဘယ်ပုဂ္ဂိုလ်ကတော့ တော်ပါပေတယ်၊ ကိုယ်ကျင့်သီလနှင့်ပြည့်စုံပါပေတယ် စသည်ဖြင့် နီးစပ်ရာပုဂ္ဂိုလ်တွေက ချီးကျူးထောမနာပြုကြတယ်။ လူတွေကလဲ ချီးကျူးကြတယ်။ နတ်တွေကလဲ ချီးကျူးကြတယ်။ ဗြဟ္မာတွေကလဲ ချီးကျူးကြတယ်။ ဒါကြောင့် ကိုယ်ကျင့်သီလနှင့်ပြည့်

စုံတဲ့ ကျောင်းဝေယံသံဟာ ဘဝဂ်ထိအောင်ဘဲ ပျံ့နှံ့ပြီးတော့ သွားနိုင်ပါတယ်....တဲ့။

လောကမှာ အလွန်တရာ မွှေးကြိုင်တဲ့ စပယ်ခေါင်ရမ်း မုလေးပန်း စတဲ့ ပန်းရနံ့တွေ ဆိုတာ ရှိတယ်။ အဲဒီ ပန်းရနံ့တွေ ဆို တာ ကတော့ လေသင့်ရာ အောက်အရပ်ကိုသာ မွှေးကြိုင်ပြီးတော့ သွားနိုင်ပါတယ်။ လေရဲ့အထက်အရပ်ကို တက်ပြီးတော့ မမွှေးနိုင်ပါဘူးဒကာချစ်ရဲ့ (မှန်ပါဘုရား)။

ကိုယ်ကျင့်သီလနှင့်ပြည့်စုံတဲ့ ပုဂ္ဂိုလ်ရဲ့ ကောင်းတဲ့ကျော်စောသံကတော့ လေရဲ့အောက်အရပ်ကော၊ လေရဲ့အထက်ရပ်ကိုပါ မွှေးကြိုင်နိုင်တယ်။ ထို့ပြင် ထက်ဝန်းကျင် အရပ် ၄—မျက်နှာ၊ အရပ်ရှစ်မျက်နှာ၊ အရပ် ၁၀-မျက်နှာအားလုံး မွှေးကြိုင်နိုင်ပါတယ်။ အဲဒါဟာ ဒုတိယ ရရှိနိုင်တဲ့ အကျိုးတရားဘဲ ဒကာချစ်ရေ (မှန်ပါဘုရား)။ ဒါနှင့်ပတ်သက်ပြီးတော့ မြတ်စွာဘုရားရဲ့ တပည့်သားတော် အရှင်မဟာကဿပ ကိုယ်တော်မြတ်ကြီးရဲ့ သီလရနံ့ဂုဏ်သတင်းကြောင့် သိကြားမင်းနှင့် သူဇာဒေဝီတို့တောင်မနေနိုင်လို့ လူ့ပြည်ဆင်းပြီးတော့ သူဆင်းရဲ ယောင်ဆောင်ဆွမ်းလှူကြတဲ့ ဝတ္ထုဟာ ထင်ရှားတဲ့သာဓကဘဲ။ ဒီဝတ္ထုကိုတော့ ဒို့ပရိသတ်တွေ ကြားနာကြဘူးမှာပါဘဲ။

ပြီးတော့ ယံယံ ပရိသံ အကြွင်အကြွင် ပရိသတ်သို့။ဥပသင်္ကမတိ၊ ချဉ်းကပ်၏။ ဝိသာရဒေါ၊ ရဲရဲတင်းတင်း။ အမင်္ကုဘူတော၊မျက်နှာရွှင်ရွှင်ပျပျ။ ဥပသင်္ကမတိ၊ ချဉ်းကပ်ရ၏-တဲ့။

ကိုယ်ကျင့်သီလနှင့် ပြည့်စုံတဲ့ပုဂ္ဂိုလ်ဟာ ပရိသတ်ထဲသွားတဲ့အခါမှာ ရဲရဲတင်းတင်းနဲ့ မျက်နှာပြုံးပြုံးရွှင်ရွှင် ကြည်ကြည်လင်လင်နဲ့ သွားရဲတယ်၊ ထိုင်ရဲတယ်၊ ပြောဆိုရဲတယ်၊ ဒကာချစ်ရေ-နော် (မှန်ပါ အင်မတန်ဝမ်းသာစရာ ကောင်းပါတယ်ဘုရား)။

ပြီးတော့ အသမ္မူဠှော၊ ကာလံကရောတိ။ အသမ္မူဠှော၊ မတွေမဝေ။ ကာလံကရောတိ၊ သေရာကာလကို ပြုရပါပေ၏။ ဝါ၊ သေရပါပေ၏။

ကိုယ်ကျင့်သီလနှင့် ပြည့်စုံတဲ့ပုဂ္ဂိုလ်ဟာ မတွေမဝေဘဲနဲ့ သေရခြင်းဆိုတဲ့အကျိုးကိုလဲ ရပါတယ်-တဲ့။ မိမိရဲ့သန္တာန်မှာ ကိုယ်ကျင့်သီလရှိတဲ့ပုဂ္ဂိုလ်ဟာ မိမိရဲ့သီလကို ပြန်ပြီးတော့ ဆင်ခြင် လိုက် မယ် ဆိုယင်

ဘာမှကြောက်စရာမရှိဘူး ဒကာချစ်ရေ (မှန်ပါ ကြောက်စရာမလိုပါဘုရား)။ "ငါ့မှာ သီလတွေရှိနေတယ်၊ အားကိုးရာတွေရှိနေတယ်၊ ဘာမှကြောက်စရာမရှိဘူး၊ သေယင်လဲ အပါယ်ဆင်းရဲက လွတ်မြောက်နိုင်တယ်"လို့ ဆင့်ခြင်လိုက်ယင် ဘာမှစိုးရိမ်စရာမရှိဘူး။

အဲဒီလို စိုးရိမ်မှုတွေ ဘာမှမရှိဘဲ ဝမ်းမြောက်ဝမ်းသာ ဖြစ်ပြီးတော့ သေရတာကို အသမ္မူဠှော ကာလံကရောတိ၊ မတွေမဝေဘဲနဲ့ သေရတယ်....လို့ ဆိုရတယ်။

ပြီးတော့ ကာယဿ ဘေဒါ ပရံ မရဏာ သုဂတိံ သဂ္ဂံ လောကံ ဥပပဇ္ဇတိ-တဲ့။ ကာယဿ၊ ခန္ဓာကိုယ်၏။ဘေဒါ၊ ပျက်စီးခြင်းကြောင့်။ မရဏာ၊ စုတိပြတ်ကြွေ သေရသည်မှ။ ပရံ၊ နောက်ကာလ၌။ သုဂတိံ၊ ကုသိုလ်ကောင်းမှုကို ပြုလုပ်သောပုဂ္ဂိုလ်တို့၏ လားရောက်ရာဖြစ်သော။ သဂ္ဂံလောကံ၊ နတ်ပြည်သို့။ ဥပပဇ္ဇတိ-ကပ်ရောက်ရ၏တဲ့။

သေပြီးတဲ့နောက်ကာလမှာလဲ ကုသိုလ်ကောင်းမှုကို ပြုလုပ်တဲ့ ပုဂ္ဂိုလ်တို့၏ လားရောက်ရာဖြစ်တဲ့ နတ်ပြည်နတ်လောကသို့ ရောက်ရတယ်။ နတ်ပြည်နတ်လောကချမ်းသာကို ခံစားရတယ်....တဲ့ ဒကာချစ်ရေ....[မှန်ပါဘုရား]။

ဒါတင်မကသေးပါဘူး။ မြတ်စွာဘုရားသည် အဲဒီမဟာပရိနိဗ္ဗာနသုတ်ဘော်မှာဘဲ "ဣတိသီလံ ဣတိသမာဓိ ဣတိပညာ"လို့လဲ မိန့်တော်မူတယ်။ အဓိပ္ပာယ်ကတော့ သီလတရားဆိုတာ ဒါတွေကို ခေါ်တယ်၊ သမာဓိတရားဆိုတာလဲ ဒါတွေကိုခေါ်တယ်၊ ပညာတရားဆိုတာလဲ ဒါတွေကိုခေါ်တယ်....စသည်ဖြင့် သီလ သမာဓိ ပညာတရားတွေကို ဟောကြားခဲ့တယ်။ အဲဒီလို သီလ သမာဓိ ပညာတရားတွေကို ဟောကြားတဲ့အခါမှာ မိမိတို့သန္တာန်မှာ သမာဓိပညာတရားတွေ ဖြစ်ချင်တယ်....ဆိုလို့ရှိယင် ရှေးဦးစွာ သီလတရားနှင့်ပြည့်စုံရတယ်။ သီလရှိမှ သမာဓိ ဖြစ်နိုင်တယ်။ သမာဓိရှိမှလဲ ပညာဖြစ်နိုင်တယ်။ ဒါကြောင့် သီလနှင့်ပြည့်စုံဖို့ရာ အရေးမကြီးဘူးလား ဒကာချစ်ရဲ့ (အရေးကြီးပါတယ်ဘုရား)။

သီလပရိဘာဝိတော သမာဓိ မဟပ္ဖလော ဟောတိ၊

မဟာနိသံသော။

သီလပရိဘာဝိတော၊ သီလဖြင့်လုံ့ထားအပ်သော။ သမာဓိ၊သမာဓိသည်။ မဟပ္ဖလော၊ များသောအကျိုးရှိသည်။ ဟောတိ၊ဖြစ်ပါပေ၏။ မဟာနိသံသော၊ များသောအာနိသင်ရှိသည်။ ဟောတိ၊ ဖြစ်ပါပေ၏။

သီလတရားဖြင့် ထုံထားတဲ့သမာဓိဟာ များစွာ အကျိုးရှိပါတယ်-တဲ့။

သမာဓိ ပရိဘာဝိတာ ပညာ မဟပ္ဖလာဟောတိ၊ မဟာနိသံသာ။

သမာဓိပရိဘာဝိတာ၊ သမာဓိဖြင့် ထုံထားအပ်သော။ ပညာ၊ ပညာသည်။ မဟပ္ဖလာ၊ များသောအကျိုးရှိသည်။ ဟောတိ၊ ဖြစ်ပါပေ၏။ မဟာနိသံသာ၊ များသော အာနိသင်ရှိသည်။ ဟောတိ၊ ဖြစ်ပါပေ၏။

သမာဓိဖြင့် ထုံထားတဲ့ ပညာတရားဟာလဲ များစွာအကျိုးရှိပါတယ် တဲ့ ဒကာချစ်ရေ (မှန်ပါဘုရား)။

ပညာပရိဘာဝိတံ စိတ္တံ သမ္မဒေဝ အာသဝေဟိ ဝိမုစ္စတိ။

ပညာပရိဘာဝိတံ၊ ပညာဖြင့်ထုံအပ်သော။ စိတ္တံ၊ မိမိတို့၏ စိတ်ကလေးသည်။ သမ္မဒေဝ၊ ကောင်းစွာသာလျှင်။ အာသဝေဟိ၊ အာသဝေါတရားတို့မှ။ ဝိမုစ္စတိ၊ လွတ်မြောက်နိုင်ပါပေ၏။

ပညာတရားဖြင့် ထုံထားတဲ့ မိမိတို့ရဲ့စိတ်ကလေးဟာ အာသဝေါတရားတွေမှ ကောင်းစွာ လွတ်မြောက်နိုင်ပါတယ်။ ဒကာချစ်ရေနော်၊ (မှန်ပါဘုရား)။

ဗုဒ္ဓဘာသာဝင် ပုဂ္ဂိုလ်တွေ ဒါနပြုတိုင်း သီလဆောက်တည်တိုင်း ဘာဝနာပွားများတိုင်း "ဣဒံမေ ပုညံ အာသဝက္ခယာဝဟံ ဟောတု-မေ၊ ငါ၏။ ဣဒံပုညံ၊ ဤကောင်းမှုသည်။ အာသဝက္ခယာဝဟံ၊ အာသဝေါတရား ၄ ပါးတို့၏ ကုန်ရာကုန်ကြောင်း ဖြစ်သော မဂ်ဉာဏ် ဖိုလ်ဉာဏ် နိဗ္ဗာန်ကို ရွက်ဆောင်နိုင်သည်။ ဟောတု၊ ဖြစ်ပါစေသတည်း"တဲ့။

ငါ့ရဲ့ ဤကောင်းမှုဟာ (လောဘ ဒိဋ္ဌိ မောဟ)လို့ ခေါ်တဲ့ အာသဝေါတရား ၄ ပါးတို့ရဲ့ကုန်ရာဖြစ်တဲ့ မဂ်ဉာဏ်ဖိုလ်ဉာဏ်နိဗ္ဗာန်ကို ရအောင် ရွက်ဆောင်နိုင်ပါစေလို့ ဆုမတောင်းဘူးလား ဒကာချစ်ရေ၊ (မှန်ပါ ဆုတောင်းကြကြောင်းပါ ဘုရား)။

အဲဒီလို အာသဝေါတရားတွေက လွတ်မြောက်ချင်တယ် ဆိုလို့ရှိယင် ဘာလုပ်ရမလဲ။ ရှေးဦးစွာ သီလနှင့်ပြည့်စုံရမယ်—တဲ့။ သီလနှင့်ပြည့်စုံမှ သမာဓိနှင့်ပြည့်စုံနိုင်တယ်။ သမာဓိနှင့်ပြည့်စုံမှ ပညာနှင့်ပြည့်စုံနိုင်ပါတယ်။ ပညာနှင့်ပြည့်စုံမှလဲ မိမိတို့ လွတ်မြောက်ချင်တဲ့ အာသဝေါ

တရားတွေက လွတ်မြောက်ပြီးတော့ မိမိတို့လိုလားတဲ့ နိဗ္ဗာန်ချမ်းသာကြီး ကို ရနိုင်ပါတယ်။ ဒါကြောင့် သီလနှင့်ရှေးဦးစွာ ပြည့်စုံဖို့ရာ အရေး မကြီးဘူးလား ဒကာချစ်ရေ၊ (အရေးကြီးလှကြောင်းပါ ဘုရား)။

**သီလအကျိုးတံခိုးကြီးလှ ဆောင်ပုဒ်**

အဲဒီတော့ ဒီနေရာမှာ ဒီလိုပြောခဲ့တဲ့ သီလနှင့်ပြည့်စုံသူ ဥပါသ ကာရဲ့ ရနိုင်တဲ့ကောင်းကျိုးကို ရမည်သင်းခရိုင် ဇီးဖြူကုန်း ညောင်အိုင် ရွာ ကံသာကျောင်း ဆရာတော်ရေးစပ်ထားတဲ့ ရှစ်လုံးဘွဲ့ကဗျာဆောင် ပုဒ်ကလေးကို အကျဉ်းချုပ် မှတ်သားရအောင် ချပေးပါဦးမယ်။ ကဲ....လိုက်ဆိုကြပါ။

* စည်းစိမ်ပေါ်များ-ကျော်ကြားဂုဏ်ဝါ၊
ဇာနည်ရဲရင့်-ပွဲတင့်လွန်စွာ၊
မတွေဝေဘဲ-သေလဲနတ်ရွာ၊
သီလအကျိုး-ငါးမျိုးရမည်သာ၊
နိဗ္ဗာန်ထိ-ရောက်ရှိနိုင်သေးတာ။

အဲဒီလို ကောင်းကျိုးချမ်းသာ များစွာကို ရနိုင်တဲ့ သီလနှင့်ပြည့် စုံလို့ရှိယင် သီလဝန္တဥပါသကာလို့ ခေါ်ရပါတယ် ဒကာချစ်ရဲ့ (မှန်ပါ ဘုရား)။ ဒါကြောင့်....

မဟာနာမ၊ မဟာနာမ်မင်း။ တွောဝတာ၊ ဤမျှဖြင့်။ ဝါ၊ ဤမျှအတိုင်း အရှည်ရှိသော ငါးပါးသော သီလနှင့် ပြည့်စုံကာမျှဖြင့်။ ဥပါသကော၊ ဥပါသကာသည်။ သီလသမ္ပန္နော၊ သီလနှင့်ပြည့်စုံသည်။ ဟောတိ၊ မုချမသွေ အမှန် အမှန်ဘဲ ဖြစ်ပါပေတော့သတည်း။ (သာဓု၊ သာဓု၊ သာဓု)။

**သီလဝန္တ ဥပါသက ဆောင်ပုဒ်**

အဲဒီလို မြတ်စွာဘုရားရဲ့ အဖြေစကားတော်ကိုလဲ ဘုန်းကြီးက ဆောင်ပုဒ်စီထားပါသေးတယ်။ ဒါကို ချပေးမယ်။ ကဲ-အဲဒီဆောင်ပုဒ် လင်္ကာကလေးကို လိုက်ဆိုကြပါဦး။

သီလငါးရပ်-ကျင့်မြတ်ကိုသာ၊
ကျင့်ကြံကြိုးကုတ်-အားထုတ်သူမှာ၊
သီလဝန္တ-ခေါ်ရလေတာ၊
မြတ်ဘုရား-ဟောကြား မိန့်သည်သာ။

## မဟာနာမ်မင်း သိလိုပြန်တဲ့ ဥပါသကမှာရှိရမည့် သဒ္ဓါ

မဟာနာမ်မင်းက သူသိလိုတဲ့ အချက်ကို ဆက်ပြီးတော့ မေးလျှောက်ပြန်ပါတယ်။

ကိတ္တာဝတာ ပန ဘန္တေ ဥပါသကော သဒ္ဓါသမ္ပန္နော ဟောတိ။

ဘန္တေ၊ ဘုန်းတော်နေဝန်း ထွန်းသင်းတောက်ပတော်မူပေသော မြတ်စွာဘုရား။ ကိတ္တာဝတာ။ အဘယ်မျှဖြင့်။ ဝါ၊ အဘယ်မျှလောက်သော အကြောင်းအင်္ဂါဖြင့်။ ဥပါသကော၊ ဥပါသကာသည်။ သဒ္ဓါသမ္ပန္နော၊ ယုံကြည်တဲ့သဒ္ဓါတရားနှင့် ပြည့်စုံသည်။ ဟောတိ၊ ဖြစ်ပါသနည်း။

မြတ်စွာဘုရား-ရတနာသုံးပါးကို ကိုးကွယ်မှီဝဲ ဆည်းကပ်နေတဲ့ ဥပါသကာလို့ခေါ်တဲ့ ပုဂ္ဂိုလ်ဟာ အဘယ်မျှလောက်သော အကြောင်းအင်္ဂါနှင့် ပြည့်စုံလို့ရှိယင် သဒ္ဓါသမ္ပန္န ယုံကြည်တဲ့ သဒ္ဓါတရားနှင့်ပြည့်စုံပါသလဲ-တဲ့။ မဟာနာမ်မင်းက ဆက်ပြီး ဒီလို မေးလျှောက်တာကိုး ဒကာချစ်ရဲ့ (မှန်ပါ မေးသင့်ပါတယ်ဘုရား)။

## မြတ်စွာဘုရားဖြေကြားတဲ့ ဥပါသကမှာရှိရမည့် သဒ္ဓါ

အဲဒီလိုမေးလျှောက်တဲ့အခါမှာ မြတ်စွာဘုရားကလဲ ဒီလို ဖြေကြားတော်မူပါတယ်။

> ယတော ခေါ မဟာနာမ ဥပါသကော သဒ္ဓေါ ဟောတိ၊
> သဒ္ဒဟတိ တထာဂတဿ ဗောဓိံ။

မဟာနာမ၊ မဟာနာမ်မင်း။ ယတော၊ အကြင်ကြောင့်။ ဥပါသကော၊ ဥပါသကာသည်။ သဒ္ဓေါ၊ ယုံကြည်တဲ့ သဒ္ဓါတရားရှိသည်။ ဟောတိ၊ ဖြစ်ပါပေ၏။ တထာဂတဿ၊ မြတ်စွာဘုရား သခင်၏။ ဗောဓိံ၊ အရဟတ္တမဂ်ဉာဏ် သဗ္ဗညုတ ဉာဏ်တော်ကို။ သဒ္ဒဟတိ၊ ယုံကြည်၏။

မြတ်စွာဘုရားသခင်၏ အရဟတ္တမဂ်ဉာဏ် သဗ္ဗညုတဉာဏ်တော်ကို ယုံကြည်တယ်တဲ့ ဒကာချစ်ရေနေ့ော်၊ (မှန်လှပါဘုရား)။ မြတ်စွာဘုရားသခင်ရဲ့ သန္တာန်တော်မှာရှိတဲ့ အရဟံ-ဆိုတဲ့ ဂုဏ်တော်တွေ၊ သမ္မာသမ္ဗုဒ္ဓ ဆိုတဲ့ ဂုဏ်တော်တွေ စသည်ဖြင့် ဒို့ဗုဒ္ဓဘာသာဝင်ပုဂ္ဂိုလ်တွေ အမြဲမပြတ် ရွတ်ဆိုပွားများပြီးတော့ နေကြတဲ့ ဂုဏ်တော် ၉ ပါးတွေပေါ့ ဒကာချစ်ရဲ့ (မှန်လှပါဘုရား)။

အကျဉ်းအားဖြင့် ၉ ပါးပေါ့။ အကျယ်ချဲ့လိုက်မယ် ဆိုယင်လဲ မရေမတွက် နိုင်အောင် ဂုဏ်တော်တွေ များစွာတဲ့ ရနိုင်ပါတယ်။ ဘာ့ကြောင့် ဒီလိုယုံကြည်ရသလဲ။ မိမိတို့ကိုးကွယ်တဲ့ မြတ်စွာဘုရားဟာ ဘယ်လိုဘုရားလဲ၊ ဘယ်လို ကျင့်ကြံအားထုတ်ခဲ့လို့ ဒီလို ဂုဏ်တော်နှင့် ပြည့်ရသလဲလို့ သိဖို့ရာ အရေးမကြီးဘူးလား၊ ဒကာချစ်ရေ၊ (မှန်လှပါ အရေးကြီးလှကြောင်းပါဘုရား)။

ဟုတ်တယ်၊ ကိုယ်ကိုးကွယ်တဲ့ ဘုရားရဲ့အကြောင်းကိုမှ ကျကျနန မသိဘူးဆိုယင် တခြားဘာသာဝင် ပုဂ္ဂိုလ်တွေကတောင်မှ အထင်အမြင် သေးခံရတတ်တယ်။ ဒါ့ကြောင့် လူငယ်တွေက စပြီးတော့ လူကြီး တွေထိအောင်ပေါ့။ မိမိတို့ကိုးကွယ်တဲ့ ဘုရားအကြောင်းကို သေသေ ချာချာသိအောင် လေ့လာထားကြရမယ်။ သားစဉ်မြေးဆက် အမွေ ပေးထားခဲ့ကြရမယ်။ ဒါမှ မြတ်စွာဘုရား သာသနာတော်ကြီးဟာ အရှည်သဖြင့် တည်သွားမယ်၊ ဒကာချစ်ရေ နော်၊ (မှန်လှပါဘုရား)။ ဒါကြောင့် ဒီမြတ်စွာဘုရားရှင်ရဲ့ အဖြေစကားတော်နှင့်ပတ်သက်ပြီးတော့ ဒီနေရာမှာ ဘုန်းကြီးက ပရိသတ်များလဲ မှတ်သားရအောင် ဗုဒ္ဓဝင် အကျဉ်းချုပ်ကိုပါ ပြောပြပါဦးမယ်။

## ဗုဒ္ဓဝင်အကျဉ်းချုပ်

ဘုန်းကြီးတို့ရဲ့ ကိုးကွယ်ရာဖြစ်တော်မူတဲ့ အားကိုးရာဖြစ်တော် မူတဲ့ အားထားရာ ဖြစ်တော်မူတဲ့ ဘုရားရှင် ကိုယ်တော်မြတ်ကြီးဟာ လွန်ခဲ့တဲ့ နှစ်ပေါင်း ၂၅၀၀ ကျော်လောက်တုန်းက မဇ္ဈိမဒေသ ကပိလဝတ် နေပြည်တော်မှာ သုဒ္ဓေါဒနမင်းကြီးနှင့် မယ်တော်မာယာ ကို့မှ ဖွားမြင်တော်မူခဲ့ပါတယ်။

တဖြေးဖြေးကြီးပွားပြီးလာတဲ့အခါ ၁၆ နှစ်အရွယ်ရောက်တော့ ယသော်ဓရာ-ဆိုတဲ့ မင်းသမီးနှင့် စုလျားရစ်ပတ် လက်ထပ်ပြီး ထီးနန်း စည်းစိမ်ကို ခံစားတော်မူခဲ့ပါတယ်။ ဘယ်လောက်အထိ ထီးနန်းစည်း စိမ်ကို ခံစားခဲ့သလဲဆိုယင် ၁၃ နှစ်ပတ်လုံး ကြာပါတယ်-တဲ့။

၁၆ နှစ်မှစပြီး ၁၃ နှစ်ကြာအောင် ဆိုတော့ ပေါင်းလိုက်ယင် အသက် ၂၉ နှစ်အရွယ် ရောက်လာရောပေါ့။ အဲဒီ ၂၉ နှစ် အရွယ် ရောက်တဲ့အခါ ဥယျာဉ်ထဲကို ပျော်ပါးရန် ထွက်တော်မူခဲ့တယ်။ အဲဒီ

အခါမှာ သူအို၊ သူနာ၊ သူသေ၊ ရဟန်း-လို့ ခေါ်တဲ့ နိမိတ်ကြီး ၄-ပါးကို မြင်ရတဲ့အခါ ဘုရားလောင်းရဲ့စိတ်ထဲမှာ သတိသံဝေဂတွေ ဖြစ်ပေါ်လာ တယ်။

ဒီခန္ဓာကိုယ်ကြီးကို ရလာတာဟာ ဘာမှ မကောင်းပါကလား၊ ဘာမှ တန်ဖိုးမရှိပါကလား၊ အိုရတဲ့ အကျိုးတရားဘဲ ရနေပါကလား၊ နာရတဲ့အကျိုးနှင့် သေရတဲ့ အကျိုးတရားတွေကိုဘဲ ရနေပါကလား-လို့ ခန္ဓာကိုယ်ကြီးရဲ့အပေါ်မှာ အပြစ်တွေကို မြင်လာတယ်-တဲ့ ဒကာသိန်း (မှန်လှပါဘုရား)။

အဲဒီလိုခန္ဓာကိုယ်ကြီးရဲ့အပြစ်တွေကိုမြင်လာတော့ဘုရားလောင်းဟာ ထီးနန်းစည်းစိမ်ကို စိတ်ဝင်စား-လို့လဲ မပျော်မွေ့တော့ဘူး။ ဒါ့ကြောင့် ဘုရားလောင်းဟာ ဒီခန္ဓာကိုယ်ကြီးရဲ့အပြစ်ကိုမြင်ပြီး ဒီ အိုခြင်း နာခြင်း သေခြင်းတရားတွေမှ လွတ်မြောက်တဲ့ အမတ-လို့ ခေါ်တဲ့ မအိုတဲ့ မနာတဲ့ မသေတဲ့ တရားကို ရှာမယ်-လို့ စိတ်ကူးပြီးတော့ ယသော်ဓရာ အမှူးရှိတဲ့ မောင်းမမိဿံတွေကိုရော၊ မယ်တော် ခမည်းတော် ဆွေတော် မျိုးတော်တွေကိုရော အကုန်လုံးကိုစွန့်ပြီးတော့ ဘုရားလောင်းဟာ တော ထွက်တော်မူခဲ့တယ်။

အဲဒီလို တောထွက်တဲ့အခါမှာ အာဠာရ ဥဒက စတဲ့ အမျိုးမျိုး သော ဆရာတွေအထံမှာ ချဉ်းကပ်ပြီးတော့ မအိုတဲ့ မနာတဲ့ မသေတဲ့ တရားကို ရှာမှီးခဲ့တယ်။ ဒါပေမဲ့ မိမိလိုချင်တဲ့ မအို မနာ မသေတဲ့ တရားကို အဲဒီဆရာတွေရဲ့အထံမှာ မရခဲ့ပါဘူး။

ဒါ့ကြောင့် အဲဒီဆရာတွေရဲ့အထံမှ ဖယ်ခွာခဲ့ပါတယ်။ အဲဒီ အချိန်အခါတုန်းက မဇ္ဈိမဒေသမှာ အစားအသောက်တွေကို ချိုးချွန်ပြီး မစားမသောက်ပဲနဲ့ ကိုယ်ပင်ပန်း ဆင်းရဲတဲ့ အကျင့်ကို ကျင့်လို့ရှိယင် ကောင်းတယ်-လို့ အများက ယူဆပြီးတော့ နေကြပါတယ်။ ဒါ့ကြောင့် ဘုရားအလောင်းတော်ကလဲဘဲ ဒီလိုအကျင့်ကို ကျင့်လို့ရှိယင် အိုခြင်း နာခြင်း သေခြင်း ကင်းတဲ့ တရားကို တွေ့တန်ကောင်းရဲ့ ရတန်ကောင်းရဲ့လို့ ယူဆပြီးတော့ ဒုက္ကရစရိယာအကျင့်တွေကို ၆ နှစ်ပတ်လုံး ကျင့်ခဲ့ပါတယ်။ အစားအသောက်တွေကို တဖြေးဖြေး ချိုးချွန်ပြီးတော့ ကျင့်လာတာ လျှော့လျှော့ပြီးတော့ ကျင့်လာတာ နောက်ဆုံး ဘယ်လောက်ထိအောင် ကျင့်သလဲဆိုယင် ပဲပြုတ် ရေကဖလား လက်တခုပ်လောက် တနေ့အတွက်

သောက်သုံးပြီး မျှတပြီးတော့တောင် နေပါတယ်-တဲ့။ အဲဒီလောက် ထိအောင် ကျင့်သုံးခဲ့ပါတယ်။

ဒါပေမဲ့ ဒီအကျင့်ကို ကျင့်ရတာ ဘာအကျိုးရသလဲဆိုယင် ဘာမှ ထူးထူးခြားခြား အကျိုးကို မရပါဘူး။ ကိုယ်ပင်ပန်းဆင်းရဲရုံ လောက်ပဲရှိပါတယ်။ အိုခြင်း နာခြင်း သေခြင်း ကင်းတဲ့ တရားကိုလဲ မတွေ့ရသေးပါဘူး-တဲ့။

ဒါကြောင့် ဒီအကျင့်ဟာတော့ လမ်းမမှန်သေးဘူးလို့ ယူဆပြီး တော့ ဘုရားအလောင်းတော်လေး ငယ်ရွယ်စဉ်အခါ ကာလတုန်းက ထွက်သက် ဝင်သက်ကို ရှုပြီးတော့ အာနာပါနစျာန်ကို ရရှိခဲ့ဘူးပါ တယ်။ အဲဒီ အာနာပါနစျာန်ကိုပြန်ပြီး သတိရတော်မူပါတယ်။ ဒီအာနာ ပါနစျာန်ကလေးကတော့ သိမ်မွေ့တဲ့တရားဘဲ။ အဲဒီတရားကို နှလုံး သွင်းယင် ကောင်းလိမ့်မယ်-လို့ ယူဆပြီးတော့ အစာအာဟာရတွေကိုလဲ တဖြေးဖြေးသုံးဆောင်လို့ ခန္ဓာကိုယ်အင်အားရှိတဲ့အခါမှာ အဲဒီ အာနာ ပါန ထွက်သက်ဝင်သက်ကိုရှုပြီးတော့ အာနာပါနစျာန်တွေကို ရရှိတော် မူပါတယ်။ အဲဒီကနောက် ဗောဓိမဏ္ဍိုင်ရှိရာ အရပ်သို့ ကြွတော်မူပြီး ဗောဓိပင်အောက် ပလ္လင်ထက်မှာ ထက်ဝယ်ဖွဲ့ခွေ ထိုင်နေတော်မူပြီးတော့ တရားနှလုံးသွင်း အားထုတ်တော်မူဘယ် ဒကာချစ်ရေ (မှန်လှပါဘုရား)။

အဲဒီလို အားထုတ်တဲ့အခါမှာ ညဉ့်ဦးယာမ်မှာ ပုဗ္ဗေနိဝါသာ နုဿတိဉာဏ်ကို ရရှိတော်မူတယ်။ ဒီဉာဏ်က ရှေးရှေးသော ဘဝတွေကို ပြန်ပြီးသတိရနိုင်တဲ့ သိနိုင်တဲ့ ဉာဏ်–တဲ့။

မဇ္ဈိမယာမ်-လို့ ခေါ်တဲ့ သန်းခေါင်ယာမ်မှာ ဒိဗ္ဗစက္ခုဉာဏ်ကို ရတယ်။ ဒီဉာဏ်နဲ့ ဆင်ခြင်ကြည့်လိုက်ယင် အားလုံးသော စုတိတဲ့ သတ္တ ဝါတွေကိုလဲ မြင်တော်မူရတယ်။ ပဋိသန္ဓေနေတဲ့သတ္တဝါတွေကိုလဲ မြင်ရ တယ်။ သုဂတိဘဝသို့ရောက်နေတဲ့ သတ္တဝါတွေကိုလဲ မြင်ရတယ်။ ဒုဂ္ဂတိ ဘဝသို့ရောက်နေတဲ့ သတ္တဝါတွေကိုလဲ မြင်ရတယ်။ အဲဒီလို လောကကြီး တခုလုံးကို ဒီဒိဗ္ဗစက္ခုဉာဏ်က မြင်နိုင်စွမ်းတယ်။

ပစ္ဆိမယာမ်-လို့ ခေါ်တဲ့ မိုးသောက်ယာမ်ကျတော့ ဦးစွာ ပဋိစ္စ သမုပ္ပါဒ်တရားတွေကို ဆင်ခြင်တော်မူတယ်။

"အိုခြင်း၊ သေခြင်းဟာ ဘာကြောင့်ဖြစ်ရသလဲ၊ ဘဝအသစ်ဖြစ် လို့ဘဲ။ သူဟာ အခရာဘဲ။ သူဟာ အညာဘဲ။ ဘဝအသစ်ဆိုတဲ့သူဖြစ်ယင်

အိုရသေရမှာဘဲ။ ဒါဖြင့်ယင် ဒီဘဝအသစ်ကကော ဘာ့ကြောင့် ဖြစ်ရသလဲ၊ ကံတွေရှိနေလို့ဘဲ။ ဘာကံတွေလဲ၊ ကုသိုလ်ကံ အကုသိုလ်ကံတွေပေါ့။ ဒီကံတွေကကော ဘာကြောင့်ဖြစ်ရသလဲ၊ စွဲလမ်းမှု (ဥပါဒါန်) တွေရှိနေလို့ဘဲ။ ဒီစွဲလမ်းမှုကကော ဘာ့ကြောင့်ဖြစ်ရသလဲ၊ သာယာနှစ်သက်မှုဆိုတဲ့ တဏှာကလေးရှိနေလို့ဘဲ။ ဒီသာယာ နှစ်သက်မှုကကော.... ဘာ့ကြောင့် ဖြစ်ရသလဲ၊ ဒီခန္ဓာငါးပါး တရားတွေကို အမှန်အတိုင်းမသိလို့ဘဲ။

ဒီလို ပဋိစ္စသမုပ္ပါဒ်တရားတွေကို အနုလုံပဋိလုံ အစုံအဆန် အကြိမ်ကြိမ်အဖန်ဖန် ဆင်ခြင်တော်မူပါတယ်။ သိမြင်တော်မူပါတယ်။ အဲဒီလို ဆင်ခြင်သိမြင်ပြီးတဲ့အခါ အရေးကြီးတာကတော့ အိုခြင်း၊ နာခြင်း၊ သေခြင်းတွေကင်းချင်လို့ရှိယင် ဘဝအသစ်မဖြစ်အောင် ကျင့်ကြံ အားထုတ်ဖို့လိုတယ်။ ဘဝအသစ်တွေမဖြစ်အောင် စွဲလမ်းမှု (ဥပါဒါန်) ကင်းအောင်၊ သာယာနှစ်သက်မှု (တဏှာ) ကင်းအောင်၊ အမှန်ကိုမသိတဲ့ အဝိဇ္ဇာကင်းအောင်၊ အဲဒါတွေနှင့်အတူ ကျန်တဲ့ အကုသိုလ်တွေ အကုန်ကင်းအောင် ကျင့်ဖို့ရာ လိုတယ်....လို့ သိမြင်တော်မူပါတယ်။

အဲဒီလို သိပြီးလာတဲ့အတွက် အဲဒီကိုလေသာ ကင်းငြိမ်းအောင်လို့ ဘုရားလောင်းဟာ ခန္ဓာငါးပါးတွေရဲ့ အဖြစ်အပျက်တွေကို ရှုမှတ်ပြီးတော့နေတော်မူဘယ်။ ဒါကြောင့် ဒီလို ဟောကြားထားပါတယ်။

ပဉ္စန္နံ ခန္ဓာနံ ဥဒယဗ္ဗယာနုပဿီ ဝိဟာရတိ။

ပဉ္စန္နံ ခန္ဓာနံ၊ ငါးပါးကုန်သော ဥပါဒါနက္ခန္ဓာတို့၏။ ဥဒယဗ္ဗယာနုပဿီ၊ အဖြစ်အပျက်ကို ထပ်တလဲလဲရှုသည်ဖြစ်၍။ ဝိဟာရတိ၊ နေ၏။

ဘုရားလောင်းဟာ ခန္ဓာငါးပါးတွေရဲ့ အဖြစ် အပျက် တွေကို ရှုမှတ်ပြီးတော့ နေတော်မူပါတယ်....ဒကာချစ်ရဲ့၊ (မှန်ပါ အမိန့်ရှိတော်မူပါဘုရား)။

အဲဒီလို ရှုမှတ်နေယင်းက ခန္ဓာငါးပါးတွေရဲ့ အဖြစ်အပျက်တွေကို သိမြင်ယင်းသိမြင်ယင်းနဲ့ အနိစ္စ၊ ဒုက္ခ၊ အနတ္တလက္ခဏာတွေကို သိမြင်ပြီးတော့ ဝိပဿနာဉာဏ်တွေ အစဉ်အတိုင်း တိုးတက်ပြည့်စုံလို့ သောတာပတ္တိမဂ်ဉာဏ်၊ ဖိုလ်ဉာဏ်၊ သကဒါဂါမိ မဂ်ဉာဏ်၊ ဖိုလ်ဉာဏ်၊ အနာဂါမိမဂ်ဉာဏ်၊ ဖိုလ်ဉာဏ်၊ အရဟတ္တမဂ်ဉာဏ်၊ ဖိုလ်ဉာဏ်အထိရောက်တဲ့ အခါ တရားအလုံးစုံကို အကုန်အစင် သိမြင်တော်မူတဲ့ သဗ္ဗညုတ ဉာဏ်

တော်ကြီးကိုရလို့ ဘုရားအဖြစ်သို့ ရောက်ရှိတော်မူပါတယ်။ ဒါဟာ ဘုရား ဖြစ်တော်မူပုံကို ယုံကြည်ဖို့ရာ ဟောပြတဲ့ ဗုဒ္ဓဝင် အကျဉ်းချုပ်ဘဲ ဒကာချစ်ရဲ့ (မှန်ပါ....မှတ်သားဖွယ်ရာ ကောင်းလှပါတယ်ဘုရား)။

ဗုဒ္ဓါနုဿတိ

အဲဒီလို ကိလေသာငြိမ်းအောင်ကျင့်လို့ ကိလေသာငြိမ်းပြီးတော့ တရားအလုံးစုံကို အကုန်သိမြင်တော်မူတဲ့ မြတ်စွာဘုရား....တဲ့။

ဒါကြောင့် "အရဟံ- လောဘ, ဒေါသ, မောဟ အစရှိသော ကိလေသာအညစ်အကြေးတို့မှ ကင်းဝေးစင်ကြယ်တော်မူပေသော မြတ်စွာဘုရား" စသည်ဖြင့် ဒီဗုဒ္ဓဘာသာဝင်ပုဂ္ဂိုလ်တွေဟာ မြတ်စွာဘုရားရဲ့ ဂုဏ်တော်တွေကို စွမ်းနိုင်သလောက် အာရုံပြုပြီးတော့ ကြည်ညိုကြရမယ်- ဒကာချစ်ရဲ့ (မှန်ပါ ကြည်ညိုကြရမှာပါဘုရား)။

ဒီလို မြတ်စွာဘုရားရဲ့ဂုဏ်တော်တွေ၊ မြတ်စွာဘုရားသခင်ရဲ့ အရဟတ္တမဂ်ဉာဏ်, သဗ္ဗညုတဉာဏ်တော်ကို ယုံကြည်တယ် ဆိုလို့ရှိယင် ယုံကြည်တဲ့ သဒ္ဓါတရားနှင့်ပြည့်စုံတဲ့ ဥပါသကာ—လို့ ခေါ်ရတယ်။ ဒါကြောင့် မြတ်စွာဘုရားက မဟာနာမ်မင်းအား ဒီလိုဖြေကြားတော်မူပါတယ်။

မဟာနာမ၊ မဟာနာမ်မင်း။ တထာဂတာ၊ ဤမျှဖြင့်။ ဝါ၊ ဤသို့ မြတ်စွာဘုရားသခင်၏ အရဟတ္တမဂ်ဉာဏ်, သဗ္ဗညုတ ဉာဏ်တော်မြတ်ကို ယုံကြည်ကာမျှဖြင့်။ ဥပါသကော၊ ဥပါသကာသည်။ သဒ္ဓါသမ္ပန္နော၊ ယုံကြည်တဲ့ သဒ္ဓါတရားနှင့် ပြည့်စုံသည်။ ဟောတိ၊ မုချကေန် အမှန်ဘဲ ဖြစ်ပါပေသတည်း။ (သာဓု....သာဓု....သာဓု)။

ကဲ....အဲဒီ ဥပါသကာရဲ့ ပြည့်စုံရမည့် ဗုဒ္ဓါနုဿတိ သဒ္ဓါတရားနှင့်ပတ်သက်ပြီး မြတ်စွာဘုရား ဖြေကြားတော်မူတဲ့အတိုင်း အဓိပ္ပာယ် အကျဉ်းချုပ်ကို မှတ်သားကြရအောင် ဘုန်းကြီးက ဆောင်ပုဒ်လေး တခုကို ချပေးမယ်။ လိုက်ဆိုကြပါ။

ဥပါသကာရဲ့ ပြည့်စုံရမည့်သဒ္ဓါ ဆောင်ပုဒ်လင်္ကာ

သဗ္ဗညုတ- ဉာဏ်ကိုသာ၊
ယုံကြည်စိတ်ဓာတ်-ရှိလတ်သူမှာ။
သဒ္ဓါတရား-ပြည့်ငြားစုံစွာ၊
မြတ်ဘုရား-ဟောကြားမိန့်သည်သာ။

## မဟာနာမမင်း သိလိုပြန်တဲ့ ဥပါသကရဲ့ စာဂ

ဒီနောက် မဟာနာမ်မင်းက ဒီလိုဆက်လက်ပြီး မေးလျှောက်ပြန်ပါတယ်။

ကိတ္တာဝတာ ပန ဘန္တေ ဥပါသကော စာဂသမ္ပန္နော ဟောတိ။

ဘန္တေ၊ ဘုန်းတော်နေဝန်း ထွန်းလင်းတောက်ပတော်မူပေသော မြတ်စွာဘုရား။ ကိတ္တာဝတာ၊ အဘယ်မျှဖြင့်။ ဝါ၊ အဘယ်မျှလောက်သော အကြောင်းအင်္ဂါနှင့်။ သမ္ပန္နာဂတော၊ ပြည့်စုံသော။ ဥပါသကော၊ ဥပါသကာသည်။ စာဂသမ္ပန္နော၊ စာဂနှင့်ပြည့်စုံသည်။ ဟောတိ၊ ဖြစ်ပါသနည်း မြတ်စွာဘုရား။

အဘယ်မျှလောက်သော အကြောင်းအင်္ဂါနှင့် ပြည့်စုံလို့ ရှိယင် စာဂတရားနှင့် ပြည့်စုံပါသလဲ။ စာဂတရားနှင့်ပြည့်စုံတဲ့ ဥပါသကာ–လို့ ခေါ်ရပါသလဲ....တဲ့။ အဲဒီလိုမေးလျှောက်တဲ့အခါမှာ မြတ်စွာဘုရားက ဒီလိုဖြေကြားတော်မူပါတယ်။

ဣဓ မဟာနာမ ဥပါသကော ဝိဂတမလမစ္ဆေရေန
စေတသာ အဂါရံ အဇ္ဈာဝသတိ။

မဟာနာမ၊ မဟာနာမ်မင်း။ ဣဓ၊ ဤသာသနာတော်၌။ ဥပါသကော၊ ဥပါသကာသည်။ ဝိဂတမလမစ္ဆေရေန၊ ဝန်တိုခြင်းဟုဆိုအပ်သော အညစ်အကြေးကင်းသော။ စေတသာ၊ စိတ်ဖြင့်။ အဂါရံ၊ အိမ်ကို။ အဇ္ဈာဝသတိ၊ စိုးအုပ်၍နေ၏။

မဟာနာမ်မင်း၊ ရတနာသုံးပါးကို ကိုးကွယ် ဝိုင်း ဆည်းကပ်တဲ့ ဥပါသကာဟာ မိမိသန္တာန်မှာရှိနေတဲ့ မစ္ဆေရ-ဆိုတဲ့ ဝန်တိုခြင်း(အညစ်အကြေး)ကင်းတဲ့စိတ်နဲ့ အိမ်ကို စိုးအုပ်ပြီးတော့ နေပါတယ်....တဲ့။

မိမိတို့ တရားသဖြင့် ရှာဖွေစုဆောင်းထားတဲ့ ပစ္စည်းဥစ္စာတွေကို စွမ်းအားရှိသမျှ (အင်အားရှိသလောက်) ပေးသင့်ပေးထိုက် လှူထိုက်တဲ့ ပုဂ္ဂိုလ်တွေကို စွန့်ကြဲပေးကမ်းပြီးတော့ နေပါတယ်....တဲ့။

မိမိတို့ သက်စွန့်ကြိုးပမ်းရှာထားရတဲ့ ပစ္စည်းဆိုတာ စွန့်နိုင်ခဲ့ လှူနိုင်ခဲပါတယ်။ ကုသိုလ်တရားရယ်၊ ဘာသာတရားရယ်-လို့ မရှိတဲ့ ပုဂ္ဂိုလ်တွေဆိုယင် စွန့်ကြဲပေးကမ်း လှူဒါန်းဖို့ အင်မတန် ခဲယဉ်းပါတယ်။

ဘုန်းကြီးတို့ ဗုဒ္ဓဘာသာ မြန်မာနိုင်ငံသားတွေကတော့ ဒီလိုရတနာ သုံးပါးနှင့် ကံ ကံ၏ အကျိုးတရားတွေကိုယုံကြည်ပြီး အလှူဒါနတွေ

ကိုလဲ ပြုနေကြပါတယ်။ အဲဒီလိုလှူနိုင်တာဟာလဲ အင်မတန်ကို အဖိုးတန်ပါတယ်။ နောင်အခါကာလမှာ ဒီဒါနတွေကြောင့် ကောင်းကျိုးများစွာကိုလဲ ရကြမှာ သေချာပါတယ်။ မရနိုင်ဘူးလား ဒကာချစ်ရေ နော်....(မှန်ပါ ရကြမှာပါဘုရား)။

ဒါကြောင့် မုတ္တစာဂေါ လွတ်လွတ်စွန့်ကြဲနိုင်သည်ဖြစ်၍။ ပယာတပါဏိ၊ ဆေးကြောထားသော လက်ရှိသည်ဖြစ်၍။ ဝါ၊ ဖြန့်ထားသော လက်ရှိသည်ဖြစ်၍။

ဖြန့်ထားတဲ့ လက်ရှိတယ်ဆိုတော့ ဆုပ်ထားတာ မဟုတ်ဘူးပေါ့။ ဆုပ်ထားတဲ့လက်ဆိုယင် ပေးလှူခြင်းမရှိဘူး။ ဖြန့်ထားတဲ့ လက်ဆိုယင် ပေးလှူလေ့ရှိတယ်။ ဒီလိုအဓိပ္ပာယ်ရတယ် ဒကာချစ်ရဲ့ (မှန်ပါ ရှင်းသင်းလှပါတယ်ဘုရား)။

ဝေါဿဂ္ဂရတော၊ စွန့်ကြဲမှု၌ မွေ့လျော်သည် ဖြစ်၍။ ဒါနသံဝိဘာဂရတော၊ ပေးကမ်းဝေဘန်ခြင်း၌ မွေ့လျော်သည်ဖြစ်၍။ ဝဲဟရတိ၊ စွန့်ကြဲပေးကမ်း လှူဒါန်းလျက် ခွဲတမ်းချခြင်းမှာ မွေ့လျော်ပျော်ပါး အနေများပါပေသတည်း။ (သာဓု....သာဓု....သာဓု)။

ဒါကတော့ အလှူအတန်းနှင့် ပတ်သက်ပြီးတော့ သရုပ်ဖော်ထားတဲ့ ဘုရားဟောစကားတော်များဖြစ်ပါတယ်။ ဂုဏ်တယ်-ဆိုယင် အငွဲအကွက်မရှိ လွတ်လွတ်ကျွတ်ကျွတ် လှူဒါန်းတယ်၊ ပေးလှူဖို့ရန် အမြဲတမ်း လက်ကို အဆင်သင့်ဖြန့်ထားတယ်။ ပေးလှူရတယ်ဆိုယင် ပျော်မွေ့နေတတ်။ ပေးလှူဖို့ရာ အလှူခံပုဂ္ဂိုလ်တွေနှင့် အကျွမ်းတဝင်ဆက်သွယ်နေတယ်။ ဒါဟာ လှူရေးတန်းရေးမှာ ဝါသနာပါတဲ့ ပုဂ္ဂိုလ်တွေရဲ့ အမူအရာတွေဘဲ။ မှန်ရဲ့လား ဒကာချစ် (မှန်ပါဘုရား)။

အဲဒီလို မိမိရှာဖွေစုဆောင်းထားတဲ့ပစ္စည်းဥစ္စာတွေကို စွမ်းအားအလျောက် စွန့်ကြဲပေးကမ်းလှူဒါန်းနေတဲ့ ပုဂ္ဂိုလ်ကို စာဂသမ္ပန္န-စာဂနှင့်ပြည့်စုံတဲ့ ဥပါသကာ-လို့ ခေါ်ပါတယ်....တဲ့ ဒကာချစ်ရဲ့၊ (မှန်လှပါ မှတ်သားဖွယ်ကောင်းလှပါဘုရား)။

ဒါကြောင့် မြတ်စွာဘုရားက ဒီလိုဟောကြားတော်မူပါတယ်။

မဟာနာမ၊ မဟာနာမ်မင်း။ တွေ့ာဝတာ၊ ဤမျှဖြင့်။ ဝါ၊ ဤသို့ မိမိစွမ်းအားရှိသလောက် စွန့်ကြဲပေးကမ်း လှူဒါန်းခြင်းဖြင့်။ ဥပါသကော၊ ဥပါသကာသည်။ စာဂသမ္ပန္နော၊ စာဂနှင့်ပြည့်စုံသည်။ဟောတိ၊

ဖြစ်ပါပေ၏။ ဟောတိ၊ ဥပါသကာဒါနရှင် အမှန်ပင် ဖြစ်ပါပေတော့သတည်း။

ကဲ....ဒီအဓိပ္ပာယ်များရဲ့ လိုရင်းအချုပ် ဒီဆောင်ပုဒ်လင်္ကာလေးကို မှတ်သားရအောင် ချပို့ပေးမယ်၊ လိုက်ဆိုကြပါဦး။

**စာဂသမ္ပန္န-ဥပါသက ဆောင်ပုဒ်**

စွန့်ကြဲပေးကမ်း—လှူဒါန်းသူမှာ၊
စည်းစိမ်ဘောဂ—ပေါလှမှန်စွာ။
ဥပါသက—စာဂစုံစွာ။
မြတ်ဘုရား—ဟောကြားမိန့်သည်သာ။

**မဟာနာမ်မင်း သိလိုပြန်တဲ့ ဥပါသကမှာ ပြည့်စုံရမည့်ပညာ**

ဒီနောက် မဟာနာမ်မင်းက သူသိလိုတဲ့ ပြဿနာကို မြတ်စွာဘုရားအား ဒီလို ဆက်လက်လျှောက်ထားပြန်ပါတယ်။

ကိတ္တာဝတာ ပန ဘန္တေ ဥပါသကော
ပညာ သမ္ပန္နော ဟောတိ....တဲ့။

ဘန္တေ၊ အစိန္တေယျ ဂုဏ်ပေါင်းခသည့် သုံးလောကထွတ်ထား အို....မြတ်စွာဘုရား။ ကိတ္တာဝတာ၊ အဘယ်မျှဖြင့်။ ဥပါသကော၊ ဥပါသကာသည်။ ပညာသမ္ပန္နော၊ ပညာနှင့်ပြည့်စုံသည်။ ဟောတိ၊ ဖြစ်ပါသနည်း မြတ်စွာဘုရား။

မြတ်စွာဘုရား....တဲ့၊ အဘယ်မျှလောက်သောပညာနှင့် ပြည့်စုံတဲ့ ဥပါသကာကို ပညာနှင့်ပြည့်စုံတဲ့ ဥပါသကာခေါ်ပါသလဲဘုရား....တဲ့။

**မြတ်စွာဘုရား ဖြေကြားတော်မူတဲ့ဥပါသကာမှာ**
**ပြည့်စုံရမည့်ပညာ**

ဒီလို မဟာနာမ်မင်းက မေးလျှောက်တော့ မြတ်စွာဘုရားလဲ ဒီလိုဖြေကြားတော်မူပါတယ်။

မဟာနာမ၊ မဟာနာမ်မင်း။ ဣဓ၊ ဤငါဘုရားသာသနာတော်၌။ ဥပါသကော၊ ဥပါသကာသည်။ ပညဝါ၊ အသိအလိမ်မာ ဉာဏ်ပညာနှင့် ပြည့်စုံသည်။ ဟောတိ ဖြစ်၏။ အရိယာယ၊ မြတ်သော။ ဝါ၊ ဖြူစင်သော။ နိဗ္ဗေဓိကာယ၊ ထိုးထွင်း၍ သိသော။ သမ္မာဒုက္ခက္ခယဂါမိနိယာ၊

ကောင်းစွာ ဆင်းရဲ၏ကုန်ရာ နိဗ္ဗာန်သို့ ရောက်ကြောင်း ဖြစ်သော။ ဥဒယတ္ထဂါမိနိယာ၊ ရုပ်တရား နာမ်တရားတို့၏အဖြစ်အပျက်ကိုသိသော။ ပညာယ၊ ပညာနှင့်။ သမ္မဒုက္ခက္ခယဂါမိနိယာ၊ ပြည့်စုံသည်။ ဟောတိ၊ ဖြစ်၏။ ဟောတိ၊ ဗုဒ္ဓဘာသာ ဥပါသကာဆိုလျှင် မှန်စွာ ပြည့်စုံရမည့် ပညာ အစစ်ဖြစ်ပါပေသတည်း။ (သာဓု၊ သာဓု၊ သာဓု)။

ကိုယ့်သန္တာန်မှာ ဖြစ်ပျက်နေတဲ့ ခန္ဓာငါးပါး ရုပ်တရား နာမ် တရားတွေရဲ့ အဖြစ်အပျက်ကိုသိတဲ့ ဉာဏ်ပညာနှင့် ပြည့်စုံရမယ်-တဲ့။ ပညာစခန်းရောက်လာပြီ ဒကာချစ်ရေ (မှန်ပါ ပညာစခန်း ရောက်လာ ကြောင်းပါဘုရား)။

ရုပ်တရား နာမ်တရားတွေရဲ့ အဖြစ်အပျက်ကို သိဖို့ဆိုတာကလဲ ဝိပဿနာ ရှုမှတ်မှသာ သိနိုင်တယ် ဒကာချစ်ရဲ့(မှန်ပါဘုရား)။ဒီတော့ ဝိပဿနာဆိုတာ ဘယ်လိုဟာလဲဆိုတာကိုလဲ သိဖို့အရေးမကြီးဘူးလား ဒကာချစ်ရ (မှန်လှပါအရေးကြီးလှကြောင်းပါ ဘုရား)။

ဝိပဿနာဆိုတာ-ဝိဝိဓေန သင်္ခါရေ ပဿတီတိ ဝိပဿနာ-တဲ့။

ဝိဝိဓေန၊ အထူးထူးအပြားပြားအားဖြင့်။ သင်္ခါရေ၊ သင်္ခါရ တရားတို့ကို။ ဝါ၊ ရုပ်နာမ်တရားတို့ကို။ ပဿတိ၊ ရှုတတ်၏။ဣတိတသ္မာ၊ ထို့ကြောင့်။ ဝိပဿနာ၊ ဝိပဿနာမည်ပါပေ၏-တဲ့။

## ဝိပဿနာဆိုတာ

ဝိပဿနာဆိုတာ ရုပ်နာမ် သင်္ခါရတရားတွေကို အထူးထူးအားဖြင့် ရှုမှတ်တာကို ဝိပဿနာလို့ခေါ်ပါသတဲ့။ဒီခန္ဓာငါးပါး ရုပ်နာမ်တရားတွေ ဟာ ဘယ်မှာဖြစ်နေသလဲဆိုယင် မိမိတို့ရဲ့ ခန္ဓာကိုယ်မှာပင် ဖြစ်နေပါ တယ်။

၁။ မျက်စိနှင့် အဆင်းနှင့် ဆုံတဲ့အခါ မြင်ရာမှာ ဖြစ်နေတယ်။
၂။ နားနှင့်အသံနှင့်ဆုံတဲ့အခါ ကြားရာမှာ ဖြစ်နေတယ်။
၃။ နှာခေါင်းနှင့်အနံ့နှင့်ဆုံတဲ့အခါ နံရာမှာ ဖြစ်နေတယ်။
၄။ လျှာနှင့်အရသာနှင့် ဆုံတဲ့အခါ စား သိရာမှာ ဖြစ်နေတယ်။
၅။ ကိုယ်နှင့် တွေ့ထိစရာ ဆုံတဲ့အခါ ထိရာမှာ ဖြစ်နေတယ်။
၆။ စိတ်နှင့်တွေးစရာ ဓမ္မာရုံနှင့် ဆုံတဲ့အခါ တွေးကြံသိရာမှာ ဖြစ်နေတယ်။

## မြင်ရာမှာ ခန္ဓာငါးပါးဖြစ်ပုံ ဆောင်ပုဒ် (၁)

အဆင်းမျက်စိ–ဆုံမိလေရာ၊
ခန္ဓာငါးပါး-ထင်ရှားဖြစ်လာ၊
အဆင်းမျက်စိ-မည်ရှိရုပ်သာ၊
မြင်စိတ်ကား-မည်ငြား ဝိညာဏ်သာ။

၁။ အဆင်းနှင့်မျက်စိက ရုပ်တရား၊ ရူပက္ခန္ဓာ-တဲ့။

၂။ အဲဒီမျက်စိနှင့် အဆင်းဆုံမိလို့ ဖြစ်ပေါ်လာတဲ့ မြင်သိစိတ် စက္ခုဝိညာဏ်က ဝိညာဏက္ခန္ဓာ-တဲ့။ အဲဒီ မြင်သိစိတ် စက္ခုဝိညာဏ် ဖြစ်ပေါ်လို့ရှိယင် သူနှင့်အတူ ယှဉ်ဖော်ယှဉ်ဖက် စေတသိက် တရားတွေလဲ တွဲပါလာမြဲဘဲ-တဲ့ ဒကာချစ်ရဲ့ (မှန်ပါ အမိန့်ရှိတော်မူပါ ဘုရား)။

ကဲ-ဒါဖြင့် ဆောင်ပုဒ်လက်ာလေး တပုဒ်ကိုပါ လိုက်ဆိုလိုက်ကြပါဦး။

## မြင်ရာမှာ ခန္ဓာငါးပါးဖြစ်ပုံ ဆောင်ပုဒ် (၂)

ဝိညာဏ်နှင့်တွဲ-သူလဲပါလာ၊
စေတသိက်များ-သုံးပါးခန္ဓာ။
ဤသို့မှတ်ကြ-ငါးဝခန္ဓာ၊
မြင်တိုင်းဘဲ-မလွဲဖြစ်ပေါ်လာ။

အဲဒီ မျက်စိအဆင်းဆုံလို့ မြင်သိစိတ် စက္ခုဝိညာဏ်ဖြစ်ရာမှာ ထို စက္ခုဝိညာဏ်နှင့်အတူ တွဲပါလာတဲ့ စေတသိက်တွေကတော့ အာရုံနှင့် တွေ့ထိမှုဖဿ၊ မြင်ကောင်း မကောင်း ခံစားတဲ့ဝေဒနာ၊ မှတ်သားတဲ့ သညာ၊ မြင်အောင် ကြောင့်ကြ စိုက်ကြည့်တဲ့ စေတနာ၊ အာရုံကို ဖူးစိုက်တဲ့ ဧကဂ္ဂတာ၊ စောင့်ရှောက်တဲ့ ဇီဝိတိန္ဒြေ၊ နှလုံးသွင်းတဲ့ မနသိကာရ-စတဲ့ တရားတွေဘဲ။

၃။ အဲဒီထဲမှာ မြင်ကောင်း မကောင်း ခံစားတဲ့ ဝေဒနာက ဝေဒနက္ခန္ဓာ။

၄။ မှတ်သားတဲ့ သညာစေတသိက်က သညက္ခန္ဓာ။

၅။ ကျန်တဲ့ ဖဿ၊စေတနာ၊ ဧကဂ္ဂတာ၊ ဇီဝိတိန္ဒြေ၊မနသိကာရ-စတဲ့ စေတသိက်တွေက သင်္ခါရက္ခန္ဓာ။

ဒါကြောင့် မြင်တဲ့အခါမှာ ခန္ဓာ ဘယ်နှစ်ပါး ဖြစ်သလဲဆိုယင် ခန္ဓာငါးပါး ဖြစ်ပါတယ်။ ဒါကို အကျဉ်းချုပ် ပြောရယင်တော့ ရုပ် နာမ် ခန္ဓာ ၂-ပါးဘဲ ဖြစ်ပါတယ်။ မျက်စိနှင့် အဆင်းက ရုပ်၊ မြင်သိ တာက နာမ်ပေါ့။

ထို့အတူပင် ကြားရာမှာလဲ ခန္ဓာငါးပါးတွေ ထင်ရှားဖြစ်ပေါ် နေပါတယ်။ အဲဒါလေးကိုလဲ အကျဉ်းမှတ်သားရအောင် ဒီဆောင်ပုဒ် ကလေးကို လိုက်ဆိုကြပါဦး။

ကြားရာမှာ ခန္ဓာငါးပါးဖြစ်ပုံဆောင်ပုဒ် (၁)

အသံနှင့်နား-ဆုံငြားလေ့ရာ၊
ခန္ဓာငါးပါး-ထင်ရှားပေါ်လာ။
အသံနှင့်နား-မည်ငြားရုပ်သာ၊
ကြားစိတ်ကား-မည်ငြားဝိညာဏ်သာ။ ။

ကြားရာမှာ ခန္ဓာငါးပါးဖြစ်ပုံဆောင်ပုဒ် (၂)

ဝိညာဏ်နှင့်တွဲ-သူလဲပါလာ၊
စေတသိက်များ-သုံးပါးခန္ဓာ။
ဤသို့မှတ်ကြ-ငါးဝခန္ဓာ၊
ကြားတိုင်းဘဲ-မလွဲဖြစ်ပေါ်လာ။ ။

ဒီမှာ ခန္ဓာငါးပါးဖြစ်ပုံကလဲ မြင်ရာမှာတုန်းကလိုပါဘဲ။ ထူးတာ ကတော့ သောတ ပသာဒလို့ ခေါ်တဲ့ နားအကြည်ရုပ်နှင့် သဒ္ဒအသံ ရုပ်က ရူပက္ခန္ဓာ။ အဲဒီအသံနှင့်ဆုံလို့ ဖြစ်ပေါ်လာတဲ့ ကြားသိ သောတ ဝိညာဏ်စိတ်က ဝိညာဏက္ခန္ဓာ။ သောတဝိညာဏ်နှင့် အတူယှဉ်ဖက်— စေတသိက်တို့တွင် ဝေဒနာ စေတသိက်က ဝေဒနက္ခန္ဓာ။ သညာ စေတသိက်က သညာက္ခန္ဓာ။ ကျန်စေတသိက်တွေက သင်္ခါရက္ခန္ဓာ။ ဒီလို ကြားရာက ခန္ဓာငါးပါးတွေ ထင်ရှားဖြစ်ပါတယ်။

ထို့အတူ နံရာကလဲ ခန္ဓာငါးပါး။ စားသိရာကလဲ ခန္ဓာငါးပါး။ တွေ့ထိရာကလဲ ခန္ဓာငါးပါး။ ကြံသိရာကလဲ ခန္ဓာငါးပါး။ ဒီလို ခန္ဓာ ငါးပါးတွေဟာ ဒွါရနှင့် အာရုံဆုံတိုင်း ဖြစ်ပေါ် ပျောက်ပျက်နေကြ ကုန်ပါဘဲ။

## ဝိပဿနာရှုပုံ

ဝိပဿနာရှုတယ်–ဆိုတာ အဲဒီလို ဒွါရနှင့်ဆုံခိုက် ပစ္စုပ္ပန်မှာ ထင်ရှားဖြစ်ပေါ်နေတဲ့ ရုပ်နာမ် ၂ ပါး၊ ခန္ဓာငါးပါး တရားတွေကို ရှုမှတ်ရပါတယ်၊ဘယ်လို ရှုမှတ်ရသလဲဆိုယင်–"ဒိဋ္ဌေ ဒိဋ္ဌမတ္တံ ဘဝိဿတိ" လို့ မြတ်စွာဘုရား ဟောကြားတော်မူတဲ့ အတိုင်း "မြင်ယင် မြင်တယ်" လို့ ရှုမှတ်ရပါတယ်၊ ထို့အတူ 'ကြားယင် ကြားတယ်၊ နံယင် နံတယ်၊ စားယင် စားတယ်၊ တွေ့ထိယင် တွေ့ထိတယ်၊ ကြံသိယင် ကြံသိတယ်"လို့ ရှုမှတ်ရတယ်။

အားမထုတ်ဘူးသေးတဲ့ ပုဂ္ဂိုလ်အနေနဲ့ဆိုယင် အားထုတ်ခါစမှာ တော့ ဒီလိုမြင်တိုင်း ကြားတိုင်း စသည်မှာ မြင်တယ်၊ ကြားတယ် -စသည် ဖြင့် အကုန်လုံးလိုက်ပြီး မရှုမှတ်နိုင်သေးပါဘူး။ ဒါကြောင့် ဝိသုဒ္ဓိမဂ္ဂ မဟာဋီကာမှာလာတဲ့"ယထာ ပါကဋံ ဝိပဿနာဘိနိဝေသော ဟောတိ" "ဝိပဿနာကိုစ၍ အားထုတ်သူသည် ထင်ရှားစဉ်အတိုင်း ရှုမှတ်ရတယ်" ဆိုတဲ့အတိုင်း ဝိပဿနာကို စ၍ အားထုတ်ခါစ ယောဂီဟာ ထင်ရှား လွယ်ကူရာမှ စပြီး အားထုတ်ရပါတယ်။ ရုပ်နှင့်နာမ်တို့တွင် ရုပ်က ပိုမို ထင်ရှားပါတယ်။ ရုပ်ဆိုတာကလဲ အများ ကြားဘူးနေကြတဲ့ ပထဝီ အာပေါ ဝါယော တေဇော–ဆိုတဲ့ ဓာတ်ကြီးလေးပါးဟာ လိုရင်း အချုပ်ပါဘဲ။

ဘုန်းကြီးတို့ ကျေးဇူးရှင် မဟာစည်ဆရာတော်ဘုရားကြီးကတော့ ထိုဓာတ်ကြီး ၄ ပါးတို့တွင် ထင်ရှားလွယ်ကူတဲ့ ဝါယောဖောဋ္ဌဗ္ဗရုပ်ကို စပြီး ရှုမှတ်ရန် ညွှန်ကြားတော်မူပါတယ်။ ရှုမှတ်ပုံကတော့ ရှေးဦးစွာ ရတနာမြတ်သုံးပါးကိုဝပ်တွားရှိခိုးရတယ်၊ ပြီးတော့ သီလဆောက်တည်ရ တယ်။ ထိုင်တဲ့အခါ မထပ်မဖိဘဲ ချောင်ချောင်ချိချိ ထိုင်ရတယ်။ တင်ပလ္လင်ခွေပေါ်မှာ ဘယ်ဖက်လက်ကို ပက်လက်လှန်ပြီး အောက်က ထားရတယ်။ ညာဖက်လက်ကို အပေါ်ကထားရတယ်။ ကိုယ်ကိုဖြောင့် ဖြောင့်မတ်မတ်ထားပြီး မျက်စိနှစ်လုံးကို အသာအယာမှိတ်ထားရတယ်။ ဝင်သက် ထွက်သက်ကို မှန်မှန်ရှူသွင်း ရှိုက်ထုတ်ရတယ်။ ဝင်သက်ကို ရှူသွင်းတိုင်း ဝါယောဖောဋ္ဌဗ္ဗ လေက ဝမ်းဗိုက်နံ့ခေါ်တဲ့ ကာယပသာဒနှင့် တွေ့ထိပြီး လှုပ်ရှားဖောင်းတက် လာတာကလေးကို ဖောင်းတယ်လို့ စိတ် အဆိုနှင့် ရှုမှတ်ရတယ်။ ထွက်သက်ကို ရှိုက်ထုတ်တိုင်း ဒီဝါယောဖောဋ္ဌဗ္ဗ

လေရုပ်နှင့်ကာယပသာဒဝမ်းဗိုက်ရုပ်တို့ရဲ့ လှုပ်ရှားပိန်ကျသွားတာလေး ကိုလဲ ပိန်တယ်လို့ စိတ်အဆိုနဲ့ပင် ရှုမှတ်ရတယ်။ ဒါဟာ-မုတေမုတမတ္တံ ဘဝိဿတိ- ထိသိယင် ထိသိကာမျှဖြစ်မည်ဆိုတဲ့-ဘုရားဟောနှင့်လဲ ညီပါ တယ်။ ယထာယထာ ဝါ ပနဿ-ကာယော ပဏိဟိတော ဟောတိ၊ တထာတထာ နံ ပဇာနာတိ-အကြင် အခြင်း အရာအားဖြင့် ခန္ဓာကိုယ် တည်ခနေ၏။ ထိုအခြင်းအရာအားဖြင့် တည်နေတဲ့အတိုင်း ထိုခန္ဓာကိုယ်ကို သိရ၏=ဆိုတဲ့ မဟာသတိပဋ္ဌာနသုတ်တော် ကာယာနုပဿနာဣရိယာ ပထပိုင်းမှာ ဘုရားဟောကြားထားတာနှင့်လဲ ညီညွတ်ပါတယ်။

အဲဒီလို ဝင်သက်ကို ရှူသွင်းတိုင်း ထွက်သက်ကို ရှိုက်ထုတ်တိုင်း ဖောင်းလိုက် ပိန်လိုက် လှုပ်ရှားနေတဲ့ ဝမ်းဗိုက်က ဝါယောဖောဋ္ဌဗ္ဗရုပ်ကို "ဖောင်းတယ်၊ ပိန်တယ်"လို့ စိတ်အဆိုနှင့် ရှုမှတ်နေယင်း မှိတ်ထားတဲ့ မျက်စိထဲက အာရုံတခုခုကိုမြင်ရယင်လဲ"မြင်တယ်၊မြင်တယ်"လို့ မပျောက် မချင်း ရှုမှတ်ရပါတယ်။ အဲဒီ မြင်တာလေး ပျောက်သွားယင်တော့ "ဖောင်းတယ်၊ ပိန်တယ်"လို့ ရှုမှတ်မြဲတိုင်းပင် ပြန်လည်ရှုမှတ် နေရပါ တယ်။ အဲဒီလို ရှုမှတ်နေယင်းပင် ကြားတာပေါ်လာယင်လဲ "ကြား တယ်"လို့ ရှုမှတ်ရတယ်။ ပျောက်သွားယင် "ဖောင်းတယ်၊ ပိန်တယ်" ကိုပင် ပြန်ရှုရတယ်။ ထို့အတူ နံတာ ပေါ်ယင်လဲ"နံတယ်"။ တံတွေး တွေ ပါးစပ်ထဲမှာများလာလို့ လုံးချင်ယင် "လုံးချင်တယ်"၊ "လုံးယင် လုံးတယ်"၊ မျိုချင်ယင် "မျိုချင်တယ်"၊ "မျိုယင်မျိုတယ်"၊သို့မဟုတ် ထွေးစရာလေးတခုယူထားပြီး အဲဒီခွက်ထဲမှာ ထွေးယင်လဲ"ထွေးတယ်" ဒါတွေပျောက်ငြိမ်းသွားယင်၊ ပြီးသွားယင် "ဖောင်းတယ် ပိန်တယ်"ကို ပင် ပြန်လည်ရှုမှတ်မြဲ ရှုမှတ်ရတယ်။

ဒီလိုရှုမှတ်နေယင်း မိမိကိုယ်မှာ ယားလာယင်လဲ ယားတဲ့နေရာကို စိတ်စိုက်ပြီး "ယားတယ်၊ ယားတယ်"လို့ မပျောက်မချင်း သည်းခံပြီး ရှုမှတ်ပါ။ ပျောက်သွားပါလိမ့်မယ်။ ပျောက်သွားယင် ဖောင်းတာ၊ ပိန်တာကိုပင် ပြန်မှတ်ပါ။ မပျောက်လို့ သည်းမခံနိုင်ယင် အယား ဖျောက်ချင်စိတ်က စပြီးတော့ "အယားဖျောက်ချင်တယ်၊ အယား ဖျောက်ချင်တယ်"စသည်ဖြင့် ရှုမှတ်ပြီးတော့ အယားဖျောက်ပါ။ ပြီးတဲ့ အခါမှာတော့ ဖောင်း-ပိန်ကိုပင် ပြန်မှတ်ပါ။ မိမိကိုယ်မှာ နာကျင် ကိုက်ခဲလာယင်လဲ "နာတယ်၊ ကျင်တယ်၊ ကိုက်တယ်၊ ခဲတယ်"စသည်ဖြင့် ပေါ်ရာပေါ်ရာကိုလိုက်ပြီး ရှုမှတ်ပါ။ မပျောက်မချင်း သည်းခံယင်

နိဗ္ဗာန်ရောက်တယ်—လို့ နှလုံးသွင်းပြီး ပျောက်အောင် သည်းခံမှတ်ပါ။ ပျောက်သွားပါလိမ့်မယ်။ သည်းမခံနိုင်ယင်တော့ ပြုပြင်ချင်စိတ်ကစပြီးတော့ "ပြုပြင်ချင်တယ်၊ ပြုပြင်ချင်တယ်" စသည်ဖြင့် ရှုမှတ်ပြီး ပြုပြင်ပါ။ ပျောက်အောင် ရှုမှတ်နိုင်လို့ ပျောက်သွားယင်ဖြစ်စေ၊ ပြုပြင်လို့ ပျောက်ကင်းသွားယင်ဖြစ်စေ ရှုမှတ်မြဲ ဖောင်းတယ်၊ ပိန်တယ် ကိုပင် ပြန်ဆက်ရှုမှတ်ပါ။

စိတ်တွေက ဟိုထွက် သည်ထွက် ထွက်ယင်လဲ "စိတ်ထွက်တယ်၊ စိတ်ကူးတယ်၊ လိုချင်တယ်၊ စိတ်ဆိုးတယ်၊ ဝမ်းနည်းတယ်၊ အားငယ်တယ်၊ ပျင်းရိတယ်" စသည်ဖြင့် စိတ်ထဲမှာဖြစ်ပေါ်တဲ့ အမူအရာအတိုင်း ရှုမှတ်ပါ။ ငြိမ်သက်သွားယင် ဖောင်းတာ၊ ပိန်တာကိုပင် ပြန်ပြီး ရှုမှတ်ပါ။ ဒါဟာ ထိုင်စဉ်မှာဖြစ်ပေါ်ပျောက်ပျက်နေတဲ့ ရုပ်နာမ်ခန္ဓာတရားတွေကို ရှုမှတ်တဲ့နည်းပါဘဲ။

ဖောင်းတာ၊ ပိန်တာကို ရှုမှတ်ရတာ နိုင်နင်းလို့ ရှုမှတ်ရတာ ကျဲတဲတဲဖြစ်လာယင် မိမိထိုင်နေတဲ့ ခန္ဓာကိုယ်ကို စိတ်နဲ့ခြုံပြီးတော့ "ထိုင်တယ်"လို့ တိုးမှတ်ပါ။ ဒီတော့ ဖောင်းတယ်၊ပိန်တယ်၊ထိုင်တယ်-ပေါ့။ မြင်ကြား-စသည် ပေါ်ယင်လဲ ထုံးစံအတိုင်းပင် ရှုမှတ်ပါ။ နောက်တခုတိုးပြီး ရှုမှတ်ချင်သေးယင် ထိုင်နေတဲ့တင်ပါးနဲ့ ကြမ်းနဲ့ ထိနေတဲ့နေရာကို စိတ်စိုက်ပြီး "ထိတယ်"လို့ ရှုမှတ်ပါ။ ဒီတော့ "ဖောင်းတယ်၊ ပိန်တယ်၊ထိုင်တယ်၊ထိတယ်"လို့ ၄-မျိုးပေါ့။ ကျန်တာ အားလုံးကတော့ ရှေ့နည်းအတိုင်းပါဘဲ။

နောက်ပြီးတော့ သွားယင်သွားတယ်၊ ရပ်ယင်ရပ်တယ်၊ လျောင်းယင်လျောင်းတယ်....စသည်ဖြင့် ဣရိယာပုထ်တိုင်း ရှုမှတ်ပုံတွေလဲ ရှိပါသေးတယ်။ ဒီနေ့ညတရားပွဲမှာတော့ ဒါလောက်ဆို တော်ပါပြီ။

## ဝိပဿနာဉာဏ်တွေ ပြည့်စုံလာနိုင်ပုံ

အဲဒီလိုရှုမှတ်ပွားများနေယင် ဒီ- ရုပ်တရား နာမ်တရားတွေကို ကိုယ်တိုင်ပင် ပိုင်းခြားပြီး သိလာနိုင်ပါတယ်။ ဖြစ်ပျက်တွေကိုလဲ ပိုင်းပိုင်းခြားခြား သိမြင်လာပါမယ်။ ရှုမှတ်စရာအာရုံရော ရှုမှတ်နေတဲ့ မှတ်စိတ်သတိပါ၊ ပေါ်လာယင်း မှတ်လိုက်ယင်း ပျောက်သွားယင်းနဲ့ ရုပ်နာမ်တရားတွေရဲ့ အဖြစ်အပျက်တွေကို ဉာဏ်နဲ့ပိုင်းခြားပြီး သိလာပါ

တယ်။ ဒါတွေဟာ နည်းလမ်းမှန်ကန်စွာ ရှုမှတ်သူတိုင်း ဒိဋ္ဌ တွေ့မြင်နိုင်တဲ့ ဝိပဿနာဉာဏ်ဘဲ ဒကာချစ်ရဲ့ (မှန်ပါ ကိုယ်တိုင်တွေ့မြင်ရတဲ့ တရားမှန်တွေပါဘုရား)။

## ဒီဉာဏ်နှင့် ပြည့်စုံရတဲ့အကျိုး

အဲဒီရုပ်တရား, နာမ်တရားတွေရဲ့ အဖြစ်အပျက်ကို သိတဲ့ဉာဏ်နှင့် ပြည့်စုံလျှင် တန်ဖိုးများစွာကြီးကျယ်ပါတယ် ဒကာချစ်ရဲ့ (မှန်လှပါ.... တန်ဖိုးကြီးမြတ်လှကြောင်းပါဘုရား)။

ဘယ်လောက်အထိ တန်ဖိုးကြီးသလဲ၊ ဘယ်လောက်အထိ မြင့်မြတ်သလဲဆိုယင် ဓမ္မပဒပါဠိတော်မှာ မြတ်စွာဘုရားက ဒီလိုဟောကြားထားတော်မူပါတယ် ဒကာချစ်ရေ နော်.... (မှန်လှပါ အမိန့်ရှိတော်မူပါဘုရား)။

ယော စ ဝဿသတံ ဇီဝေ၊ အပဿံ ဥဒယဗ္ဗယံ။

ဧကာဟံ ဇီဝိတံ သေယျော၊ ပဿတော ဥဒယဗ္ဗယံ။

ယော၊ မြတ်စွာဘုရား၏ သာသနာတော်တွင်းမှာ လူလာဖြစ်သူ အကြင်သူသည်။ ဥဒယဗ္ဗယံ၊ ကိုယ့်သန္တာန်မှာ ဒွါရနှင့် အာရုံဆုံတိုင်း ထင်ရှားနေသော ရုပ်တရား နာမ်တရားတို့၏ အဖြစ်အပျက်ကို။ အပဿံ အပဿန္တော၊ ယခု ထင်ထင်မရှုမြင်ရပါဘဲ။ ဝဿသတံ၊ အနှစ်တရာ ကာလပတ်လုံး။ ဇီဝေ၊ အချိန်ဖြုန်းလျက် ပေါ့ပျက်ပျက်နဲ့ အသက်ရှင်နေရာ၏။ (သောပိမိသန္တာန် ထင်ရှားမှန်သည့် ရုပ်နာမ်ဖြစ်ပျက်ကို တချက်ကမှမမြင်ရဘဲ ရက်,လ,နှစ်တာ သက်တရာလုံး ရှင်နေရသောထိုသူသည်။ နတ္တေဝသေယျော၊ မမြတ်သည်သာတည်း)။

ယော၊ မြတ်စွာဘုရား၏ သာသနာတော်တွင်းမှာ လူလာဖြစ်သူ အကြင်သူသည်။ ဥဒယဗ္ဗယံ၊ ကိုယ့်သန္တာန်မှာ ဒွါရနှင့် အာရုံပေါင်းဆုံမိတိုင်း အကုန်ထင်ရှားနေသော ရုပ်တရား,နာမ်တရားတို့၏အဖြစ်အပျက်ကို။ ပဿတော=ပဿန္တော၊ ရှုမြင်လျက်။ ဧကာဟံ၊ နေ့ညဲ့နှစ်လီ နှစ်ဆယ့်လေးနာရီခေါ်မှီနေကြ တရက်တာမျှ။ ဇီဝိတံ၊ ကြည်ကြည်လင်လင် ရွှင်ရွှင်ပျပျ အသက်ရှင်နေရခြင်းသည်။ သေယျော၊ မြတ်လှပါပေ၏။ သေယျော၊ ဗုဒ္ဓရွှေနှုတ် ကြာကမုဒ်မှ ဖွင့်ထုတ်မိန့်မှတ် ဂုဏ်သကဒ်မို့ မြတ်ခြင်းကြီးမြတ်လှပါပေသတည်း။ (သာဓု....သာဓု....သာဓု)။

အဝိပ္ပါယ်ကတော့ အကြင်ပုဂ္ဂိုလ်ဟာ မိမိသန္တာန်မှာ အမှန်ထင်ရှားနေတဲ့ ရုပ်တရားနာမ်တရားတို့ရဲ့ အဖြစ်နှင့် အပျက်ကိုမရှုမြင်ဘဲ အနှစ်တရာကာလပတ်လုံး အသက်ရှင်ငြားငြားဆိုင်းတယ်။ ထိုပုဂ္ဂိုလ်ဟာ မမြတ်ပါဘူးတဲ့။ အကြင်ပုဂ္ဂိုလ်ကတော့ မိမိသန္တာန်မှာ မှန်စွာထင်ရှားနေတဲ့ ရုပ်နာမ်တရားတို့ရဲ့ အဖြစ်အပျက်ကို ဝိပဿနာရှုမှတ်ပြီး အမှန်အတိုင်း မြင်ကာတရက်တာမျှသာ အသက်ရှင်နေပါတယ်။ ထိုပုဂ္ဂိုလ်ဟာ လွန်စွာမြတ်ပါတယ်တဲ့။ သာသနာတော်တွင်းသား ဒို့ ဒကာဒကာမများလဲ မဟာသတိပဋ္ဌာန်ဝိပဿနာ အလုပ်ကို အားထုတ်နိုင်လို့ ကိုယ့်သန္တာန်မှာ ဖြစ်ပျက်နေတဲ့ ခန္ဓာငါးပါး ရုပ်နာမ်တရားတို့ရဲ့ အဖြစ်အပျက်ကို တွေ့ကြရတယ်ဆိုယင် ဝမ်းသာစရာ မကောင်းဘူးလား၊ ဒကာချစ်ရဲ့၊ (မှန်လှပါ အလွန်ဝမ်းသာစရာ ကောင်းလှပါတယ်ဘုရား)။

ဒါကြောင့် ဒီနေရာမှာ အဲဒီမြတ်စွာဘုရား ဟောကြားတော်မူတဲ့အတိုင်း ဒို့ကျေးဇူးရှင် မဟာစည်ဆရာတော်ဘုရားကြီးက လင်္ကာဆောင်ပုဒ်စီထားတာကို တရားနာပရိသတ်များအား ဘုန်းကြီးက ချပေးပါမယ်။ မှတ်သားစရာ အလွန်ကောင်းတဲ့ ဆောင်ပုဒ်ပေါ့၊ ကဲ-လိုက်ဆိုကြပါ။

## ဖြစ်ပျက်မြင်ရ ကျိုးကြီးလှ ဗုဒ္ဓမိန့်ခွန်းဆောင်ပုဒ်ညွှန်း

ဖြစ်ပျက်နှစ်ဖြာ၊ မမြင်ပါဘဲ၊ တရာအသက်၊ ရှည်သည့်ထက်လည်း၊ ဖြစ်ပျက်နေဟန်၊ ရုပ်နှင့်နာမ်ကို၊ အမှန်မြင်လျက်၊ ဉာဏ်စဉ်တက်၍၊ တရက်တာမျှ၊ သက်ရှည်ရသော်၊ လှော်ကလူ့ရွာ၊ ကောင်းမြတ်သာသည်၊ မြတ်စွာဗုဒ္ဓမိန့်ခွန်းတည်း။

ဒါကြောင့် အဲဒီလို အကျိုးများလှတဲ့ ရုပ်နာမ်ဖြစ်ပျက်ကို အမှန်အတိုင်း သိမြင်တဲ့ ဝိပဿနာဉာဏ်ပညာနှင့် ပြည့်စုံသူဟာ မြင့်မြတ်ပါတယ်။ အဲဒီ ဝိပဿနာ ဖြစ်ပျက်ဉာဏ်ထက် အဆင့်အတန်း မြင့်မြတ်တဲ့ အထက်အထက် ဝိပဿနာဉာဏ်တွေ၊ မဂ်ဉာဏ် ဖိုလ်ဉာဏ်တွေနှင့်လဲ တိုးတက်ပြည့်စုံ သွားမယ်ဆိုယင်တော့ ပိုပြီးကောင်းပါတယ်။

အနည်းဆုံး ဒီအဖြစ်အပျက်ကို သိမြင်တဲ့ ဉာဏ်ပညာနှင့် ပြည့်စုံယင်ပင် မြတ်စွာဘုရားမိန့်ကြားတော်မူတဲ့ ပညာနှင့်ပြည့်စုံတဲ့ ဥပါသကာဖြစ်နေပါပြီ ဒကာချစ်ရဲ့၊ (မှန်ပါဘုရား)။ ဒီဉာဏ်ပညာကို သိမြင်သ

ဥပါသကာဆိုယင်လဲ အထက်ဝိပဿနာဉာဏ် မဂ်ဉာဏ်ဖိုလ်ဉာဏ်တွေနဲ့ တိုးတက်ပြည့်စုံအောင် ကြိုးစား အားထုတ်တော့မှာ ပါဘဲ။ ကြိုးစား အားထုတ်ယင်လဲ မကြာမီ တိုးတက်ပြည့်စုံ သွားနိုင်ပါတယ်။

ဒါကြောင့် မြတ်စွာဘုရားက မဟာနာမ၊ မဟာနာမ်မင်း၊ ဧတ္တာဝတာ၊ ဤမျှဖြင့်။ ဝါ၊ ဤသို့ ကိုယ့်သန္တာန်မှာ အမှန်ထင်ရှား ရုပ်နာမ်တရားတို့၏ အဖြစ်အပျက်ကို ရှုမြင်တတ်သော ပညာနှင့် ပြည့်စုံခြင်းဖြင့်။ ဥပါသကော၊ ဘုရား တရား သံဃာများကို အားထားဆည်းကပ်ကျင့်ဝတ်မြတ်ကို ပြုတတ်သူ ဥပါသကာသည်။ ပညာသမ္ပန္နော၊ အသိအလိမ္မာ ဉာဏ်ပညာနှင့်ပြည့်စုံသည်။ဟောတိ၊ဖြစ်ပါပေ၏။ ဝါ၊ ပညာရှိ ဥပါသကာ မည်သည်နှင့် မှန်စွာ လောက်လုံ ပြည့်စုံသော ဥပါသကာ အစစ်ဖြစ်ပါပေသတည်း။ (သာဓု၊ သာဓု၊ သာဓု)။

ကဲ-အဲဒီအဓိပ္ပါယ်အချုပ် ဆောင်ပုဒ်လင်္ကာလေးကို ချပို့ပေးဦးမယ်၊ လိုက်ဆိုကြပါ။

**ဥပါသကတို့ ပြည့်စုံရမည့် ပညာဆောင်ပုဒ်လင်္ကာ**

ရုပ်နာမ်တရား-ရှုပွားသူမှာ၊
ဖြစ်ပျက်တရား-ထင်ရှားမြင်လာ၊
ပညာပြည့်ဝ-ဥပါသကာ၊
မြတ်ဘုရား-ဟောကြား မိန့်သည်သာ။

အဲဒါတွေဟာ ဗုဒ္ဓသာသနာဝင်တိုင်း မှတ်သား လိုက်နာရမည့် မဟာနာမသုတ်လာ ဥပါသကာ ကျင့်စဉ်တရားတော်ပါဘဲ၊ ဒကာချစ်ရဲ့၊ (မှန်လှပါ ဘုရား)။

ဥပါသကာဆိုတာ ရတနာ မြတ်သုံးပါးကို ကိုးကွယ်အားထား ဆည်းကပ်သူကို ခေါ်တယ်။ ထိုသူဟာ သဒ္ဓါတရားနှင့်လဲ ပြည့်စုံရမယ်၊ ငါးပါးသီလနှင့်လဲ ပြည့်စုံရမယ်၊ စွန့်ကြဲပေးကမ်း လှူဒါန်းမှုစာဂနှင့်လဲ ပြည့်စုံရမယ်၊ ဖြစ်ပျက်သိမြင်တဲ့ ဥဒယဗ္ဗယ ဝိပဿနာ ဉာဏ်ပညာနှင့်လဲ ပြည့်စုံရမယ်။ဒါမှ ဗုဒ္ဓသာသနာတွင် ရှင်တော်မြတ်ဘုရားရဲ့ အလိုတော်ကျ အဆင့်အတန်းမှီ ဥပါသကာ အစစ်အမှန် ဖြစ်မယ်။

ဒါကြောင့် ဒို့တရားနာလာကြတဲ့ ဒကာဒကာမတွေလဲ ဒီမဟာနာမသုတ်တော်မှာ ဗုဒ္ဓမြတ်စွာ ဟောကြားတော်မူတဲ့ အတိုင်း ဥပါသကာ ကျင့်စဉ်တရားတွေနှင့် ပြည့်စုံအောင် ကျင့်ကြရမယ်။ ကျင့်လဲကျင့်နိုင်ကြ

ပါစေ။ အဲဒီလို ကျင့်ကြံပွားများ အားထုတ်ခြင်းအားဖြင့်လဲ ဗုဒ္ဓသာသနာဝင် အဆင့်အတန်းမှီ ဥပါသကာစစ်ဖြစ်ကြ၍ သီလ, စာဂ,သဒ္ဓါ, ပညာ-အဖြာဖြာတွေနှင့် ပြည့်စုံကြပါစေ။ ကုသိုလ်တရားတွေ အသိအလိမ္မာဉာဏ်ပညာတွေ တဆင့်ထက်တဆင့် မြင့်သထက်မြင့်၍ အမြင့်အမြတ်ဆုံးဖြစ်တဲ့ နိဗ္ဗာန်ချမ်းသာကို လျင်မြန်စွာ ရနိုင်ရောက်နိုင် မျက်မှောက်ပြုနိုင်ကြပါစေကုန်သတည်း။ (သာဓု၊ သာဓု၊ သာဓု)။

## တရားနိဂုံး ဆုတောင်းမေတ္တာ အပြီး

ပဇာ သဗ္ဗာ သုဿယန္တု၊ ဝဍ္ဎယန္တု သုမင်္ဂလာ၊
ဒူသေန္တု ဒုဂ္ဂတိံ ဂါမိံ၊ ပူရေန္တု သဗ္ဗပါရမိံ။

ပဇာ သဗ္ဗာ၊ ကိုယ်စိတ်ကိုယ်ငှ ကိုယ့်ဒေသဝယ် ပျော်ကြစံရာ သတ္တဝါဟူသမျှတို့သည်။ သုဿယန္တု၊ အိပ်မက် ယာမက် ကောင်းစွာမက်၍ နှစ်သက်ကြည်သာ အိပ်စက်နိုင်ကြပါစေကုန်သတည်း။ သုမင်္ဂလာ၊ မင်္ဂလာကျက်သရေ ယှက်ဝေလန်းသဖြင့် စန်းပွင့်ကြကုန်သည် ဖြစ်၍။ ဝဍ္ဎယန္တု၊ ကောင်းစွာမိုးသောက် အလင်းရောက်၍ ထမြောက်နိုးကြားနိုင်ကြပါစေကုန်သတည်း။ ဒုဂ္ဂတိံ ဂါမိံ၊ အပါယ်ဒုဂ္ဂတိ ရောက်မည့်အကြောင်း မကောင်းညစ်ဆိုး ဒုစရိုက်မျိုးကို။ ဒူသေန္တု၊ သူတော်လက်နက် တရားစက်ဖြင့် ဖြိုဖျက်နိုင်ကြပါစေကုန်သတည်း။ သဗ္ဗပါရမိံ၊ အလောင်းအလျာဖြည့် ကောင်းရာသည့် သုံးဖြာဆယ်လီ ပါရမီအပေါင်း အကောင်းဟူသမျှတွေကို။ ပူရေန္တု၊ တဆင့်ထက်တဆင့် ရင့်သသက် ရင့်အောင် မလင့်ပုံသေ ဖြည့်ကျင့် နိုင်ကြပါစေကုန် သတည်း။ (သာဓု၊ သာဓု၊ သာဓု)။

ရန်ကုန်မြို့၊ သာသနာ့ရိပ်သာ၊ သဏ္ဍာအေးကျောင်း

နယ်လှည့်ကမ္မဋ္ဌာနာစရိယ×မဟာစည် ဓမ္မကထိက

ညောင်ကန်-အရှင်ဣန္ဒက

ဟောကြားတော်မူသော

# သံယောဇဉ်ပြတ်လျှင် နိဗ္ဗာန်ဝင်

## မဟာသတိပဋ္ဌာန် ဝိပဿနာ တရားတော်

(ပဉ္စမပိုင်း)

နမော တဿ ဘဂဝတော အရဟတော သမ္မာသမ္ဗုဒ္ဓဿ။

### ဤတရား ဟောကြားရခြင်း အကြောင်း

၁၃၃၅ ခုနှစ်၊ ၂၄ ကြိမ်မြောက် အဂ္ဂမဟာပဏ္ဍိတ ကျေးဇူးရှင် မဟာစည် ဆရာတော်ဘုရားကြီး၏ ဩဝါဒကို ခံယူ၍ တပည့်များက ဆရာတော်ဘုရားကြီးအား ပူဇော်ကြသည့်ပွဲမှာ....

ယနေ့ည ဘုန်းကြီး၏ အလှည့်ကျတာကြောင့် ဆရာတော်ဘုရားကြီးကို တရားဖြင့် ပူဇော်ခွင့်ရပေဘာယ်။

ဒါကြောင့် ဒီတရားပွဲကို အဖွင့်ကဗျာသုံးပုဒ်နဲ့ ဖွင့်ကြရအောင် ဘုန်းကြီးနှင့်အတူ ပရိသတ်ကြီးပါ လိုက်ပြီးတော့ ဆိုကြပါ။

၁။ ရန်ကုန်နဂရ-သာသနာ့ရိပ်သာ၊
မဟာစည်ထေရ-တရားပြခဲ့ရာ၊
ဩဝါဒပွဲ-ဆင်နွှဲခဲ့တာ၊
သဉ်ချာဖွဲ့-နှစ်ဆယ့်လေးကြိမ်ပါ။

၂။ တပည့်များက-ဆရာ့ဂုဏ်မြှော်၊
ကိုယ်အား ဉာဏ်အား=လုပ်အားပူဇော်၊
ပစ္စည်းလှူ-ဝဒါနပူဇော်၊
တရားဖြင့်-ဆင့်ဆင့်များပူဇော်။

၃။ ဒီကနေ့ည-လှည့်ကျဝန်တာ၊
ညောင်ကန် ဂူနွက-ဓမ္မကထိကာ၊
တပည့်တော်က-ဓမ္မပူဇာ၊
တရားပွဲ-ခုဘဲ ဖွင့်ပြီသာ။

ကဲ-ဒီတရားပွဲ ဖွင့်ရခြင်းရဲ့ အကြောင်းကို ဒီကဗျာသုံးပုဒ်ကိုရွတ်ဆိုလိုက်တယ်ဆိုယင်ဘဲ အဓိပ္ပါယ်အားဖြင့် လယ်ပြင်မှာ ဆင်သွားသလိုတကယ်ပင် ထင်ရှားပြည့်စုံသွားပါပြီ၊ ဒါကြောင့် အချိန်ကုန်ခံပြီး ဒီအဓိပ္ပါယ်ကို ထပ်မပြောတော့ပါဘူး။

ဒီနေ့ည ကျေးဇူးရှင် ဆရာတော်ဘုရားကြီးအား ပူဇော်သောအားဖြင့် တရားနာပရိသတ်များအား ဘုန်းကြီးဟောကြားဖို့ စဉ်းစားစီစဉ်ထားတဲ့ တရားတော်ကတော့– "သံယောဇဉ် ပြတ်လျှင်-နိဗ္ဗာန်ဝင် မဟာသတိပဋ္ဌာန် ဝိပဿနာတရားတော်"တဲ့။

ဒီတရားတော်ကို မြန်မာပြည်အရပ်ရပ်မှာ တော်တော်များများ ဟောကြားဘူးတာမို့ နယ်ပရိသတ်များကတော့ ကြားနာကြဘူးပါပြီ။ ဒီမြို့တော် ရန်ကုန်အနေနဲ့တော့ ဒီတရားတော်ကို ကံဘဲ့မိုးကောင်း မြတ်စွာဘုရားရဲ့ ရင်ပြင်တော် အရိယာဓမ္မာရုံကြီးမှာ တခါတုန်းက ဟောကြားခဲ့ဘူးပါတယ်။

ဒီသာသနာ့ရိပ်သာ ဖလ်ယဉ်ဓမ္မာရုံကြီးမှာတော့ ဒီတရားတော်ကို ဒီအကြိမ်ဟာ ပထမဦးဆုံးအကြိမ်အဖြစ်နဲ့ ဟောကြားရမှာဖြစ်ပေတယ်။

ဟောကြားခဲ့ရာ နေရာတိုင်းက ပရိသတ်များကတော့ ဒီတရားတော်ဟာ လောကသားအားလုံးနှင့် ထိတွေ့အကျုံးဝင်ပြီး လောက

သားတွေရဲ့အကြောင်းကို ဖော်ထုတ်တဲ့နေရာမှာလဲ သွေးထွက်အောင် မှန်တယ်ဆိုတာလို မှန်ကန်လွန်းလှပါတယ်တဲ့။ မှန်လွန်း အားကြီးတော့ ယောနိသောမနသိကာရ မရှိသူများဆိုယင် ဟုတ်တာဆို နာလိုခံခက် အမျက်ထွက်ဆိုတာလိုတောင် ဖြစ်မှာစိုးရပါသေးသတဲ့။ ယောနိသောမနသိကာရ ရှိပြီး အမှန်ကို သဘောကျတဲ့ သူတော်ကောင်းတွေ ဆိုယင် ဒီတရားတော်ကို ချီးကျူးထောမနာ သြဘာ ပေးကြမှာ အမှန်ပါဘဲတဲ့။

ဒီလိုဆိုတော့ ဒီသူတော်ကောင်း ပရိသတ်ကြီးနှင့် ဒီတရားတော်ဟာ သချာပေါက် အံဝင်ဂွင်ကျ ဖြစ်မှာပါဘဲ။ ဒီတရားတော်ကို သဘောကျပြီး ဒီတရားတော်မှာလာတဲ့အတိုင်း သံယောဇဉ်တရားတွေကို ဖြတ်တောက်ရန် မဟာသတိပဋ္ဌာန် ဝိပဿနာတရားတော်ကို တိုးတက် အားထုတ်ကြမယ်ဆိုယင်တော့ ဘုန်းကြီးတို့တရားကို ဟောကြားရကျိုး နပ်ပါတယ်။

## ဒီပရိသတ်နှင့်ဘုရားလက်ထက်တော်က ပရိသတ်

ယခု ဒီတရားနာ ပရိသတ်ကြီးဟာ နှယ်နှယ်ရရ ပရိသတ်ကြီး တော့ မဟုတ်ပါဘူး၊ ကျေးဇူးရှင် မဟာစည် ဆရာတော်ဘုရားကြီးဟာ ဒီရန်ကုန်မြို့ ဗုဒ္ဓသာသနာနုဂ္ဂဟ အဖွဲ့ချုပ်ကြီးရဲ့ ပင့်လျှောက်ချက် အရ ဒီရန်ကုန်မြို့ သာသနာ့ရိပ်သာကြီးကို မိမိရဲ့မွေးရပ်ဇာတိ ရွှေဘိုမြို့ဆိပ်ခွန် ရွာကြီးမှ လိုက်ပါကြွရောက်တော်မူလာပြီး သိတင်းသုံး တရားပြခဲ့ရာ အဦးဆုံး နှစ်ပတ်လည် နတ်တော်လမှစပြီး နှစ်စဉ် နတ်တော်လတိုင်း ဆရာတော်ဘုရားကြီးရဲ့ တပည့်ရဟန်း ရှင်လူများက ဆရာတော်ဘုရား ကြီး၏ သြဝါဒကို ခံယူကြပြီး ယခုလို ပူဇော်ပွဲကျင်းပကြတာပင် ယနေ့ အထိ ၂၄ ကြိမ် မြောက်သွားပါပြီ။

ဆရာတော်ဘုရားကြီးကလဲ တပည့်ရဟန်း ရှင်လူများအား တရား ပြသတော်မူရာမှာ ကိုယ်တော်တိုင်ဦးစီးပြီး အားထုတ်ပြီး တပည့်ရဟန်း တော်တွေထဲမှ အရည်အချင်းပြည့်သူများကိုရွေးကောက်ပြီး လက်ထောက် ကမ္မဋ္ဌာနာစရိယအဖြစ် ချီးမြှောက်ကာ တရားဟောပြတော်မူပါတယ်။

ဒီလို ကျေးဇူးရှင်ဆရာတော်ဘုရားကြီး အမှူးရှိတဲ့ ကမ္မဋ္ဌာနာ စရိယ မဂ္ဂကထိက အကျော်အမော် ဆရာတော်များ ချီးမြှင့်တော်မူကြ တဲ့ တရားတော်စစ်စစ် အဆီအနှစ်များကိုလဲ ၂၄–နှစ်ကာလပတ်လုံး

နာကြားထားဟဲ့ ပရိသတ်ကြီးလဲဖြစ်ပါတယ်။ တရားရည်ဝပြီး ဓမ္မကထိက တပိုင်းဖြစ်နေဟဲ့ ပရိသတ်လို့လဲ ဆိုနိုင်ပါတယ်။

သည်မျှလဲ မကသေးပါဘူး၊ ဆရာတော်ဘုရားကြီးရဲ့ တိုက်ရိုက် အသံတော်တရား၊ ရေးသားကျမ်းပြုထားတဲ့ စာပေတရားများကို နာကြားဖတ်ရှုကြပြီး ဖြစ်တဲ့အပြင် ကိုယ်တွေ့အားထုတ်ထားကြတဲ့ ပရိသတ်ကြီးလဲ ဖြစ်နေပါတယ်။

ဒီ့ပြင်လဲ ကျေးဇူးရှင် ဆရာတော်ဘုရားကြီးရဲ့ ချီးမြှောက်မှုဖြင့် မြို့ရွာနယ်အရပ်ရပ်ရှိ ဌာနခွဲများမှာ ကြွရောက်ပြီး တရားပြသလျက် သတိပဋ္ဌာန်ဝိပဿနာ သာသနာပြုနေတော်မူကြတဲ့ ကမ္မဋ္ဌာနာစရိယ ဓမ္မကထိက အကျော်အမော်ဆရာတော်တွေရဲ့ တပည့် ပရိသတ်တွေလဲဘဲ ဒီ ရန်ကုန်သာသနာ့ရိပ်သာ ပရိသတ်ကြီးနည်းတူ မဟာစည် အသံတရား၊ စာတရား၊ ကိုယ်တွေ့တရားဖြင့် တရားရည်ပြည့်ဝပြီး ဓမ္မကထိက တပိုင်းဖြစ်နေကြတဲ့ ယောဂီတရားနာပရိသတ်တွေလဲ ဒီတရားပွဲမှာ ပါကြပါတယ်။ ဒီပရိသတ်ကြီးအားလုံးဟာ ကျေးဇူးရှင် မဟာစည်ဆရာတော် ဘုရားကြီးရဲ့ တပည့်များဖြစ်ကြပြီး အခါအားလျော်စွာ ရိပ်သာကိုလဲ ရောက်ဘူးကြသူတွေ များပါတယ်။

အထူးအားဖြင့် ဒီရိပ်သာမှာ နေ့စဉ်နေ့တိုင်း လစဉ်လတိုင်း နှစ်စဉ်နှစ်တိုင်းဆိုတာလို အခါအားလျော်စွာ တရားနာ တရားအားထုတ်ကြတဲ့ပရိသတ်ကြီးကို တွေ့ရတော့ စာပေကျမ်းဂန်များ မှာ အခါခါတွေ့ရဘူးတဲ့ မြတ်စွာဘုရားလက်ထက်တော်ကို မှန်းမြော်သတိရမိပါတယ်။

ပဿန္တာ ရူပဝိဘဝံ၊ သုဏန္တာမဓုရံ ဂိရံ။

စရန္တိ သာဓု သမ္မုဒ္ဒါ၊ ကာလေ ကောဋ္ဌိပရံမုခါ။

သမ္မုဒ္ဒကာလေ၊ သုံးပါးမြတ်စွာစိန္တေယျာဟု ရတနာနေမင်း ထိန်လင်းထွက်ပေါ်လက်ထက်တော်ကာလ ခါသမယ၌။ ဝါ၊ လက်ထက်တော် ကာလ ခါသမယတုန်းက။ သာဓူ၊ သမ္မာအယူ သဒ္ဓါကြည်ဖြူကြသည့် လူသူတော်ကောင်း နတ်သူတော်ကောင်းတည်းဟူသော သူတော်ကောင်း သူမြတ်လောင်းတို့သည်။ ရူပဝိဘဝံ၊ ဘယ်လူ, ဘယ်နတ်, ဘယ်ဗြဟ္မာ, ဘယ်သတ္တဝါ ဘယ်ထာဝရကမှ မတုပနိုင်သည့် အတုလထွတ်ထား သဗ္ဗညူ မြတ်စွာဘုရားရှင် ကိုယ်တော်မြတ်ကြီး၏ ရုပ်ပုံတော်ရူပကာယကို။ ပဿန္တာ၊အထူးကောင်းရောင်ကာ ဦးတော်ဖြင့် ဖူးမျှော်ကြည်ညိုကြကုန်သည့်

ဖြစ်၍။ မဝ့ုရံဂိရံ၊ ကရဝိက်ကြီးကြာ မြည်သံသာသလို အင်္ဂါရှစ်ဖော်အသံ တော်ဖြင့် ဟောဖော်ညွှန်ပြ ဆိုဆုံးမတော်မူတဲ့ ဓမ္မောသဝတည်းဟူသော တရားတော် ချိုချိုအေးအေးကို။ သုဏန္တာ၊ ဖရဏာပီတိ ဂွမ်းဆီထိသလို လွှမ်းအိကြည်ယုံ အနာခံကြီး နာခံကြပါကုန်လျက်။ ကေဋ္ဌပရံမုခါ၊ ပျော် ပါးကခုန် တဏှာဟုန်ဖြင့် အာရုံပျော်ပွဲ ရှောင်ဖယ်လွှဲကြကုန်သည် ဖြစ် ၍။ စရန္တိ၊ လှည့်လည်သွားလာကြပါကုန်သတည်း။ စရန္တိ၊ ဘုရားသွား ကျောင်းတက် ခေါင်းလှော်င်းအချက်တို့ဖြင့် တသောင်းသောင်းနှက်၍ ညဥ့်နံနက် လှည့်လည်ကြလေကုန်သတည်း။ (သာဓု....သာဓု....သာဓု)။

ဗုဒ္ဓမြတ်စွာဘုရား ကိုယ်တော်မြတ်ကြီးရဲ့ ရှေ့လက်ထက် တော်တုန်း က လူသူတော်ကောင်း နတ်သူတော်ကောင်း ဗြဟ္မာသူတော်ကောင်းဆိုတဲ့ သူတော်ကောင်း သူမြတ်လောင်းတွေဟာ ပန်းနံ့သာစတဲ့ လှူဖွယ်အဖြာ ဖြာတွေကို လက်မှာဆွဲခဲ့ကြပြီး အပေါင်းအဖော်တွေနှင့်အတူ ဘုရားရှင် ရှိတော်မူရာ ကျောင်းတော်ကိုသွားကြတယ်။ ကျောင်းတော်ကို ရောက် တော့ အဘုမရှိတဲ့ မုနိထွတ်ထား သဗ္ဗညုမြတ်စွာဘုရားရှင် ကိုယ်တော် မြတ်ကြီး၏ရုပ်ပုံတော်ရူပကာယတော်ကို အသူးကော်ရော် ဖူးမျှော်ကြည် ညိုကြတယ်။ မြတ်စွာဘုရားရှင်ကိုယ်တော်တိုင် နှုတ်တော်ရွှေကြုပ် ကြာ ကမုခ်မှ ဖွင့်ထုတ်ဟောကြားတော်မူတဲ့ ဓမ္မောသဓတရားဆေး ချိုချိုအေး အေးတွေကိုလဲ နာယူသောက်သုံး နှလုံးသွင်း ကျင့်ပွား အားထုတ်ကြ တယ်။

အဲဒီလို ဘုရားဖူးယင်း တရားနာယင်း တတ်စွမ်းသမျှ လှူဖွယ် ဝတ္ထုအစုစုတွေကိုလဲ လှူဒါန်းကြပြီး စောင့်ရှောက်ထိန်းသိမ်းရမည့် ငါး ပါးရှစ်ပါးစတဲ့ သီလများကိုလဲ ဆောက်တည်ကျင့်သုံး စောင့်ရှောက် ကြတယ်၊ ဘုရားရှင်ရဲ့ ဒေသနာတော်အတိုင်း စိတ်တည်ငြိမ် အေးငြိမ်း ရေး သမာဓိဘာများနှင့် အရှိကိုအရှိအတိုင်း အဟုတ်ကို အဟုတ်အတိုင်း ယထာဘူတကျကျ သိမြင်နိုင်ရေး အသိဉာဏ်ပညာတရားတို့ကိုလဲ ရှုမှတ် ပွားများ အားထုတ်ကြတယ်။

အရိုအသေပြုခြင်း ဗုဒ္ဓ,ဓမ္မ,သံဃ ဝေယျာဝစ္စအဝဝတို့ကိုဆောင် ရွက်ခြင်းစတဲ့ ကုသိုလ်အမျိုးမျိုးတို့ကိုလဲ ပြုစုဆောင်ရွက်ကြတယ်။

မိမိတို့ ပြုပြုသမျှ ကုသိုလ်တို့ရဲ့ အဖိုဘာဂတို့ကိုလဲ အများသော သတ္တဝါတို့အား မိမိတို့နှင့် ထပ်တူညီမျှ ချမ်းသာသုခများကို ရရှိကြဖို့

ရာ ခေါင်းလောင်းသံ ကြေးစည်သံတဝေဝေနဲ့ အမျှအတန်းတွေကိုလဲ ပေးဝေကြတယ်။ ဒါကြောင့် မြတ်စွာဘုရားရှေလက်ထက်တော်တုန်းက မြို့နယ်ပြည်ရွာ ကျောင်းကန်ရိပ်သာများဟာ ကုသိုလ်အကြံ့ ကုသိုလ်အသံ ကုသိုလ်မြင်ကွင်းတွေဟာ ကျက်သရေမင်္ဂလာအပေါင်း ခညောင်းလန်းဖြာ ဝမ်းသာကြည်နူးစရာ ကောင်းလှပါတယ်တဲ့။

ယခု ဒီသာသနာ့ရိပ်သာမှာ လာရောက်ကြတဲ့ ရဟန်းရှင်လူ ယောဂီဖြူ သူတော်ကောင်းတွေလဲ မြတ်စွာဘုရားရဲ့ ကိုယ်စားတော် ရုပ်ပွား ဆင်းတုတော်တွေကိုလဲ သက်တော်ထင်ရှား မြတ်စွာဘုရားရှင်ရဲ့ အရဟံ အစရှိတဲ့ ဂုဏ်တော်တွေကို အစုံမြှော်ကာ အာရုံပြုပြီးတော့ ပူးမြှော်ကြရတယ်။

သက်တော်ထင်ရှား မြတ်စွာဘုရားကိုယ်တော်တိုင် ဟောဖော် ညွှန်ပြ ဆိုဆုံးမတော်မူခဲ့တဲ့အတိုင်း ကျေးဇူးရှင် မဟာစည် ဆရာတော် ဘုရားကြီးအမှူးရှိတဲ့ နာယက ကမ္မဋ္ဌာနာစရိယ ဆရာတော်များ ဟော ပြောတော်မူကြတဲ့ တရားတော်တွေကိုလဲ နာကြားကြကျင့်ကြံအားထုတ် ကြရတယ်။ဒါနပြု သီလဆောက်တည် စောင့်ထိန်းကြရတဲ့အပြင် ရတနာ သုံးပါးရဲ့ ဝေယျာဝစ္စအဝဝတွေကိုလဲ ပြုစုဆောင်ရွက်ကြရတယ်။

မိမိတို့ ပြုပြုသမျှ ကုသိုလ်အဖို့သာဂတွေကိုလဲ သတ္တဝါ အများ အား အမျှအတန်းပေးဝေပြီး မိမိတို့နှင့် ထပ်တူထပ်မျှ ဘေးရန်ကင်းကွာ ကျန်းမာ ချမ်းသာကြပါစေလို့ မေတ္တာပွားကြရတယ်။

အဲဒီတော့ သက်တော်ထင်ရှား မြတ်စွာဘုရားရှင်ကိုယ်တော်မြတ် ကြီးရဲ့ ရှေလက်ထက်တော်တုန်းက လူသူတော် ကောင်း, နတ်သူတော် ကောင်း, ဗြဟ္မာသူတော်ကောင်းတွေ ရရှိခဲ့ကြတဲ့ အခွင့်အရေး တွေကို ဒီသာသနာ့ရိပ်သာ ရောက်လာကြတဲ့ သူတော်ကောင်းတွေကော ရရှိမနေ ကြဘူးလား။ (ရရှိနေကြပါတယ်ဘုရား)။

ဒီလိုဆိုယင် အင်မတန်ဝမ်းသာစရာ ကောင်းတယ်၊ ဝမ်းသာကြရ မယ်နော်၊ (မှန်ပါဘုရား)။

အဲဒီလို ဘုရားရှင်ကိုယ်တော်မြတ်ကြီး ရှေလက်ထက်တော်တုန်းက မြတ်ဘုရားထံမှောက် ရောက်လာကြပြီးတော့ ဘုရားဖူး၊ တရားနာ၊ ဒါန ပြု၊ သီလစောင့်ထိန်း၊ ဘာဝနာပွား၊ ရတနတ္တယ ဝေယျာဝစ္စတွေကို ပြုစုကြလို့ အားကိုးစရာ ကုသိုလ်ကောင်းမှုတွေကိုလဲ ရရှိကြပြီးတော့ မိမိ

တို့ကိုယ်တိုင် ယခင်ယခု ပြုပြုသမျှ ကုသိုလ်ကောင်းမှုပါရမီအား ဝီရိယ အား ဉာဏ်အားနှင့်လျော်စွာ ဘေးရန်ကင်းကွာ ကျန်းမာချမ်းသာခြင်း စတဲ့ ကောင်းကျိုးတွေကိုလဲ ရရှိခဲ့ကြတယ်။ လူချမ်းသာ၊ နတ်ချမ်းသာ၊ ဗြဟ္မာချမ်းသာတွေကိုလဲ ရရှိခဲ့ကြတယ်။

ဈာန်ချမ်းသာ၊ ဝိပဿနာချမ်းသာ၊ မဂ်ချမ်းသာ, ဖိုလ်ချမ်းသာ တွေကိုလဲ အသီးအသီးရရှိခဲ့ကြတယ်။သောတာပန်ဖြစ်သူတွေဖြစ်ကြသလို သကဒါဂါမ်ဖြစ်သူတွေလဲ ဖြစ်ကြတယ်။ အနာဂါမ်ဖြစ်သူတွေ ဖြစ်ကြ သလို ရဟန္တာဖြစ်သူတွေလဲ ဖြစ်တော်မူကြတယ်။ ဒီလို ရရှိခံစား ခဲ့ကြ တယ်ဆိုတာ ကျမ်းဂန်အခိုင်အမာ အထောက်အထားတွေလဲ ရှိပါတယ်။ ဒီအထောက်အထားတွေအရ အားကျဖွယ်လဲကောင်းလှပါတယ်။ ဘုန်း ကြီးတို့ရဲ့ ခုတရားနာပရိသတ်ကြီးလဲ အားမကျကြဘူးလား၊ (အားကျ ကြပါတယ်ဘုရား)။ ယုံကြည်ကိုးစား အားထားဖွယ်မကောင်းဘူးလား၊ (ကောင်းပါတယ်ဘုရား)။ ဝမ်းသာ ကြည်နူးဖွယ် မကောင်းဘူးလား၊ (ကောင်းပါတယ်ဘုရား)။

အားကျလို့လဲ ယခုလို ရိပ်သာများမှာလာပြီး ကုသိုလ်ကောင်းမှု အမျိုးမျိုးတွေကို ပြုစုနေကြတာပါတဲ့။ ဒီလိုကုသိုလ်ကောင်းမှုအမျိုးမျိုး တွေကိုလဲ ပြုစုပွားများ အားထုတ်ကြတယ်ဆိုတော့ မြတ်စွာဘုရားရှင် ရှေ့လက်ထက်တော်တုန်းက သူတော်ကောင်းတွေ ရရှိခဲ့ကြတဲ့ အကျိုး တရားတွေကိုလဲ ယခုတရားနာပရိသတ်ကြီးလဲ ထိုက်သင့်သည့်အားလျော် စွာ မရရှိနိုင်ကြဘူးလား၊ (ရရှိနိုင်ကြပါတယ်ဘုရား)။

အဲဒီလို ဘုရားဖူးတယ်၊ တရားနာတယ်၊ ဒါနပြု၊ သီလဆောက် တည် စောင့်ထိန်းတယ်၊ ဘာဝနာပွားတယ်၊ ဝေယျာဝစ္စတွေကို ဆောင် ရွက်တယ်ဆိုတဲ့ အလုပ်တွေကို လုပ်နိုင်တယ်ဆိုတာ သာမညပုဂ္ဂိုလ်တွေ မလုပ်နိုင်ကြပါဘူး။ ပုထုဇဉ်လူသားတိုင်း ကြိုက်တတ်တဲ့ကာမဂုဏ်အာရုံ တွေကို မျက်နှာလွှဲပြီး လာနိုင်တဲ့ သူတော်ကောင်းမှသာ ဒီလို ကုသိုလ် ကောင်းမှုအလုပ်တွေကို လုပ်နိုင်ကြတာတဲ့။ ယခုဘုရားဖူး တရားနာ လာကြတဲ့ ပုဂ္ဂိုလ်တွေလဲ အဲဒီလိုကာမဂုဏ်အာရုံတွေကို မျက်နှာမလွှဲခဲ့ကြ ရဘူးလား (မျက်နှာလွှဲခဲ့ကြရပါတယ်ဘုရား)။ဒီလိုထိုယင် ယခုလိုဘုရား ဖူး, တရားနာ, တရား အားထုတ်ကြသူတွေကို အာဇာနည် သူတော် ကောင်းတွေလို့ ဂုဏ်မပြုထိုက်ဘူးလား၊ (ဂုဏ်ပြုထိုက်လှပါတယ်ဘုရား)။ ဟုတ်တယ်၊ အာဇာနည် သူတော်ကောင်းတွေမို့သာ လာနိုင်ကြတာတဲ့။

"ကေဠိပရိမုခါ၊ ပျော်ပါးကခုန် တဏှာဟုန်ဖြင့် အာရုံပျော်ပွဲ ရှောင်ဖယ်လွှဲကြကုန်သည်ဖြစ်၍"လို့ ဆိုခဲ့တာဘဲ။

သူတော်ကောင်းအာဇာနည်ပုဂ္ဂိုလ်များမဟုတ်ယင် ဒီလိုကျောင်းကန်ဘုရားဖက်၊ တရားပွဲဖက်၊ ရိပ်သာဖက်ကို ဘယ်မှာလျှင် မျက်နှာလှည့်နိုင်ကြမှာလဲ။ အဲဒီပျော်ပွဲရှင်ပွဲဖက်ကိုဘဲ မျက်နှာလှည့်ပြီး သွားလာပျော်ပါး နေကြမှာဘဲ။

ယခု ဒီပရိသတ်ကြီးကတော့ အဲဒီလိုပျော်ပွဲရှင်ပွဲတွေကို မျက်နှာလွှဲပြီး ကျောင်းကန်ဘုရားဖက်ကို မျက်နှာလှည့်လာကြတဲ့ အာဇာနည်သူတော်ကောင်းတွေဖြစ်ကြတယ်။ ဒါနပူဇာသီလဆောက်တည် ဘာဝနာပွားကြတယ်။ မိမိတို့ပြုကြတဲ့ကုသိုလ်ကောင်းမှုရဲ့ အဖို့ဘာဂကိုလဲ အမျှအတန်း ပေးဝေကြတယ်။

အဲဒီလို အမျှအတန်း ပေးဝေယင်းလဲ ဗုဒ္ဓဘာသာတို့ လက်သုံးထုံးစံအရ နားဝင်ချိုအေးစေတဲ့ ခေါင်းလောင်းသံ၊ ကြေးစည်သံတညံညံ တီးခတ်ပြီး ကောင်းချီးလဲပေးကြတယ်။ ဒီလိုအသံတွေကို ကြားရတယ်ဆိုယင် ကျက်သရေမင်္ဂလာအပေါင်းနှင့် ပြည့်စုံနေတယ်။

စရန္တိ၊ လှည့်လည်သွားလာကြပါကုန်သတည်း။ စရန္တိ၊ ဘုရားသွား ကျောင်းတက် ခေါင်းလောင်း အချက်တို့ဖြင့် တသောင်းသောင်းနှက်၍ ညဉ့်နက်လှည့်လည်ကြလေကုန်သတည်း။ (သာဓု၊ သာဓု၊ သာဓု)။

အဲဒီလို ဝမ်းမြောက်စရာ အခွင့်အရေးရတဲ့အကြောင်းကို ဒီဂါထာဖြင့် အနုမောဒနာပြုလိုက်ပါပြီ။ ယခု အနုမောဒနာ ပြုပြီးတဲ့အခါ ယနေ့ညဟောကြားမည့်ရှေ့ပိုင်းက နောင်တော် သရက်အောင်မင်္ဂလာအရှင်စန္ဒာဝရဆရာတော် ဟောကြား မိန့်ကြားကြော်ငြာသွားတဲ့အတိုင်း "သံယောဇဉ်ပြတ်လျှင် နိဗ္ဗာန်ဝင် မဟာသတိပဋ္ဌာန် ဝိပဿနာတရားတော်"ကို ဟောကြားကြစို့ရဲ။

## သံယောဇဉ်ကြိုး ပြတ်ချိုးမလွယ် ဂါထာသွယ်

ပဉ္စာရမ္မဏ ထမ္ဘမှိ၊ သံယောဇနေဟိ ဗန္ဓိတာ။
သတ္တာ သံသာရဝဇမှိ၊ နိက္ခမိတုံ န သက္ကရေ။

သံသာရဝဇမှိ၊ သုံးဆယ့်တစ်ဘုံ ဝဋ်မြုံမှန်စွာ သံသရာဆိုတဲ့ နွားခြံကြီးထဲ၌။ ပဉ္စာရမ္မဏထမ္ဘမှိ၊ အဆင်းတွေကလဲ အတန်တန် အသံ

တွေကလဲ အမျိုးမျိုး အခိုးအနံ့တွေကလဲ အဖြာဖြာ အရသာတွေကလဲ အစုံအစေ့ အတွေ့အသိတွေကလဲ တပုံတပင် ခံမင်စရာ ငါးဖြာအာရုံ ကာမဂုဏ်ဆိုတဲ့ ချည်တိုင်ကြီး၌။ သံယောဇနေပ်ဟိ၊ သံယောဇဉ်ကြိုး အမျိုးမျိုးတို့ဖြင့်။ သံယောဇနေဟိ။

(က) မျက်စိအောက်ကဲ အပျောက်မခံချင် ချစ်ခင်စွဲလမ်းလျက် အမြဲတမ်း ကြည့်နေချင်ကြတဲ့ မိခင် ဖခင်တွေရဲ့ သား သမီး သံယောဇဉ်။

(ခ) ငါ့အမေ ငါ့အဖေ ငါ့ဆွေ ငါ့မျိုး ငါ့အိုး ငါ့အိမ်ရယ်လို့ အချိန်ရှိသမျှ မိဖနှင့် မခွဲဘဲ အမြဲအစွဲ ပွားစီးနေချင်ကြတဲ့ သားသမီးတွေရဲ့ မိဖသံယောဇဉ်။

(ဂ) ငါ့တိုက် ငါ့တာ ငါ့ယာ ငါ့ခြံ ငါ့ရွှေ ငါ့ပစ္စည်းရယ်လို့ ခွဲလဲမသွားနိုင် တကိုင်ကိုင် တခွေ့ခွေ့နဲ့ နေ့ရှိသ၍ အချိန်ရှိသမျှ ဒုက္ခပေးနေတဲ့ သူဌေး အခေါ်ခံသူတွေရဲ့ ပစ္စည်း သံယောဇဉ်။

(ဃ) အချိန်တန် အိမ်ပြန်လို့ မရောက်မှုဖြင့် ကတောက်ကဘက်တွေ တွေးပြီးတော့ မေးလားမြန်းလားနဲ့ လမ်းသွား လမ်းလာတွေကို အကဲခပ်လို့မို့ ·အသဲတဆတ်ဆတ် နာအောင် အကြိမ်ကြိမ် ထွေတရာပူရတဲ့ အိမ်နေသူ ဒကာမကြီးတွေရဲ့ ဒကာကြီးအပေါ် စွဲတဲ့ သံယောဇဉ်။

(င) အလုပ်လုပ်လို့မဖြောင့် စိုးနှောင့်ပူပန် နောက်ဆံတတင်းတင်းနဲ့ နေ့ခင်းအချိန်မှာ ငါမရှိခင် အိမ်လယ်များ ထွက်နေမလားဟဲ့ရယ်လို့ တချက်တချက် လူမသိအောင် ပူရှာရတဲ့ စီးပွားရေးအတွက် အိမ်မှ ထွက်ခွာနေသူ ဒကာကြီးတွေရဲ့ ဒကာမကြီးအပေါ် စွဲတဲ့ သံယောဇဉ်။

(စ) ပြုံးပုံကလေးက ဘယ်လို ဆိုပုံကလေးကဘယ်သို့ မခို့တရို့ နေပုံကလေးက ဘယ့်နှယ်ရယ်လို့ ဆက်သွယ်သူ တဖက်သား အောင်သွယ်များကြောင့် ရတက်များပွေလိုင် တမှိုင်မှိုင်တတ,တ,နဲ့ ခဏခဏ အသွယ်သွယ်ပူရတဲ့ ငယ်ရွယ်သူတွေရဲ့ လူမသိတဲ့ (အုံပုန်း) သံယောဇဉ်။

ဆွေသံယောဇဉ်၊ မျိုးသံယောဇဉ်၊ အိုးသံယောဇဉ်၊ အိမ်သံယောဇဉ်၊ ပေါ်ချဉ်လှစွာ ငါ့ယာ ငါ့မြေ ငါ့ရွှေ ငါ့ပစ္စည်းရယ်လို့ အနည်းနည်းအဖုံဖုံ စုံစုံလင်လင် သံယောဇဉ်ဆိုတဲ့ကြိုး အမျိုးမျိုးတို့ဖြင့်။ ဗန္ဓိတာ၊ ရှုန်းနိုင်လျှင်ရှုန်း ဖြတ်နိုင်လျှင်ဖြတ် ဆင်ပြောင်ကို ထူးခတ်သလို ပူးကပ်စွာ ချည်နှောင်အပ်ကုန်သော။ သတ္တာ၊ သံယောဇဉ် နဖားကြိုးတွေနဲ့ နွားသိုး နွားမ များစွာကျုံးခြုံ အလုံးစုံသော သတ္တဝါမှန်သမျှတို့သည်။ (သံသာရဝဇိတော၊ သုံးဆယ့်တစ်ဘုံ ဝဋ်မြုံမှန်စွာ သံသရာဆိုတဲ့ နွားခြံကြီးထဲမှ)။ နိက္ခမိတုံ၊ သံယောဇဉ်ကြိုးတွေကို ဇွတ်ဖြတ်၍ လွတ်လပ်ရာဆိုတဲ့ ဘုံစားကျက်ဆီသို့ ခုန်ထွက် သွားရောက်ခြင်းငှာ၊ န သက္ကုဏေ န သက္ကောန္တိ၊ လူစွမ်းမထုတ်သမျှမှာဖြင့် မုချဧကန် တကယ့်ကို မှတ်လေတော့၊ ဩော်–ဘယ်လိုအတတ်နဲ့မှ မစွမ်းနိုင်ဘဲ ရှိကြလေကုန်သတည်း။ (သာဓု....သာဓု....သာဓု)။

## သံသရာနှင့် နွားခြံဥပမာ

ဒီဂါထာရဲ့ ဆိုလိုရင်း အဓိပ္ပာယ်ကတော့ သုံးဆယ့်တစ်ဘုံနှင့် နွားတွေကို လှောင်ထားတဲ့ နွားခြံကြီးနှင့်တူတယ်။

နွားခြံထဲမှာ အလှောင်ခံထားရတဲ့ နွားတွေနှင့် သံယောဇဉ် မပြတ်ကြသေးတဲ့ သူသူငါငါ သတ္တဝါတွေနှင့်တူတယ်။

နွားခြံကြီးမှာ တိုင်တွေစိုက်ထားတာနှင့် အာရုံငါးပါး ကာမဂုဏ်တရားတွေနှင့်တူတယ်။

နွားတွေကို ချည်တုပ်ထားတဲ့ ကြိုးနှင့် သံယောဇဉ် တရားနှင့်တူတယ်။

နွားခြံကြီးရဲ့ အပြင်ဖက်က လွတ်လပ်ရာမြက်ခင်းသာ ဘုံစားကျက်နှင့် နိဗ္ဗာန်ချမ်းသာနှင့် တူပါတယ်-တဲ့။

အဲဒါကို ဥပမာ ဥပမေယျ ဟပ်ပြရယင် နွားခြံထဲက နွားတွေဟာ လွတ်လပ်ရာ ဘုံစားကျက် မြက်ခင်းသာကို ရောက်ချင်ကြယင် မိမိတို့မှာ ချည်တုပ်ထားတဲ့ကြိုးတွေကို ဖြေဖြုတ်ဖြတ်တောက်ပြီးတော့ တိုင်နားမှ ခွာ၊ နွားခြံအပြင်ဖက် ခုန်ထွက်နိုင်မှ အဲဒီလွတ်လပ်ရာ ဘုံစားကျက်ကို ရနိုင်ရောက်နိုင်ကြပေတယ်။

ထို့အတူ ဒို့သူငါ သတ္တဝါတွေလဲဘဲ နိဗ္ဗာန်ချမ်းသာကို ရချင်ရောက်ချင်ယင် သံယောဇဉ်တည်းဟူသော ကြိုးကိုဖြတ်၊ အာရုံငါးပါး

တည်းဟူသော တိုင်နားမှ္ဓာ၊ သုံးဆယ့်တစ်ဘုံတည်းဟူသော နွားခြံထဲမှ ခုန်ထွက်နိုင်ကြတော့မှ လွတ်သပ်ရာ ဘုံစားကျက် တည်းဟူသော နိဗ္ဗာန် ချမ်းသာကို ရနိုင် ရောက်နိုင်ကြတယ်။ အဲဒီလို ဆိုလိုပါတယ်။

အဲဒီတော့ ဒိဒကာ ဒကာမတွေကို နိဗ္ဗာန်ရောက်ချင်ကြသလားလို့ ဘုန်းကြီးက အဆန်းလုပ်ပြီး မမေးတော့ပါဘူး။ နိဗ္ဗာန်ရောက်ချင်ကြတဲ့ ပရိသတ်တွေချည်းပါဘဲ။

အဲဒီတော့ တိုတိုကျဉ်းကျဉ်း လိုရင်းကိုပြောရမယ်ဆိုယင် ဒိုဒကာ ဒကာမတွေ နိဗ္ဗာန်ကိုရောက်ချင်ကြယ်င် သံယောဇဉ်ကို ဖြတ်ကြရမယ်။ ဖြတ်တယ်ဆိုတာ ဒီအတိုင်းဖြတ်ရုံနဲ့တော့ မရနိုင်ဘူး။ တရားအားထုတ်ပြီး ဖြတ်ကြရလိမ့်မယ်။

သူသူငါငါ သတ္တဝါတွေဆိုတာ သံယောဇဉ်ကြိုးနဲ့ ချည်ရ တုပ်ရ ရစ်ရ ပတ်ရမှ ကြိုက်ကြတာကလား။ ဒီနေ့ည ဘုန်းကြီးက အဖြတ် ခိုင်းနေတာနဲ့တော့ ဆန့်ကျင်နေကြမလား မသိဘူး။ ဘာဘဲဖြစ်ဖြစ် နိဗ္ဗာန်ကို ရောက်ချင်ကြတယ် ဆိုယင်တော့ ဒီသံယောဇဉ်ကြိုးကို ဖြတ်ကြရမှာဘဲ။မဖြတ်နိုင်ယင်တော့ နိဗ္ဗာန်ကိုမရောက်နိုင်ကြပေဘူး။ ဖြတ်နိုင်မှ ရောက်နိုင်ကြပေမယ်။ ဒါကိုတော့ မှတ်ထားကြရန် အရေးကြီးပါ တယ်။ အရေးမကြီးဘူးလား၊ သူတော်ကောင်း ပရိသတ်များ၊(မှန်လှပါ အရေးကြီးလှကြောင်းပါဘုရား)။ဟုတ်ပြီ၊ အရေးကြီးယင် အမြဲမှတ်သား ကြရအောင် ဒီဆောင်ပုဒ် ၂ ပုဒ်ကို လိုက်ဆိုထားကြဦး။

### ၃၁-ဘုံနှင့် နွားခြံ ဥပမာ ဆောင်ပုဒ်ကဗျာ

၁။ နွားခြံကြီးနဲ့....သုံးဆဲ့တစ်ဘုံ၊
နွားခြံတိုင်များ....ငါးပါးကာမဂုဏ်။
ပုထုဇဉ်များ....ခြံနွားတူကုန်၊
ကြိုးသံယော....မြက်တောနိဗ္ဗာန်ဘုံ။ ။

၂။ ကြိုးကိုဖြတ်ကြ....တိုင်မှမြန်ခွာ၊
ခြံမှခုန်ထွက်....စားကျက်နိဗ္ဗာ။
လွတ်သပ်ငြိမ်းချမ်း....စခန်းလွန်သာ၊
ရောက်လိုက....ဖြတ်ကြ သံယောဇနာ။ ။

## သံယောဇဉ်ဆိုတာ ဘာလဲ

ဘာ့ကြောင့် ဒီသံယောဇဉ်ကြိုးကို အဖြတ်ခိုင်းနေရပါသလဲ။ သူက ဘယ်လောက်ဆိုးလို့လဲ။ သံယောဇဉ်ဆိုတာ ဘာလဲ။ ဒီမေးခွန်းများ အဖြေကို သိဖို့ လိုပါတယ်။ မသိချင်ကြဘူးလား ပရိသတ်များ။ (သိချင်ကြပါတယ်ဘုရား)။ သိချင်ကြယင် ဘုန်းကြီးက ပြောပြပါ့မယ်။

သံယောဇန ဂေါစ္ဆကေ ယဿ သံဝိဇ္ဇန္တိ၊ တံ ပုဂ္ဂလံ ဝဋ္ဋသ္မိံ
သံယောဇေန္တိ ဗန္ဓန္တီတိ သံယောဇနာ။(အဘိ၊ ဋ္ဌ၊ ၁၊ ၉၁)

သံယောဇန် ဂေါစ္ဆကေ၊ သံယောဇန ဂေါစ္ဆက၌။ အတ္ထော၊ အနက်ကို။ ဇေ၊ ဤသို့၊ ဝေဒိတဗ္ဗော၊ သိအပ်၏။ ယေဓမ္မာ၊ အကြင် တရားတို့သည်။ ယဿ၊ အကြင်ပုဂ္ဂိုလ်၏ (သန္တာန်၌)။ သံဝိဇ္ဇန္တိ၊ ထင်ရှားရှိကုန်၏။ တံပုဂ္ဂလံ၊ သံယောဇဉ်ရှိသောထိုပုဂ္ဂိုလ်ကို။ ဝဋ္ဋသ္မိံ၊ ဝဋ်သုံးပါး၌။ ဝါ၊ ကိလေသဝဋ်, ကမ္မဝဋ်, ဝိပါကဝဋ်၌။ သံယောဇေန္တိ၊ ပြုတ်မပြေအောင် ယှဉ်စေတတ်ကုန်၏။ ဗန္ဓန္တိ၊ နွားကို ကြိုးချည်ကာ လှည်းမှာ ဖွဲ့ထားသကဲ့သို့၊သတ္တဝါများကို ဝဋ်တရား၌ ဖွဲ့ထားတတ်ကုန်၏။ ဣတိတသ္မာ၊ ထိုသို့သတ္တဝါ အများကို ဝဋ်ဆင်းရဲမှ လွတ်ကင်း မဖဲသာအောင် ဇွတ်အတင်းဘဲ ယှဉ်တွဲချည်နှောင် အစဉ်အမြဲ မပြေအောင် အဟုတ်တကယ့်ကို ချုပ်ဖွဲ့တတ်သောကြောင့်။ တေဓမ္မာ၊ ထိုတရားတို့သည်။ သံယောဇနာ၊ သံယောဇဉ်တို့ မည်ကုန်၏။ *

သံယောဇဉ်ဆိုတာ ချည်တတ် တုပ်တတ် ယှဉ်စေတတ် ဖွဲ့တတ်လို့မို့ သံယောဇဉ်လို့ခေါ်ပါတယ်။ ဘယ်သူတွေကို ဘယ်လိုချည်တုပ် ယှဉ်ဖွဲ့တတ်သလဲဆိုယင် သံယောဇဉ်ကြိုး အားလုံးကို မဖြတ်နိုင်ကြသေးတဲ့ ရဟန္တာမဖြစ်သေးသူတွေကို အထူးအားဖြင့် ပုထုဇဉ် သတ္တဝါတွေကို သံသရာထဲမှ လွတ်ထွက် မသွားနိုင်အောင် သံယောဇဉ် တရားတွေနှင့် ချည်တုပ်ယှဉ်ဖွဲ့ထားပါတယ်။ အဲဒီလို ချည်တုပ်ယှဉ်ဖွဲ့ရစ်ပတ်လို့ လောကသုံး ကြိုး,နှင့် နှိုင်းယှဉ်ပြီးတော့ သံယောဇဉ်ကြိုးလို့လဲ ခေါ်ရပါတယ်။ ဒါကြောင့် ဒီဂါထာမှာ နွားချည်ကြိုးနှင့် သတ္တဝါတွေရဲ့ သံယောဇဉ် တရားနှင့် တူတယ်လို့ ဖွဲ့ဆိုခဲ့ပါတယ်။

---

* စုရာဒိ ယုဇဓာတ်သည် ဗန္ဓနအနက်ကို ဟောသောကြောင့် "ဗန္ဓန္တိ"ဟု ဖွင့်သည်။

သံသရာဆိုတာလဲ ခန္ဓာ၊ အာယတန၊ ဓာတ်၊ သစ္စာတရားတွေ မပြတ် ဖြစ်ပျက်နေတာကို ခေါ်ပါတယ်။ အဲဒါတွေက ဘယ်မှာ ဖြစ်သလဲဆိုယင် သတ္တဝါတွေရဲ့ခန္ဓာမှာဖြစ်နေတာပါဘဲ။ ယခု ဒွါရနှင့်အာရုံ ဆုံတိုင်း ဖြစ်ပေါ်ပျောက်ပျက်နေတဲ့ တရားတွေပေါ့။ မြင်လိုက်၊ ကြားလိုက်၊ နံလိုက်၊ စားလိုက်၊ တွေ့ထိလိုက်၊ စိတ်ကူး စဉ်းစား ကြံစည်လိုက်နဲ့ အစဉ်မပြတ် ဖြစ်ပျက်နေတဲ့ တရားတွေဟာ သံသရာပါဘဲ။ ဝဋ်ဆိုတာကလဲ လည်နေတာကိုခေါ်ပါတယ်။ အဲဒီ မပြတ် ဖြစ်ပျက်လည်ပတ်နေတဲ့ ရုပ်နာမ် သင်္ခါရတွေဟာ ဆင်းရဲတရားတွေဘဲ။ ဒါဟာ ရုပ်နာမ်သင်္ခါရ သံသရာဝဋ်ဆင်းရဲတရားတွေဘဲ။ တဘဝလုံးနှင့်ခြုံပြီးပြောရယင် ပဋိသန္ဓေနေလိုက် အိုလိုက် နာလိုက် သေလိုက် စိုးရိမ်ပူဆွေး ငိုကြွေးလိုက်နှင့် မပြတ်ဖြစ်ပျက်လည်ပတ်နေတာဟာ ဘဝသံသရာ ဝဋ်ဆင်းရဲဘဲ။

အဲဒီလို သံသရာဝဋ်ဆင်းရဲမှ လွတ်ထွက် မသွားနိုင်အောင် ချည်တုပ် ယှဉ်ဖွဲ့ထားတာဟာ သံယောဇဉ်တရားပါဘဲ။ ဝဋ်တရားမှာဖွဲ့ထားတယ်ဆိုတာ နွားကိုကြိုးနဲ့ချည်ပြီး လှည်းမှာဖွဲ့တပ်ထားသလို သံယောဇဉ်ရှိနေတဲ့ ပုဂ္ဂိုလ်ကို သံသရာဝဋ်ဆင်းရဲမှာ ချည်တုပ် ယှဉ်ဖွဲ့ထားတဲ့ တရားဟာ သံယောဇဉ်တရားပါဘဲတဲ့။

သိသာရုံမျှ အနည်းငယ် ချဲ့ပြောရယင် ကာမရာဂစတဲ့ သံယောဇဉ်တရားများကို မဖြတ်ပယ်ရသေးသူများဟာ ကာယကံ ဝစီကံ မနောကံများကို ပြုလုပ်တဲ့အခါ ရဟန္တာများလို ပြုကာမတ္တ မဟုတ်ကြပါဘူး။ နောင်အကျိုးပေးဖို့ရန် ကိုယ်ပြုတဲ့ကံရဲ့ စွမ်းရည်သတ္တိတွေက ကျန်ရှိနေရစ်ကြတယ်။ ဒီလိုကျန်ရှိတာဟာ သံယောဇဉ်ရှိနေတဲ့ ပုဂ္ဂိုလ်ကို ကမ္မဝဋ်မှာ ဖွဲ့ချည်ထားရာရောက်နေပါတယ်။ အဲဒီကိုယ်ပြုတဲ့ကံက အကျိုးပေးလို့ ဘဝအသစ်ဖြစ်လာတာဟာ ဝိပါကဝဋ်မှာ ဖွဲ့ထားရာရောက်ပါတယ်။ အဲဒီဘဝသစ်မှာလဲ ကိလေသာဝဋ်ဆိုတဲ့သံယောဇဉ်များက ပါလာပြန်တယ်။ ဒီတော့ ကြံစည်ပြောဆို ပြုလုပ်ခြင်းဆိုတဲ့ ကမ္မဝဋ်သံယောဇဉ်တွေဖြစ်ပြန်တယ်။ ဒီတော့ အကျိုးပေးတဲ့ ဝိပါကဝဋ် ကိလေသာ သံယောဇဉ်ရဲ့အာရုံ ဘဝသစ်တွေဖြစ်ပြန်ပါတယ်။ ဒီတော့ ကိလေသာဝဋ် သံယောဇဉ်တရားတွေကလဲ ပါလာမြဲဘဲ။ ရှေးရှေး ကိလေသာ သံယောဇဉ်ရှိလို့မို့ နောက်နောက် ကိလေသာ သံယောဇဉ်တွေ ဖြစ်နေခြင်းဟာ ကိလေသာဝဋ်၌ ဖွဲ့ထားရာရောက်ပါတယ်။ လိုရင်းကတော့

ဒီသံယောဇဉ်တရားများဟာ ဝဋ်သုံးပါးလည်ဖို့ရာ အကြောင်းပစ္စည်းများ ဖြစ်နေတယ်လို့ မှတ်ကြရမယ်။

ဒါကြောင့် (ကိလေသ ကမ္မ ဝိပါက ဝဋ္ဋာနံ ပစ္စယဘာဝေန တတ္ထ သံယောဇေန္တီ)လို့ ဋီကာမှာ ပါရှိခြင်းကို အဋ္ဌသာလိနီ ဘာသာ ဋီကာမှာ ဖော်ပြထားပါတယ်။

ကိလေသ ကမ္မ ဝိပါက ဝဋ္ဋာနံ၊ ကိလေသဝဋ္ဋ, ကမ္မဝဋ္ဋ, ဝိပါကဝဋ္ဋတို့၏။ ပစ္စယဘာဝေန၊ အကြောင်းတို့၏ အဖြစ်ဖြင့်။ တတ္ထ၊ ထိုဝဋ်သုံးပါး၌။ သံယောဇေန္တိ၊ ယှဉ်စေသော အားဖြင့် ဖွဲ့ထားတတ်ကုန်၏။

ဒါလောက်ဆိုယင် သံယောဇဉ်ဟာ ဘယ်လောက်ဆိုးတယ်၊ ဘာ့ကြောင့် သံယောဇဉ်ခေါ်တယ်ဆိုတာ သိသာ ထင်ရှားလောက်ပါပြီ။ ကဲ-ဒါကိုလဲ အကျဉ်းချုပ်မှတ်သားရအောင် ဒီရှစ်လုံးဖွဲ့ဆောင်ပုဒ်ကဗျာလေးကို ဆိုကြပါဦး။

ဖြစ်အိုသေရေး....ပူဆွေးငိုရာ၊
ကိုယ်စိတ်ဆင်းရဲ....စက်ဝဲသံသာ။
လှည်းနှင့်ဆုံနွား....ရဟတ်ချားပမာ၊
သတ္တဝါများ....ဖွဲ့ထား သံယောဇနာ။

အဲဒီသတ္တဝါတွေကို ချည်တုပ်ဖွဲ့နှောင်ထားတဲ့ သံယောဇဉ်ကြိုးတွေကိုဖြတ်နိုင်မှ နိဗ္ဗာန်ကိုရောက်မယ်။ သံသရာ ဝဋ်ဆင်းရဲထဲမှ လွတ်မယ်။ အဲဒီလို သံသရာဝဋ်ဆင်းရဲမှလွတ်ပြီး နိဗ္ဗာန်ချမ်းသာကို မရနိုင်အောင် ချည်တုပ်ထားတဲ့ သံယောဇဉ်တွေက ဘယ်နှစ်မျိုးရှိသလဲ။ ဘယ်နှစ်ချောင်းရှိသလဲဆိုတာကိုလဲ သိဖို့လိုပါတယ်။

ဒီသရုပ်ကို ဖော်ထုတ်တဲ့နေရာမှာလဲ ပေါ် လွင် ထင် ရှား သွားအောင် စောစောကရွတ်ဆိုဟောကြားခဲ့တဲ့ သံသရာနှင့် နွားခြဉ်ပမာကို ပြန်ကောက်ပြီး ဘုန်းကြီးနှင့်တရားနာ သူတော်ကောင်း ပရိသတ်ကြီးတို့ အမေးအဖြေပုံစံနဲ့ ဖေါ်ထုတ် ကြရ ယင် မကောင်းဘူးလား သူတော်ကောင်းများ။ (ကောင်းပါတယ်ဘုရား)။

ဟုတ်ပြီ၊ ဒီလိုဆိုယင် ဒို့တရားနာပရိသတ်များဟာ နွားတကောင်တကောင်မှာ ကြိုးဘယ်နှစ်ချောင်းချည်ထားတာကို တွေ့ဘူးကြပါသလဲ။ (နွားတကောင်မှာ ကြိုးတချောင်းသာ ချည်ပါတယ်ဘုရား)။

ဟုတ်ပါပြီ၊ တရားနာပရိသတ်ဖြေကြားသလို နွားတကောင်, တကောင်မှာ ကြိုးတချောင်းစီသာ အချည်ခံထားရပေမယ်လို့ ပုထုဇဉ်သတ္တဝါတွေကို အချည်အတုပ်ခံသားကြရတဲ့ သံယောဇဉ် ကြိုးတွေကတော့ ဆယ်ချောင်းတဲ့။ ဒီလိုဆိုတော့ ဒီဂါထာမှာ ဥပမာပြထားတဲ့နွားထက် ပုထုဇဉ်သတ္တဝါတွေက သာမနေဘူးလား။ (သာပါတယ်ဘုရား)။ ဘယ်မှာ မသာဘဲရှိပါ့မလဲ၊ နွားက တချောင်းသာ ချည်ခံထားရတယ်။ သူ့သူငါငါ ပုထုဇဉ်သတ္တဝါတွေက ၁၀-ချောင်းတောင်မှ အချည်ခံထားရတာကိုး။ ဒီတော့ နွားထက်သတ္တိကောင်းသူတွေလို့ မဆိုရပေဘူးလား။ (မှန်ပါ ဆိုရပါလိမ့်မယ်ဘုရား)။

ဟုတ်ပါပြီ၊ နောက်တခု မေးပါဦးမယ်။ နွားတွေကို ချည်တုပ်ထားတဲ့ကြိုးက ဘယ်နှစ်လွှန်းတင်ကြိုးတဲ့လဲ ပရိသတ်များ။ (မှန်ပါ သုံးလွှန်းတင်ကြိုးပါဘုရား)။ ဩော်...သုံးလွှန်းတင်ကြိုးတဲ့လား။ ဟုတ်ပါတယ်၊ သုံးလွှန်းတင်ကြိုးပါဘဲ။

"သုံးလွှန်းတင်မှကြိုး၊ ဒေါင်ဒေါင်မြည်မှ အိုး၊ တောင်ကလာမှမိုး" လို့တောင် မြန်မာ့ဆိုရိုးစကားရှိသေးတာဘဲ။ ဒီနေရာမှာလဲနွားတကောင်-တကောင်သုံးလွှန်းတင်ကြိုး တချောင်းတချောင်းနဲ့သာ အချည်ခံရပေမဲ့ ပုထုဇဉ်သတ္တဝါ ဒို့သူငါတွေကို ချည်တုပ်ထားတဲ့ သံယောဇဉ်ကြိုး ၁၀, ချောင်းကိုပေါင်းပြီး လွှန်းတင်လိုက်ယင် ဆယ်လွှန်းတင် ကြိုးကြီးပေါ့။ ပုထုဇဉ်သတ္တဝါ ဒို့သူငါတွေကို ချည်တုပ်ထားတဲ့ သံယောဇဉ်ကြိုး ဆယ်ချောင်းကိုပေါင်းပြီး လွှန်းတင်လိုက်ယင် ဘယ်နှစ်လွှန်းတင်ကြိုးကြီး ဖြစ်သွားမှာတဲ့လဲ ပရိသတ်များ။(ဆယ်လွှန်းတင် ကြိုးပါဘုရား)။ ဒီလိုဆိုပြန်တော့ ပုထုဇဉ်သတ္တဝါတွေဟာ ဒီနေရာမှာလဲ ဒီဂါထာမှာ ဥပမာတင်စားထားတဲ့ နွားထက်မသာပြန်ဘူးလား။ (သာပြန်ပါပြီဘုရား)။ ဆယ်လွှန်းတင်ကြိုးဆိုတော့ နွားကိုချည်တဲ့ကြိုးမဟုတ်ဘူး။ နိုင်ငံခြားကလာတဲ့သင်္ဘောကြီးတွေကို ချည်ယင်ချည်မှာဘဲ။

ဒါလဲ ဥပမာမျှပြောတာပါ။ အဲဒီ ချည်ထားတဲ့ သုံးလွှန်တင်ချည်ကြိုးနှင့် နိုင်ငံခြားသင်္ဘောကြီးများကိုချည်တဲ့သံမဏိဆယ်လွှန်းတင်ကြိုးကြီးများဟာ ဘယ်လောက်ခိုင်မာတယ်ဆိုပေမဲ့လဲ ရက်,လ,နှစ်များ ကြာရှည်လာတဲ့အခါ ပွန်းပဲ့ဆွေးမြေ့ပြီး ပြတ်မကုန်ဘူးလား။ (ပြတ်ကုန်ကြပါတယ်ဘုရား)။

ဒီ့သူငါသတ္တဝါတွေကို ချည်ထားတဲ့ သံယောဇဉ်ကြိုးတွေက နတ္တာ ဒီအတိုင်းတိုင်းသာ မဖြတ်ဘဲနဲ့ထားကြမယ်ဆိုယင် ရက်လနှစ်တွေ များစွာကုန်အောင် ကြာသော်လဲ ဖြတ်ပါ့မလား။ (မဖြတ်နိုင်ပါဘုရား)။ ဘဝါဘဝများလှ သောင်းသောင်း ကမ္ဘာပေါင်း များစွာကုန် အောင်ကြာလဲ ဖြတ်နိုင်ရဲ့လား။ (မဖြတ်နိုင်ပါဘုရား)။ မဖြတ်နိုင်တဲ့ အပြင် ထပ်ထပ်ပြီးတော့ ချည်တုပ်ကြသေးတာဘဲ။

ဒီသူငါ သတ္တဝါတွေကို အနမတဂ္ဂအစမထင် သံသရာတခွင်တန်း ကတည်းက ပဋိသန္ဓေ, အိုနာ, သေ, စိုးရိမ်ပူဆွေး ငိုကြွေးဆင်းရဲ ကိုယ် စိတ်ဆင်းရဲတွေ ထပ်ဘလဲလဲဖြစ်နေတဲ့ သံသရာထဲမှ မလွတ်နိုင်အောင် ချည်တုပ်ထားတဲ့ သံယောဇဉ်တွေကို ဖြတ်မယ်ဆိုယင် မြတ်စွာဘုရားပေး သနားတော်မူတဲ့ နည်းနာနိဿယနဲ့ ဖြတ်မှဖြစ်မယ်။

မြတ်စွာဘုရားက ဘယ်လို နည်းပေး ထားတော် မူသလဲ ဆိုယင် ဦးစွာပထမ သံယောဇဉ်ဖြစ်ရာဌာနကိုသိရမယ်။ ထိုနောက် သံယောဇဉ် ဖြစ်ကြောင်းကို သိရမယ်။ ထို့နောက် သံယောဇဉ် ပယ်ကြောင်း ကို သိရမယ်။ ထိုနောက် သံယောဇဉ်ငြိမ်းကြောင်းကို သိရမယ်လို့ ဟော တော်မူပါတယ်။

ဟုတ်တယ်၊ ဒါဟာ သဘာဝကျလှပါတယ်။ သံယောဇဉ်ကိုဖြတ် မယ်ဆိုယင် သံယောဇဉ်ဖြစ်ရာဌာနကိုလဲ သိရပေလိမ့်မယ်။ ဘာ့ကြောင့် ဖြစ်သလဲဆိုတာကိုလဲ သိရပေလိမ့်မယ်။ ဒါမှလဲ အကျိုးသံယောဇဉ် အ ကြောင်းသံယောဇဉ်များကို ဖြတ်နိုင်,သတ်နိုင်ပေလိမ့်မယ်။ပြီးတော့ ပယ် ပုံပယ်နည်းနှင့် နောက်ထပ်မဖြစ်အောင် အပြတ်ငြိမ်းသတ်နည်းကိုလဲ သိရ ပေလိမ့်မယ်။ ဒါမှလဲ သံယောဇဉ်အမြစ် ပြတ်သွားမယ်။

ဒီလို သံယောဇဉ်နှင့်ပတ်သက်ပြီး အကွက်ကျကျ မြတ်စွာဘုရား ညွှန်ပြတော်မူထားတာဟာ ဘယ်ကျမ်းမှာပါတယ် ဆိုတာ သိဖို့အရေး မကြီးဘူးလား ပရိသတ်များ။ (အရေးကြီးပါတယ်ဘုရား)။ မြတ်စွာ ဘုရားရှင် ကိုယ်တော်မြတ်ကြီး သာက်တော်ထင်ရှား ရှိတော်မူစဉ် တုန်းက ၄၅-ဝါကာလပတ်လုံး မနေမနား ဟောကြားတော်မူထားတဲ့ ဒေသနာ တော်တွေကို တပည့်စဉ်ဆက်များက စုပေါင်းညီညာ သံဂါယနာတင် တော်မူခဲ့ကြပါတယ်။

ဘယ်နှစ်ကြိမ်ရှိပြီလဲဆိုယင် ၆ ကြိမ်တောင် ရှိခဲ့ပါပြီ။ ပထမ သံဂါယနာတင်စဉ်က အရှင်မဟာကဿပ မထေရ်မြတ်က မေးတော်မူလို့ အရှင်အာနန္ဒာမထေရ်က ဖြေကြားတော်မူပြီး သံဂါယနာ တင်တော်မူခဲ့ကြပါတယ်။ ခု ဒို့တရားနာပရိသတ်များ သိလွယ်အောင် ပြောရယင် ရန်ကုန်မြို့ မဟာပါသာဏလိုဏ်ဂူတော်တွင်းမှာ ကျေးဇူးရှင် မဟာစည် ဆရာတော်အရှင်သူမြတ်က မေးမြန်းလို့ မင်းကွန်း တိပိဋက ဓရ ဓမ္မဘဏ္ဍာ ဂါရိက အရှင်ဝိစိတ္တသာရာဘိဝံသ ဆရာတော် မထေရ်သူမြတ်က ဖြေကြား တော်မူသလိုပါဘဲ။

အဲဒီလို သံဂါယနာတင်ခဲ့စဉ်က....

၁။ ရှည်သောသုတ်များကို စုပေါင်းထားတဲ့ ဒီဃနိကာယ်။

၂။ မရှည်မတို အလယ်အလတ်သုတ်များကို စုပေါင်းထားတဲ့ မဇ္ဈိမ နိကာယ်။

၃။ တရားသဘောအားဖြင့်ရှင်း၊ ဟောကြားချက်အားဖြင့်ရှင်း၊ တူသဖြင့် ယှဉ်တွဲသင့်တဲ့သုတ်များကို ယှဉ်တွဲပြီး စုပေါင်းထားတဲ့ သံယုတ္တနိကာယ်။

၄။ အင်္ဂါတခုစီ ကျော်လွန်တဲ့ သုတ်များကို စုပေါင်းထားတဲ့၊ ဒါမှမဟုတ် တပါး၊ နှစ်ပါး၊ သုံးပါး စသည်အားဖြင့် ၁၁ မျိုးအထိ တရားသဘော အင်္ဂါရပ်များကို တိုး၍ တိုး၍ ကျော်လွန်ပိုမို ပြဆိုအပ်သော သုတ်အသီးသီးတို့ကို စုပေါင်းထားတဲ့ အင်္ဂုတ္တရနိကာယ်။

၅။ အတိုင်းအရှည် ပမာဏအားဖြင့် တိုသော သုတ်များကို စုပေါင်းထားတဲ့ ခုဒ္ဒကနိကာယ်ရယ်လို့ အစုနိကာယ်ပေါင်း ငါးခု ရှိခဲ့ပါတယ်။

အဲဒီနိကာယ်ငါးရပ် ပိဋကတ်တို့တွင် သံယောဇဉ်နှင့် ပတ်သက်ပြီး ဟောကြားချက်များဟာ နိကာယ်တိုင်းလိုလိုမှာ ပါ,ပါတယ်။ ယခု ဘုန်းကြီးဟောပြမှာကတော့ အဲဒီနိကာယ်ကြီးငါးရပ်တို့တွင်ဒီဃနိကာယ် တွင် ပါဝင်တဲ့ သံယောဇဉ်ဖြတ် တရားကို ဟောကြားပါမယ်။ ထိုဒီဃ နိကာယ်တွင်လဲ သုတ်သီလက္ခန်၊ သုတ်မဟာဝါ၊ သုတ်ပါထေယျရယ်လို့ သုတ်သုံးကျမ်းရှိတဲ့အထဲက သုတ်မဟာဝါကျမ်းမှာလာတဲ့ သံယောဇဉ် ဖြတ် တရားကို ဟောကြားပါမယ်။

ထိုမဟာဝဂ္ဂခေါ်တဲ့ သုတ်မဟာဝါကျမ်းမှာလဲ မဟာပဒါနသုတ်၊ မဟာနိဒါနသုတ် စသည်ဖြင့် သုတ်ပေါင်း (၁၀)သုတ် ပါဝင်ပါတယ်။ အဲဒီ (၁၀) သုတ်ထဲက မဟာသတိပဋ္ဌာနသုတ်တော်တွင် ပါဝင်တဲ့ သံယောဇဉ်ဖြတ်တရားကို ဟောပြပါမယ်။ ဒီမဟာသတိပဋ္ဌာန သုတ်တော်ဟှင်လဲ....

၁။ ကိုယ်အမူအရာမှန်သမျှကို မကျန်ရအောင် အဖန်ဖန်ရှုမှတ်သိမြင်ရတဲ့ ကာယာနုပဿနာသတိပဋ္ဌာန်။

၂။ ကောင်း ဆိုး မကောင်း မဆိုး ဝေဒနာမှန်သမျှကို မကျန်ရအောင် အဖန်ဖန် ရှုမှတ်သိမြင်ရတဲ့ ဝေဒနာနုပဿနာ သတိပဋ္ဌာန်။

၃။ စိတ်အမျိုးမျိုးမှန်သမျှကို မကျန်ရအောင် အဖန်ဖန်ရှုမှတ်သိမြင်ရတဲ့ စိတ္တာနုပဿနာ သတိပဋ္ဌာန်။

၄။ သဘောတရားမှန်သမျှ မကျန်ရအောင် အဖန်ဖန်ရှုမှတ်သိမြင်ရတဲ့ ဓမ္မာနုပဿနာ သတိပဋ္ဌာန်ရယ်လို့ သတိပဋ္ဌာန်လေးမျိုးရှိတဲ့ အထဲက ဓမ္မာနုပဿနာ အာယတနပဗ္ဗမှာ မြတ်စွာဘုရား ဟောကြားထားတော်မူတဲ့ သံယောဇဉ်ဖြတ်တရားကို ဟောရမယ်။

အဲဒီ ဒီဃနိကာယ်သုတ် မဟာဝါ မဟာသတိပဋ္ဌာနသုတ် ဓမ္မာနုပဿနာ အာယတနပဗ္ဗမှာ ဗုဒ္ဓမြတ်စွာ မိန့်မှာတော်မူတဲ့ သံယောဇဉ်ဖြတ်တရားရဲ့အကွက်ချုပ် အကျဉ်းချုပ်ဥဒ္ဒေသ မာတိကာကို ဒို့တရားပရိသတ်များ မှတ်သားကြရအောင် ဘုန်းကြီးက လက်ဆောင်ပုဒ် ချပေးပါဦးမယ်။ ကဲ....လိုက်ဆိုကြပါ။

၁။ သံယောဇဉ်များ၊ ဖြတ်ဘုရား၊ မှတ်သား မာတိကာ။

၂။ ဖြစ်ရာဖြစ်ကြောင်း၊ ပယ်ငြိမ်းကြောင်း၊ ဉာဏ်ကြောင်းလေးရပ် မှတ်စရာ။

## သံယောဇဉ် ဖြစ်ရာဌာန

သံယောဇဉ်ကြိုးကို ဖြတ်ဖို့ရာအတွက် ရှေးဦးစွာ သံယောဇဉ်ဖြစ်ရာဌာနကို သိဖို့ရာ အရေးမကြီးဘူးလား ပရိသတ်များ။ (အရေးကြီးလှပါတယ်ဘုရား)။

ဟုတ်တယ်၊ ဖြစ်ရာဌာနကိုမှမသိယင် ဖြတ်ဖို့ ဖြုတ်ဖို့ မလွယ်ဘူး ပေါ့။ ဥပမာ အနာပေါက်တယ်ဆိုလို့ရှိယင် အနာရောဂါ ဘယ်နားမှာ ရှိသတုန်းဆိုတာ သိဖို့ရာ ဦးစွာအရေးကြီးပါတယ်။ အနာပေါက်တဲ့နေရာ အနာလုံး အနာဝကို မသိရမမြင်ရဘဲနဲ့ မှန်းရမ်းပြီး ဆေးလူးယင်တော့ အနာတခြား ဆေးတခြားဆိုတာလို မယောင်ရာဆီလူး ဆိုတာလို လွဲမှား နိုင်တယ်။ လွဲမှားယင် အနာရောဂါ မပျောက်နိုင်ဘူး။ မပျောက်ရုံမျှ မကသေးဘဲ ပိုလဲဆိုးနိုင်ပါသေးတယ်။

အဲဒါလိုပါဘဲ၊ သံယောဇဉ်ကြိုးချည်ရာဌာနကို မသိဘဲနဲ့ ရမ်းပြီး ရှန်းမယ်၊ ဖြေမယ်၊ ဖြုတ်မယ် ဆိုယင်တော့ မပြေမပြုတ်ဘဲနဲ့ ပိုရှုပ် ပိုရစ် ပတ်ပြီး ဒုက္ခတွေပိုလို့ပင် များနိုင်ပါသေးတယ်။

ဒါ့ကြောင့် ဖြေချင် ဖြုတ်ချင်ယင် ချည်ရာ တုပ်ရာ ဌာနကို သိဖို့ အရေးကြီးတယ်လို့ ဆိုခဲ့ရတာပေါ့။ ကဲ...အဲဒါကို မှတ်သားမိအောင် ဒီဆောင်ပုဒ်ကလေးကို လိုက်ဆိုကြပါ။

အနာတခြား....ဆေးတခြားပမာ၊
မယောင်ရာဆီလူး....မပျောက်ဘူးရောဂါ၊
ဖြတ်ရန်ကြံသော....သံယောဇနာ၊
သူဖြစ်ရ....ဌာန သိအောင်ရှာ။

ဟုတ်ပြီ၊ ဒါဖြင့် သိအောင် ဘယ်မှာ ဘယ်လို ရှာရမလဲဆိုယင် မြတ်စွာဘုရားက ဒီလို ဟောကြားတော်မူထားပါတယ်။

ပုန စ ပရံ ဘိက္ခဝေ ဘိက္ခု ဓမ္မေသု ဓမ္မာနုပဿီ ဝိဟရတိ၊ ဆသု အဇ္ဈတ္တိက ဗာဟိ ရေသု အာယတ နေသု။ ကထဉ္စ ပန ဘိက္ခဝေ ဘိက္ခု ဓမ္မေသု ဓမ္မာနုပဿီ ဝိဟရတိ၊ ဆသု အဇ္ဈတ္တိက ဗာဟိ ရေသု။

ဣဓ ဘိက္ခဝေ ဘိက္ခု စက္ခုဉ္စ ပဇာနာတိ၊ ရူပေစ ပဇာနာတိ။
ယဉ္စ ဒ ဒုဘယံ ပဋိစ္စ ဥပ္ပဇ္ဇတိ သံယောဇနံ၊ တဉ္စ ပဇာနာတိ။

ဘိက္ခဝေ၊ရဟန်းတို့။ ပုနစ၊ တဖန်လည်း။ အပရံ၊ တပါးသော ရှုပုံကား။ ဘိက္ခု၊ ရဟန်းသည်။ ဆသု၊ ခြောက်ပါးကုန်သော။ အဇ္ဈတ္တိက ဗာဟိရေသု၊ အတွင်းသန္တာန် အပသန္တာန်၌ ဖြစ်ကုန်သော။ အာယတနေ သု၊ အာယတန မည်ကုန်သော။ ဓမ္မေသု၊ တရားတို့၌။ ဓမ္မာနုပဿီ၊ သတ္တဝါကောင် အသက်ကောင် မဟုတ်သော သဘောတရားမျှဟု ရှုမြင် လျက်။ ဝိဟရတိ၊ နေ၏။

ဘိက္ခဝေ၊ ရဟန်းတို့။ ဝါ၊ သံသရာဘေး လာမည့်ရေးကို မြော်တွေးရှုမြင်၊ အို....ချစ်သား တသီး ချစ်သမီးတို့။ (ပဋိပန္နကော၊ မဂ်ဖိုလ်နှင့် လျော်ကန်သော တရားမှန်ကို ကျင့်ကြံပွားများ အားထုတ်နေသော)။ဘိက္ခု၊ ရဟန်းသည်။ ဝါ၊ ယောဂီပုဂ္ဂိုလ်သည်။ဆသုအဇ္ဈတ္တိကဗာဟိရေသု အာယတနေသု ဓမ္မေသု၊ ခြောက်ပါးသော အတွင်းအပ အာယတနတရားတို့၌။ ကထဉ္စ၊ အဘယ်သို့လျှင်။ ဓမ္မာနုပဿီ၊ သတ္တဝါကောင် အသက်ကောင်မဟုတ်သော သဘောတရားမျှဟု ရှုမြင်လျက်။ ဝိဟရတိ ပန၊ နေပါသနည်း ဟူမူကား။

ဘိက္ခဝေ၊ ရဟန်း။ ဣဓဘိက္ခု၊ ဤသာသနာတော်က ရဟန်းသည်။ ဝါ၊ ဤသာသနာတော်၌ အားထုတ်နေသော ပုဂ္ဂိုလ်သည်။ စက္ခုဉ္စ၊ စက္ခုပသာဒခေါ်သော မျက်စိကိုလည်း။ ပဇာနာတိ၊ သိ၏။ ရူပေစ၊ အဆင်းတို့ကိုလည်း။ ပဇာနာတိ၊ သိ၏။ တဒုဘယံ၊ မျက်စိနှင့်အဆင်း ထိုနှစ်ပါးကို။ ပဋိစ္စ၊ စွဲမှီ၍။ ယဉ္စသံယောဇနံ၊ အကြင်ဆယ်ပါးသော သံယောဇဉ်သည်လည်း။ ဥပ္ပဇ္ဇတိ၊ ဖြစ်ပေါ်၏။ တဉ္စ၊ ကိုဖြစ်ပေါ်သော သံယောဇဉ်ကိုလည်း။ ပဇာနာတိ၊ သိ၏။

အဲဒီလို သံယောဇဉ်ဖြစ်ပုံကို မြတ်စွာဘုရားက ဟောကြားတော်မူပါတယ်။ ဒါကို ကျေးဇူးရှင် မဟာစည်ဆရာတော်ဘုရားကြီးက မြန်မာပြန် ဆောင်ပုဒ် စီကားတော်မူပါတယ်။ အဲဒီဆောင်ပုဒ်ကို ဘုန်းကြီးက ချပေးမယ်။ ကဲ....လိုက်ဆိုကြပါ။

"မျက်စိကိုလဲ သိရမည်။ အဆင်းတွေကိုလဲ သိရမည်။ ထိုနှစ်မျိုးကိုမှီ၍ ဖြစ်ပေါ်လာသော သံယောဇဉ်ကိုလဲ သိရမည်။"

ဒီမျက်စိပေါက် သံယောဇဉ်ဖြစ်ပုံအတိုင်းဘဲ ကျန်တဲ့ နားနှင့်အသံ၊ နှာခေါင်းနှင့်အနံ့၊ လျှာနှင့်အရသာ၊ ကိုယ်နှင့်တွေ့ထိစရာ၊ စိတ်နှင့်တွေးစရာများကို အကြောင်းပြုပြီးတော့လဲ သံယောဇဉ်တွေ ဖြစ်ကြပါသေးတယ်။ အဲဒီဘုရားဟော သုတ်က ပါဠိတွေကိုတော့ မရွတ်ဆိုတော့ပါဘူး။ ဒါတွေကို ထောက်ပြီးတော့ သံယောဇဉ်ဖြစ်ရာ ဌာနတွေဟာ ဘာတွေလဲဆိုယင် မျက်စိ၊ နား၊ နှာ၊ လျှာ၊ ကိုယ်၊ စိတ်ဆိုတဲ့ ဒွါရခြောက်ပါးတွေပါဘဲ။ ဒါလောက်ဆိုယင် သံယောဇဉ်ဆိုတာ ဒွါရနှင့် အာရုံဆုံတဲ့အခါ ဒွါရခြောက်ပါး အသီးသီးမှာ ဖြစ်ပေါ်တယ်လို့ သိသာထင်ရှားပါပြီ။

## သံယောဇဉ်ဖြစ်ကြောင်း

ပြီးတော့ သံယောဇဉ်ဖြစ်ပေါ်ကြောင်းကိုလဲ သိဖို့အရေးကြီးပါတယ်။ သံယောဇဉ်များဟာ ဘာ့ကြောင့် ဘယ်လိုဖြစ်သလဲဆိုတာပါဘဲ။

ဟုတ်တယ်၊ကြိုးဥပမာကိုပြန်ဆက်ရယင် ကြိုးချည်ရာနေရာကို ယခုဘောပြလို့သိရပါပြီ။ ဘာ့ကြောင့် ဘယ်သို့ချည်သလဲဆိုတာကိုပါသိဦးမှ ဖြစ်မယ်၊ ဒါမှလဲ ဖြုတ်လို့ဖြေလို့ရနိုင်မယ်။

နောက်တနည်း ဆေးဥပမာကို ပြန်ဆက်ရယင်လဲ ရောဂါဖြစ်ရာနေရာဌာနကိုတော့ သိပါပြီ။ အနာလုံး အနာဝပေါ်ရာ ဌာနကိုတော့ သိရပါပြီ။ ဘာ့ကြောင့် ဘယ်လိုဖြစ်သလဲဆိုတာကို ဆက်လက်ရှာဖွေရပေဦးမယ်၊ ဘာရောဂါ ဘာအနာလဲ ဆိုတာကိုပါ သိဖို့လိုပါသေးတယ်။

"အနာမသိ ဆေးမျှ၊ အနာသိမှ ဆေးရှိတယ်"လို့ ဆေးသမားစကားပုံရှိတယ်။ ဒီရောဂါ ဒီအနာဟာ အပူလွန်ကဲလို့ဖြစ်တဲ့အပူနာလား၊ အပူရောဂါလား။ အအေးလွန်ကဲလို့ဖြစ်တဲ့ အအေးနာလား၊ အအေးရောဂါလားဆိုတာလဲ သိရလိမ့်ဦးမယ်။ အပူနာ အပူရောဂါ ဆိုယင်လဲ အပူငြိမ်းဆေးကို လိမ်းရ၊ ကျွေးရလိမ့်မယ်။ အအေးနာ၊ အအေးရောဂါ ဆိုယင်လဲ အေးလွင့်ပူလွင့် ဆေးသင့်ရာဆေးများကို လိမ်းရ၊ ကျွေးရလိမ့်မယ်။ ဒါမှသာ ဒီအနာ ဒီရောဂါတွေ ပျောက်ကင်းနိုင်မယ်။ ကျန်းမာချမ်းသာခြင်းကို ရနိုင်မယ်။

တနည်းအားဖြင့်လဲ သံယောဇဉ်အပင်ကြီးကို လှဲချင်ယင် သံယောဇဉ်ရင်းမြစ်ကိုပါ လှဲပစ်၊ တူးပစ်ရလိမ့်မယ်။ ဒါမှ အကုန်ရှင်းပြတ်မယ်။ အကိုင်းအခက် အရွက်မျှကိုသာ ဖြတ်တောက်ခုတ်ထစ်နေရုံနဲ့တော့ မလုံလောက်ပေဘူး။ မိုးနှင့်ရေနှင့် အဆင်သင့်တဲ့အခါ အတက်ပေါက်လာလိမ့်မယ်။ အမြစ်ရင်းကိုပါ ခုတ်ထွင်ရှင်းလင်းမှဖြစ်မယ်။အမြစ်ရင်းကနေ ခုတ်ထွင်ရှင်းလင်းဖို့ရာက ယိုရင်းဘဲ။ ဒါကြောင့် အရင်းလဲယင် အဖျားကင်းဖြစ်ဟု မြန်မာ့စကားပုံ ရှိနေပါတယ်။

သံယောဇဉ်ဖြစ်ကြောင်းကိုမသိပါဘဲ သံယောဇဉ်ရဲ့အာရုံအကျိုးတရားဖြစ်တဲ့ သားသမီး မယားဇနီး ခင်ပွန်း ဆွေမျိုး ပစ္စည်းမျိုးမျှကိုသာ ပယ်ဖြတ်မယ်ဆိုယင် ပွင့်သီး ရွက်ခက်မျှကိုသာ ပယ်ဖြတ်သလိုဖြစ်နေမယ်။ မပြီးပြတ်သေးဘူး။ ယခုခက်ရှိကိုစွန့်ပြီးယင် နောက်ထပ်အတက်

ပေါက် အသစ်သံယောဇဉ် တွယ်စရာတွေနှင့်တွေ့ယင် သံယောဇဉ်ကြိုးမျှင်တွေ ရစ်ပတ်ချည်နှောင်ပြန်ဦးမယ်။ သံယောဇဉ်ပွင့်သီးတွေ အရွက်အခက်တွေ ဝေဆာလာပြန်ဦးမယ်။ အယင်ဟာထက် နောက်ဟာဆိုး ဆိုတာလိုဖြစ်ဦးမှာဘဲ။ ဇာတ်တော်တွေထဲမှာ တွေ့ရတဲ့ ရှေးကရှင်ဘုရင်တွေဟာ ထီးနန်းစည်းစိမ်များကို စွန့်ခဲ့ပြီးမှ ချဉ်ဆားမှဲ့ဝဲလိုတဲ့ ရသတဏှာ ကာမရာဂသံယောဇဉ်ကြိုးတမျှင်ကြောင့် မြို့ရွာကို ချဉ်းကပ်ယင်း ဝိသဘာဂအာရုံ အမျိုးသမီးတို့ရဲ့ အတွင်းသားကို မြင်ရတာနဲ့ ရပြီးစျာန်ကလေးပင် လျှောကျ ပျက်စီးကြရတဲ့ သာဓကအချို့ကိုသာ ကြည့်ကြပေတော့။

ဒါကြောင့် အကျိုးသံယောဇဉ်၊ တနည်းသံယောဇဉ်၏ အာရုံသားလင် ဇနီးပစ္စည်းတွေကိုသာ ပယ်စွန့်သတ်ဖြတ်နေရုံနဲ့ မပြီးသေးဘူး။ အကြောင်းရင်းမြစ်ကိုပါ ဖြတ်ပယ်နိုင်ဖို့ အရေးကြီးပါတယ်။

ဒါကြောင့်လဲ "ဖြစ်ရာဖြစ်ကြောင်း၊ ပယ်ငြိမ်းကြောင်း၊ ဤကြောင်းလေးရပ် မှတ်စရာ"လို့ ဆိုခဲ့ပါတာဘဲ။ အဲဒီ အကြောင်းလေးရပ်ထဲက သံယောဇဉ်ဖြစ်ရာဌာန ဒွါရခြောက်ပါးဆိုတာကို သိထားကြပါပြီ။ သံယောဇဉ်ဖြစ်ကြောင်းကို သိဖို့ အရေးကြီးတယ်ဆိုတာကို ယခု ဥပမာ ဥပမေယျတွေနဲ့ ပြောနေတာပါဘဲ။ ဒါလောက်ဆိုယင် သံယောဇဉ်ဖြစ်ကြောင်းကို သိဖို့ရာ အရေးကြီးတယ်ဆိုတာ သိသာ ထင်ရှားလှပါပြီ။

ဒါကြောင့် သံယောဇဉ်ဖြစ်ကြောင်းတရားကို မြတ်စွာဘုရားရှင်က ဒီလို ထုတ်ဖော်မိန့်ကြားတော်မူသွားပါတယ်။

ယထာ စ အနုပ္ပန္နဿ သံယောဇနဿ ဥပ္ပါဒေါ ဟောတိ၊ တဉ္စ ပဇာနာတိ။ စ၊ ထို့ပြင်လည်း။ အနုပ္ပန္နဿသံယောဇနဿ၊ မဖြစ်သေးသော သံယောဇဉ်၏။ ဥပ္ပါဒေါ၊ ဖြစ်ပေါ်လာခြင်းသည်။ ယထာ၊ အယောနိသောမနသိကာရ ဟူသော အကြင် အကြောင်းကြောင့်။ ဟောတိ၊ ဖြစ်၏။ တဉ္စ၊ အယောနိသောမနသိကာရဟူသော ထိုအကြောင်းကိုလည်း။ ပဇာနာတိ၊ သိ၏။

ဒီပါဠိတော်အရ မဖြစ်သေးတဲ့သံယောဇဉ်ရဲ့ ဖြစ်ပေါ်မှုဟာ အယောနိသောမနသိကာရကြောင့် ဖြစ်ရပါတယ်တဲ့။ အယောနိသောမနသိကာရဆိုတာဟာ ပါဠိစကားပါဘဲ။ ယခုခေတ် မြန်မာပရိသတ်တွေက

တော့ ပါဠိနဲ့ အဓိပ္ပာယ်ကလေး ဝေးနေကြတယ်။ မင်္ဂလသုတ် ပါဠိကို တောင် ရသူနဲ့နေပါပြီ။ ဘုန်းကြီးကျောင်းထွက် ဖြစ်တဲ့ ရှေးလူတွေက တော့ ပါဠိနဲ့ နီးစပ်ခဲ့ကြတယ်။ ရှေးဖိုးဖွားမိဖလက်ထက်တုန်းက ဆွေမျိုး တော်စပ်ခဲ့ကြပေမဲ့ ယခုအခါ ပါဠိနဲ့ အနေဝေးနေကြတဲ့ ဒို့တရားနာ ပရိသတ်တွေကို ဘုန်းကြီးက ဆွေမျိုးပြန်စပ်ပေးရဦးမယ်။

ယောနိသော-ဆိုတာက နည်းမှန်လမ်းမှန်အတိုင်း။ မနသိ-ဆိုတာ က စိတ်ထဲမှာ။ကာရ-ဆိုတာက ထားတာ။ အ-ဆိုတာက မရှိတာ။ ပေါင်း လိုက်ယင် အယောနိသော မနသိကာရ နည်းမှန်လမ်းမှန်အတိုင်း စိတ်ထဲ မှာ မထားဘူးလို့ အဓိပ္ပာယ်ရပါတယ်။

ဒါ့ကြောင့် ဘာ့ကြောင့် သံယောဇဉ်ဖြစ်သလဲလို့မေးယင် "လမ်း မှန်အတိုင်း စိတ်ထဲမှာ မထားလို့ သံယောဇဉ်ဖြစ်ပါတယ်"လို့ ဖြေရပေ လိမ့်မယ်"

ကဲ....ဒို့ တရားနာပရိသတ်ကို ယခုဘုန်းကြီးက အစမ်းမေး ကြည့် ပါမယ်။သံယောဇဉ် ဘာ့ကြောင့် ဖြစ်ပါသလဲ ပရိသတ်များ။ (လမ်းမှန် အတိုင်း စိတ်ထဲမှာ မထားလို့ သံယောဇဉ် ဖြစ်ပါတယ်ဘုရား)။

ဟုတ်ပြီ၊ ဒီစကားလုံးတွေနဲ့ ဖြေကြားရတာ များနေသေးယင်လဲ အရပ်သုံးစကားနဲ့ "နှလုံးသွင်းမှားလို့ သံယောဇဉ်ဖြစ်တယ်"လို့လဲ ဖြေ ကြားနိုင်ပါတယ်။

မဟာသတိပဋ္ဌာန် ဝိပဿနာ တရားအလုပ်ကို အားထုတ်နေတဲ့ ယောဂီပုဂ္ဂိုလ်များရဲ့ဝေါဟာရနဲ့ပြောရယင်"အမှတ်လွတ်လို့ သံယောဇဉ် ဖြစ်တယ်"လို့လဲ ပြောနိုင်ပါတယ်။ ယောဂီများ ဘာ့ကြောင့်သံယော ဇဉ်ဖြစ်ပါသလဲတဲ့။ (အမှတ်လွတ်လို့ပါဘုရား)။ ဟုတ်ပြီ၊ အမှတ်လွတ်လို့ သံယောဇဉ်ဖြစ်ရတယ်။ အမှတ်အစား သတိလွတ်လို့ သံယောဇဉ်ဖြစ်တယ် လို့လဲ ဖြေနိုင်ပါတယ်။ သတိနှင့် အမှတ်ဟာ အတူတူပါဘဲ။

ဘာတွေကို အမှတ်သတိမပြုမိလို့ သံယောဇဉ်တွေ ဖြစ်ရတာလဲ ဆိုယင် ဒွါရနှင့်အာရုံဆုံမိတိုင်း ဖြစ်ပေါ် ပျောက်ပျက်နေတဲ့ မြင်မှု ကြားမှု နံမှု စားမှု-ထိမှု-သိမှု-လို့ ဆိုတဲ့ ရုပ်နာမ်သင်္ခါရ တရားတွေကို သတိအမှတ်မပြုမိလို့ သံယောဇဉ်တွေ ဖြစ်ရပါတယ်။

ဘယ်လို အမှတ်သတိမပြုမိသလဲဆိုယင် အဲဒီ မြင်တိုင်း ကြားတိုင်း စသော်များမှာ ဖြစ်ပေါ်လာတဲ့ မြင်မှု ကြားမှုတွေစသည်ကို "မြင်တယ်၊

ကြွားတယ်”စသည်ဖြင့် မရှုမှတ်မိပဲ သတိအမှတ်တွေ လွတ်နေယင် သတိမပြုမိလို့ သိမှုကလဲ မပေါ်နိုင်ဘူးပေါ့။

မီးမထွန်းယင် မလင်းဘူး၊ မီးထွန်းယင် လင်းတယ်။ ဒီဥပမာလိုပဲ သတိမပြုယင် သိမှုကလဲ မပေါ်ဘူး၊ သတိပြုမှ သိမှုက ပေါ်တယ်။ မီးမထွန်းလို့ အလင်းရောင်တွေ မပေါ်လာယင် အမှောင်တွေ ဖုံးလွှမ်းနေသလို သတိမပြုလို့ အလင်းရောင်သိမှု မပေါ်လာယင် အမှောင်မသိမှုတွေဟာ ဖုံးလွှမ်းနေမြဲပါဘဲ။

ဘယ်လို မသိမှုတွေလဲဆိုယင် သစ္စာ ၄-ပါးတွေကို မသိမှုတွေဘဲ။ သစ္စာ ၄-ပါးဆိုတာ ဆင်းရဲအမှန်ဖြစ်တဲ့ ဒုက္ခသစ္စာ၊ ဆင်းရဲကြောင်းအမှန်ဖြစ်တဲ့ သမုဒယသစ္စာ၊ ဆင်းရဲချုပ်ငြိမ်းရာ အမှန်ဖြစ်တဲ့ နိရောဓသစ္စာ၊ ဆင်းရဲချုပ်ငြိမ်းရာသို့ ရောက်ကြောင်း လမ်းကောင်း အကျင့်မှန်ဖြစ်တဲ့ မဂ္ဂသစ္စာ-တွေပါဘဲ။

အဲဒီသစ္စာ ၄-ပါးတို့တွင် ဒုက္ခသစ္စာကို ပိုင်းခြားပြီး သိရမယ်၊ သမုဒယသစ္စာကို ပယ်ရမယ်၊ နိရောဓသစ္စာကို ဆိုက်ရောက် မျက်မှောက်ပြုရမယ်၊ မဂ္ဂသစ္စာကို ကျင့်ပွားရမယ်။

အဲဒီ သိ-ပယ်-ဆိုက်-ပွား ၄-ပါးကိစ္စ အပိုင်ရ--ရမည့် သစ္စာ ၄-ပါးတို့တွင်လဲ ယခု လောလောဆယ် တရားအားထုတ်နေတဲ့ ယောဂီတွေ အရေးတကြီးသိအောင် လုပ်ရမှာကတော့ ဒုက္ခသစ္စာကို ပိုင်းခြားသိအောင် လုပ်ရမှာဘဲ။

အဲဒီလို ဒုက္ခသစ္စာကို ရှေးဦးစွာ ပိုင်းခြားသိမြင်ယင်တော့ ကျန်တဲ့ ပယ်-ဆိုက်-ပွား သစ္စာ ၃-ပါး ကိစ္စတွေလဲ ပြီးမြောက်သွားနိုင်ပါတယ်။ လျှပ်စစ် မီးပွင့် ၄-ပွင့်ကို ခလုတ်ဘခုတည်းက ဖွင့်လိုက်ယင် အားလုံးတပြိုင်တည်း လင်းသလိုပါဘဲ။ ဒါကြောင့် ကျေးဇူးရှင် မဟာစည်ဆရာတော်ဘုရားကြီးက “ဒုက္ခမြင်ကာ၊ ကြွင်းသစ္စာ၊ မုန်စွာ သိမှုပြီး” လို့ ဆောင်ပုဒ် စီကုံးထားတော် မူပေတာဘဲ။ အဲဒါကို ယောဂီများ လိုက်ဆိုကြည့်ကြစမ်းပါဦး။

* ဒုက္ခမြင်ကာ၊ ကြွင်းသစ္စာ၊ မှန်စွာသိမှုပြီး....။

ဒါကြောင့် ယောဂီများ အရေးတကြီး ဦးစွာသိအောင် အားထုတ်ရမည့် သစ္စာက ဘာသစ္စာတဲ့တုန်း။ (ဒုက္ခသစ္စာပါ ဘုရား)။ ဟုတ်ပြီ၊ ယောဂီများ ဦးစွာသိအောင် အားထုတ်ရမည့် ဒုက္ခသစ္စာ-ဆိုတာ

လောကီဥပါဒါနက္ခန္ဓာ ထိုက်တဲ့ ဒုက္ခသစ္စာတွေပါဘဲ။ အဲဒီ တရားတွေဟာ ဒွါရနှင့် အာရုံ ဆုံမိတိုင်း ဖြစ်ပေါ် ပျောက်ပျက်နေတဲ့ တရားတွေပါဘဲ။ ဘာတွေလဲဆိုယင် စောစောကပြောခဲ့တဲ့ မြင်မှု ကြားမှု နံမှု စားမှု ထိမှု သိမှု တွေပါဘဲ။ ဒီတရားတွေဟာ ဖြစ်ပေါ် ပျောက်ပျက်လျက် အဆက်မပြတ် နှိပ်စက်နေလို့ ဆင်းရဲမှု အမှန်တရားတွေပါဘဲ။

အဲဒီ ဆင်းရဲမှု အမှန်တရား ဒုက္ခသစ္စာတရားတွေကို ဖြစ်ပေါ်ခိုက်မှာ "မြင်တယ်၊ ကြားတယ်" စသည်ဖြင့် မရှုမှတ်မိတော့ ဖြစ်ပြီးပျက်လျက် မပြတ်နှိပ်စက်နေတဲ့ တရားဘဲ၊ ဆင်းရဲဘဲ-ရယ်လို့ မသိဘူး။ အဲဒီလို ဖြစ်ခိုက် ဒုက္ခသစ္စာကို မရှုမှတ်မိလို့ မသိတာဟာ မောဟ ဝင်တာဘဲ။

အဲဒီမောဟကို သံယောဇဉ်စကားနဲ့ ပြောရယင် အဝိဇ္ဇာသံယောဇဉ်လို့ ခေါ်ပါတယ်။ အဲဒီအဝိဇ္ဇာသံယောဇဉ်ကြိုး အချည်ခံရပြီ ဆိုယင်တော့ တန္ဒယ်ငင်တော့ တစဉ်ပါ-ကိုတာလို ကျန်တဲ့ သံယောဇဉ် ၉-ပါးလုံးလဲ ထိုက်သည်အားလျော်စွာ တွေးလုံးရစ်ပတ် အထပ်ထပ် ချည်နှောင်ကြတော့တာပါဘဲ။

အဲဒီလို သံယောဇဉ် ဆယ်ပါးလုံး ရစ်ပတ်ထွေးလုံး ဖြစ်လာယင်တော့ "အမယ်ဘုတ်ရဲ့ သူ့ချည်ခင် ဘယ်သူလာလို့ ရှင်းပါမယ်"ဆိုတာလို ဖြစ်တော့တာဘဲ။ သပွတ်အူ၊ ကလိန်ချုံ၊ စာပေါင်းသိုက်-များနှင့်လဲ နှိုင်းနိုင်ပါတယ်။ အဲဒီလို သံယောဇဉ် ဗလုပ်ရှုပ်ထွေးတွေနှင့်အတူ ပဋိသန္ဓေ့၊ အိုနာ့၊ သေ-ဆင်းရဲတွေလဲ ပင်လယ်ဝေပြီး ဘဝအထွေထွေထဲမှာ ဖန်ခါခါနဲ့ သံသရာ လယ်တော့တာဘဲ။ ဆိုလည်သည့်နွား ရဟတ်ခြားလို ဖြစ်တော့တာဘဲ။

## ၃။ သံယောဇဉ်ဖြစ်လျှင် တန္ဒယ်ငင်တစဉ်ပါပုံ

အဲဒီလို ဒွါရနှင့် အာရုံဆုံတဲ့အခါ ဖြစ်ပေါ်ခိုက်မှာ မရှုမိမမှတ်မိ၊ သတိမပြုမိမှု အယောနိသော မနသိကာရ ခေါ်တဲ့ အမှတ် သတိလွတ်တော့ အသိဉာဏ်ဝိဇ္ဇာ၊အလင်းရောင်ပျောက်ပြီး မသိမှုအဝိဇ္ဇာသံယောစဉ် ဖြစ်ပုံနှင့် တန္ဒယ်ငင်တစဉ်ပါပုံ၊ သံသရာလည်ပုံများကို သိသာထင်ရှားအောင် ရှင်းပြပါဦးမယ်။

ဒီလိုရှင်းပြတဲ့အခါမှာ ကျေးဇူးရှင် မဟာစည်ဆရာတော်ဘုရားကြီးရဲ့ ဝိပဿနာအခြေခံတရားတော်ကို အခြေခံပြီး ရှင်းပြပါမယ်။

စက္ခုဒွါရခေါ်တဲ့ မျက်စိနှင့် ရူပါရုံခေါ်တဲ့အဆင်းတို့ ဆုံမိတဲ့အခါ ဥပါဒါနက္ခန္ဓာထိုက်တဲ့ ဒုက္ခသစ္စာတရားတွေ ပေါ်ရှားဖြစ်ကြတယ်။ အဲဒါတွေကို ချက်ချင်းရှုမှတ်ယင် ဝိပဿနာဉာဏ် ဖြစ်တယ်၊ ဆင်းရဲကို ဆင်းရဲမှန်း သိတယ်။ သိယင် ဝိပဿနာဉာဏ်တွေ အစဉ်တိုင်းပေါ်ပြီး မဂ်ဉာဏ်, ဖိုလ်ဉာဏ်တွေရယင် ဆိုင်ရာမဂ်ဉာဏ်များက သံယောဇဉ်များကို အပြီးသတ် ပယ်ဖြတ်မယ်၊ ပယ်ဖြတ်ယင် သံယောဇဉ်ပြတ်သလို သံသရာဒုက္ခတွေလည်း ကင်းပြတ်သွားနိုင်တယ်။ အဲဒီအကြောင်းတွေကိုတော့ နောက်ပိုင်း သူ့ကဏ္ဍရောက်တော့ ပြောပြပါမယ်၊ ယခုတော့ မရှုမှတ်မိလို့ သံယောဇဉ်တွေ တန္ဓယ်ငင်တစဉ်ပါပုံကို ပြောရမှာဖြစ်ပါတယ်။

## ဝီထိစိတ်ဖြစ်စဉ်

အဆင်းကိုမြင်ရာမှာ ဝီထိစိတ် ဖြစ်ရိုးဖြစ်စဉ်က လိုရှိပါတယ်၊ ပထမထင်ပေါ်လာတဲ့ အဆင်းကိုမြင်တယ်။ အဲဒါကို မြင်ဝီထိလို့ မှတ်ထားပါ။

ပြီးတော့ အဲဒီမြင်ပြီး အဆင်းကို ပြန်လည်ဆင်ခြင်တယ်၊ အဲဒါကို ဆင်ခြင်ဝီထိ-လို့ မှတ်ထားပါ။

ပြီးတော့ မြင်ရတဲ့အဆင်းတွေကို ပေါင်းစပ်, ပေါင်းစပ်ပြီးတော့ ပုံသဏ္ဍာန်အထည် ဒြပ်အနေနဲ့ မြင်သွားတယ်၊ အဲဒါကို ဒြပ်ဝီထိ- လို့ မှတ်ပါ။

ပြီးတော့မှ အမည်ပညတ်ကို သိသွားတယ်၊ အဲဒါကို အမည်ဝီထိလို့မှတ်ထားပါ။ မတွေ့ဘူးလို့ အမည်မခေါ်တတ်တဲ့ ပုဂ္ဂိုလ်ဝတ္ထုမျိုးဆိုယင်တော့ ဒီအမည်ဝီထိမဖြစ်နိုင်တော့ပါဘူး။

အဲဒီ ၄-ဝီထိထဲမှာ ပထမမြင်ဝီထိဖြစ်စဉ်ကဖြစ်ဆဲ၊ပစ္စုပ္ပန်အဆင်းပရမတ်ရုပ်ကို မြင်သိသွားတယ်၊ ဒုတိယ ဆင်ခြင်ဝီထိမှာမြင်ပြီး အတိတ်အဆင်းပရမတ်ရုပ်ကိုဘဲ ပြန်ဆင်ခြင်တယ်၊ဒီဝီထိ ၂-ခုလုံး အဆင်းပရမတ်ရုပ်ကိုချည်း အာရုံပြုကြတယ်၊ ပညတ်ကိုမရောက်ကြသေးဘူး၊ လူ့တာကတော့ ပစ္စုပ္ပန်နှင့်အတိတ်၊ ဒါလောက်ဘဲကွဲခြားတယ်၊ ပရမတ်အာရုံချင်းကတော့ အတူတူပါဘဲ။

တတိယဒြဗ်ဝီထိကျတော့ ပုံသဏ္ဌာန် အထည်ဒြဗ်အမည်ပညတ်ကို ရောက်သွားပြီ၊ စတုတ္ထအမည် ဝီထိကျတော့ အမည် ပညတ်ကိုတောင် ရောက်သွားတယ်။ ဒီကနောက်ဆက်ဖြစ်တဲ့ ဝီထိတွေကျတော့ အဲဒီအထည် ဒြဗ်အမည်ပညတ်တွေနှင့် စပ်ဆိုင်တဲ့ ပညတ်အမျိုးမျိုးတွေကို ရောက်သွား တယ်၊ ဒီစိတ်အစဉ်တွေက ဝိပဿနာမရှုသူတို့မှာ ဖြစ်ရိုး ဖြစ်စဉ်တွေဘဲ၊ ဒီအစဉ်တွေကို တိုတိုနှင့်မှတ်ဖို့ ဆောင်ပုဒ်ကတော့....

ဣ ထင်ဆဲဆင်းဓာတ်- မြင်လတ်စစွာ၊
မြင်ပြီးတရား- စဉ်းစားပြန်ရာ၊
သဏ္ဌာန်ဒြဗ်- ပညတ်ပေါ်ကာ၊
မည်နာမ- သိရနောက်ဆုံးမှာ။

အဲဒါကို တပုဒ်ခြင်းဆိုကြရမယ်၊ "ထင်ဆဲဆင်းဓာတ် မြင်လတ် စစွာ" (ဆိုပါ)။

ထင်ပေါ်လာဆဲဖြစ်တဲ့ အဆင်းရူပါရုံကို ရှေ့ဦးစွာမြင်ပါတယ်၊ အဲဒါကို မြင်ဝီထိလို့ ခုဟင်က အမည်ပေးခဲ့တယ်၊ အဲဒီ မြင်ဝီထိစိတ်အစဉ် ထဲမှာ စိတ်အကြိမ်ပေါင်း ၁၄-ကြိမ်ပါဝင်တယ်၊ အဲဒါတွေကိုလည်း တိုတိုနှင့်မှတ်နိုင်အောင် ကျေးဇူးရှင် မဟာစည် ဆရာတော်ဘုရားကြီးက ဆောင်ပုဒ်ကလေးတွေ စီထားပါတယ်၊ မဟာစည် ယောဂီများကတော့ နှုတ်တက်အလွတ်တောင် ရနေကြပါလိမ့်မယ်။

၁။ ဘဝင်ဆင်ခြင်၊ မြင်ပြီးလျှင်၊ ထို့ပြင်လက်ခံကုံ။
၂။ စုံစမ်းဆုံးဖြတ်၊ ဇောစိတ်သတ်၊ ၂-ချပ်တဒါရုံ။
၃။ အဆင်းမြင်လျှင်၊ ဖြစ်ရိုးပင်၊ စိတ်စဉ်မှတ်ပါကုန်။
၄။ ကြားနံ စားထိ၊ မြင်တူ၏၊ မှတ်ဘိစိတ်ဖြစ်ပုံ။

ပထမဆောင်ပုဒ်ထဲက ဘဝင်ဆိုတာ ပဋိသန္ဓေစိတ်နှင့် မျိုးတူပါ ဘဲ၊မြင်တဲ့စိတ်၊ ကြားတဲ့စိတ်၊ ကြံသိတဲ့စိတ်၊ ဒီလိုအသိစိတ်တွေ မရှိခိုက်မှာ ဒီဘဝင်စိတ်ချည်း မပြတ်ဖြစ်နေတဲ့ အိပ်မောကျနေတဲ့အခါ ဒီဘဝင်စိတ် ချည်းသန့်သန့်ဖြစ်နေတယ်။ မြင်စရာ စသည် ပေါ်လာတဲ့အခါမှာ အဲဒီ ဘဝင်စိတ်အစဉ်က ရပ်တံ့သွားတယ်၊ မြင်သိတဲ့စိတ် စသည်က ဖြစ်ပေါ် လာပါတယ်။

ဒါကြောင့် ဘဝင်စိတ် အစဉ်ဖြစ်နေဆဲမှာ မျက်စိထဲ အဆင်းထင်လာယင် အဲဒီဘဝင်စိတ် အစဉ်က ရပ်စဲ ပြီးတော့ မျက်စိထဲ ကျလာတဲ့ အဆင်းကို နှလုံးသွင်း ဆင်ခြင်တဲ့ စိတ် ဖြစ်ပေါ်လာတယ်။ အဲဒီစိတ်ချုပ်သွားတော့ မြင်တဲ့စိတ် ဖြစ်ပေါ်လာတယ်။ အဲဒါပြီးတော့ မြင်ရတဲ့အာရုံကို လက်ခံနှလုံးသွင်းတဲ့စိတ် ဖြစ်ပေါ်လာတယ်။ အဲဒါပြီးတော့ မြင်ရတဲ့အဆင်းကို စုံစမ်းတဲ့ စိတ် ဖြစ်ပေါ်လာတယ်။ အဲဒါပြီးတော့ မြင်ရတာကလေးကို "ကောင်းတယ်, မကောင်းဘူး" စသည်ဖြင့် ပိုင်းခြားဆုံးဖြတ်တဲ့ စိတ် ဖြစ်ပေါ်လာတယ်၊ အဲဒါပြီးတော့ အဲဒီဆုံးဖြတ်ချက် အားလျော်စွာ ကုသိုလ်,အကုသိုလ်ဇောစိတ်တွေ ပြင်းထန်သောအဟုန်နဲ့ ခုနစ်ကြိမ်တိုင်တိုင် ထပ်ခါထပ်ခါဖြစ်ပေါ်ကြတယ်။ အဲဒါကို ဆောင်ပုဒ်မှာ "ဇောစိတ်သတ်"လို့ ဆိုထားတယ်။ "သတ်"ဆိုတာ ပါဠိလို သတ္တ-ပုဒ်မှ ဖြစ်လာတဲ့ ပါဠိသက် မြန်မာစကားဘဲ။ ခုနစ်ခု- လို့ ဆိုလိုပါတယ်။

အဲဒီဇောစိတ်တွေဆုံးသွားတော့ သူတို့ရဲ့အာရုံကိုဘဲ နောက်ရောင်ခံလိုက်ပြီး အာရုံပြုတဲ့စိတ် ၂-ကြိမ် ဖြစ်ပေါ် လာပြန်တယ်၊ အဲဒါကို တဒါရုံစိတ်လို့ ခေါ်တယ်။ အဲဒီတဒါရုံစိတ် နှစ်ခါဖြစ်ပြီးသွားတဲ့ အခါ အိပ်မောကျသလိုဘဲ ဘဝင်စိတ်တွေ ပြန်ပေါ်လာပြန်တယ်၊ အဲဒီမှာ ဆင်ခြင်တဲ့ စိတ်ကစပြီးတော့ တဒါရုံတိုင်အောင် စိတ် ၁၄-ကြိမ်ရှိတယ်၊ ဒါတွေအားလုံးကို မြင်တဲ့စိတ်တခုတည်းအနေနှင့်သာ ထင်ရှားတွေ့နိုင်ပါတယ်၊ အဲဒါဟာ မြင်ဝီထိထင်ရှားဖြစ်ပုံပါဘဲ။

ဝိပဿနာရှုမှု အားကြီးလာတဲ့အခါမှာ ဒီမြင်ဝီထိနောင် ဘဝင်စိတ်များဖြစ်ပြီးတဲ့နောက်မှာ "မြင်တယ်"လို့ ပြန်ပြီးရှုတဲ့ ဝိပဿနာစိတ် ဖြစ်ပေါ်လာတယ်။အဲဒီလို ချက်ချင်းရှုနိုင်အောင် အားထုတ်ရတယ်၊ဒီလိုရှုနိုင်ယင် မြင်တုန်းမြင်ဆဲမှာ၊ ဖြစ်တုန်းဖြစ်ဆဲမှာ ရှုမြင်ရသလိုဘဲ၊ယောဂီရဲ့ဉာဏ်ထဲမှာထင်ရတယ်။ ဒါကြောင့် ဒီလိုရှုတာကိုပင် "ပစ္စုပ္ပန်" ကိုရှုတယ်လို့ သုတ္တန်ဒေသနာတော်တွေမှာ ဟောထားပါတယ်။

ဒီလိုပစ္စုပ္ပန်ကျအောင် မရှုနိုင်ယင်တော့ ဘဝင်ကထ,ပြီး ဆင်ခြင်ဝီထိဖြစ်ပေါ်လာတယ်၊ အဲဒီဝီထိစိတ်စဉ်ကတော့ ခုနင်က မြင်ခဲ့တာကို ပြန်ဆင်ခြင်တဲ့အနေနဲ့ ဖြစ်လာတယ်။ အဲဒီမှာ ပါဝင်တဲ့စိတ်တွေကတော့ ဆင်ခြင်တဲ့စိတ်ကတကြိမ်၊ ဇောစိတ်ကခုနစ်ကြိမ်၊ တဒါရုံစိတ်ကနှစ်ကြိမ်၊ အားလုံးပေါင်း (၁၀) ကြိမ် ပါဝင်ပါတယ်။ အဲဒီ စိတ်စဉ်အတွက် ဆောင်ပုဒ်ကတော့....

* ဆင်ခြင်ပြီးခါ၊ ဇောကဒါ၊ ကျန်ရာစိတ်ဖြစ်ပုံ-တဲ့။

မနောဒွါရက စိတ်ကို စဉ်းစားကြံစည်တိုင်း ရှုမှတ်ဆင်ခြင်တိုင်း ဒီစိတ် ၃ မျိုး အကြိမ်အားဖြင့် ၁၀ ကြိမ်ဟာ ဖြစ်ရိုးဖြစ်စဉ်ဘဲ၊ဒါပေမဲ့ ယောဂီရဲ့ ဉာဏ်ထဲမှာတော့ စိတ်တကြိမ်တည်း အနေနှင့်သာ ထင်မြင်နိုင်ပါတယ်။ ဒီလိုကစိတ်လုံးကိုစိတ်တကြိမ်တည်း၊ တကြိမ်တည်းအနေနဲ့ ထင်မြင်တာ သိတာဟာ သင်္ခါရုပေက္ခာဉာဏ်အရာမှာ ဖြအိုယားတဲ့ ပဋိသမ္ဘိဒါမဂ်-ဝိသုဒ္ဓိမဂ်တို့နှင့် ညီညွတ်ပါတယ်။ ယခုပြောခဲ့တဲ့ ဆင်ခြင် ဝိထိစိတ်ရဲ့အခြားမဲ့မှာ ရှုနိုင်ယင်လဲ ပညာတ်ဟိုမရောက်ဘဲ ပရမတ်အဆင်း ရုပ်တွင် တည်တန့်နိုင်ပါသေးတယ်။ အားထုတ်ခါစ ပုဂ္ဂိုလ်မှာတော့ ဒီလို တည်တံ့ဘို့ရာဟာ မလွယ်လှသေးပါဘူး။

အဲဒီ ဆင်ခြင်ဝိထိကိုကျော်ပြီး ပရှုနိုင်ယင်တော့ ဒွိဗိဝိထိ အမည်ဝိထိတွေကို ရောက်သွားပါရော၊ အဲဒီအခါကျတော့ ရဲ့သမ်းမှုတွေလည်း ဝင်ရောက်လာကြတော့တာဘဲ၊ အဲဒီလို ရဲ့သမ်းပြီးမှတော့ ဝိပဿနာ ရှုပေမယ်လို့ မလာအတွက်အလုပ်က မပျောက်တော့ဘူး၊ ဒါကြောင့် အဲဒီပညတ်ရဲ့သမ်းမှုတွေ မပေါ်ယင် ရှုနိုင်အောင်လို့ "မြင်ပြီးလျှင် ရှုံးခြင်း-လက်ငင်းရှုရမည်" လို့ ညွှန်ကြားရတာဘဲ- ထဲ.. ဖြစ်စဉ်ဆောင်ပုဒ်ကို ဆိုကြရမယ်။

* ဟင်သဲဆင်းတတ်-မြင်လတ်စစွာ (ဆိုပါ)။ (ဒါက စက္ခုဒွါရ ဝိထိ=မြင်ဝိထိ ဖြစ်ပုံဘဲ)။ မြင်ပြီး တရေး-စဉ်းစားပြန်ရာ (ဆိုပါ)။(ဒါက တဒန္ဝတ္တကမနော ဒွါရဝိထိ ဆင်ခြင်ဝိထိ ဖြစ်ပုံဘဲ)။ သဏ္ဌာန် ဖြစ်ပညတ်ပေါ်ကာ(ဆိုပါ)။ မည်နာမ-သိရ နောက်ဆုံးမှာ(ဆိုပါ)။

ဒီ ၂-ပိုဒ်ကတော့ ဒြဗ်ဝိထိ-အမည် ဝိထိ ၂-ခု ဖြစ်ပုံတွေပါဘဲ။ ဒါတွေကိုလဲ တဒန္ဝတ္တက မနောဒွါရဝိထိတွေ-လို့ဘဲ ခေါ်ရပါတယ်။ မြင်တဲ့ ဝိထိနောက်က အစဉ်လိုက်ပြီးဖြစ်တဲ့ စိတ်အစဉ်တွေ-လို့ ဆိုလိုပါတယ်။

ကြားရာ, နံရာ, စားသိရာ, ထိသိရာတွေမှာလဲ မြင်ရာမှာလိုဘဲ ဝိထိစိတ်စဉ်တွေ ဖြစ်သွားပါတယ်။ ထူးခြားတာကတော့ "ဘဝင်, ဆင်ခြင်၊ မြင်ပြီးလျှင်" ဆိုရာမှာ "ဘဝင်, ဆင်ခြင်၊ ကြားပြီးလျှင်" စသည်ဖြင့် ပြင်ပြီးယူရမယ်။ ပြီးတော့- "မြင်လတ်စစွာ"၊ "မြင်ပြီးတရေး" လို့ ဆိုရာတွေမှာလဲ "ကြားလတ်စစွာ"၊ "ကြားပြီးတရေး" စသည်ဖြင့် ပြင်ပြီးယူရမယ်။

ပြီးတော့ စကားသံကို ကြားရာမှာ အမည်ပညတ်က အယင်ပေါ်တယ်။ အနက်ဒြဗ်က နောက်မှ ပေါ်တယ်။ ဒါကြောင့် အဲဒီစကားသံကို ကြားရာမှာ တတိယနှင့် စတုတ္ထအပိုဒ်များကို "အမည်ပညတ်ပေါ်လတ်ပြီးခါ၊ အနက်ဒြဗ် သိလတ်ခနောက်ဆုံးမှာ"လို့ ရှေ့နောက် ပြန်ပြီး ယူရမယ်။ ဒါလောက်ဘဲ ထူးခြားပါဘယ်။ ဒါကြောင့်....

* ကြား, နံ့, စား, ထိ၊ မြင်တူ၏၊ မှတ်ဘိ စိတ်ဖြစ်ပုံ-လို့ဆောင်ပုဒ်မှာ ညွှန်ပြထားခဲ့တယ်။ ဒါကြောင့် အဲဒီ ကြားရာ စသည်မှာလဲ ကြားပြီးလျှင် ကြားပြီးချင်း၊ နံ့ပြီးလျှင် ပြီးချင်း၊ စားသိပြီးလျှင်ပြီးချင်း၊ ထိသိပြီးလျှင်ပြီးချင်း-လက်ငင်းဘဲ ရှု-ရှု သွားရမယ်။

မနောဒွါရဖြင့် စိတ်ကူးကြံစည်မိရာမှာလဲ ချက်ချင်း မရှုမှတ်မိလျှင် အဲဒီစိတ်ကူးနောက် လိုက်ပြီး စဉ်းစားဆင်ခြင်တဲ့ အနုဝတ္တက ဝီထိတွေ (နောက်လိုက်စိတ်အစဉ်တွေ) တသီတတန်းကြီး ဖြစ်ပေါ်လာမယ်။ ဒါကြောင့် အဲဒီနောက်လိုက် ကြံစည်မှုတွေ မဖြစ်ရအောင် အဲဒီကြံသိရာမှာလဲ ချက်ချင်းဘဲ ရှုမှတ်-ရှုမှတ် သွားရမယ်။ မရှုနိုင်ယင်တော့-အယောနိသောမနသိကာရ-အမှတ်လွတ်ပြီး မသိမှုမောဟ-အဝိဇ္ဇာသံယောဇဉ်မှ စပြီး စွဲသမ်းမှုတွေ တသီကြီး ချည်နှောင်ရစ်ပတ်လာကြတော့တာဘဲ။

## မရှုမှတ်ဘဲနဲ့-ကျားနဲ့မ မြင်ကြတဲ့ အခါ

မြင်တာကို မြင်တယ်-လို့ မရှုမှတ်မိ-လို့ သံယောဇဉ် ၁၀-ပါးဖြစ်ရပုံကို ပြောယင်းနဲ့ အခြား ကြားတာ, နံ့တာ စသည်မှာလဲ နည်းတူဘဲ-လို့ ညွှန်းနေရလို့ စကားဆက်ဝေးသွားတယ်။ မျက်စိပေါက်မှ သံယောဇဉ် ၁၀ ပါး ဖြစ်ရပုံကို ပြန်ဆက်ကြဦးစို့။

နမူနာတခုကို ပြောရယင် နှစ်သက်ဖွယ် အမျိုးသားနှင့် အမျိုးသမီး အချင်းချင်းရှုမှတ်မှုမရှိဘဲ မြင်ကြတဲ့အခါ ရှေးဦးစွာ မြင်ဝီထိဖြစ်တယ်။ အဲဒါကို မြင်တယ်-လို့ မရှုမှတ်မိဘူး။ ဒီတော့ သူတို့ရဲ့ မြင်ဝီထိစိတ်မှာ လော်ဘဇောနှင့် တဒါရုံတွေကျတယ်။ ဒီနောက် ဘဝင်စိတ်တွေ ဖြစ်တယ်။ ပီးတော့ ခုနင်က မြင်တာ ဘာလဲ-လို့ ဆင်ခြင်တဲ့ ဝီထိစိတ်နှင့် လောဘဇော တဒါရုံ ဝီထိစိတ်တွေဖြစ်ရတယ်။ ဒီနောက် ဖြစ်သင့်သလောက် ဘဝင်စိတ်တွေလဲ ဖြစ်သေးတယ်။ အဲဒါကိုလဲ မရှုမှတ်မိပြန်ဘူး။ ဒါကြောင့် သဏ္ဌာန်ဒြဗ်ဝီထိတွေ ဆက်ဖြစ်ပြန်တယ်။

ဖြစ်ပုံကတော့ မျက်လုံးလေးက သောက်ရှူးကြယ်လို လှတယ်။ သွားကလေးတွေက ပုလဲသွယ်အတူ ကြည့်ကောင်းတယ်။ ဆံကေသာ ပိတုံးရောင်ကို ထုံးနှောင်ထားပုံက ကယုကယင်နဲ့ နွဲ့ယဉ်တယ်။ ကော့မျက်တောင် ကြော့ရရော့နဲ့ မျက်လုံးများက ရှုပမာ စွဲစရာကောင်းတယ်။ ကိုယ်နေဟန်ထားက ငါးရံ့ကိုယ်မို့ ရှုမဝနိုင်ဘူး စသည်ဖြင့် စွဲလမ်းထင်မှားတယ်။

ပြီးတော့ ဒီလို ပုံပန်းသဏ္ဌာန်ရှိသူကို မောင်ဖြူခေါ်တယ်၊ မိနီခေါ်တယ်-လို့ နာမည်တွေကိုလဲ သိသွားကြတယ်။ ဒါကတော့ ရှေးတုန်းက နာမည်တွေပါ။ ယခုခေတ် နာမည်တွေဆိုယင်တော့ မောင်ခင်မောင် သက်ချိုဦးခေါ်တယ်၊ မာမာလွင်အေးခိုင်ခေါ်တယ်=စသည်ဖြင့် သိသွားကြမှာပါဘဲ။ ဒါတွေဟာ မြင်စိတ်၊ ဆင်ခြင်စိတ် ဖြစ်ခိုက်မှာ မြင်တယ်လို့ မရှုသိုက်မိလို့ မောဟအဝိဇ္ဇာသံယောဇဉ်ကြိုးချည်ကာ သူငါထင်တဲ့ ဒိဋ္ဌိသံယောဇဉ်ကြိုးပါ ချည်တုပ်လာပုံဘဲ။ ဒီကရှေ့ရှောက် ကာမရာဂ သံယောဇဉ်ကြိုး စသည်တွေချည်ပုံကို ဆက်ပြောရမယ်။

ဒီလို မြင်သိမိတော့ ဒါလေးတွေကို မြဲတယ်, ကောင်းတယ်, လှတယ် စသည်ဖြင့် နှစ်သက်တွယ်တာလာတယ်။ အဲဒီ အာရုံလေးတွေကို မိမိတို့ရဲ့ စိတ်အာရုံတွင်းသွင်းပြီး သိမ်းပိုက်ထားတယ်။ ဒါလေးတွေကို အကြိမ်ကြိမ်အဖန်ဖန် မြင်ယောင်နေတယ်။

ဥပမာအားဖြင့် ဓာတ်ပုံရိုက်ထားတဲ့ပုံကို အလိုရှိတိုင်းထုတ်ကြည့်နေတော့ ကြည့်တိုင်း ကြည့်တိုင်းမြင်ရတယ်။ အဲဒါလိုပါဘဲ၊ ကိုယ်သဘောကျတဲ့ ယောကျ်ား၊ မိန်းမတို့ရဲ့ အဆင်းရူပါရုံကို မိမိတို့ရဲ့မျက်စိတည်းဟူသော ကင်မရာနဲ့ ရိုက်နှိပ်ထားပြီး အာရမ္မဏာနုသယတည်းဟူသော လုံခြုံရာမှာ သိမ်းပိုက်စွဲမှတ်ထားကာ တဒနုဝတ္တက မနောဒွါရ တည်းဟူသော အကြိမ်ကြိမ် ထုတ်ကြည့်ခြင်းဖြင့် ကိလေသာ ပွားနေကြတယ်။

ဒါလေးကို စွဲမက်လာတော့ မရယင်မနေနိုင်တော့ဘူး။ ဥပါဒါန်ဖြစ်လာတဲ့သဘောဘဲ။ ဒီတော့ နေ့မလပ်ညမလပ် မပြတ်မစဲ ထပ်တလဲလဲ ပင် ကာမဝိတက်တွေ ပွားကုန်တော့တာပါဘဲ။ သွားလဲဒီစိတ်၊ စားလဲ ဒီစိတ်၊ အိပ်လဲဒီစိတ်တွေ ဖြစ်ကုန်တာပေါ့။ ဒါကြောင့် အိပ်မပျော် စားမဝင် အလကားပင် အချိန်ဖြုန်းပြီးတော့ ပိန်ချုံးညှိုးလျှ ရောဂါ

သည်ကြီးဘဝကို ရောက်သွားတော့တာပါဘဲ။ မျက်တွင်းကကျ၊ နား ထင်ကချိုင့်၊ ပါးရိုးကပေါ်လာတော့ လူစင်စစ်က မျောက်နှင့် တူလာ ရတယ်။

ဒါကြောင့် အဲဒီကိုယ်လိုချင်တာကို မရ·ရအောင် ကြံစည်ပြောဆို ပြုလုပ် အားထုတ်ရတာလဲ ဆင်းရဲတာဘဲ။ ရပြန်တော့လဲ ပြုစုလုပ်ကျွေး ရတာတွေ၊ ယိန်းသိမ်းစောင့်ရှောက်ရတာတွေကလဲ ဒုက္ခတွေ ပင်လယ် ဝေတော့တာဘဲ။ ဒါတွေနဲ့ပတ်သက်ပြီး အသက်ကိုလဲမငဲ့ညှာနိုင်၊ အရှက် ကိုလဲ မလှဲ့သာနိုင်အောင် တကယ့်တကျာအလိုဆိုးနဲ့ အမျိုးမျိုးပြုလုပ် မိလို့ ဒုစရိုက်အထွေထွေကို ကျူးလွန်မိကာ သံသရာရှည်စွာ ဒုက္ခရောက် ကြရတာ ကြောက်စရာကောင်းပါတယ်။

အဲဒီမှာ သံယောဇဉ် ၁၀ ပါးလုံး ဖြစ်ပုံကို သိသာရုံမျှ ပြောပြပါဦးမယ်။ ပြောပြတဲ့အခါ မျက်စိပေါက်မှ သံယောဇဉ်ဖြစ်ပုံကို မဟာသတိပဋ္ဌာနသုတ် အဋ္ဌကထာမှာလာတဲ့အတိုင်း ပြောပြပါမယ်။

မျက်စိနှင့်အဆင်း ဆုံတဲ့အခါ မြင်တယ်-လို့ မရှုမှတ်မိယင် အယော နိသောမနသိကာရ-ဆိုတဲ့ နှလုံးသွင်းမှားမှုဟာ သံယောဇဉ်ဖြစ်ကြောင်းနဲ့ အစဘဲ။ ဒါကို ဖြစ်စဉ်အတိုင်း အယင်ပြောပြမယ်။ ပြီးတော့မှ ဒေသနာ စဉ်အတိုင်း ပြောပြပါမယ်။

## ယောဘုယျဖြစ်စဉ် သံယောဇဉ် ၁၀ ပါး သရုပ်

၁။ အဲဒီမှာ မျက်စိနှင့်ရူပါရုံ ဆုံခိုက်မှာ မြင်တယ်-လို့ မရှုမိလို့ သတိလွတ်ကာ အမှန်ကို မသိတာက အဝိဇ္ဇာ သံယောဇဉ်။

၂။ မမြဲတာကို မြဲတယ်၊ ဆင်းရဲတာကိုချမ်းသာတယ်၊ ငါကောင် အတ္တကောင် မဟုတ်တာကို ငါကောင် အတ္တကောင်ဟုတ်တယ်၊ မတင့် တယ်တာ စက်ဆုပ်ဖွယ်ရာကို တင့်တယ်သာယာဖွယ်လို့ ထင်မှား စွဲလမ်း တာက ဒိဋ္ဌိသံယောဇဉ်။

၃။ ဒိဋ္ဌိက အမှားစွဲလမ်းမိတော့ တဏှာက သာယာနှစ်သက် စွဲလမ်းစုံမက်တယ်။ အဲဒီမှာ အာရုံငါးပါးကို စွဲလမ်း နှစ်သက်တော့ ကာမရာဂ သံယောဇဉ်။

၄။ ဘုံဘဝတွေကို သာယာနှစ်သက်တာကဘဝရာဂသံယောဇဉ်၊

၅။ ကိုယ်မြင်ချင်တာကို မမြင်ရလို့ ကိုယ်မမြင်ချင်တာကို မြင်ရလို့ စိတ်ဆိုး စိတ်ပျက်တာက ပဋိဃသံယောဇဉ်။

၆။ ငါမို့လို့ ဒါမျိုးကို မြင်ရတာဘဲ၊ ငါက သိပ်အမြင်ကောင်းတာဘဲ စသည်ဖြင့် ထောင်လွှားတာက မာန သံယောဇဉ်။

၇။ ရတနာသုံးပါး ကံ,ကံ၏အကျိုးကို ယုံမှားသံသယဖြစ်တာက ဝိစိကိစ္ဆာ သံယောဇဉ်။

၈။ သစ္စာလဲမြင် မဂ္ဂင်လဲမပါဘဲ ထင်ရာအကျင့်တခုခုကို ကျင့်ရုံမျှနဲ့ ချမ်းသာမြဲမည်လို့စွဲမှားတာက သီလဗ္ဗတပရာမာသသံယောဇဉ်။

၉။ ကိုယ့်ဆက်သာကို မနာလိုတာက ဣဿာသံယောဇဉ်။

၁၀။ ကိုယ့်လို သူများ ကောင်းစားချမ်းသာမည်ကို ဝန်တိုတာက မစ္ဆရိယသံယောဇဉ်။

အဲဒီသံယောဇဉ်တရား ၁၀ ပါးတွေဟာ လုံးထွေး ရစ်ပတ်ပြီး အထပ်ထပ်သံယောဇဉ်တွေ ဖြစ်ကုန်တော့တာပါဘဲ။ အရင်းခံကတော့ အဝိဇ္ဇာသံယောဇဉ်ပါဘဲ။ သူဖြစ်မိယင်တော့ ဒိဋ္ဌိတွေတကျာတို့မှ တဆင့်ဆိုက်သင့်သလို သံယောဇဉ်တွေ ကသီကြီး ဖြစ်ကုန်တော့တာပါဘဲ။

## သံယောဇဉ် ၁၀ ပါးနှင့် သံသရာလယ်ပုံ

အဲဒီသံယောဇဉ်ဆယ်ပါးနှင့်အတူ ဘဝသံသရာပဋိစ္စသမုပ္ပါဒ် စက်ရဟတ်လည်တော့တာပါဘဲ။ အဲဒီမှာ ပဋိသန္ဓေ, အို, နာ, သေ,အထွေထွေ ဒုက္ခတွေ ရောက်တော့တာပါဘဲ။ အဲဒီလို ပဋိစ္စသမုပ္ပါဒ် စက်ရဟတ်လည်ပုံကို သိသာရုံမျှ အကျဉ်းချုပ်ပြောပြပါဦးမည်။

ခုနင်က ပြောခဲ့တဲ့ မျက်စိနှင့်ရူပါရုံ ပေါင်းဆုံမိတဲ့အခါ ဖြစ်ပေါ်ပျောက်ပျက်နေကြတဲ့ ဒုက္ခသစ္စာထိုက်တဲ့ သင်္ခါရတရားတွေကို မြင်တဲ့အခိုက်မှာ မြင်တယ်လို့ မရှုမှတ်မိတဲ့အတွက်ကြောင့် သတိလွတ်သွားတယ်၊ အမှတ်လွတ်သွားတယ်။ ဒီတော့ ဆင်းရဲတာအမှန်ကို ဆင်းရဲမှန်းမသိတဲ့ အဝိဇ္ဇာသံယောဇဉ်ကြိုး ချည်တော့တာဘဲ။ အဲဒီအဝိဇ္ဇာသံယောဇဉ်ကြိုးကြောင့် တန္တယ်ငင် တစဉ်ပါ ထိုက်သည် အားလျော်စွာ ချည်နှောင်ကြတဲ့ သံယောဇဉ်များနှင့်အတူ ပဋိစ္စသမုပ္ပါဒ် လည်ပုံကလေးကို သိသာရုံမျှ ဘုန်းကြီးက ရှေ့က ချပို့ပေးပါမယ်။ ပရိသတ်များက နောက်က လိုက်ဆိုကြပါ။

မသိလို့ လိုချင်ပါသည်၊
လိုချင်တော့ စွဲလမ်းသည်၊
စွဲလမ်းတော့ ရအောင်လုပ်သည်၊
ရအောင်လုပ်တော့ ရသည်၊
ရတာတွေက ဆင်းရဲဖြစ်သည်၊
ဆင်းရဲကို ဆင်းရဲမှန်း မသိပြီ၊
မသိလို့ လိုချင်ပါသည်၊
လိုချင်တော့ စွဲလမ်းသည်၊
စွဲလမ်းတော့ ရအောင်လုပ်သည်၊
ရအောင်လုပ်တော့ ရသည်၊
ရတာတွေက ဆင်းရဲဖြစ်သည်၊
ဆင်းရဲကို ဆင်းရဲမှန်း မသိပြီ၊
မသိလို့ လိုချင်ပါသည်........

အဲဒါ....နေ့ရောညပါ ချပို့ပေးပေမဲ့ ဆုံးနိုင်မှာ မဟုတ်ပါဘူး။ ပဋိစ္စသမုပ္ပါဒ်စက် လည်တယ်ဆိုတာ ဂျအေး သူ့မေရိုက်သီချင်း၊ မုံ့လုံးစက္ကူကပ်သီချင်း လိုဘဲတဲ့။

ဒွါရနှင့် အာရုံဆုံတဲ့အခိုက်မှာ ဖြစ်ပေါ်ပျောက်ပျက်နေတဲ့ ဒုက္ခသစ္စာတွေကို ဖြစ်ပေါ်ပျောက်ပျက်ခိုက်မှာ မရှုမှတ်မိတော့ ဒုက္ခသစ္စာမှန်းမသိဘူး။ မသိတော့ နိစ္စ, သုခ, အတ္တ, သုဘ- ရယ်လို့ ထင်မှားစွဲလမ်းတော့တာဘဲ။ ထင်မှားစွဲလမ်းတော့ ကောင်းတယ် ထင်ပြီး လိုချင်တာပေါ့။ လိုချင်တော့ ရရာရကြောင်း ကာယကံမှု, ဝစီကံမှု, မနောကံမှုတွေကိုပြုတယ်။ အဲဒီလိုပြုတော့ ပြုတဲ့ကံအားလျော်စွာ အကုသိုလ်ပြုမိယင် အပါယ်လေးပါးဘဝတွေကိုရတယ်။ ဘဝကို အကောင်းထင်ပြီး ခင်မင်စွဲလမ်းထားတဲ့အတိုင်း တောင့်တသာယာပြီးတော့ ဝဋ်ကိုမိုတဲ့ ဝဋ္ဋနိဿိတ ဒါနကုသိုလ်၊ သီလကုသိုလ်၊ သမထဘာဝနာ ကုသိုလ်တွေကို ပြုပြန်ယင် လူ့ဘဝ, နတ်ဘဝ, ဗြဟ္မာဘဝတွေကိုရမယ်။

အဲဒီလိုရတော့ အပါယ်ဘဝရသူဟာ အပါယ်ဆင်းရဲကို တွေ့ကြုံခံစားရတယ်။ လူ့ဘဝ, နတ်ဘဝ, ဗြဟ္မာ့ဘဝ ရသူများလဲဘဲ လူဆင်းရဲ နတ်ဆင်းရဲ, ဗြဟ္မာဆင်းရဲတွေကို ရပြန်တယ်။ လူ့ဘဝရတယ်ဆိုယင် ပဋိ

သန္ဓေဆင်းရဲ၊ အိုဆင်းရဲ၊ နာဆင်းရဲ၊ သေဆင်းရဲတွေကို မချရင်ဆိုင်ရမယ်။ ဒါတွင်ဘဲလား‌တဲ့၊ ဒါတင်မကသေးပါဘူး။ စိုးရိမ်ပူဆွေး ငိုကြွေးရတဲ့ ဆင်းရဲ၊ ကိုယ်ဆင်းရဲ၊ စိတ်ဆင်းရဲ၊ ပြင်းစွာပင်ပန်းမှု ဥပါယာသဆင်းရဲ၊ ချစ်ခင်နှစ်သက် စုံမက်တဲ့ပုဂ္ဂိုလ်အာရုံတွေနှင့် ကွေကွင်းရတဲ့ဆင်းရဲ၊မချစ်ခင် မနှစ်သက် မစုံမက်တဲ့ မုန်းစရာပုဂ္ဂိုလ်အာရုံတွေနှင့် ပေါင်းဆုံယှဉ်တွဲတွေ့ကြုံရတဲ့ ဆင်းရဲ၊ကိုယ်လိုချင်တာ ကိုယ်ဖြစ်ချင်တာကို မရတဲ့ မဖြစ်တဲ့ ဆင်းရဲ၊ အဲဒီဆင်းရဲတွေကို စုပေါင်းလိုက်ယင် အဖြစ်အပျက်မကင်းတဲ့ ခန္ဓာငါးပါး ဆင်းရဲတွေဘဲ။

အဲဒီလို ဆင်းရဲတွေနှင့် သံယောဇဉ်ကြိုးတွေ ချည်နှောင် ရစ်ပတ်ပြီးတော့ သံသရာထဲမှ မထွက်နိုင်ဘဲ ဒုက္ခရောက်နေကြရတယ်။ အကုသိုလ်တွေပြုမိလို့ အပါယ် ဆင်းရဲ သံသရာထဲမှာ တဝဲလည်လည်ရောက်နေရတာနဲ့ စာယင် ဒါန၊ သီလ၊ သမထကုသိုလ်တွေကို ပြုပြီးတော့ လူဘဝ၊နတ်ဘဝ၊ ဗြဟ္မာဘဝတွေမှာ သံသရာလည်ရတာ ကတော့ သက်သာပါတယ်။ သုဂတိ-လို့ သမုတ်ထားတဲ့အတိုင်း ကောင်းသောလားရောက်ခြင်းလို့လဲဆိုရပါဘယ်။ ဒါပေမယ်လို့ အပါယ်ကို ကျစေနိုင်တဲ့ ဒိဋ္ဌိဝိစိကိစ္ဆာစတဲ့ သံယောဇဉ်တွေ မကင်းသေးယင်တော့ အပါယ်ကို ပြန်မကျဘူး-လို့ မည်သူကမျှ အာမခံမပေးနိုင်ပါဘူး။ အဲဒီ လူနတ်ဗြဟ္မာဘဝတွေမှာလဲ ခုနင်က ပြောခဲ့တဲ့ သေခြင်း စတဲ့ ဆင်းရဲတွေက ဒုနှင့်ဒေးရှိနေသေးတော့ အဲဒီဘဝတွေမှာ ဖြစ်ရတာလဲ လုံးဝကောင်းတယ်လို့ မဆိုနိုင်ပါဘူး။

ဒါ့ကြောင့် ကုသိုလ်မပြုယင်လဲ အကုသိုလ်တွေက ဖြစ်နေမှာဘဲ။ အကုသိုလ်ပြုယင် အပါယ်ကျပြီး ဒုက္ခရောက်ရသလို ဝဋ္ဋနိဿိတ ကုသိုလ်မျိုး ပြုနေရုံနဲ့လဲ အလယ်သံသရာ အထက်သံသရာမှာ ဒုက္ခတွေ ဖန်ခါခါလည်ရဦးမယ်။ အလှည့်မသင့်တဲ့ အခါမှာလဲ အပါယ်သံသရာထဲ ကျသွားနိုင်လေတော့ အလွန်ကြောက်စရာ ကောင်းပါတယ်။ ဒါ့ကြောင့် ဝဋ္ဋကင်းရာနိဗ္ဗာန်ချမ်းသာကို တောင့်တရည်ရွယ်ပြီးတော့ ဒါန၊ သီလ၊ ဘာဝနာကုသိုလ်မျိုးကို ပြုနိုင်ကြဖို့ အရေးကြီးပါတယ်။ အကောင်းဆုံးကတော့ သံယောဇဉ်ဖြတ်ပြီး နိဗ္ဗာန်ကို မြန်မြန်ရောက်စေနိုင်တဲ့ မဟာသတိပဋ္ဌာန် ဝိပဿနာတရားအလုပ်တွေကို မြန်မြန်ကြိုးစား အားထုတ်ဖို့ ထိထိမိမိအားထုတ်ဖို့ ပေါက်ပေါက်ရောက်ရောက်အားထုတ်ဖို့ အရေးကြီးလှပါတယ်။

ခုနင်ကပြောခဲ့တဲ့ ဒွါရနှင့် အာရုံဆိုတဲ့ အခိုက်မှာ ဖြစ်ပေါ် ပျောက်ပျက်နေတဲ့ ဒုက္ခသစ္စာတရားတွေကို ပစ္စုပ္ပန်ကျကျ မရှုမှတ်မိလို့ သတိလွတ် နှလုံးသွင်းမှားပြီးတော့ အဝိဇ္ဇာသံယောဇဉ်ကစပြီး တနွယ်ငင် တစဉ်ပါ သံယောဇဉ်ဆယ်ပါးတွေနှင့်အတူ ပဋိစ္စသမုပ္ပါဒ်လည်ကာ ဒုက္ခ တွေပင်လယ်ဝေပြီး နေကြရပုံနှင့်စပ်ပြီးတော့ ဒေသနက္ကမနည်းအရ သံ ယောဇဉ်ဆယ်ပါး ဒုက္ခများပုံ၊ သံယောဇဉ်ဖြတ်ပုံ စသည်များကိုနောက် ကျမှ ပြောပြပါဦးမယ်။ အခုတော့ ဒါ့လာက်ဆိုယင် သံယောဇဉ် ကြောင့် ဒုက္ခရောက်ပုံကို သဘောပေါက်လောက်ကြပါပြီ။ ဒါကြောင့် သံယောဇဉ်ဖြတ်ပုံကို ဆက်ပြောကြဦးစို့ရှဲ။

## သံယောဇဉ်ပယ်ပုံ

အဲဒီလို ဒွါရနှင့်အာရုံဆုံခိုက်မှာ မရှုမှတ်မိလို့ သံယောဇဉ်ပွားပြီး ဒုက္ခချားစွာနဲ့ သံသရာသည်နေခြင်းကို ဖြတ်တောက်တဲ့နည်းကိုလဲ မြတ် စွာဘုရားက ဒီလိုဆက်သက် ဟောကြားထားတော်မူပါသေးတယ်။

ယထာ စ ဥပ္ပန္နဿ သံယောဇနဿ ပဟာနံ ဟောတိ၊
တဉ္စ ပဇာနာတိ။

စ၊ ထို့ပြင်လည်း။ ဥပ္ပန္နဿ သံယောဇနဿ၊ ဖြစ်ပေါ်နေသော သံယောဇဉ်ကို။ ပဟာနံ၊ တဒင်္ဂ, ဝိက္ခမ္ဘနပဟာန်ဖြင့် ပယ်ခြင်းသည်။ ယထာ၊ ယောနိသောမနသိကာရဟူသော အကြင်အကြောင်းကြောင့်။ ဟောတိ၊ ဖြစ်၏။ တဉ္စ၊ ယောနိသောမနသိကာရဟူသော ထိုအကြောင်း ကိုလည်း။ ပဇာနာတိ၊ သိ၏။

အဓိပ္ပာယ်ကတော့ ဒွါရနှင့်အာရုံဆုံတဲ့အခိုက်မှာ မရှုမှတ်ယင် ဖြစ် ပေါ်လာနိုင်တဲ့ သံယောဇဉ်တရားများကို ယောနိသောမနသိကာရဖြင့် ပယ်ရမယ်....တဲ့။ ပယ်တဲ့အခါမှာ တဒင်္ဂပဟာန်, ဝိက္ခမ္ဘနပဟာန်နဲ့ ပယ် နိုင်တယ်။

ပယ်နိုင်ပုံကတော့ ဒွါရနှင့် အာရုံဆုံတဲ့အခါ ဖြစ်ပေါ်လာတဲ့ မြင်တိုင်း,ကြားတိုင်း,နံတိုင်း,စားတိုင်း, တွေ့တိုင်း, သိတိုင်း ဖြစ်ပေါ်လာ တဲ့တရားတွေကို "မြင်တယ်၊ကြားတယ်၊ နံတယ်၊ စားတယ်၊ တွေ့ထိတယ်၊ ကြံသိတယ်"လို့ ချက်ချင်းသာ ရှုပစ်ပါ။

အဲဒီလို ရှုပစ်ယင် မြင်ဝိညာဉ်တွင် ရုပ်စဲပြီး ရုပ်နာမ်ကြောင်းကျိုး စသည်တွေကို သိသိသွားတယ်။ ဆင်ခြင် စဉ်းစားစိတ် ဝီထိစိတ်တွေအထိ မရောက်တော့ဘူး။ ဆင်ခြင်စဉ်းစားစိတ် ဖြစ်ပေါ်လာယင်လဲ "ဆင်ခြင်တယ်၊ စဉ်းစားတယ်"လို့ ရှုမှတ်လိုက်ယင် ဆင်ခြင်စဉ်းစားစိတ်နှင့် ဆင်ခြင်စဉ်းစားစိတ်ရဲ့ မှီရာရုပ်ကိုလဲသိဘယ်။ သဏ္ဌာန်ဒြပ် ဝီထိတွေအထိ မရောက်တော့ဘူး။

ဒိဋ္ဌေ ဒိဋ္ဌမတ္တံ ဘဝိဿတိ–မြင်သည်၌ မြင်ရုံမျှ ဖြစ်လတံ့။
သုတေ သုတမတ္တံ ဘဝိဿတိ–ကြားသည်၌ ကြားရုံမျှ ဖြစ်လတံ့၊
မုတေ မုတမတ္တံ ဘဝိဿတိ=ရောက်သည်၌ ရောက်ရုံမျှ ဖြစ်လတံ့၊
ဝိညာတေ ဝိညာတမတ္တံ ဘဝိဿတိ–သိသည်၌ သိရုံမျှဖြစ်လတံ့

ဒီလိုဟောကြားတော်မူတဲ့ မာလုကျပုတ္တသုတ်တော် ဒေသနာနှင့် အညီ မြင်ရုံမျှ, ကြားရုံမျှ,တွေ့ရုံမျှ သိရုံမျှ သဘောမှန်တွင်သာ တည်နေတော့တယ်။

ပြန်ပြီး ဆင်ခြင်စဉ်းစားယင်လဲ မူလက သိခဲ့တဲ့ အတိုင်း သဘောမှန်သာ ပြန်ပြီးပေါ်နိုင်တယ်။ စွဲလမ်းမှုတွေကတော့ မဖြစ်နိုင်တော့ဘူး။

## မြင်ရာမှာ ယောဂီတို့ သိကြပုံ

ပျက်စိပေါက်ကိုပင် နမူနာထားပြီးပြောရယင် မြင်ခိုက်မှာ မြင်တယ်-လို့ ရှုမှတ်တဲ့ ယောဂီမှာ မြင်မှုရဲ့မှီရာ မျက်ကိုစိယင်လဲ ပိုင်းခြားသိတယ်၊ အမြင်ခံအဆင်းရုပ်ကိုယင်လဲ ပိုင်းခြားသိတယ်၊ မြင်သိမှုကိုယင်လဲ ပိုင်းခြားသိတယ်။

မျက်စိကိုပိုင်းခြားသိယင် "မျက်စိက ကြည်လိုက်တာ၊ ကြည်တာ ကလေးကလဲ ပေါ်ပြီး ပျောက်ပျောက်သွားတယ်၊ သူက အဆင်းဆီကို ရောက်ရောက်သွားတယ်၊ အဲဒါကလဲ ပေါ်ပြီး ပျောက်ပျောက်သွားတယ်၊ မြင်တယ်ဆိုဘာ မျက်စိကမြင်ရတာကိုး၊ သူကလဲ ပေါ်ပြီးပျောက်တာဘဲ"လို့ သိဘယ်။

အဆင်းကိုသိယင် "မြင်စရာ အဆင်းတွေက မျက်စိထဲမှာ တိုက်ခိုက် ပေါ်လာတာဘဲ၊ ပေါ်ပြီးတော့လဲ ပျောက်သွားတယ်၊ အဆင်းဟာ မြင်သိခံရရုံသက်သက်ဘဲ၊ မြင်သိခံပြီးတော့လဲ ပျောက်သွားတယ်၊

ဒီမြင်စရာ အဆင်းအာရုံတွေဟာ မြင်မှုရဲ့ ကျက်စား ပျော်မွေ့ရာတွေကိုး၊ သူတို့ကလဲ ပေါ်ပြီးပျောက်နေကြတာဘဲ''လို့ သိတယ်။

မြင်မှုကိုသိယင် "မျက်စိနှင့်အဆင်းကိုမှီပြီး မြင်ရတာဘဲ၊ ဒီမြင်မှုဟာ အဆင်းကိုသိရုံမျှသိတာဘဲ၊ အဆင်းရှိရာဆီကို သူက အာရုံပြုရန် အဆင်သင့်ဘဲ၊ ဒီမြင်မှုများဟာ ပေါ်ပြီးတိုင်းလဲ ပျောက်နေကြတယ်''လို့ သိပါတယ်။

ဒီနေရာမှာ ရှုမှတ်လို့ အမှန်အတိုင်းသိမြင်ရတဲ့ ယောဂီတို့ အမြင်မှန်ကို အလွယ်တကူ သိရအောင် ကျေးဇူးရှင် မဟာစည် ဆရာတော်ဘုရားကြီးက ဒီလိုဆောင်ပုဒ် စီထားတော် မူပါတယ်၊ အဲဒါကိုလိုက်ဆိုကြပါ။

### ယောဂီရဲ့ အမြင်မှန် ဆောင်ပုဒ်

* မြင်လျှင်မြင်ချင်း-လက်ငင်းမှတ်လျှင်၊
မြင်ရုံတွင်ဘဲ—ရုပ်စဲစိတ်စဉ်၊
ရုပ်နာမ်ကွဲလျက်-ဖြစ်ပျက်သိမြင်၊
အနိစ္စ-ဒုက္ခသဘောထင်။

ဒီဆောင်ပုဒ်ရဲ့ အဓိပ္ပါယ်ကို ပရိယတ္တိ ဗဟုသုတ ရှိသူများရော ယောဂီများပါ သိသာအောင် ထပ်ရှင်းပြရယင် မျက်စိနှင့်အဆင်းက ရုပ်၊ မြင်သိတာက နာမ်၊ မျက်စိနှင့်အဆင်းဆုံတာက အကြောင်း၊ မြင်သိမှုပေါ်တာက အကျိုး၊ မြင်မှုနှင့်စပ်ပြီး ဒီ ရုပ် နာမ် ကြောင်းကျိုးမှတပါး ငါသူတပါး ယောကျာ်း မိန်းမရယ်လို့ မရှိဘူး။ အဲဒီ ရုပ်ရော နာမ်ပါ ကြာကြာတည်နေတဲ့ သဘောရယ်လို့လဲ မရှိဘူး။ ပေါ်ပြီး ပျောက်နေကြတာချည်းပဲ၊အဲဒီပေါ်ပျောက် ဖြစ်ပျက်တွေဟာ မပြတ် နှိပ်စက်နေကြလို့ ဆင်းရဲနေကြတယ်။ အဲဒီ ဆင်းရဲတွေကို မဖြစ်ပါစေနဲ့လို့ ဘယ်သူမှ တောင့်တသို့ မရနိုင်ဘူး။ သူ့သဘောအတိုင်းသူ ဖြစ်ပျက်နေကြတဲ့ အနတ္တသဘောချည်းပါပဲ။ အဲဒါဟာ မြင်လျှင် မြင်ချင်း လက်ငင်းပင် မြင်တယ်၊မြင်ဘယ်-လို့ ရှုမှတ်တဲ့ ယောဂီများ သိမြင်ရတဲ့ အမြင်မှန်တွေပါဘဲ။ဒီတော့ ငါဘဲသူဘဲနှစ်သက်စရာဘဲ စသည်ဖြင့် စွဲလမ်းတဲ့ ဒိဋ္ဌိ, ကာမ စတဲ့ သံယောဇဉ်တရားတွေ ရှင်းရှင်းသွားတယ်။

ရှုမှတ်မိတဲ့အာရုံတွေမှာ ရှုမှတ်တိုင်းရှုမှတ်တိုင်းတဒင် တဒင် ငြိမ်းငြိမ်းသွားတယ်၊ပြတ်ပြတ်သွားတယ်၊ မရှုမှတ်မိယင် ဖြစ်ပေါ်လာနိုင်တဲ့

သံယောဇဉ်တွေဟာ ဖြစ်ခွင့်မရဘဲ ငြိမ်းပြတ် ငြိမ်းပြတ် သွားကြတာ ချည်းဘဲ။

စွဲလမ်းမှု သံယောဇဉ်တွေ ကင်းပျောက်သွားတယ် ဆိုတာဟာ သဘောမှန်အတိုင်းသိသွားလို့ပါဘဲ၊ ဖြစ်တိုင်း ဖြစ်တိုင်း ဖြစ်ခိုက် ဖြစ်ခိုက်မှာ လိုက်လိုက်ပြီး ချက်ခြင်း ချက်ခြင်း ရှုမှတ် ရှုမှတ်နေတဲ့ယောဂီမှာ မပြတ်ဖြစ်ပျက်နေတဲ့ တရားတွေကိုချည်း တွေ့နေရတယ်။

ဒါကြောင့် "မမြဲတဲ့တရားဘဲ၊ ဆင်းရဲဘဲ၊ သဘောတရားမျှဘဲ" လို့ ယောဂီရဲ့ဉာဏ်ထဲမှာ မှတ်ယင်း မှတ်ယင်း သူ့အလိုလို ရှင်းသွားတယ်၊ ဒါဟာ ဆရာများက ဟောပေးလို့ ရှင်းသွားတာမဟုတ်ဘူး၊ တဆင့်ပြော သုတမယဉာဏ်မျှ မဟုတ်ဘူး၊ ရှုမှတ်ယင်း ရှုမှတ်ယင်း မျက်စိလယ်ပြေသွားသလို သူ့ဟာသူဘဲ ရှင်းသွားတာ၊ ဒီလို ရှင်းပြီး သိမြင်သဘောကျသွားမှ ဘာဝနာမယဉာဏ် အစစ်လို့ ဆိုရတယ်။

## သိလောက်အောင်ရှုမှတ်မှလဲ သိနိုင်တယ်

ဒီလိုဖြစ်ခိုက် ရုပ်နာမ်ကို ရှုမှတ်နေရုံနဲ့ "မမြဲတဲ့တရားဘဲ၊ ဆင်းရဲဘဲ၊ အနတ္တသဘောတရားဘဲ"လို့ ဉာဏ်ထဲမှာ အလိုလိုရှင်းပြီး သိလာတယ်ဆိုတာကလဲ သိလောက်အောင် အပြည့်အစုံ ရှုမှတ်မှ သိနိုင်တာ။

တအောင့် တခဏလောက် တထိုင်လောက်နဲ့ကတော့ အဲဒီလို အနိစ္စ၊ ဒုက္ခ၊ အနတ္တတွေကို သိပါလိမ့်မယ်-လို့ တာဝန်မခံနိုင်ဘူး၊ လူပေါင်း ရာထောင် သောင်း သိန်းထဲမှာ တဦးတလေတော့လဲ ရှိချင်ရှိပေလိမ့်မယ်။

မြတ်စွာဘုရား လက်ထက်တော် ကာလတုန်းကတော့ ဂါထာ တပုဒ်လောက် တရားနာရုံနဲ့ တထိုင်အတွင်း တခဏကလေး အတွင်းမှာဘဲ မဂ်ဖိုလ်ရသွားကြတဲ့သူတွေ အများကြီးဘဲ ရှိခဲ့ပါတယ်။

ဒါပေမဲ့ အဲဒီခေတ်နှင့် ယခုခေတ် နှိုင်းစာလို့တော့ မဖြစ်ပေဘူး၊ ဘာကြောင့်လဲဆိုယင် အဲဒီတုန်းက ဟောတဲ့ပုဂ္ဂိုလ်ကလဲ မြတ်စွာဘုရားဖြစ်နေတယ်၊ ပြီး တရားနာသူတွေရဲ့ အလိုအဇ္ဈာသယကို သိပြီး ဟောတော်မူတယ်။ နာတဲ့သူတွေကလဲ ပါရမီထူးရှိတဲ့ သူတွေဘဲ။

ယခုနေအခါမှာတော့ ဟောတဲ့သူကလဲ မိမိတတ်သိသမျှဟောရတဲ့ တော်ရုံသင့်ရုံပုဂ္ဂိုလ်မျှ ဖြစ်နေတယ်၊ တရားနာသူတွေရဲ့ အလိုအဇ္ဈာသယ

ကိုလဲ သိနိုင်ကြတာမဟုတ်ဘူး၊ နာကြားသူတွေကလဲ ပါရမီထူးသူတွေလို့ ဆိုဖို့ခက်ပါတယ်၊ ပါရမီ ထူးသူဆိုယင် ဘုရားရှင်လက်ထက်တော်ကတည်း ကကျွတ်တမ်း ဝင်သွားခဲ့ဖို့ရှိပါတယ်။

ဒါကြောင့် ယခုခေတ်မှာတော့ "တခဏအတွင်းမှာဘဲ ထူးထူး ခြားခြား အသိဉာဏ်တွေ ဖြစ်လာပါလိမ့်မယ်" လို့တော့ တာဝန်မယူ နိုင်ဘူး၊ ထိုက်သလောက်သာ ရနိုင်တယ်လို့ တာဝန်ယူနိုင်တယ်။ ပြည့် ပြည့်စုံစုံ အားထုတ်ယင်တော့ အသိဉာဏ်ထူးတွေကို ရနိုင်ကြပါတယ်။

## ဒါလောက်အားထုတ်ယင် သိမြင်နိုင်ပါတယ်

ဘယ်လောက်ကြာအောင် အားထုတ်မှ သိမြင်နိုင်ပါသလဲဆိုယင် အနိစ္စ, ဒုက္ခ, အနတ္တသဘောကို ရှင်းပြီး သိတဲ့ သမ္မသနဉာဏ်မှ စပြီး ဖြစ်တယ်၊ ဒီဉာဏ်ကလဲ စစချင်းဖြစ်တာတော့ မဟုတ်ဘူး၊ စိတ္တဝိသုဒ္ဓိ, ဒိဋ္ဌိဝိသုဒ္ဓိ, ကင်္ခါဝိတရဏဝိသုဒ္ဓိ–ဆိုတဲ့ ဒီဝိသုဒ္ဓိသုံးပါးကို ကျော်လွန်ပြီးမှ ဖြစ်တယ်။

ဒါကြောင့် ယခုဘုန်းကြီးတို့ မဟာစည်သာသနာ့ရိပ်သာများက ယောဂီတွေရဲ့ စံချိန်အရဆိုယင် အလွန်ထူးခြားတဲ့သူမှာ ၂-ရက်၊ ၃-ရက် အတွင်း ဒီသမ္မသနဉာဏ်ကို ရောက်ပါတယ်၊ အများအားဖြင့်တော့လေး ငါးခြောက်ရက် ခုနစ်ရက်အတွင်း ရောက်တက်ကြပါတယ်။

ဒါကလဲ ပြည့်ပြည့်စုံစုံ တင်းတင်းရင်းရင်း အားထုတ်တဲ့သူတွေကို ပြောတာ၊ လျော့လျော့ လျှည်းလျှည်း အားထုတ်နေသူတွေ မှာတော့ ၁၅-ရက်၊ အရက် ၂၀–တိုင်အောင် ဒီဉာဏ်ကို မရောက်တာလဲရှိတာပါ ဘဲ၊ ဒါကြောင့် အားထုတ်ခါစမှစပြီး တင်းတင်းရင်းရင်း အပြည့်အစုံ အားထုတ်ပုံကို ပြောပြပါဦးမယ်။

## မဟာစည်ဝိပဿနာရှုနည်း

ရှုမှတ်ပုံ အပြည့်အစုံဆိုသော်လဲ လိုရင်းအပြည့်အစုံကိုသာ ပြောပြ ရမယ်။ ကျယ်ကျယ်ပြန့်ပြန့် အပြည့်အစုံ အားထုတ်ပုံကိုတော့ တောင် ပိုင်း မောတခွင် မှတ်တမ်းမှာ ဟောကြားခဲ့ပါပြီ။ လိုယင်လဲ အဲဒီမှာ ကြည့်နိုင်ပါတယ်။

တရားရှုမှတ်မည့်ယောဂီဟာ ဦးစွာပထမ သစ်ပင်အောက်ကိုဖြစ် စေ၊ တောရပ်ကိုဖြစ်စေ၊ ဆိတ်ငြိမ်ရာအရပ်ကိုဖြစ်စေ ချဉ်းကပ်ပါ၊ ပြီးလျှင် ရတနာသုံးပါးကို ရှိခိုးပင်တားပါ။

ပြီးလျှင် မညှပ်မဖိဘဲ ချောင်ချောင်ချိချိ တင်ပလ္လင်ခွေပြီးထိုင်ပါ၊ လူရှေ့သူရှေ့မို့ အမျိုးသမီးများအနေနဲ့ တင်ပလ္လင်ခွေမထိုင်လိုယင် ဒူးတုပ်ပြီးထိုင်နေကျအတိုင်းထိုင်ပါ၊ ချောင်ချောင်ချိချိလဲထိုင်ပါ၊ ကိုယ်ကို ဖြောင့်ဖြောင့်မတ်မတ်ထားပါ၊ မျက်စိနှလုံးကို မှိတ်ထားပါ၊ အသက်ကို မှန်မှန်ရှူသွင်းရှိုက်ထုတ်ပါ၊ ထင်ရှားအောင်လဲ အထူးမရှူရှိုက်ပါနဲ့၊ မထင်ရှားအောင်လဲ အသက်အောင့်မထားပါနဲ့။

အဲဒီလို အသက်မှန်မှန်ရှူရှိုက်လို့ ဝမ်းဗိုက်က ဖောင်းလိုက် ပိန်လိုက် လှုပ်ရှားနေတဲ့ ဝါယောဓာတ်ရုပ်ကို ဖောင်းတဲ့အခိုက်မှာ 'ဖောင်းတယ်'၊ ပိန်တဲ့အခိုက်မှာ 'ပိန်တယ်'လို့ ရှုမှတ်ပါ။ အသံထွက်စရာမလိုပါဘူး၊ စိတ်အဆိုနဲ့သာဆိုပါ။

ဒါလိုရှုမှတ်နေယင် မှိတ်ထားတဲ့မျက်စိထဲမှာ အမြင်အာရုံ ပေါ်လာယင် ဘာကိုမြင်ရမြင်ရ "မြင်တယ်၊ မြင်တယ်"လို့ ရှုမှတ်ပါ၊မြင်တာ ပျောက်သွားယင် ရှုမှတ်နေကျ "ဖောင်းတယ်၊ ပိန်တယ်"ကို ပြန်လည်ရှုမှတ်ပါ။

ကြားတာ၊ နံတာ ပေါ်ယင်လဲ "ကြားတယ်၊ ကြားတယ်၊ နံတယ် နံတယ်"လို့ မပျောက်မချင်း ရှုမှတ်ပါ၊ အဲဒါပျောက်သွားယင် ဖောင်းပိန်ကိုပင် ပြန်မှတ်ပါ။

တရားထိုင်ရင်းတော့ စားသိမှုမဖြစ်ပေါ်နိုင်ပါဘူး၊ ဖြစ်နိုင်တာက တော့ တံတွေးတွေ့များလာတတ်ပါတယ်။ အဲဒါကိုလဲ "တံတွေးများတယ်၊ လုံးချင်တယ်၊ လုံးတယ်၊ မျိုတယ်"လို့ ရှုမှတ်ပါ၊ ပြီးယင်တော့ ဖောင်းပိန်ကိုပင် ပြန်မှတ်ပါ၊ တံတွေးကို မမျိုချင်ယင်တော့ ဇထွေးစရာက လေးတခုကို အဆင်သင့်ယူထားပြီး "ထွေးတယ်၊ ထွေးတယ်"လို့ ရှုမှတ်ပါ။ အဲဒါပြီးယင် ဖောင်းပိန်ကိုပင် ပြန်မှတ်ပါ။

ထိုင်တာကြာလာလို့ ညောင်းတာ၊ ယားတာ၊ ပူတာ၊အေးတာ- စသည်တွေပေါ်လာယင်လဲ ဖြစ်ပေါ်တဲ့နေရာကိုသတိနဲ့စိုက်ပြီး "ညောင်းတယ်၊ ယားတယ်၊ ပူတယ်၊ အေးတယ်" စသည်ဖြင့် မပျောက်မချင်း ရှုမှတ်ပါ။ ပျောက်ယင် ရှုမှတ်နေကျ ဖောင်းပိန်ကို ပြန်လည်ရှုမှတ်ပါ၊ ပျောက်အောင် သည်းမခံနိုင်ယင် "ပြုပြင်ချင်တယ်၊ ပြုပြင်တယ်၊အယားဖျောက်ချင်တယ်၊ အယားဖျောက်တယ်" စသည်ဖြင့် ရှုမှတ်ပြီး ပယ်ဖျောက်ပါ၊ ပီးယင် "ဖောင်းတယ်၊ ပိန်တယ်"ကို ပြန်မှတ်ပါ။

ချမ်းသာတာ၊ ဆင်းရဲတာတွေပေါ်ယင်လဲ ပေါ်တဲ့အတိုင်းရှုမှတ်ပါ။ စိတ်အမျိုးမျိုးတွေပေါ်ယင်လဲ ပေါ်တဲ့အတိုင်း ရှုမှတ်ပါ၊ အဲဒါတွေပျောက်ငြိမ်းသွားယင် ရှုမှတ်နေကျ ဖောင်းတာပိန်တာကိုပင် ပြန်ရှုမှတ်ပါ။ ဒါက ထိုင်ယင်းရှုမှတ်ပုံဘဲ။

ထိုင်ယင်း ရှုမှတ်ရာမှာ ဖောင်းတာပိန်တာ ၂-မျိုးကို ရှုမှတ်ရတာ နိုင်နင်းလို့ လွယ်ကူလွန်းလာယင် "ထိုင်တယ်၊ ထိတယ်" လို့ ၂-မျိုးတိုးရှုမှတ်ပါ။

ထိုင်တယ်....လို့ ရှုမှတ်တဲ့အခါမှာ မိမိထိုင်နေတဲ့ ရုပ်ခန္ဓာကိုယ်ကို စိတ်နဲ့ခြုံပြီး အာရုံပြုမှတ်ပါ၊ နေပူထဲမှ အရိပ်ထဲကိုလာတဲ့အခါ အရိပ်က လူကိုမျိုသွားသလို ရှုမှတ်စိတ်က ထိုင်နေတဲ့ကိုယ်ကို မျိုမိသွားအောင် ရှုမှတ်ပါ၊ ထိတယ်-လို့ မှတ်တဲ့အခါမှာ တင်ပါးနဲ့ ကြမ်းပြင်နဲ့ထိနေတဲ့ အထဲက အသင်ရှားဆုံးနေရာကို စိတ်စိုက်ပြီးတော့ "ထိတယ်"လို့ အာရုံပြု ရှုပါ။

စပေါင်း ရှုမှတ်ပုံကတော့ "ဖောင်းတယ်၊ ပိန်တယ်၊ ထိုင်တယ်၊ ထိတယ်"လို့ ဒီလို ၄ မျိုးလုံး အလှည့်ကျ ရှုမှတ်သွားရုံပါဘဲ။ မြင်ရာ ကြားရာ စသည်တို့ကို ရှုမှတ်ပုံကတော့ ရှေ့နည်းအတိုင်းပါဘဲ။

နောက်ပြီးတော့ စင်္ကြံသွားယင်း ရှုမှတ်ပုံကတော့ လက် ၂ ဖက်ကိုပိုက်ပြီး မတ်မတ်ရပ်ကာ "သွားချင်တယ်၊ သွားချင်တယ်၊ ဘယ်လှမ်းတယ်၊ ညာလှမ်းတယ်"လို့ ဦးစွာ စိတ်အဆိုနဲ့ပင် ရှုမှတ်ပါ။

ဘယ်လှမ်းတယ်--လို့ ဆိုတဲ့ စိတ်အဆိုနဲ့ ဘယ်ဖက်ခြေ လှမ်းလိုက်တာနဲ့ အံဝင်ဂွင်ကျ ဖြစ်စေရပါမယ်။ ညာလှမ်းတာကို မှတ်ရာမှာလဲ ဒီအတိုင်းပါဘဲ။ စင်္ကြံဆုံးသွားယင် ရပ်ချင်တယ်၊ ရပ်တယ်၊ လှည့်ချင်တယ်၊ လှည့်တယ်၊ ရပ်ချင်တယ်၊ ရပ်တယ်၊ သွားချင်တယ်၊ ဘယ်လှမ်းတယ်၊ ညာလှမ်းတယ်"လို့ ခေါက်တုန့်ခေါက်ပြန် ရှုမှတ်ပါ။

ဘယ်လှမ်းညာလှမ်းတာကို ရှုမှတ်လို့ နိုင်နင်းလာယင် ဘယ်ညာ မပါတော့ဘဲနဲ့ ခြေတဖက်မှာ "ကြွတယ်၊ ချတယ်"လို့ ၂ ချက်မှတ်ပါ။ အဲဒါ နိုင်နင်းလာပြန်ယင်လဲ ခြေတဖက်မှာ 'ကြွတယ်၊ လှမ်းတယ်၊ ချတယ်"လို့ သုံးမျိုး ရှုမှတ်ပါ။

အဲဒီလို ထိုင်လျက်ရှုမှတ်တာက တနာရီ၊ စင်္ကြံသွားယင်း ရှုမှတ်တာက တနာရီ၊ ၂၄ နာရီ တရက်မှာ အထိုင်ကလဲ ၈ ကြိမ်၊ စင်္ကြံကလဲ ၈ ကြိမ်၊ အိပ်ချိန်က ညဥ့်သုံးယံမှာ တယံဖြစ်တဲ့ ၄ နာရီအိပ်ပါ။

ဒီလို အထိုင်နှင့် စကြံ့အတွင်းမှာလဲ အကြောင်းအားလျော်စွာ ပေါ်လာသမျှတွေကို မလွတ်တမ်း ရှုမှတ်သွားရပါတယ်။ သွားယင် သွားတယ်၊ ရပ်ယင်ရပ်တယ်၊ ထိုင်ယင် ထိုင်တယ်၊ အိပ်ယင် အိပ်တယ်၊ ကွေးယင် ကွေးတယ်၊ ဆန့်ယင်လဲ ဆန့်တယ် စသည်ဖြင့် ရှုမှတ်ရပါတယ်။

စားတာ၊ သောက်တာ၊ အဝတ်အစား လဲလှယ်တာ၊ ရေချိုးတာ များကိုလဲ ရှုမှတ်ရပါတယ်။ ယုတ်စွအဆုံး ကျင်ကြီးကျင်ငယ် စွန့်ရာမှာလဲ ရှုမှတ်ပါ။

လိုရင်းကိုပြောရယင် ကိုယ်အမူအရာ ပြုပြင်လှုပ်ရှားတိုင်း၊ ဒွါရနှင့် အာရုံဆုံတိုင်း ဖြစ်ပေါ် ပျောက်ပျက်သမျှတွေကို မလွတ်အောင် ရှုမှတ်ပါ။

အဲဒီလို မပြတ်ရှုမှတ်နေယင် စောစောက ပြောခဲ့တဲ့ ရုပ်နာမ် ကြောင်းကျိုး ဖြစ်ပျက်များကို အမှန်အတိုင်း သိမြင်လာပါလိမ့်မယ်။

အမှန်အတိုင်းသိမြင်လို့ စိတ္တဝိသုဒ္ဓိ၊ ဖြစ်ပုံ၊ ရုပ်နာမ်ကွဲပုံ စသည်များကိုတော့ နောက်ဆက်လက် ထွက်ပေါ်မည့် သံယောဇဉ်ဖြတ်ရန် မဟာသတိပဋ္ဌာန် ဝိပဿနာဘာရားတော် အကျယ်မှာသာ ရှုကြပါတော့။ ဒီမှာတော့ ဒါလောက်ဆိုလုံလောက်ပါပြီ။

## တရားသိမ်း နိဂုံး

ကဲ....တရားပွဲ သိမ်းကြရအောင်၊ ဒီတရားတော်ကို ကြားနာကြရတဲ့ ကုသိုလ်ကံ စေတနာတို့ကြောင့် ဒီတရားတော်လာတိုင်း ရှုမှတ် ပွားများ အားထုတ်နိုင်ကြသည်ဖြစ်၍ ဒုက္ခများစွာ သံသရာလည်ကြောင်းဖြစ်တဲ့ သံယောဇဉ် ဆယ်ပါးတရားကို ဖြတ်တောက်နိုင်ကြ၍ ဒုက္ခကင်းရာ နိဗ္ဗာန်ချမ်းသာကို လျင်မြန်စွာ ဆိုက်ရောက်၍ မျက်မှောက် ပြုနိုင်ကြပါစေ....။

ပဿန္တာ ရူပဝိဘာဝံ၊ သုဏန္တာ မဓုရံ ဂိရံ။
စရန္တိ သာဓု သမ္ဗုဒ္ဓ၊ ကာလေ ကေဋိပရံမုခါ။ ။

သမ္ဗုဒ္ဓကာလေ၊ သုံးပါးမြတ်စွာ စိန္တေယျာဟု ရတနာနေမင်း ထိန်လင်း ထွက်ပေါ် လက်ထက်တော်ကာလ ခါသမယဆီ၌။ ဝါ၊ လက်ထက်တော်ကာလ ခါသမယတုန်းက။ သာဓု၊ သမ္မာအယူ သဒ္ဓါဖြူကြသည့်

လူသူတော်ကောင်း, နတ်သူတော်ကောင်း, ဗြဟ္မာသူတော်ကောင်း တည်းဟူသော သူတော်ကောင်း သူမြတ်လောင်းတို့သည်။ ရူပဝိဘဝ၊ ဘယ်လူ, ဘယ်နတ်, ဘယ်ဗြဟ္မာ, ဘယ်သတ္တဝါ, ဘယ်ထာဝရကမှ မတုပနိုင်တဲ့ အတုလထွတ်ထား သဗ္ဗညူ မြတ်စွာဘုရား၏ ရုပ်ပုံတော် ရူပကာယကို။ ပဿန္တာ၊ အထူးကော်ရော်ကာ ဦးတော်ဖြင့် ဖူးမျှော်ကြည်ညိုကြပါကုန်သည်ဖြစ်၍။ မဓုရ ဂိရံ၊ ကရဝိက်ကြိုးကြာ မြည်သံသာသလို အင်္ဂါရှစ်ဖော် အသံတော်ဖြင့် ဟောဖော်ညွှန်ပြ ဆိုသုံးမတော်မူတဲ့ ဓမ္မာသဓ တည်းဟူသော တရားတော် ချိုချိုအေးအေးကို။ သုဏန္တာ၊ ဖရဏာပီတိ ဂွမ်းဆီထိသလို လွှမ်းအိကြည်ယုံ အနာခံကြီး နာခံကြပါကုန်သည်ဖြစ်၍။ ကောင်ဒိပရံမုခါ၊ ပျော်ပါးကခုန် ဟဏ္ဍာဟုန်ဖြင့် အာရုံပျော်ပွဲ ရှောင်ဖယ်လွှဲကြကုန်သည်ဖြစ်၍။ စရန္တိ၊ လှည့်လည် သွားလာကြပါကုန်သတည်း။ စရန္တိ၊ ဘုရားသွား ကျောင်းတက် ခေါင်းလောင်း အချက်တို့ဖြင့် တသောင်းသောင်းနှက်၍ ညဉ့်နံနက် လှည့်လည်ကြလေကုန် သတည်း။ (သာဓု....သာဓု....သာဓု....)၅

မှတ်ချက်။ ။ဤဂါထာနိဿယကို အမရပူရ-ဂန္ဓာရုံ ဆရာတော်ဘုရားကြီး ရေးသားတော်မူပါသည်။

# ဇယမင်္ဂလဗုဒ္ဓ နိုဂုံးဆုတောင်း

ဗာဟုံသဟဿမဘိနိမ္မိတသာဝုဓံတံ၊
ဂိရိမေခလံ ဥဒိတဃောရ သသေနမာရံ၊
ဒါနာဒိဓမ္မဝိဓိနာ ဇိတဝါ မုနိန္ဒော၊
တန္တေဇသာ ဘဝတု မေ ဇယမင်္ဂလဂ္ဂံ။

ယောမုနိန္ဒော၊ အကြင်မြတ်စွာဘုရားသည်။ ဂိရိမေခလံ ဂိရိမေခလာအမည်ရှိသော ဆင်ကြီးကို။ ဥဒိတံ၊ တက်စီးလျက်။ အဘိနိမ္မိတသာဝုဓံ၊ လွန်လွန်ကဲကဲ ဖန်ဆင်း ထားသော လက်နက်တို့နှင့် တကွသော။ ဗာဟုံသဟဿံ၊ လက်ရုံးပေါင်း တထောင်ရှိသော။ ဃောရံ၊ ကြမ်းတမ်းလှစွာသော။ သသေနမာရံ၊ ရှေ့နှင့်ဝဲယာ ၁၂-ယူဇနာရှိသည့်ပြင် နောက်မှ စကြဝဠာ အဆုံးအထိ များပြားလှသော စစ်သည် အပေါင်းနှင့် တကွသော။ တံ၊ ထိုမာရ်နတ်မင်းကို။ ဒါနာဒိဓမ္မဝိဓိနာ၊ ဒါန စသည် ပါရမီတော် ဆယ်ချက် ကောင်းမှု တည်းဟူသော လက်နက် အစီအရင်ဖြင့်။ ဇိတဝါ၊ မပင်မပန်း ရှင်လန်း ကြည်လင် အောင်မြင်တော်မူလေပြီ။ တန္တေဇသာ၊ မာရ် နတ်မင်းကို အောင်မြင်တော် မူသော ထို မြတ်စွာဘုရား၏ တန်ခိုးတော်အားဖြင့်။ မေ၊ အကျွန်ုပ်အား။ အဂ္ဂံ၊ မြတ် သော။ ဇယမင်္ဂလံ၊ အောင်ခြင်း မင်္ဂလာသည်။ ဘဝတု၊ ဖြစ်ပါစေသတည်း။

[ဤ ဂါထာပါဠိနိဿယကို ကျေးဇူးရှင် မဟာစည် ဆရာ တော်ဘုရားကြီး ဟောကြားတော်မူသော သလ္လေခသုတ် တရားတော်ကြီး (ပဌမတွဲ)မှ တဆင့် ကူးယူဖော်ပြပါသည်။]

## မယ်တော်ကြီး ဒေါ်ပွဲဟန် ဆောင်ရွက်သော

## ဤစာအုပ် ဓမ္မဒါနရှင်များစာရင်း

| စဉ်။ | အလှူရှင် | အုပ်ရေ |
|---|---|---|
| ၁။ | ဒေါ်အေးတင် မိသားစု အမှတ်(၁၀၅)မြစ်ကွေ့ ကျောင်းလမ်း၊ ဟသာတမြို့။ | ၁ အုပ် |
| ၂။ | ဒေါ်ထွေးစိန် မိသားစု၊ အမှတ် (၂၇၁)ရုံးကြီးရပ်၊ ရဲဖြတ်လမ်း၊ ဟသာတမြို့။ | ၁ ။ |
| ၃။ | ဦးချစ်မောင်—မတင်ပုနှင့် သားသမီးများ ဟဲဟိုးမြို့။ | ၅ ။ |
| ၄။ | ဒေါ်မြတင် သမီး မလှသန်း ပွဲလမ်း ခံတောရပ် ပခုက္ကူမြို့။ | ၂ ။ |
| ၅။ | ဦးအောင်ခင်-ဒေါ်ကြည်မြင့်စိန် သား မောင်မြအောင်ညွှန့်၊ နန်းသီဂိ၊ အမှတ်(၂၀၉) ၂၃ လမ်း၊ ရန်ကုန်မြို့။ | ၂ ။ |
| ၆။ | မသင်းသင်း၊ မမာမာအေး (၅၀၃) ၇ ရပ်ကွက် သံသုမာလမ်း တောင်ဥက္ကလာပ။ | ၂ ။ |
| ၇။ | ဦးတင်ဝင်း-ဒေါ်ယဉ်ကြည် သမီး မမိုးမိုးငယ် ရန်ငြိမ်းလမ်း၊ ရန်အောင်ရပ် သင်္ကန်းကျွန်း ရန်ကုန် | ၁ ။ |
| ၈။ | မောင်တင်မြင့်-မမူမူ မိသားစု ညောင်ကန်ရွာ၊ ဘုတလင်မြို့နယ်။ | ၃ ။ |
| ၉။ | ဦးတင့်အောင် ၇၂၊ ၂၄ လမ်း ရန်ကုန်မြို့။ | ၃ ။ |
| ၁၀။ | ဦးထွန်းနိုင် ၃၇၃ အောက်ကြည့်မြင်တိုင်လမ်း ရန်ကုန် | ၁ ။ |
| ၁၁။ | ဦးဘရှိန်-ဒေါ်သိန်းကြွယ် ၁၀၂၊ ၂၃လမ်း၊ရန်ကုန် | ၂ ။ |
| ၁၂။ | ဦးသန်းမောင်၊ ဒေါ်မိမိကြီး ၄၅၊ ၂၆(ဘီ)လမ်း ဆိုင်းတန်း၊ မန္တလေး။ | ၃ ။ |
| ၁၃။ | ဦးသန်းမြင့်-ဒေါ်မြစိန် မိသားစု တိုက်-၇၊ အခန်း ၁၅၊ ဦးဝိစာရလမ်း၊ ရန်ကုန် | ၂ ။ |
| ၁၄။ | ဦးမျိုး[illegible]—ဒေါ်ကြည်ကြည် ၅၃၁—စီ—၂၊ | |

## ဒေါ်လှကြည် ဆောင်ရွက်သော
## ဓမ္မဒါန အလှူရှင်များ

| စဉ် | အလှူရှင် | အုပ်ရေ |
|---|---|---|
| ၁။ | ဒေါ်ခင်ရွှေ-ဒေါ်အေးကြည် ပတ္တမြားမိသားစု အမှတ် (၄၇) ပြည်လမ်း၊ ရန်ကုန် | ၁၀ ။ |
| ၂။ | ဒေါ်ကြည်ကြည်၊ ပင်လုံမိသားစု၊ ကမ္ဘာအေးဘုရားလမ်း ရန်ကုန် | ၁၀ ။ |
| ၃။ | မိခင် ဒေါ်မြမေနှင့် ဦးပွင့်ကောင်း-ဒေါ်နွဲ့ရီ မိသားစု အမှတ်(၁၁၉) ဝင်ဒါမီယာ၊ ရန်ကုန် | ၁၀ ။ |
| ၄။ | ဒေါ်တင်စာမော်နိုင် မိသားစု၊ အမှတ်(၈၁)တက္ကသိုလ် ရိပ်သာလမ်း၊ ရန်ကုန် | ၃ ။ |
| ၅။ | ဦးချန်ထွန်း-ဒေါ်ခင်သိန်း မိသားစု အမှတ် (၅၃) ၆ မိုင်ခွဲ ပြည်လမ်း၊ ရန်ကုန် | ၃ ။ |
| ၆။ | ဗိုလ်ခင်မောင်လေး-ဒေါ်သိန်းနု မိသားစု (၁၂) ဖိုးစိန်လမ်း၊ ရန်ကုန် | ၃ ။ |
| ၇။ | ဒေါ်ခင်စု-သား မေမာင်မောင်လွင်-ချစ်ချစ်လှ အမှတ် (၁၁၇) ဝင်ဒါမီယာ၊ ရန်ကုန် | ၃ ။ |
| ၈။ | ဗိုလ်ရဲလှ-ဒေါ်သောင်းရီ အမှတ်(၁၃၅-၈၂) ဝင်ဒါမီယာ၊ ရန်ကုန် | ၃ ။ |
| ၉။ | ဒေါ်မမကြီး ဒေါ်ကြည်.... (မောင်)ဗိုလ်မှူးလှ (ကွယ်လွန်) | ၃ ။ |
| ၁၀။ | ဦးလှမောင်-ဒေါ်ဖွားရှင် မြင့်သော်တာ သက်န်းတိုက် အမှတ်(၂၁၉) ကျုံးကြီးလမ်း၊ ရန်ကုန် | ၃ ။ |
| ၁၁။ | ဦးထွန်းတောက်-ဒေါ်ကြည်ကြည်(၂၁၄)လသာလမ်း ရန်ကုန် | ၇ ။ |
| ၁၂။ | ဦးသန်းမောင်-ဒေါ်ခင်မြ(၂၄၂)ဝင်ဒါမီယာ ရန်ကုန် | ၂ ။ |
| ၁၃။ | ဦးသန်းဆွေ-ဒေါ်အေးတင့်(၃၄)ဝင်ဒါမီယာ ရန်ကုန် | ၂ ။ |

၁၄။ ဦးကျော်ဝင်း-ဒေါ်ခင်လေးကြည်(၄၆)ရွှေဘုံသာလမ်း ရန်ကုန် ၂ ။

၁၅။ ဒေါ်အေးကြင်၊စန္ဒာမြိုင်၊သာသနာ့ရိပ်သာ၊ရန်ကုန်မြို့ ၂ ။

၁၆။ ဒေါ်ကြင်လှိုင်၊မိသားစု(၃၀)ရွှေဘုံသာလမ်း၊ရန်ကုန်မြို့ ၂ ။

၁၇။ ဦးအောင်ကြီး၊ အမှတ် ၉၉–၅ နီလာလမ်း၊ ရေနံ့သာလမ်းသွယ်၊ သုဝဏ္ဏ၊ ရန်ကုန်မြို့ ၂ ။

၁၈။ ဒေါ်ခင်အုန်း၊ သာသနာ့ရိပ်သာ၊ ရန်ကုန်မြို့ ၁ ။

၁၉။ ဒေါ်သန်းမြ၊ သာသနာ့ရိပ်သာ၊ ရန်ကုန်မြို့ ၁ ။

၂၀။ ဒေါ်သန်းရှိ၊ (မောင်) မောင်ချစ်သိန်း ၁ ။

၂၁။ ဦးသင့်ထွန်း-ဒေါ်နုနုရီ၊ ၅၀၊ ၁၃၄–လမ်း၊ မအူကုန်း ရန်ကုန်မြို့ ၃ ။

၂၂။ ဒေါ်ကြင်နု၊မိသားစု၊အမှတ်(၁၅)၂၃-လမ်း၊ရန်ကုန်မြို့ ၃ ။

၂၃။ ဒေါ်ရင်နု-ဒေါ်ရင်မေ (သ-၇) ဘဏ်ရိပ်သာ ရွှေဂုန်တိုင်၊ ရန်ကုန်မြို့ ၃ ။

၂၄။ ဒေါ်စောတင် အမှတ် ၇၂-၂၄ လမ်း၊ ရန်ကုန် ၂ ။

၂၅။ ဦးအောင်ကြိုင်-ဒေါ်စန်းရီ အမှတ် (၁၇-က) ပြည်ထောင်စုလမ်း၊ ရန်ကုန်မြို့ ၃ ။

၂၆။ ဦးလှခမောင်၊ စီးပွားရေး(၃)စား–ဖျော်၊ ကုန်သွယ်ရေး ရန်ကုန် ၁ ။

# ညောင်ကန်-အရှင်ဇနက

## ရေးသား ထုတ်ဝေပြီး စာအုပ်များ

၁။ ဗုဒ္ဓဓမ္မဆောင်းပါးများ စာအုပ်

၂။ ဗုဒ္ဓဓမ္မကြေးမုံ ဆောင်းပါးများ စာအုပ်

၃။ ဒေသနာကြေးမုံ ဆောင်ပုဒ်များ

၄။ အညာတခွင် တရားဟော ထွက်ခဲ့စဉ်က ခရီးသွားမှတ်တမ်း

၅။ မြတ်သတိပဋ္ဌာန် မဟာစည်စာမွန်ဦး

၆။ မြတ်သတိပဋ္ဌာန် မဟာစည် စာမွန်ဦး (၂)

၇။ မြတ်သတိပဋ္ဌာန် မဟာစည်စာမွန်ဦး (၃)

၈။ မိုးကုတ်၊ မိုးမိတ်၊ မအူပင်—မဟာစည် ဒေသနာခရီး

၉။ ကန္တာရဝတီ ကယားပြည်တခွင် တရားဟောထွက်ခဲ့စဉ်က

## ဆက်လက်ထုတ်ဝေမည့် စာအုပ်များ

၁။ တောင်ပိုင်းမောတခွင် တရားဟောထွက်ခဲ့စဉ်က

၂။ အင်းလေးတခွင် တရားဟောထွက်ခဲ့စဉ်က

၃။ မြောက်ပိုင်းမောတခွင် တရားဟော ထွက်ခဲ့စဉ်က

၄။ ကုရုတိုင်းသွင် သတိပဋ္ဌာန် ပွားစေချင် တရားတော်

၅။ သောက ကင်းဝေး ငြိမ်းချမ်းအေး တရားတော်

၆။ စိတ်ညစ်ကင်းရန် သတိပဋ္ဌာန်တရားရှာ

၇။ အငိုတိတ်ပါတော့ တရားတော်